ဆုတောင်းပြည့်မယ်လမုစေတီတော်
အတိဓမ္မာသင်တန်း

အာဂံဓမ္မတ္ထသင်္ဂဟ

(ဒုတိယဆင့်)

(ဝိထိ-ဝိထိမုတ်-ရုပ်)

ပို့ချချက်များ

မဟာသဒ္ဓမ္မဇောတိကဓဇ

ဦးကိုကိုမြင့်

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

ဆုတောင်းပြည့်မယ်လမုစေတီတော်

အဘိဓမ္မာသင်တန်း

အဘိဓမ္မတ္ထသင်္ဂဟ

(ဒုတိယဆင့်)

(ဒီထီ- ဒီထီမုတ်- ရုပ်)

ပို့ချချက်များ

မဟာသဒ္ဓမ္မဇောတိကဓဇ

ဦးကိုကိုမြင့်

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ-ဒေါ)

ပထမအကြိမ် * ၂၀၀၅-ခုနှစ်

အုပ်ရေ * ၁၅၀၀

ထုတ်ဝေသူ

* * *

ဦးထွန်းမြအောင် (ယာယီ-၅၄၉)

ဒုတိယညွှန်ကြားရေးမှူးချုပ်

သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊

သာသနာရေးဝန်ကြီးဌာန၊

ကမ္ဘာအေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

* * *

ဦးအောင်မြင့်သိန်း (မြဲ- ဝ၆၃၆၄)

"အင်ကြင်းမြိုင်" ပုံနှိပ်တိုက်

အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အမှာစာ	

ဝိဏိပိုင်း

- ဝိထိ ၁
- ဝိထိဆက္က ၆
- ဝိသယပ္ပဝတ္တိဆက္က ၈
- ပဒ္ဓဒ္ဓါရဝိသယပ္ပဝတ္တိ ၂၅
- ကာမဇောဝါရ-မနောဒ္ဓါရဝိထိ ၃၆
- အပ္ပနာဇောဝိထိ ၄၇
- မဂ္ဂဝိထိ ၅၈
- မဂ္ဂပစ္စဝေက္ခဏာဝိထိ ၆၄
- နိဗ္ဗာနသမာပတ္တိဝိထိ ၆၆
- ဝိပါကနိယာမ ၆၈
- အာဂန္တုကဘဝင်္ဂစိတ် ၇၁
- ဇဝနနိယာမ ၇၄
- ပုဂ္ဂလဘေဒ ၇၅
- ဘူမိဝိဘာဂ ၉၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဝိထိမုတ်ပိုင်း (ဘုံပိုင်း)	
	- ဝိထိမုတ်	၉၈
	- ဘူမိစတုက္က	၉၉
	- ပဋိသန္ဓိစတုက္က	၁၃၀
	- ကမ္မစတုက္က	၁၄၄
	- မရဏုပ္ပတ္တိစတုက္က	၁၇၇
	ရုပ်ပိုင်း	
	- ရုပ်	၁၉၄
	- ရူပသမုဒ္ဒေသ	၁၉၅
	- ရူပဝိဘာဂ	၂၂၁
	- ရူပသမုဋ္ဌာန	၂၂၇
	- ရူပကလာပ	၂၃၄
	- ရူပပဝတ္တိက္ကမ	၂၃၇

ဆုတောင်းပြည့်မယ်လမုဇာတိတော်
ဂေါပကအဖဲ့. ဥက္ကဋ္ဌ ဦးသန်းမောင်၏
အမှာစာ

ဘဝအလင်းရောင် အမှန်ကိုသိမှ အကျိုးရှိမည်

လူသားများသည် မိမိတို့၏ယုံကြည်ချက်နှင့်အညီ ကျင့်ကြံပြောဆိုလုပ်ကိုင်နေကြပါသည်။ အယူဝါဒအမှားများကိုသာ ကျင့်ကြံပြောဆိုပြုမူမည်ဖြစ်က ဤဘဝ၌ ရလာခဲ့သော လူ့ဘဝတန်ဖိုး လွန်စွာအကျိုးယုတ်မည့်အပြင် တမလွန်ဘဝ၌လည်း အပါယ်လားရ၍ ပို၍ပင် ဘဝတန်ဖိုး နစ်နာရပါသည်။

အယူဝါဒအမှန်ကို ယုံကြည်ထားလျှင်မူ အမှန်ကိုသာ အများအားဖြင့် ကျင့်ကြံပြောဆိုပြုမူကြမည်ဖြစ်၍ ဤရလာသောလူ့ဘဝ၌ မိမိ၏အကျိုးနှင့် သူတစ်ပါး၏အကျိုးကို လွန်စွာ သယ်ပိုးထမ်းရွက်နိုင်မည့်အပြင် တမလွန်ဘဝ၌လည်း ကြီးကျယ်သောအကျိုးကျေးဇူးများကို ရရှိခံစားရမည်သာဖြစ်ပါသည်။

အမှောင်နှင့် အလင်းသည် အလွန်ကွာခြားသလို အမှားသိသူနှင့် အမှန်သိသူတို့ဘဝ အလွန်ပင် ကွာခြားလှပါသည်။

လူသားများဘဝ အမြင်မှန်ရလာရန် အလွန်အရေးကြီးလှပါသည်။ ဘဝ ဘယ်လိုဖြစ်ခဲ့သည်၊ ဘယ်လိုဆက်ဖြစ်ဦးမည်၊ ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏ကိစ္စ၊ ဘဝ၏ပန်းတိုင်ကိုမမြင်ဘဲ ဘဝအမှောင်ထဲမှာ မစင်တောထဲမှာ ဝက်တွေပျော်မြူးနေကြသလို ကာမဂုဏ်နှံတောထဲမှာ အပျော်လွန်နေကြလျှင် ဘဝအကြီးအကျယ် ဆုံးရှုံးကြရပါတော့မည်။

လူသားများ၏ဘဝသည် အလောင်းအစားကစားရသောဘဝ မဟုတ်ပါ။ အမှောင်ထဲလမ်းလျှောက်နေသူသည် ဆူးငြောင့်ခလုတ်တိုးမိပြီး ချောက်ထဲကျပြီး ပျက်စီးနိုင်သလို မိမိဘဝအကြောင်းကို သိမြင်မှုမရှိဘဲ စမ်းတဝါးဝါးနှင့် ခရီးနှင်နေလျှင်လည်း ဘဝဆုံးရှုံးသွားမှာ သေချာလှပါသည်။ ဘဝအမြင်မှန်ပေါ်မှာ ရပ်တည်မှသာလျှင် ပစ္စုပ္ပန် သံသရာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ကြီးပွားချမ်းသာပါမည်။

မြတ်စွာဘုရား ဟောကြားထားခဲ့သော ပိဋကတ်ကျမ်းများမှာ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပါဝင်ရာ သုတ္တန်နှင့် ဝိနည်းမှာ နည်းလမ်းများ၊ ကျင့်ဆောင်ရမည့် ဥပဒေများကိုသာ ရည်ညွှန်းဖော်ပြထားပါသည်။ အဘိဓမ္မာသည်ကား လူသားတို့၏ စိတ်သဘာဝကို အနုစိတ်ခွဲခြားပြသထားပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာသည် ခေတ်သစ် အဏုမြူသိအိုရီထက်ပိုပြီး စူးရှထက်မြက်လှပါသည်။ ခေတ်သစ်အဏုမြူသိအိုရီက ဓာတ်ပြောင်းလွဲခြင်းသဘောများ၊ အဏုမြူစွမ်းအင်သဘောများကိုသာ ကွက်ကွက်ကွင်းကွင်း ခိုင်ခိုင်မာမာနှင့် ရှင်းပြထားနိုင်ပါသည်။ စိတ်-ရုပ်သဘာဝကို မခွဲပြနိုင်ခဲ့ပါ။

ဤလောကသဘာဝကြီးထဲတွင် ရုပ်နှင့်နာမ်၊ ပညတ်နှင့်ပရမတ် နှစ်မျိုးသာ ရှိသည်။ အဘိဓမ္မာသည် ရုပ်နှင့်နာမ်၊ ပညတ်နှင့် ပရမတ်ကို ထင်ရှားသိမြင်ခံစေရန် ခွဲခြားပြထားပါသည်။

ပညတ်နှင့် ပရမတ်သည် သာမန်စိတ်ရှိသောသူနှင့် ဉာဏ်ပညာ ဖွံ့ဖြိုးဆင်ခြင်စဉ်းစား ဝေဖန်သုံးသပ်နိုင်သောစိတ်ရှိသူတို့အဖို့ များစွာ အမြင်ကွာခြားနေပါသည်။ သာမန်စိတ်မျိုးနှင့်ကြည့်သောအခါ ပညတ်ကို ထင်ရှားတွေ့နိုင်ပါသည်။ ပရမတ်ကား ထင်ရှားမတွေ့နိုင်ပါ။ သို့ရာတွင် ဉာဏ်ပညာဆင်ခြင်စိတ်ဖြင့်ကြည့်ပါက ပရမတ်ကို ထင်ရှားစွာတွေ့ရပါမည်။

တစ်ဖန် အာဘိဓမ္မာကို ေလ့လာလိုက်သည်နှင့်တစ်ပြိုင်နက်တည်း အကုသိုလ်နှင့် ကုသိုလ်စိတ်ကို ခွဲခြားသိသွားပါသည်။ မိမိသန္တာန်၌ မည်သည့်စိတ်တွေဖြစ်နေသည်ကို ချက်ချင်းဆန်းစစ်နိုင်ပါသည်။ အကုသိုလ်စိတ်အဖြစ်နည်းပြီး ကုသိုလ်စိတ်အဖြစ် များအောင် နှလုံးသွင်းနည်းကိုလည်း တစ်ခါတည်း သိသွားနိုင်ပါသည်။

ဗုဒ္ဓ၏အဘိဓမ္မာက ဘဝသစ္စာကို ညွှန်ပြနိုင်ပါသည်။ လေ့လာမှု၊ စဉ်းစား တွေးခေါ်မှုဆိုသော သုတမယဉာဏ်၊ စိန္တာမယဉာဏ်ပညာလောက်နှင့် ဘဝသစ္စာ ကို မမြင်နိုင်ပါ။ သမာဓိထူထောင်ပြီး ထိုးထွင်းသိသော ဘာဝနာမယဉာဏ်ပညာ နှင့်မှ ဘဝသစ္စာကို သိမြင်နိုင်ပါသည်။ ဗုဒ္ဓ၏အဘိဓမ္မာသည်ကား မှန်ကန်သော သင်ယူမှု(ပရိယတ္တိ)နှင့် မှန်ကန်စွာ ကျင့်ကြံအားထုတ်မှု(ပဋိပတ္တိ)များကို တိကျစွာ ချမှတ်ပေးထားသဖြင့် လောကဖြစ်စဉ်များနှင့် ဘဝဖြစ်စဉ်တို့၏ အမှန်သဘောကို ပီပြင်ပေါ်လွင်အောင် မီးမောင်းထိုးပြထားသော ဘဝအလင်းရောင်၊ မီးရှူးတန်ဆောင် ဖြစ်ပါသည်။

ဤဘဝအလင်းရောင် မီးရှူးတန်ဆောင်အဘိဓမ္မာဖြင့် သင်လျှောက်လှမ်းရမည့် ဘဝခရီးလမ်းကို ထွန်းလင်းတောက်ပစေလျက် အဖိုးအနှုံထိုက်တန်သော ပစ္စုပ္ပန်-သံသရာချမ်းသာအဝဝကို ခံစားနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဤမယ်လမှ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်(ဦကာ)သင်တန်းနှင့် ဤသင်တန်းများအတွက် အထောက် အကူပြု မယ်လမုအဘိဓမ္မာပို့ချချက်များကို ထုတ်ဝေလိုက်ရပါသည်။

ဦးသန်းမောင်

၉၈၈၄

ဆုဓတာင်းပြည့်မယ်လမုဓစတီတောင်ဂေါပကအဖွဲ့.

အဘိဓမ္မတ္ထသင်္ဂဟ

(ဒုတိယဆင့်)

၁။ ဝီထိပိုင်း

ဝီထိ = ဝီထိဟူသော ပါဠိစကားသည် အစဉ်အတန်းဟူ၍လည်းကောင်း၊ ခရီး လမ်းဟူ၍လည်းကောင်း မြန်မာလို အဓိပ္ပာယ်ရပါသည်။

လူတို့သည် ခရီးသွားလာရာ၌ ရွာစဉ်ကို မကျော်လွန်ဘဲ တစ်ရွာပြီးမှ တစ်ရွာ အစဉ်အတိုင်း သွားရသကဲ့သို့ စိတ္တနိယာမ-စိတ်တို့၏ဖြစ်စဉ်အတိုင်း စိတ်တစ်ခုနှင့်တစ်ခု မကျော်လွန်ဘဲ စိတ်တစ်ခုပြီးမှ စိတ်တစ်ခု အစဉ်အတိုင်းဖြစ်ခြင်းကို 'ဝီထိ'ဟု ခေါ်ပါသည်။

ဒွါရခြောက်ပါးတို့၌ထင်လာသော အာရုံတစ်ခုစီကိုသိရှိရန်အတွက် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ စသည်ဖြင့် အစဉ်အားဖြင့် စိတ်တို့၏ဖြစ်ခြင်းကို 'ဝီထိ'ဟု ခေါ်ပါသည်။



ဝီထိချသောအခါ

(က) ဤစိတ်သည် မည်သည့်ဝတ္ထုရုပ်ကိုမှီ၏ဟု သိရန်အတွက် -ဆဝတ္ထု

(ခ) မည်သည့်ဒွါရ၌ဖြစ်သည်ဟု သိရန်အတွက် -ဆဒွါရ

(ဂ) မည်သည့်အာရုံကို အာရုံပြုသည်ကိုသိရန်အတွက် -ဆအာရမ္မဏ

(ဃ) ဤဝိညာဏ်ကား မည်သည့်ဝီထိ၌မှတ်ကြောင်း ဝိညာဏ် ဟုသိရန်အတွက် -ဆဝိညာဏ

(င) ဤဝီထိကား မည်သည့်ဝီထိဟုသိရန်အတွက် -ဆဝီထိ

(စ) ဤအာရုံကား မည်သို့မည်ပုံထင်လာသောအာရုံဟု သိရန်အတွက် -ဆဓာဝိသယ ပဝတ္တိ

စိတ်သက်

စိတ္တက္ခဏ ၁-ခု

စိတ်+စေတသိက် (နာမ်)သက်

ဥပါဒ်	ဌီ	ဘင်
၀	၀	၀

- ခဏငယ် ၃ ခု အသက်ရှည်၏။
- အခိုက်အတန့်တစ်ခုစီကိုကား ခဏငယ်လေးများဟု ခေါ်သည်။ ထို့ကြောင့် စိတ်တစ်ခု၏အသက်သည် ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ ဟူသော ခဏငယ် ၃ ချက်သာ ရှိသည်။

(က) စိတ်ဖြစ်ဆဲအခိုက် - ဥပါဒ်ခဏ
- ဖြစ်ပေါ်ရာအကြောင်း ပြည့်စုံညီညွတ်၍ ပရမတ္ထသဘောတရား‌တို့၏ ရှေးဦးစွာဖြစ်ပေါ်လာသောခဏ
(ခ) စိတ်တည်ဆဲအခိုက် - ဌီခဏ
- ဖြစ်ပေါ်ပြီးသော ပရမတ္ထတရား‌တို့၏ မချုပ်သေးမီတည်နေသောခဏ
(ဂ) စိတ်ပျက်ဆဲအခိုက် - ဘင်ခဏ
- ဖြစ်ပေါ်ပြီးသော ပရမတ္ထတရား‌တို့၏ တည်ပြီးနောက် ပျက်စီးချုပ်ကွယ်သောခဏ

ဤခဏငယ် ၃-ချက်ကို စိတ္တက္ခဏ ၁-ချက်ဟု ခေါ်ပါသည်။ စိတ္တက္ခဏတစ်ခု၏ အချိန်ကာလမှာ အလွန်နည်းပါးလှပါသည်။

မြတ်စွာဘုရားရှင်၏ ဉာဏ်တော်သည် မျက်စိတစ်မှိတ်-လျှပ်တစ်ပြက်ခန့် အတွင်းမှာပင် စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းခန့် ချုပ်-ပျက်သည်ကို သိနိုင်သည်ဟု ဆိုသဖြင့် လက်ဖျစ်တစ်ဖွက်-မျက်စိတစ်မှိတ်ကာလ၌ စိတ္တက္ခဏကုဋေတစ်သိန်းကျော်ရှိသည်ဟု ဆိုပါသည်။

ထို့ကြောင့် စိတ်တစ်ခု၏အသက်သည် တစ်စက္ကန့်၏ ကုဋေတစ်သိန်းပုံ တစ်ပုံခန့်သာရှိသည်။ စိတ်-စေတသိက်ဟူသော နာမ်သက်၏ ဖြစ်ပျက်ပုံမှာ အလွန်ပင် မြန်ဆန်လွန်းလှပါသည်။

ရုပ်တစ်ခုသည် စိတ္တက္ခဏ ၁၇ ခုစာ ကြာမှ ပျက်၏။

ရုပ်-၁-ကြိမ် = စိတ် ၁၇-ကြိမ်

ဥပါဒ် -၁ = ခဏငယ် -၁ ┐
ဌီ -၁ = ခဏငယ် -၁ ├ ခဏငယ်-၃၊ ခဏကြီး-၁
ဘင် -၁ = ခဏငယ် -၁ ┘

- ရုပ်တစ်ခုမှာ ခဏကြီး- ၁၊ ခဏငယ် -၃ ချက် ရှိ၏။
- စိတ်တစ်ခုမှာ ခဏကြီး-၁၊ ခဏငယ် -၃ ချက် ရှိ၏။
- ရုပ်တစ်ခု၏ခဏကြီး ၁-ခုသည် စိတ်တစ်ခု၏ခဏကြီး ၁၇-ချက်နှင့် ညီ၏။

ရပ်အသက်

ရပ်သည် အကောင်အထည် အတုံးအခဲသဘောရှိသောကြောင့် အကောင်အထည် အတုံးအခဲသဘောမှ ကင်းဆိတ်သော စိတ်ထက်စာလျှင် ပို၍အသက်ရှည်သည်။

ရပ်ကလာပ်တစ်ခု၏အသက်သည် စိတ်အသက်၏ ၁၇-ဆ (ဝါ) စိတ္တက္ခဏ ၁၇-ချက်နှင့် ညီမျှသည်။ ခဏငယ်အားဖြင့် ရေတွက်သော်-

(၁) ရပ်အသက်၏ဥပါဒ်ခဏ = ခဏငယ် - ၁ ချက်
(၂) ရပ်အသက်၏ဌီခဏ = ခဏငယ်ပေါင်း - ၄၉ ချက်
(၃) ရပ်အသက်၏ဘင်ခဏ = ခဏငယ် - ၁ ချက်
---
၅၁ ချက်

ထို့ကြောင့် ရပ်အသက်သည် ခဏငယ်အားဖြင့် ၅၁-ချက်ရှိ၍ (ခဏကြီး) စိတ္တက္ခဏအားဖြင့် ၁၇ ချက် ရှိသည်။

လက်ဖျစ်တစ်တွက်-မျက်စိတစ်မှိတ်ကာလ၌ ရပ်ကလာပ်ပေါင်း ကုဋေ-၅၈၀၀ ကျော် ရှေ့ဆင့်-နောက်ဆင့် ဖြစ်ပျက်သွားကြသည်။

ထို့ကြောင့် ရပ်ကလာပ်တစ်ခု၏ အသက်သည် ၁ စက္ကန့်၏ ကုဋေ-၅၈၀၀ ပုံ-၁-ပုံခန့်သာ ရှိသည်။ ရပ် ၂၈ ပါးတွင်-

(က)ဝိညတ်ရပ်နှစ်ပါးဖြစ်သော ကာယဝိညတ်၊ ဝစီဝိညတ်တို့သည် စိတ်သို့ အစဉ်လိုက်သော (စိတ္တာနုပရိဝတ္တိ)တရားမျိုးဖြစ်၍ စိတ်နှင့်စေတသိက် (နာမ်)သက်နှင့်တူ၏။ ခဏငယ် ၃ ချက်မျှ အသက်ရှိ၏။

ဥပမာ- ကားမောင်းသမားတစ်ဦးသည် ကားမောင်းနေစဉ် ကားရှေ့မှ လူတစ်ယောက် အမှတ်မထင်ဖြတ်ဝင်လာသောအခါ စိတ်က လူကို တိုက်တော့မည်ဟု သိလိုက်သည်နှင့်တစ်ပြိုင်နက်တည်း-

- ခြေထောက်က ဘရိတ်ကို နင်းပြီးသား
- လက်ကလည်း စီယာတိုင်ကို ကွေ့ပြီးသား
- ပါးစပ်ကလည်း အော်ဟစ်ပြီးသား ဖြစ်တော့သည်။

ထို့ကြောင့် ကာယဝိညတ်၊ ဝစီဝိညတ် ရုပ်နှစ်ပါးသည် စိတ်နှင့်ပြိုင်တူလောက်အဖြစ်မြန်သဖြင့် စိတ်၊ စေတသိက်(နာမ်)သက်နှင့်အတူပင် ဖြစ်ပါသည်။

(ခ)လက္ခဏာရုပ် ၄-ပါးတွင်-

- ဥပစယ၊ သန္တတိ ၂-ပါးသည် - စိတ်-စေတသိက်(နာမ်)ဥပါဒ်ခဏမျှ အသက်ရှည်၏။
- အနိစ္စတာသည် - စိတ်-စေတသိက်(နာမ်)၏ဘင်ခဏမျှ အသက်ရှည်၏။
- ဇရတာသည် - ရုပ်၏ဌိတိခဏ၊ ခဏငယ် ၄၉ ချက်မျှ အသက်ရှည်၏။

ဝိညတ်ဒွေး၊ လက္ခဏာရုပ် ၄-ပါးမှကြွင်းသော ၂၂-ပါး သောရုပ်တို့သည်ကား စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ်အားဖြင့် ၅၁-ချက် အသက်ရှည်ကြသည်။

ရုပ်၏သက်တမ်းမှာ ယောဂုယျအားဖြင့် စိတ္တက္ခဏ-၁၇-ချက်၊ ခဏငယ်-၅၁-ချက် အသက်ရှည်၏။ ထို့ကြောင့် စိတ်-စေတသိက်(နာမ်)သက် ၁၇-ဆ သည် ရုပ်သက်တစ်ခု ဖြစ်သည်။

ဝိထိစဉ်

၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀
ရုပ်ဥပါဒ်	ရုပ်၏ဌိ-ခဏငယ် ၄၉-ချက်								

၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇
ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀	ဝ၀၀
						ရုပ်၏ဘင်

ရုပ်သက်၊ နာမ်သက်များသိပြီးလျှင် ရုပ် ရုပ်ချင်းထိခိုက်၍ စိတ်များ ဖြစ်ပေါ်လာသောအခါ ရုပ်သက်တစ်ခု ပြီးစီးဖို့အတွက် စိတ်ပေါင်း-၁၇-ချက်အထိ ပြည့်အောင် ရေတွက်ရမည်ကို သဘောပေါက်နိုင်ပါသည်။

ဝတ္ထုဆက္က

(စိတ်၊ ဧစတသိက်တို့၏ နေရာ ၆-မျိုး)

၁။ စက္ခုပသာဒရုပ် ------- မျက်စိအကြည်ရုပ်
၂။ သောတပသာဒရုပ် ------- နားအကြည်ရုပ်
၃။ ဃာနပသာဒရုပ် ------- နှာခေါင်းအကြည်ရုပ်
၄။ ဇိဝှာပသာဒရုပ် ------- လျှာအကြည်ရုပ်
၅။ ကာယပသာဒရုပ် ------ ကိုယ်အကြည်ရုပ်
၆။ ဟဒယရုပ် ------ နှလုံးအကြည်ရုပ်

ဒွါရဆက္က

(အာရုံတို့၏ဝင်ရာ၊ စိတ် ဧစတသိက်တို့၏ထွက်ရာ တံခါး ၆-မျိုး)

၁။ စက္ခုဒ္ဒွါရရုပ် ------ မျက်စိတံခါးအပေါက်ရုပ်
၂။ သောတဒ္ဒွါရရုပ် ------ နားတံခါးအပေါက်ရုပ်
၃။ ဃာနဒ္ဒွါရရုပ် ------ နှာခေါင်းတံခါးအပေါက်ရုပ်
၄။ ဇိဝှာဒ္ဒွါရရုပ် ------ လျှာတံခါးအပေါက်ရုပ်
၅။ ကာယဒ္ဒွါရရုပ် ------ ကိုယ်တံခါးအပေါက်ရုပ်
၆။ ဘဝင်စိတ် ------ ဘဝင်ကိစ္စကို ဆောင်ရွက်သောစိတ် ၁၉ ပါး

အာရမ္မဏဆက္က

(စိတ်၊ ဧစတသိက်တို့၏ ပျော်မွေ့ရာ သိစရာအာရုံ ၆-ပါး)

၁။ ရူပါရုံ ------ အဆင်း
၂။ သဒ္ဒါရုံ ------ အသံ
၃။ ဂန္ဓာရုံ ------ အနံ့
၄။ ရသာရုံ ------ အစားအစာအရသာ
၅။ ဖောဋ္ဌဗ္ဗာရုံ ------ အတွေ့အထိ
၆။ ဓမ္မာရုံ ------ သဘာဝတရားများ

ဝိညာဏဆက္က
(ထူးခြားသောအသိစိတ် ၆-မျိုး)

၁။ စက္ခုဝိညာဏ ------ မျက်စိအသိ
၂။ သောတဝိညာဏ ------ နားအသိ
၃။ ဃာနဝိညာဏ ------ နှာခေါင်းအသိ
၄။ ဇိဝှာဝိညာဏ ------ လျှာအသိ
၅။ ကာယဝိညာဏ ------ ကိုယ်အသိ
၆။ မနောဝိညာဏ ------ စိတ်အသိ

ဝီထိဆက္က
(စိတ်အစဉ်ဖြစ်ပုံ ၆-မျိုး)

(က)ဒွါရဖြင့် ဝီထိ ၆ မျိုး

၁။ စက္ခုဒွါရဝီထိ -----မျက်စိတံခါးပေါက်ကထွက်သောစိတ်အစဉ်
၂။ သောတဒွါရဝီထိ -----နားတံခါးပေါက်ကထွက်သောစိတ်အစဉ်
၃။ ဃာနဒွါရဝီထိ -----နှာခေါင်းတံခါးပေါက်ကထွက်သောစိတ်အစဉ်
၄။ ဇိဝှာဒွါရဝီထိ -----လျှာတံခါးပေါက်ကထွက်သောစိတ်အစဉ်
၅။ ကာယဒွါရဝီထိ -----ကိုယ်တံခါးပေါက်ကထွက်သောစိတ်အစဉ်
၆။ မနောဒွါရဝီထိ -----စိတ်တံခါးပေါက်ကထွက်သောစိတ်အစဉ်

(ခ) ဝိညာဏ်ဖြင့် ဝီထိ ၆ မျိုး

၁။ စက္ခုဝိညာဏဝီထိ ------ စက္ခုဝိညာဉ်ပါသောစိတ်အစဉ်
၂။ သောတဝိညာဏဝီထိ------ သောတဝိညာဉ်ပါသောစိတ်အစဉ်
၃။ ဃာနဝိညာဏဝီထိ ------ ဃာနဝိညာဉ်ပါသောစိတ်အစဉ်
၄။ ဇိဝှာဝိညာဏဝီထိ ------ ဇိဝှာဝိညာဉ်ပါသောစိတ်အစဉ်
၅။ ကာယဝိညာဏဝီထိ ------ ကာယဝိညာဉ်ပါသောစိတ်အစဉ်
၆။ မနောဝိညာဏဝီထိ ------ မနောဝိညာဉ်ပါသောစိတ်အစဉ်

ဝိသယပွဝတ္ထိဆက္က

ဝိသယ + ပဝတ္ထိ + ဆက္က

အာရုံ + ဖြစ်ပုံ + ၆-ပါး

ဝိသယပွဝတ္ထိ (၁) အာရုံများက ဒွါရများ၌ လာ၍ ထင်ပုံ ဖြစ်ပုံ

- အဆင်းက မျက်စိ၌ လာ၍ထင်ခြင်း
- အသံက နား၌ လာ၍ထင်ခြင်း စသည်များ ဖြစ်သည်။

(၂) စိတ်၊ စေတသိက်များက အာရုံများ၌ ပြန်၍သိပုံ-ဖြစ်ပုံ

- အဆင်းအာရုံက မျက်စိတွင် လာ၍ထင်ရာ၌ စိတ်က ပြန်၍ အဆင်းကိုသိခြင်း။
- အသံအာရုံက နားတွင်လာ၍ ထင်ရာ၌ စိတ်ကပြန်၍ အသံကို သိခြင်း စသည်များ ဖြစ်သည်။

ဝိသယပွဝတ္ထိ ၆ မျိုးသည် ဝိထိစိတ်များ ဖြစ်ပေါ်ရာတွင် အရေးကြီးပါသည်။

ဝိသယပွဝတ္ထိဖြစ်ရာတွင်-

- အဆင်းမျိုးစုံ - ရူပါရုံ
- အသံမျိုးစုံ - သဒ္ဒါရုံ
- အနံ့မျိုးစုံ - ဂန္ဓာရုံ
- အရသာမျိုးစုံ - ရသာရုံ
- အတွေ့အထိမျိုးစုံ - ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး ရုပ်တရားတို့သည်-
- စက္ခုဒွါရ - စက္ခုပသာဒ
- သောတဒွါရ - သောတပသာဒ
- ဃာနဒွါရ - ဃာနပသာဒ
- ဇိဝှာဒွါရ - ဇိဝှာပသာဒ
- ကာယဒွါရ - ကာယပသာဒ ဟူသော ရုပ်တရားတို့၌ လာဖြစ်ပြီး

ရုပ်+ရုပ်ချင်းထိခိုက်သဖြင့် စိတ်အစဉ်(ဝိထိစိတ်များ)ဖြစ်ပေါ်လာပုံကိုပြသော-

ပဉ္စဒွါရ(ပဉ္စပသာဒ)နှင့်ဆိုင်သော ဝိသယပွဝတ္ထိ ၄ ပါးမှာ-

(၁) **အတိမဟန္တာရုံ** - အလွန်ကြီးသောအာရုံ

အရာဝတ္ထုစု၏အကြီးအသေးကို လိုက်၍လည်းကောင်း၊ အနီးအဝေးကိုလိုက်၍ လည်းကောင်း၊ အာရုံ၏အားအပြင်းအပျော့ကိုလိုက်၍လည်းကောင်း အလွန် ထင်ရှားသောအာရုံ၊

- (ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည်ရှိသော် အလွန်များသော စိတ္တက္ခဏရှိသောအာရုံ)

(၂) **မဟန္တာရုံ** - ကြီးသောအာရုံ

အရာဝတ္ထုစု၏ အကြီးအသေးကိုလိုက်၍လည်းကောင်း၊ အနီးအဝေးကိုလိုက်၍ လည်းကောင်း၊ အာရုံ၏အားအပြင်းအပျော့ကိုလိုက်၍လည်းကောင်း ထင်ရှား သောအာရုံ၊

- (ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည်တိုင်အောင် ရေတွက်သည်ရှိသော် များသော စိတ္တက္ခဏရှိသော အာရုံ)

(၃) **ပရိတ္တာရုံ** - သေးသောအာရုံ

အရာဝတ္ထုစု၏ အကြီးအသေးကိုလိုက်၍လည်းကောင်း၊ အနီးအဝေးကိုလိုက်၍ လည်းကောင်း၊ အာရုံ၏အားအပြင်းအပျော့ကိုလိုက်၍လည်းကောင်း မထင်ရှား သောအာရုံ၊

- (ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည်တိုင်အောင် ရေတွက်သည်ရှိသော် နည်းပါးသော စိတ္တက္ခဏရှိသောအာရုံ)

(၄) **အတိပရိတ္တာရုံ** - အလွန်သေးငယ်သောအာရုံ

အရာဝတ္ထုစု၏အကြီးအသေးကို လိုက်၍လည်းကောင်း၊ အနီးအဝေးကို လိုက်၍ လည်းကောင်း၊ အာရုံ၏ အားအပြင်းအပျော့ကိုလိုက်၍လည်းကောင်း အလွန် မထင်ရှားသောအာရုံ

- (ဒွါရတို့၌ အာရုံထင်သည်မှစ၍ ချုပ်သည်တိုင်အောင် ရေတွက်သည်ရှိသော် အလွန်နည်းပါးသော စိတ္တက္ခဏရှိသောအာရုံ)

ဤ ၄ မျိုးသည် ရူပါရုံ စသော အာရုံ ၅ မျိုးနှင့်သာ သက်ဆိုင်ပါသည်။

အရာဝတ္ထုတစ်ခုကိုမြင်ရာ၌ အကြီး၊ အသေး၊ အနီး၊ အဝေး ရှိသည်။

- အဆင်းကြီးကြီးကို ထင်ရှားစွာမြင်လျှင် - အတိမဟန္တာရုံဖြစ်၏။
- အဆင်း တော်ရုံကြီးလျှင် - မဟန္တာရုံဖြစ်၏။
- အဆင်းသေးလျှင် - ပရိတ္တာရုံဖြစ်၏။
- အဆင်း အလွန်သေးလျှင် - အတိပရိတ္တာရုံဖြစ်၏။

အလားတူ အနံ့တစ်ခုကို ရယူရာ၌-

- စူးဝါးသောအနံ့ဖြစ်လျှင် - အတိမဟန္တာရုံဖြစ်၏။
- အနည်းငယ်စူးရှသောအနံ့ဖြစ်လျှင် - မဟန္တာရုံဖြစ်၏။
- အလောတော်ရုံအနံ့ဖြစ်လျှင် - ပရိတ္တာရုံဖြစ်၏။
- အနံ့ဖြစ်ရုံမျှဖြစ်လျှင် - အတိပရိတ္တာရုံဖြစ်၏။

အနီးအဝေးတွင် အဆင်းနှင့်အသံသာ ရှိပါသည်။

- အသံကျယ်လျှင် တိုးလျှင် အကြီး-အသေးကဏ္ဍထဲမှာပါသည်။ နောက်မှ အနီး- အဝေးကို ဆင်ခြင်ရမည်။
- ဝမ်းပိုက်ထဲမှ အသံများသည် အတိပရိတ္တာရုံဖြစ်သည်။ လွယ်ကူစွာ မကြားနိုင်ပေ။

အာရုံလေးမျိုးဖြစ်ပုံကို ဥပမာအားဖြင့် ပြရသော်-

ကိုက်တစ်ရာစီအသီးသီးဝေးသော လူလေးယောက်ရှိရာတွင် အဆင်းရူပါရုံနှင့် ထိုလူလေးယောက်တို့၏ စက္ခုဒွါရ (စက္ခုပသာဒ)မျက်စိအကြည်ဓာတ် ထိခိုက်ရာ၌ ပထမဦးဆုံးလူသည် အနီး၌ကပ်၍နေသောကြောင့် အလွန်ထင်ရှားစွာ မြင်ရသည်။ ဤသည်မှာ အတိမဟန္တာရုံဝီထိစိတ်များလည်း အပြည့်အစုံဖြစ်လေသည်။

ဒုတိယလူသည် ကိုက်တစ်ရာခန့်ဝေးကွာသဖြင့် ထင်ရှားစွာ မြင်နိုင်သေးသော်လည်း အနားကပ်နေသလောက် မထင်ရှားတော့ပေ။ မည်သူမည်ဝါဖြစ်သည်ဟုသာ ခွဲခြားနိုင်သည်။ သာမန်သာ ထင်ရှားတော့သည်။ ဤသည်မှာ မဟန္တာရုံဝီထိစိတ်များ အပြည့်အစုံ မဖြစ်တော့ပါ။

တတိယလူမှာ ကိုက်နှစ်ရာခန့် ဝေးကွာသွားသဖြင့် ပထမ၊ ဒုတိယလူလောက် မထင်ရှားတော့ပါ။ မည်သူမည်ဝါပင် မခွဲခြားနိုင်တော့ပါ။ လူတစ်ယောက်ဖြစ်သည်

ဟူ၍သာ သိနိုင်တော့သည်။ မထင်ရှားတော့ပါ။ ဤသည်မှာ ပရိတ္တာရုံဝိထိစိတ်များလည်း ပို၍အဖြစ်နည်းလာပါသည်။

စတုတ္ထလူမှာ ကိုက် ၃၀၀ လောက်ဝေးသဖြင့် ပထမ,ဒုတိယ, တတိယလူများလောက် မထင်ရှားတော့ပါ။ လူလား၊ တိုင်ငုတ်တစ်ခုလား စသည်ဖြင့် လူဟူ၍ပင် မထင်ရှားတော့ပါ။ အလွန်မထင်ရှားသော အသွင် ဖြစ်သွားပါသည်။ ဤသည်မှာ အတိပရိတ္တာရုံ ဝိထိစိတ်များလည်း ဖြစ်မလို မဖြစ်မလိုနှင့် မဖြစ်ဘဲ ရှိလေသည်။

ပဋ္ဌဒ္ဓါရဝိသယပွဝတ္တိသည် ပစ္စုပ္ပန်အာရုံနှင့်သာ သက်ဆိုင်သည်။ လက်ငင်း ဆောင်ရွက်သိရှိမှုသာ ဖြစ်သည်။

မနောဒ္ဓါရဝိသယပွဝတ္တိ

မနောဒ္ဓါရဝိသယပွဝတ္တိသည်ကား စိတ်နှင့် တွေးထင်ရာဖြစ်သည်။

မနောဒ္ဓါရ (စိတ်တံခါး၀)၌ အာရုံ ၆ ပါးတို့ လာထင်ရာ၌ကား ရုပ်-ရုပ်ချင်း ထိခိုက်သကဲ့သို့ ဝိသယပွဝတ္တိ လေးမျိုးမကွဲဘဲ

၁။ ဝိဘူတာရုံ - ထင်ရှားသောအာရုံ

၂။ အဝိဘူတာရုံ - မထင်ရှားသောအာရုံ

ဟူ၍ ၂ မျိုးသာ ကွဲပါသည်။

ဥပမာ- ညအိပ်ရာဝင်ပြီး နဖူးပေါ်လက်တင်၍ မြင်,ကြား,နံ,စား ထိမှုအာရုံ ငါးပါးတို့သည် ဒွါရငါးပါးတို့၌ မဖြစ်တော့သောအခါ စိတ်တံခါး၀ (မနောဒ္ဓါရ) မှ အတွေးအကြံ အာရုံမျိုးစုံတို့ ဝင်လာကြပေမည်။

ထိုဝင်လာသောအာရုံများတွင်-

- ထင်ထင်ရှားရှား တွေ့ကြုံသိရှိသောအာရုံမျိုးသည် ဝိဘူတာရုံ၊
- မထင်မရှား ခပ်ရေးရေးသာ တွေ့ကြုံသိရှိရသော အာရုံမျိုးသည် အဝိဘူတာရုံ၊
- မနောဒ္ဓါရသည် ကာလ ၃ ပါးနှင့် ဆိုင်ပါသည်။

ပြီးခဲ့သော အတိတ်ဘဝကိုလည်းကောင်း၊ ငယ်စဉ်က အဖြစ်အပျက်များကိုလည်းကောင်း ပြန်၍ စဉ်းစားတွေးတောသော် မှန်ကန်စွာပေါ်သည်ဖြစ်စေ၊ မှားယွင်း

စွာပေါ်သည်ဖြစ်စေ-

ထင်ရှားစွာပေါ်လာပါက အတိတ်ဝိဘူတာရုံ

မထင်ရှားစွာပေါ်ပါက အဝိဘူတာရုံ

အနာဂတ်အာရုံများ တွေးတောရာတွင်လည်း-

ထင်ရှားသောအာရုံဖြစ်ပေါ်လျှင် ဝိဘူတာရုံ

မထင်ရှားသောအာရုံဖြစ်ပေါ်လျှင် အဝိဘူတာရုံ

အဘိညာဉ်ရပြီးသော ပုဂ္ဂိုလ်သည်ကား ပြီးခဲ့သော ဘဝဟောင်းကိုမြင်ရာတွင် ထင်ရှားသော ဝိဘူတာရုံ ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်ကို တွေးတောသတိရရာတွင် ထိုသူ၏ ရုပ်ဆင်းအင်္ဂါအသားရောင်သည် ရူပါရုံဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် နေပုံထိုင်ပုံသည် ဓမ္မာရုံဖြစ်သည်။

ထမင်းစားသည်ကို တွေးတောရာတွင် ထမင်း၏အရသာသည် ရသာရုံ၊ ထမင်း၏ အနေအထားပုံပန်းသည် ဓမ္မာရုံ။

ငယ်စဉ်က မိဘရိုက်သည်ကို တွေးတောမိလျှင်-

မိဘရိုက်သည်ကို ခံရခြင်းသည် - ဖောဋ္ဌဗ္ဗာရုံ

မိဘ၏ ရုပ်ဆင်းအင်္ဂါသည် - ရူပါရုံ

မိဘ၏ ပုံပန်းကိုယ်ဟန်သည် - ဓမ္မာရုံ

ထိုကဲ့သို့ ဖောဋ္ဌဗ္ဗာရုံ၊ ရူပါရုံ၊ ဓမ္မာရုံ စသည်တို့ ထင်ရှားစွာ ပေါ်လာလျှင် ဝိဘူတာရုံ ဖြစ်သည်။ မထင်မရှား ပေါ်လာလျှင် အဝိဘူတာရုံ ဖြစ်သည်။

နိဗ္ဗာန်သည် ဓမ္မာရုံဖြစ်သည်။ နိဗ္ဗာန်ကို ထင်ရှားသော ဝိဘူတာရုံအဖြစ်နှင့် တွေးတောလျှင် ဒုက္ခမျိုးစုံ အေးငြိမ်းသွားနိုင်သည်။

မင်္ဂလိရသူများ၊ ရဟန္တာများသည် နိဗ္ဗာန်(ဓမ္မာရုံ)ကို တွေးတောသော် အလုံးစုံ အေးချမ်းသွားပါမည်။

နိဗ္ဗာန်သည် မင်္ဂလိရပြီးသူများအတွက် ရဟန္တာများအတွက်သာလျှင် ဝိဘူတာရုံ ဖြစ်သည်။

မဂ်ဖိုလ်မရသေးသူ ပုထုဇဉ်တို့သည်ကား မှန်းဆတွေးတောရသည်ဖြစ်၍ အဝိဘူတာရုံဖြစ်ပါသည်။

ဝီထိမုတ်စိတ်များ

အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည် ဝီထိမုတ်စိတ်တို့၏ ဝိသယပွဝတ္တိမည်ပါသည်။

ဝီထိစိတ်များ - လှုပ်ရှားနိုးကြားသောစိတ်များ ဖြစ်သည်။

ဝီထိမုတ်စိတ်များ - ငြိမ်သက်အိပ်စက်နေသောစိတ်များ ဖြစ်သည်။

သက်ရှိသတ္တဝါတို့၏သန္တာန်ဝယ် ဤ ၂ မျိုးသာ အစဉ်ထာဝရ ဖြစ်ပေါ်လျက်ရှိနေပါသည်။

ဝီထိမုတ်စိတ်မှာ ပကိဏ်းပိုင်းတွင် ဖော်ပြခဲ့သော ဒွါရဝိမုတ်စိတ် ၁၉ ပါးပင် ဖြစ်ပါသည်။

ဥပေက္ခာသန္တီရဏစိတ်	၂-ပါး
မဟာဝိပါက်စိတ်	၈-ပါး
မဟဂ္ဂုတ်ဝိပါက်စိတ်	၉-ပါး
	၁၉-ပါး

(ဝီထိမုတ်စိတ်၊ ဒွါရဝိမုတ်စိတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ ဤ ၅ မျိုးမှာ အမည်သာကွဲ၍ စိတ်အရမှာမူ အတူတူပင် ဖြစ်ပါသည်။)

ဝီထိစိတ်များကို ရေတွက်ရာတွင်-

ရုပ် + ရုပ်ချင်း ထိခိုက်၍လည်းကောင်း၊

ရုပ် + နာမ်အာရုံတို့၏ မနောဒွါရ နာမ်တရား၌ လာရောက်ထိခိုက်၍လည်းကောင်း ဝီထိစိတ်များ ဖြစ်လာရပါသည်။

ဝီထိမုတ်စိတ် ၁၉ ပါးအနက်-

ဥပေက္ခာသန္တီရဏစိတ် ၂ ပါးသည် - ဝီထိစိတ်အစဉ်၏ သန္တီရဏကိစ္စ၌ လည်းကောင်း၊

မဟာဝိပါက်စိတ် ၈ ပါးသည် - တဒါရုံကိစ္စ၌လည်းကောင်း ပါဝင်ကြသည်။

မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးသည်သာလျှင် - အစဉ်အမြဲ ဝီထိမုတ်စိတ်များ ဖြစ်ကြပါသည်။

(ထို့ကြောင့် ဝီထိစိတ်များသည် မဟဂ္ဂုတ်ဝိပါက်-၉-ပါးကြဉ်သော စိတ် ၈၀ တို့ဖြစ်ကြသည်ဟု မှတ်ယူရမည်။)

ဝီထိစိတ်များ ဖြစ်ပေါ်မှု

ဝီထိ ၆ ပါးကို - ဒွါရ၏အစွမ်းဖြင့်လည်းကောင်း၊
- ဝိညာဏ်၏အစွမ်းဖြင့်လည်းကောင်း

၂ မျိုးစီ အောက်ပါအတိုင်း ခေါ်ဆိုနိုင်ပါသည်။

(၁) စက္ခုဒ္ဒွါရဝီထိ + စက္ခုဝိညာဏဝီထိ
စက္ခုဒ္ဒွါရ၌ ထင်လာသောရူပါရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်အစဉ်၊

(၂) သောတဒ္ဒွါရဝီထိ + သောတဝိညာဏဝီထိ
သောတဒ္ဒွါရ၌ ထင်လာသောသဒ္ဒါရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်အစဉ်၊

(၃) ဃာနဒ္ဒွါရဝီထိ + ဃာနဝိညာဏဝီထိ
ဃာနဒ္ဒွါရ၌ ထင်လာသောဂန္ဓာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်အစဉ်၊

(၄) ဇိဝှါဒ္ဒွါရဝီထိ + ဇိဝှါဝိညာဏဝီထိ
ဇိဝှါဒ္ဒွါရ၌ ထင်လာသောရသာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်အစဉ်၊

(၅) ကာယဒ္ဒွါရဝီထိ + ကာယဝိညာဏဝီထိ
ကာယဒ္ဒွါရ၌ ထင်လာသောဖောဋ္ဌဗ္ဗာရုံကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်အစဉ်၊

(၆) မနောဒွါရဝီထိ + မဇနောဝိညာဏဝီထိ

မနောဒွါရ၌ ထင်လာသောပဉ္စာရုံ၊ ဓမ္မာရုံကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်အစဉ်။

၁။ စက္ခုဒွါရဝီထိဖြစ်ရန် အကြောင်း ၄ ပါး

(က) မျက်စိအကြည်ဓာတ် (စက္ခုပသာဒ) ကောင်းမွန်ရမည်၊

(ခ) မြင်နိုင်သောအဆင်း (ရူပါရုံ) ရှိရမည်၊

(ဂ) အလင်း (အာလောက) ရှိရမည်၊

(ဃ) နှလုံးသွင်းမှု (မနသိကာရ) ရှိရမည်။

၂။ သောတဒွါရဝီထိဖြစ်ရန် အကြောင်း ၄ ပါး

(က) နားအကြည်ဓာတ် (သောတပသာဒ) ကောင်းမွန်ရမည်၊

(ခ) ကြားနိုင်သောအသံ (သဒ္ဒါရုံ) ရှိရမည်၊

(ဂ) လေဖြတ်သန်းသွားနိုင်သော ဟင်းလင်းနယ်(အာကာသ) ရှိရမည်၊

(ဃ) နှလုံးသွင်းမှု (မနသိကာရ) ရှိရမည်။

၃။ ဃာနဒွါရဝီထိဖြစ်ရန် အကြောင်း ၄ ပါး

(က) နှာအကြည်ဓာတ် (ဃာနပသာဒ) ကောင်းမွန်ရမည်၊

(ခ) အနံ့ (ဂန္ဓာရုံ) ရှိရမည်၊

(ဂ) အနံ့ကိုဆောင်နိုင်သောလေ (ဝါတ) ရှိရမည်၊

(ဃ) နှလုံးသွင်းမှု (မနသိကာရ) ရှိရမည်။

၄။ ဇိဝှါဒွါရဝီထိဖြစ်ရန် အကြောင်း ၄ ပါး

(က) လျှာအကြည်ဓာတ် (ဇိဝှါပသာဒ) ကောင်းမွန်ရမည်၊

(ခ) အရသာ (ရသာရုံ) ရှိရမည်၊

(ဂ) လျှာရည် (အာပေါ) ရှိရမည်၊

(ဃ) နှလုံးသွင်းမှု (မနသိကာရ) ရှိရမည်။

၅။ ကာယဒွါရဝီထိဖြစ်ရန်အကြောင်း ၄ ပါး

(က) ကိုယ်အကြည်ဓာတ် (ကာယပသာဒ) ကောင်းမွန်ရမည်၊

(ခ) အထိအတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ရှိရမည်၊
(ဂ) ခက်မာသော (ထဒ္ဓ) ပထဝီဓာတ် ရှိရမည်၊
(ဃ) နှလုံးသွင်းမှု (မနသိကာရ) ရှိရမည်။

၁။ မနောဒ္ဓါရဝီထိဖြစ်ရန် အကြောင်း ၄ ပါး

(က) ဘဝင်စိတ် (မနောဒ္ဓါရ) ရှိရမည်၊
(ခ) အာရုံတစ်ခုခု (ပဉ္စာရုံ၊ ဓမ္မာရုံ) ရှိရမည်၊
(ဂ) စိတ်မှီရာဝတ္ထု (ဟဒယဝတ္ထု) ရှိရမည်၊
(ဃ) နှလုံးသွင်းမှု (မနသိကာရ) ရှိရမည်။

(ဝီထိစိတ် (၀၂) အသိစိတ်ဖြစ်ပေါ်ရန် အဘိဓမ္မာက အကြောင်း ၄ ချက် ဖော်ပြထားသည်။ သိပ်ပံပညာရှင်တို့က မနသိကာရကို မဖော်ပြကြပါ။ အဘိဓမ္မာဆရာတို့က အိပ်ပျော်နေသောမိခင်သည် မိုးကြိုးပစ်သံကို မကြားရမှု ရှိကောင်း ရှိပေမယ့် မိမိရင်ခွင်ဘေးတွင် အိပ်နေသောကလေးက တအင့်အင့်နှင့်တိုးတိုးငိုလာပါက ချက်ချင်းနိုးသည်။ ဤသည်ကို ထောက်ဆ၍ မနသိကာရသည် စိတ်သိမှုတွင် အရေးပါသည်ဟု ဆိုကြပါသည်။)

ဝီထိစိတ်ဖြစ်စေရန်အင်္ဂါများဇယားချုပ်

၁	စက္ခုဒ္ဒါရဝီထိ	စက္ခုပသာဒ	ရူပါရုံ	အာလောက	မနသိကာရ
၂	သောတဒ္ဓါရဝီထိ	သောတပသာဒ	သဒ္ဒါရုံ	အာကာသ	မနသိကာရ
၃	ဃာနဒ္ဓါရဝီထိ	ဃာနပသာဒ	ဂန္ဓာရုံ	ဝါယောဓာတ်	မနသိကာရ
၄	ဇိဝှါဒ္ဓါရဝီထိ	ဇိဝှါပသာဒ	ရသာရုံ	အာပေါဓာတ်	မနသိကာရ
၅	ကာယဒ္ဓါရဝီထိ	ကာယပသာဒ	ဖောဋ္ဌဗ္ဗာရုံ	ပထဝီ	မနသိကာရ
၆	မနောဒ္ဓါရဝီထိ	ဟဒယဝတ္ထု	ဓမ္မာရုံ	ဘွင်	မနသိကာရ

ဝိသယပွဝတ္ထိ ၉- မျိုး

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် လွန်ခဲ့သော အခြားမဲ့ ဘဝဟောင်း၌ စုတေခါနီးတွင် မရဏာသန္နဇောယူခဲ့သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ကိုအာရုံပြုသည်။

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့၌ နိမိတ် ၃- ပါးတို့၏ အာရုံထင်ခြင်းကို ဝိသယပွဝတ္ထို ၃- ပါး ဟု မှတ်ရပါမည်-

-ဝိထိစိတ်တို့အတွက် ဝိသယပွဝတ္ထို -၆ပါး
-ဝိထိမုတ်စိတ်တို့အတွက် ဝိသယပွဝတ္ထို -၃ပါး
ဤသို့အားဖြင့် ဝိသယပွဝတ္ထို -၉ပါး

ဘဝင်စိတ် ၃- မျိုး

- သတ္တဝါတို့၏ ဘဝတစ်ခုသည် ပဋိသန္ဓေစိတ်ဖြင့် စတင်သည်။
- ပဋိသန္ဓေစိတ်ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက်တည်း ဘဝင်စိတ်အစဉ်သည် တစ်လုံးပြီးတစ်လုံး အဆက်မပြတ် ဖြစ်-ပျက်သွားသည်။
- သေဆုံးသည့်အခါ နောက်ဆုံးဖြစ်သော ဘဝင်စိတ်ကို စုတိစိတ် ဟုခေါ်သည်။
- ဘဝတစ်ခု၌ဖြစ်ကြသော ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည်
  - အမျိုးစာတ်တူ
  - ယှဉ်ဖက်စေတသိက်တူ
  - အာရုံတူကြသောစိတ်များ ဖြစ်ကြသည်။

ဥပမာ-လူတစ်ယောက်သည်-

- ''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာဝိပါက်စိတ်'' ဖြင့် ပဋိသန္ဓေတည်လျှင် ယင်းစိတ်ပင် ဖြစ်ကြရပါသည်။
- ပဋိသန္ဓေစိတ်က ဂတိနိမိတ်ကိုအာရုံပြုလျှင် ဘဝင်နှင့်စုတိစိတ်တို့ကလည်း ထိုဂတိနိမိတ်ကိုပင် အာရုံပြုကြသည်။

- သတ္တဝါတို့၏သန္တာန်၌ ဝီထိစိတ်မဖြစ်သောအခါ ဘဝင်စိတ်အစဉ်သာ အမြဲ ဖြစ်နေပါသည်။
- ဘဝင်စိတ် အစဉ်အမြဲဖြစ်နေသောအခါ၌ ထိုဘဝင်စိတ်သည် ဝီထိမုတ်စိတ်မျိုး ဖြစ်၍ သက်ရှိတို့သည် ဘာကိုမျှ ထွေထွေထူးထူးမသိကြရပါ။ လွန်ခဲ့သောဘဝ ဟောင်းက ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကိုသာ အာရုံပြုနေကြပါသည်။
- ဘဝင်စိတ်တို့၏အကြားအကြား၌ ဒွါရတစ်ခုခုတွင် ပြင်ပအာရုံထင်လာသောအခါ ထိုအာရုံသစ်ကြောင့် ဘဝင်စိတ်တို့သည် ယူနေကျအာရုံကိုလည်း စွဲမြဲစွာ မယူနိုင်၊ လွတ်လည်းမလွတ်နိုင်သဖြင့် ပင်ကိုသဘောမှ ဖောက်ပြား၍ တုန်လှုပ်ချောက်ချားသွားသော ဘဝင်နှစ်ကြိမ်ကို ဘဝင်္ဂစလန (လှုပ်သောဘဝင်) ဟု ခေါ်ပါသည်။
- ဒုတိယဘဝင်္ဂစလနဖြစ်-ပျက်ပြီးသောအခါ ဘဝင်စိတ်အစဉ်ပြတ်ပြီး ဝီထိစိတ် အစဉ်တစ်ခုဖြစ်လာသည်။ ထိုဒုတိယဘဝင်္ဂစလနကို ဘဝဂုံပစ္ဆေဒ (ပြတ်စဲသော ဘဝင်) ဟု ဆိုပါသည်။
- ဒွါရနှင့်အာရုံထိတိုက်ပြီးနောက် ဘဝင်္ဂစလနမတိုင်မီ လွန်မြောက်သွားသော ဘဝင်စိတ်တို့ကို အတီတဘဝင် (လွန်လေပြီးသောဘဝင်)ဟု ခေါ်ပါသည်။
- ထိုသို့အာရုံသည် ဒွါရ၌ထင်သည်ဟုဆိုရာ၌လည်း ယင်းတို့၏ (ရူပါရုံနှင့် စက္ခုပသာဒ) ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်ကြသေးပါ။
- ရုပ်တို့မည်သည် ဌီ-အခိုက်၌သာ အားအရှိဆုံးဖြစ်၍ (ရုပ်၏ဌီသို့ရောက်ပြီးနောက်မှ) အနည်းဆုံး စိတ္တက္ခဏတစ်ချက်လွန်ပြီး နောက်မှထင်လာနိုင်ပါသည်။
- ထိုလွန်ခဲ့သော စိတ္တက္ခဏတစ်ချက်ဖြစ်သည့် ဘဝင်စိတ်ကို အတီတဘဝင် ဟုခေါ်ပါသည်။ (အာရုံနှင့်ပသာဒတို့ မထိခိုက်-မတိုက်ဆိုင်-မထင်မီ ချုပ်ပျောက်သွားသောဘဝင်)

ဝိထိစိတ်ဖြစ်ပုံများ

သတ္တဝါတို့သန္တာန်၌ အသက်မသေသေးသမျှ စိတ်များ ဖြစ်နေကြပါသည်။ ထိုစိတ်များသည် အကျဉ်းအားဖြင့် ၂ မျိုးသာရှိသည်-

(၁) လှုပ်ရှားနိုးကြားသောစိတ်- ဝိထိစိတ်

(၂) ငြိမ်သက်သောစိတ် - ဝိထိမုတ်စိတ်(ဘဝင်စိတ်)(ဒွါရဝိမုတ်စိတ်)

ထိုနှစ်မျိုးသည် တစ်လှည့်စီဖြစ်နေကြသည်။ .

ထိုစိတ်နှစ်မျိုးဖြစ်ပုံကို ဥပမာပြဆိုရာဝယ်-

- ပင့်ကူတစ်ကောင် ပင့်ကူအိမ်အလယ်၌ ငြိမ်သက်အိပ်နေသည်-----ဘဝင်စိတ် ဖြစ်နေသည်။
- ယင်ကောင်တစ်ကောင်လာတိုးမိသည်------ဘဝင်စိတ်များ လှုပ်ရှားဖြစ်ပေါ်လာပြီး ဝိထိစိတ်များ ပေါ်လာသည်။
- ပင့်ကူသည် မျက်စိဖွင့်၍ ယင်ကောင်ကို ကြည့်လိုက်သောအခါ ပင့်ကူ၏မျက်စိအကြည်ဓာတ် (စက္ခုပသာဒ)နှင့် ယင်ကောင်ဟူသော အဆင်း (ရူပါရုံ)တို့ ဆုံတွေ့၍ ပထမဆုံးအနေဖြင့် မူလရှေးဘဝင်စိတ်(အတီတဘဝင်စိတ်)တစ်ကြိမ် လွန်သွားရပြန်သည်။ (ပထမစိတ်)
- ဒုတိယမြောက် ထိုမူလဘဝင်စိတ်ကလေး တစ်ကြိမ်လှုပ်ရှားသွားပြန်သည် -----ဘဝင်္ဂစလန ဟုခေါ်သည်။ (ဒုတိယစိတ်)
- တတိယမြောက် ရူပါရုံအားကောင်းသဖြင့် မူလဘဝင်စိတ်ကလေး လုံးလုံးပြတ်စဲသွားသည်----ဘဝင်္ဂုပစ္ဆေဒ (တတိယစိတ်)
- ဘဝင်စိတ်ပြတ်သွားသောအခါ ဝိထိစိတ်ပေါ်တော့မည်။
- ထိုမြင်သောအာရုံအပေါ် ဘာပါလိမ့် ဟု ဆင်ခြင်သည်----ပဉ္စဒွါရာဝဇ္ဇန်းစိတ် (စတုတ္ထစိတ်)

(ပထမဆုံးဝိထိစိတ်အနေဖြင့် ဆက်လက်ဖြစ်ပေါ်လာသည်။)

- ဘာပါလိမ့်ဟု ဆင်ခြင်လိုက်သောအခါ မြင်မှုပီပီပြင်ပြင်မြင်လာပြီဖြစ်၍ စက္ခုဝိညာဏ်စိတ် (ပဉ္စမစိတ်)

- ထိုသို့သိမြင်ပြီးသောအာရုံကို လက်ခံလိုက်သည်---သမ္မဋ္ဌိဆိုင်းစိတ် (ဆဋ္ဌမစိတ်)
- အာရုံကိုလက်ခံပြီး ဘာကောင်လဲ စားလို့ရ-မရ စုံစမ်းသည်---သန္တီရဏ (သတ္တမစိတ်)
- စားလို့ရသောအကောင်၊ မရသောအကောင်ဟု ဆုံးဖြတ်သည်---ဝုဋ္ဌော (အဋ္ဌမစိတ်)
- စားလို့ရလျှင် စားလိုသောစိတ်သည် အာရုံကိုခံစားစိတ်၊ အာရုံ၌ အရှိန်အဟုန် ပြင်းစွာ ဖြစ်သောစိတ် ၇ ကြိမ်ဖြစ်မှသည်----ဇော (နဝမ မှ ပန္နရသမစိတ်)
- စားပြီးပြီးချင်း အရသာခံစားမှုမပြတ်သေး၊ အကြွင်းအကျန်ကလေးများကို အရှိန်မပျက်ဆက်လက်ခံစားသော ဇောနောက် အစဉ်လိုက်သောစိတ်သည်---တဒါရုံ ၂ ကြိမ် (သောဠသမ-သတ္တရသမစိတ်)
- ထိုသို့နာမ်သက် ၁၇ ကြိမ်ဖြစ်သွားသောအခါ ရုပ်သက်တစ်ကြိမ်ပြည့်သွားပြီးဖြစ်၍ (စက္ခုပသာဒ) မျက်စိအကြည်ဓာတ်ရုပ်တရားနှင့် ရူပါရုံ(အဆင်း) ရုပ်တရားနှစ်ခုတို့ထိခိုက်ရာမှ ပေါ်လာသော ဝီထိစိတ်သက်တမ်းတစ်ကြိမ်အဖြစ် ရုပ်ပြီး ဘဝင်စိတ်များ ပြန်ဖြစ်သွားရသည်။
- ပင့်ကူသည် ပင့်ကူအိမ်အလယ်သို့ ပြန်သွား၍ အိပ်သည်နှင့်ဘဝင်များဆက်ဖြစ်သွားသည်နှင့်တူပါသည်။
- ဤပုံစံအတိုင်း ဝီထိစိတ်နှင့်ဘဝင်စိတ်တို့သည် သတ္တဝါတို့၏သန္တာန်ဝယ် တစ်လှည့်စီ ဖြစ်နေတော့သည်။

စက္ခဒ္ဒါရ (အတိမဟန္တာရုံဝီထိစိတ်အစဉ်ဖြစ်ပုံ)

- စက္ခုပသာဒရုပ်နှင့် ရူပါရုံတို့သည် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်ပေါ်ကြသည်။
- ထိုသို့ ရူပါရုံနှင့် စက္ခုပသာဒရုပ်သည် ဥပါဒ်ချင်းပြိုင်၍ ဖြစ်ပေါ်ကြသော်လည်း- ရူပါရုံသည် ဖြစ်လျှင်ဖြစ်ချင်း စက္ခုပသာဒသို့လာ၍ မထိခိုက်နိုင်ပါ။ စိတ်တစ်ခုမျှသောအချိန် နောက်ကျပြီးမှ (ကျော်လွန်ပြီးမှ) စက္ခုပသာဒသို့ လာ၍ထိခိုက်နိုင်ပါသည်။

- ရူပါရုံက စက္ခုပသာဒကို ဥပါဒ်ပြီးနောက် မထိခိုက်မီ ကျော်လွန်သွားသော အချိန်ပိုင်းကို တိုင်းတာသောစိတ်သည် ဘဝင်စိတ်ဖြစ်သည်။
- လွန်သောအချိန်ပိုင်းကိုတိုင်းရသောကြောင့် ထိုဘဝင်စိတ်ကို အတီတဘဝင် ဟု ခေါ်သည်။
- ရူပါရုံက စက္ခုပသာဒသို့ ထိခိုက်သောအခါ လှုပ်ရှားသောဘဝင်စိတ်ကို ဘဝင် စလန ဟုခေါ်သည်။
- ဒုတိယအကြိမ် လှုပ်ရှားသောဘဝင်စိတ်ကို ရပ်စဲသွားပြီးဖြစ်သောကြောင့် ဘဝင် ပစ္ဆေဒ ဟု ခေါ်ပါသည်။

ဝိထိစဉ်

တီ	နံ	ဒ	ပ	စ	သံ	ဏ	ဝု	ခ	ခ
ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ
ခ	ခ	ခ	ခ	ခ	ရုံ	ရုံ	ဘွင်		
ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ	ဝဝဝ		

ဝဝဝ = ဥပါဒ်- ဌီ- ဘင် (ဖြစ်-တည်-ပျက်)

တီ = အတီတဘဝင်

လွန်သောအချိန်ပိုင်းကိုတိုင်းသည်။

အာရုံသည် စိတ်တစ်ခုစာကြာသောအချိန်ပိုင်းကိုလွန်မှသာ စက္ခုပသာဒသို့ ထိသည်။

နံ = ဘဝင်စလန

ရူပါရုံက စက္ခုပသာဒကို ထိခိုက်သည်။

ဒ = ဘဝင်ုပစ္ဆေဒ

ပြတ်သောဘဝင်ဖြစ်သည်။ ရူပါရုံက စက္ခုပသာဒကိုထိခိုက်၍ လှုပ်ရှားရာတွင် လှုပ်ရှားမှု လွန်အားကြီးသောကြောင့် ပြတ်သွားသည်။

ဘဝင်စိတ်တို့၏အစဉ်အလာသည် ကဲ့ကိုသာပြန်၍သိသည်။ ဘဝင်ုပစ္ဆေဒတွင်ကား ကဲ့ကိုပြန်၍သိသောစိတ်အစဉ်သည် ပြတ်စဲရပ်သွားတော့သည်။

ပ = ပဋ္ဌဒ္ဓါရာဝန္ဓနိ:

ငါးခုသောတံခါးပေါက်မှ လှည့်၍ဆင်ခြင်သောစိတ်ဖြစ်သည်။ ထိုပဋ္ဌဒ္ဓါရာဝန္ဓနိ: စိတ်တွင် တစ်ဘက်သို့မလှည့်တော့မူ၍ ရူပါရုံသို့သာ လှည့်၍ ဆင်ခြင်တော့သည်။

စ = စက္ခုဝိညာဏ်စိတ်

ရူပါရုံကိုမြင်သည့်အလုပ် (ဒဿနကိစ္စ)ကို လုပ်ဆောင်သောစိတ်ဖြစ်သည်။

စက္ခုဒ္ဒါရဝီထိဖြစ်လျှင် စက္ခုဝိညာဉ်ပါဝင်၍ သောတဒ္ဒါရဝီထိဖြစ်လျှင် သောတဝိညာဉ်၊ ဃာနဒ္ဒါရဝီထိဖြစ်လျှင် ဃာနဝိညာဉ် စသည်ဖြင့် ဒွါရနှင့်သက်ဆိုင်ရာ ဝိညာဉ် ပါဝင်သည်။

သံ = သမ္ပဋိစ္ဆိုင်း

လက်ခံသောလုပ်ငန်းကိုဆောင်ရွက်သည်။ စက္ခုဒ္ဒါရဝီထိတွင် ရူပါရုံကိုလက်ခံသည်။

ဏ = သန္တီရဏ

စုံစမ်းစစ်ဆေးသောလုပ်ငန်းကိုဆောင်ရွက်သည်။ စက္ခုဒ္ဒါရဝီထိတွင် ရူပါရုံကို စုံစမ်းစစ်ဆေးသည်။

ဝု = ဝုဋ္ဌော

ဆုံးဖြတ်သောလုပ်ငန်းကိုဆောင်ရွက်သည်။

ဝုဋ္ဌောသည် တစ်ခါတစ်ရံ မှားယွင်းသော ဆုံးဖြတ်မှုကိုလည်းကောင်း ပေးတတ်သည်။

ရူပါရုံက ကောင်းသော်လည်း မကောင်းဟူ၍လည်းကောင်း၊ ရူပါရုံက မကောင်းသော်လည်း ကောင်းသည်ဟူ၍လည်းကောင်း ဆုံးဖြတ်ပေးတတ်သည်။

ဇ = ဇော

ဝုဋ္ဌောဏ်ဆုံးဖြတ်ချက်အရ ဇော ၇ ကြိမ်က အဟုန်ပြင်းစွာ၊ လျင်မြန်စွာ၊ ထက်သန်စွာ အာရုံ၏အရသာကိုခံစားခြင်း အလုပ်ကိုလုပ်သည်။

ဝီထိစဉ် ၁၁ ပါးတွင် ဇောသည် ၇ ကြိမ်ဆက်ကျသည်။ ဇော ၇ ကြိမ်ဆိုသည်မှာ ကာမဇော ၂၉ ပါးတွင် ပုဂ္ဂိုလ်အားလျော်စွာ တစ်ခုသောဇောက ၇ ကြိမ် ထပ်၍ကျခြင်းပင် ဖြစ်သည်။

- ပုထုဇဉ်တစ်ယောက်က ရူပါရုံကိုမြင်ရာတွင်-

အကုသိုလ်ဇော - ၁၂
မဟာကုသိုလ်ဇော - ၈
စုစုပေါင်း - ၂၀ သက်ဆိုင်သည်။

- သောတာပန်၊ သကဒါဂါမ်က ရူပါရုံကိုမြင်ရာတွင် ပုထုဇဉ်နှင့်သက်ဆိုင်သော ဇော ၂၀ မှ-

ဒိဋ္ဌဂတသမ္ပယုတ် - ၄
ဝိစိကိစ္ဆာသမ္ပယုတ် - ၁
စုစုပေါင်း - ၅ ပါး မှတပါး

ကျန် ၁၅- ပါးနှင့် သက်ဆိုင်သည်။

- အနာဂါမ်ဖြစ်လျှင် သောတာပန်နှင့်သက်ဆိုင်သော ၁၅ ပါးမှ ဒေါသမူ ၂ ပါး ကြဉ်၍ ကျန်ဇော ၁၃ ပါးနှင့်သက်ဆိုင်သည်။
- ရဟန္တာသည်ကား ဟသိတုပ္ပါဒ်ဇော - ၁
မဟာကြိယာဇော - ၈
စုစုပေါင်း - ၉ ပါးနှင့် သာသက်ဆိုင်သည်။

ရုံ = တဒါရုံ

ဇောဏ် နောက်လိုက်ခံစားခြင်းဖြစ်သည်။ ဇော ၇ ကြိမ်ကျပြီးနောက် တဒါရုံသည် ၂ ကြိမ်ဆက်ကျသည်။ တဒါရုံနှစ်ကြိမ်ဆိုသည်မှာ တဒါရုံကိစ္စကို ဆောင်ရွက်သောစိတ် ၁၁ ပါးမှ တစ်ပါးပါးသောစိတ်က နှစ်ကြိမ်ထပ်၍ဖြစ်ခြင်းကိုခေါ်သည်။ တဒါရုံသည် ဇောခံစားပြီးသော အာရုံအကြွင်းကို နောက်လိုက်ခံစားခြင်း ဖြစ်သည်။ ဝိထိစိတ်အစဉ်ဖြစ်ပုံ ဥပမာကို ဦးကာကျော် ဆရာက သရက်ပင်အောက် အိပ်နေသူနှင့် ဥပမာပေးပါသည်။

သရက်ပင်တစ်ပင်အောက်တွင် လူတစ်ယောက်သည် ခေါင်းမြီးခြုံ၍ အိပ်ပျော်နေစဉ် သရက်ပင်မှ သရက်သီးမှည့်တစ်လုံးကြွေကျသည်။

ထိုအခါ ယင်းလူသည် လန့်နိုး၍ ခေါင်းမြီးခြုံကိုဖွင့်ကာကြည့်လိုက်သည်။ သရက်သီးကိုတွေ့သော် လှမ်းယူ၍ မှည့်-မမှည့်ကို စုံစမ်းသည်။ မှည့်သည် ဟု ဆုံးဖြတ်ပြီးသောအခါ မြိန်ရှက်စွာ စားသောက်သည်။ နောက်ဆုံးတွင် ခံတွင်း၌ ကျန်သည်များကို မြုံ့ပြီး ပြန်အိပ်သွားသည်။

အာရုံ
ဘ .....ဘ|တီ နဒပစသံ ဏဝဓဓဓဓဓဓဓဓရုံ ရုံ ဘ
စက္ခုပသာဒ

ဤဥပမာကို ဝီထိနှင့် စပ်ဟပ်သော်-

အိပ်ပျော်ခြင်း	-	ဘဝင်စိတ်
မြေကျခြင်း	-	ရူပါရုံနှင့်စက္ခုပသာဒကို ထိခိုက်ခြင်း
လန့်နိုးခြင်း	-	ပဉ္စဒွါရာဝဇ္ဇန်းစိတ်
ဖွင့်ကြည့်ခြင်း	-	စက္ခုဝိညာဏ်စိတ်
လှမ်းယူခြင်း	-	သမ္ပဋိစ္ဆိုင်းစိတ်
စုံစမ်းခြင်း	-	သန္တီရဏစိတ်
ဆုံးဖြတ်ခြင်း	-	ဝုဋ္ဌော
မြိန်ရှက်စွာစားခြင်း	-	ဇော
အကြွင်းကိုမြုံ့ခြင်း	-	တဒါရုံ
ပြန်အိပ်ပျော်ခြင်း	-	ဘဝင်

ဝီထိပုံစံ

တီ -နံ -ဒ	ပ၊ စ၊ သံ ဏ ဝ ဇော-၇ ရုံ-၂	ဘွင် ဘွင်
ဘွင်စိတ်များ	ဝီထိစိတ်များ	ဘွင်စိတ်များ

သတ္တဝါတို့၏သန္တာန်၌ ဘဝင်စိတ်နှင့် ဝီထိစိတ်များ တစ်လှည့်စီ ဖြစ်ပေါ်ရာတွင်-

- ဘဝင်စိတ်မှ ဝီထိစိတ်သို့ပြောင်းခါနီးတွင် လည်းကောင်း၊
- ဝီထိစိတ်မှ ဘဝင်စိတ်သို့ပြောင်းခါနီးတွင် လည်းကောင်း

ချက်ချင်းပြောင်းသွားသည်မဟုတ်ပါ။

ဘဝင်စိတ်တို့၏အလျဉ်သည် ချက်ချင်းမပြတ်သေးဘဲ အနည်းဆုံးဘဝင် ၃ ကြိမ်လောက် ဖြစ်ပြီးမှ ဝီထိစိတ်များဖြစ်လာကြပါသည်။

ဝီထိစိတ်တွင်လည်း အလွန်ထင်ရှားသော အတိမဟန္တာရုံဝီထိတွင် ဇောသည် မရပ်သေးဘဲ အမြစ်မပြတ် အရှိန်မသေသေးသော တဒါရုံ ၂ ကြိမ်ဖြစ်ပြီးမှ ဘဝင်စိတ်များ ဆက်ဖြစ်ရသည်။

- မဟန္တာရုံဝီထိကား အာရုံထင်ရှားမှု အားမကောင်းသောကြောင့် အမျှင်မပြတ်၊ အရှိန်မသေသေးသော တဒါရုံများ ဖြစ်ခြင်းမရှိတော့။
- ပရိတ္တာရုံဠ်လည်း အာရုံမထင်ရှားတော့သဖြင့် ဇောစိတ်ပင် မဖြစ်တော့ပါ။
- အတိပရိတ္တာရုံဠ်လည်း အာရုံအလွန်မထင်ရှားသောကြောင့် ဝီထိစိတ်များ မဖြစ်တော့။

ပဉ္စဒ္ဒါရဝီထိယပုဝတ္ထိ

စက္ခုဒ္ဒါရဠ် ဝီထိ ၁၅ မျိုး

- အရာဝတ္ထုတစ်ခုကို မျက်စိဖြင့် မြင်ရာတွင် အနီးဆုံးမှ အဝေးဆုံးအထိ အဆင့်အတန်း အကြီးအသေး ၁၅ မျိုး ရှိပါသည်။
- အရာဝတ္ထုသည် အနီးဆုံးတွင် အကြီးဆုံးဖြစ်သည်။ ယင်းကို အတိမဟန္တဟုခေါ်သည်။
- အနည်းငယ်ဝေးသွားလျှင် ကြီးကားကြီးသေး၏။ အကြီးဆုံးကား မဟုတ်တော့ပြီ။ နှစ်ဆင့်ထား၍ ပထမမဟန္တ၊ ဒုတိယမဟန္တဟု ခေါ်သည်။
- ထိုထက် အနည်းငယ်ဝေးသွားပြန်လျှင် သေးငယ်သွားသည်။ ယင်းကို ခြောက်ဆင့်ထား၍ ပထမမှ ဆဋ္ဌမအထိ ပရိတ္တ ဟု ခေါ်သည်။
- ထိုထက်ပို၍ ဝေးသွားပြန်လျှင် အသေးဆုံး ဖြစ်သွားသည်။ ယင်းကို ၆ ဆင့်ထား၍ ပထမမှ ဆဋ္ဌမအထိ အတိပရိတ္တဟု ခေါ်သည်။

- ထိုထက်ပို၍ ဝေးကွာသွားပါမူ မျက်စိနှင့်အဆက်အသွယ်ပြတ်၍ ကွယ်ပျောက်သွားတော့သည်။ ကွယ်ပျောက်သွားသောအရာဝတ္ထုကို ရေတွက်၍ မရတော့ပါ။ ရေတွက်ရန်လည်း မမြင်နိုင်တော့ပါ။

ဤသို့အားဖြင့် စက္ခုပသာဒ၌ ရူပါရုံ ထင်ပုံသည်-

(က)	အတိမဟန္တာရုံထင်လာသောအခါ တဒါရမ္မဏဝါရ	၁ ဝီထိ
(ခ)	မဟန္တာရုံထင်လာသောအခါ ဇဝနဝါရ	၂ ဝီထိ
(ဂ)	ပရိတ္တာရုံထင်လာသောအခါ ဝေါဋ္ဌပနဝါရ	၆ ဝီထိ
(ဃ)	အတိပရိတ္တာရုံထင်လာသောအခါ မောဃဝါရ	၆ ဝီထိ
	ဤသို့အားဖြင့်	၁၅ ဝီထိ

ထို့အတူပင် - သောတပသာဒ၌ သဒ္ဒါရုံထင်ပုံ - ၁၅ မျိုး
ဃာနပသာဒ၌ ဂန္ဓာရုံထင်ပုံ - ၁၅ မျိုး
ဇိဝှာပသာဒ၌ ရသာရုံထင်ပုံ - ၁၅ မျိုး
ကာယပသာဒ၌ ဖောဋ္ဌဗ္ဗာရုံထင်ပုံ - ၁၅ မျိုး
ဤသို့ဖြင့် ပသာဒ ၅ မျိုး၌ အာရုံငါးမျိုးထင်ပုံ - ၇၅ မျိုး

(စက္ခု-သောတ နှစ်မျိုး၌ အာရုံထင်ပုံမှာ အကြီး-အသေး-အနီး-အဝေး နှစ်မျိုးစလုံးနှင့် သက်ဆိုင်သည်။ ဃာန-ဇိဝှာ-ကာယ၌ အာရုံထင်ပုံမှာ အကြီးအသေး တစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်။

စက္ခုဒ္ဒါရ ၁၅ ဝီထိ

၁။ တဒါရမ္မဏဝါရ - တဒါရုံတစ်ကြိမ်သာ ပါဝင်သည်။
၂။ ဇဝနဝါရ - ဇော ၂ ကြိမ်သာ ပါဝင်သည်။
၃။ ဝေါဋ္ဌပနဝါရ - ဝုဋ္ဌော ၆ ကြိမ် ပါဝင်သည်။
၄။ မောဃဝါရ - ဝီထိစိတ်မပါ-အချည်းနှီးဖြစ် ၆ ကြိမ်

(ဝါရ = အလှည့်အကြိမ်)

၁။ **အတိမဟန္တာရုံ ၁ ဒီထိ** -တီ နဒပစသံ ကာဝုဇဇဇဇဇဇဇရုံရုံဘ
(တဒါရမ္မကာဝါရ)

၂။ **မဟန္တာရုံ ၂ ဒီထိ**(က)-တီ တီ နဒပစသံ ကာဝုဇဇဇဇဇဇဇဘ
(ဇဝနဝါရ) (ခ)- တီ တီ တီ နဒပစသံ ကာဝုဇဇဇဇဇဇဇဘ

၃။ **ပရိတ္တာရုံ ၆ ဒီထိ** (က)- တီ တီ တီ တီ နဒပစသံ ကာဝုဝုဝုဘဘဘဘ
(ဝေါဋ္ဌပနဝါရ)(ခ)-တီ တီ တီ တီ တီ နဒပစသံ ကာဝုဝုဝုဘဘဘ
(ဂ)-တီ တီ တီ တီ တီ တီ နံ ဒပစသံ ကာဝုဝုဝုဘဘ
(ဃ)- တီ တီ တီ တီ တီ တီ တီ နဒပစသံ ကာဝုဝုဝုဘ
(င)- တီ တီ တီ တီ တီ တီ တီ တီ နဒပစသံ ကာဝုဝုဘ
(စ)-တီ တီ တီ တီ တီ တီ တီ တီ တီ နဒပစသံ ကာဝုဝု

၄။ **အတိပရိတ္တာရုံဖဒီထိ**(က)တီ တီ တီ တီ တီ တီ တီ တီ တီ တီ နနဘဘဘဘဘ
(မောဃဝါရ)(ခ)- တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ နနဘဘဘဘ
(ဂ)-တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ နနဘဘဘ
(ဃ)-တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ နနဘဘ
(င)-တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ နနဘ
(စ)-တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ နန

ဝ .၈ ဝ
အတိမဟန္တာရုံဝီထိ

တီ နဒပစသံ ကာဝုဇဇဇဇဇဇဇရုံရုံဘ

အတိမဟန္တာရုံဝီထိဆိုရိုး

စက္ခဒ္ဒါရိက အတိမဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှု အတူ ဥပါဒ်ကြသည်မှစ၍ အတိတဘဝင်တစ်ချက်အလွန်တွင် စက္ခုပသာဒ၌ အာရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့်

စက္ခုပသာဒတို့သည် ၁၇ ချက် ရုပ်သက်စေ့ကြသောကြောင့် ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ထို့နောက် ဘဝင်စိတ် ထိုက်သည့်အားလျော်စွာ ဖြစ်၏။ (ကာမဓောဝါရ ပဋ္ဌဒ္ဓါရဝီထိပေါင်း ၇၅ ဝီထိလုံးကို အစားထိုးဆို၍ ရနိုင်ပါသည်။)

ပင့်ကူဥပမာပုံ၌ ပင့်ကူအိမ်၌ ယင်ကောင်လာတိုးသောအခါ ယင်ကောင်သည် အလွန်ထင်ရှားအားကြီး၍ ပင့်ကူအတွက် အတိမဟန္တာရုံဝီထိ ဖြစ်သည်။

အလွန်ထင်ရှားအားကြီးသော ယင်ကောင်ကိုမြင်ရသဖြင့် အတိတဘဝင် အကြာကြီးဖြစ်မနေဘဲ တစ်ကြိမ်မျှသာ လွန်ပြီး ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဖြစ်ကာ ဝီထိစိတ်သို့ ရောက်သွားသည်။

ဝီထိစိတ်တို့ ဆက်ဖြစ်ပြီး ဓောဖြင့် အရှိန်ကောင်းစွာ ၇ ကြိမ်ခံစားပြီးသော အခါ အာရုံမှာ အလွန်ထင်ရှားအားကောင်းသဖြင့် ခံစားမှု ချက်ချင်းမပြတ်ဘဲ ဓော သို့ အစဉ်လိုက်၍ အရှိန်မသေ၊ အမျှင်မပြတ်သော တဒါရုံစိတ် ၂ ကြိမ်ဖြစ်ပြီးမှ ဝီထိစိတ်အဖြစ် ရပ်သွားသည်။

တဒါရုံစိတ်၌ ဝီထိစိတ်အဆုံးသတ်သွားသဖြင့် အတိမဟန္တာရုံဝီထိကို တဒါရမ္မဏ ဝါရဟု ခေါ်သည်။

အတိမဟန္တာရုံဝီထိ အမျိုးအစားကား တစ်မျိုးသာ ရှိပါသည်။

ဤအတိမဟန္တာရုံဝီထိတွင်-

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်	-	၁
စက္ခုဝိညာဏ်စိတ်	-	၁
သမ္ပဋိစ္ဆိုင်းစိတ်	-	၁
သန္တီရဏစိတ်	-	၁
ဝုဋ္ဌောစိတ်	-	၁
ဇောစိတ်	-	၇
တဒါရုံစိတ်	-	၂
စုစုပေါင်း	-	၁၄ ပါး ဖြစ်ပါသည်။

တီ-န-ဒ - ဘွင်စိတ်တို့၏အာရုံသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါးတွင် တစ်ပါးပါးဖြစ်သည်။

- ဘဝင်စိတ်တို့သည် အထက်ပါ ၃ ပါးတွင် တစ်ပါးပါးကို ဝိုင်း၍ အာရုံပြုကြပါသည်။
- ထိုကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သည် ယခင်ဘဝ သေခါနီးတွင် မရဏာသန္နဇော ၅ ကြိမ်စောစဉ်က ထိုဇောများက အာရုံပြုခဲ့သော်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သာ ဖြစ်ကြပါသည်။ အခြားကံစသည်တို့နှင့် မည်သို့မျှ မသက်ဆိုင်ပါ။

မဟန္တာရု ၂- ဝဏ္ဏ
(ဇဝနဝါရ)

တီ တီ နဒ ပ စ သံ ဏာ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘာ
တီ တီ တီ နဒ ပ စ သံ ဏာ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ

မဟန္တာရုံဝိထိဆိုရိုး

ပထမမဟန္တာရုံဝိထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ်ကြသည်မှစ၍ အတိတဘဝင်နှစ်ချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇ ကြိမ်၊ ဘဝင် ၁ ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒတို့သည် ၁၇ ကြိမ် ရပ်သက်စေ့ကြသောကြောင့် ပထမဘဝင်၏ဘင်နှင့်ပြိုင်၍ ချုပ်ကြသည်။ ထို့နောက် ဘဝင်အစဉ် ထိုက်သည့်အားလျော်စွာ ဖြစ်ကြသည်။

ဒုတိယမဟန္တာရုံဝိထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ်ကြသည်မှစ၍ အတိတဘဝင်သုံးချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇ ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒ တို့သည် ၁၇ ကြိမ် ရပ်သက်စေ့ကြသောကြောင့် သတ္တမဇော၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြသည်။ ထို့နောက် ဘဝင်တို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကြသည်။

ပင့်ကူအိမ်တွင် ခြင်တစ်ကောင် လာတိုးဝင်ပါက ယင်ကောင်လောက် မထင်ရှား ဘဲ သာမန်သာ ထင်ရှားအားကောင်းသည်။

ထို့ကြောင့် အတိတဘဝဝင်စိတ်သည် တစ်ကြိမ်မက၊ နှစ်ကြိမ်-သုံးကြိမ်လောက် လွန်ပြီးမှ ဘဝင်္ဂစလန-ဘဝင်္ဂုပစ္ဆေဒ တို့ဖြစ်ပြီး ဝီထိစိတ်များ ဖြစ်လာရသည်။

ဝီထိစိတ်တို့ အစဉ်အတိုင်း ဆက်ဖြစ်ပြီး၍ ဇောဖြင့် အရှိန်ကောင်းကောင်း ၇ ကြိမ် ခံစားပြီးသောအခါ အာရုံမှာ ယင်ကောင်လောက် မထင်ရှား မကြီးပွားဘဲ ခံစား၍လည်း အလွန်မကောင်းလှသဖြင့် ခံစားပြီးပြီးချင်း ဝီထိစိတ်များ ပြတ်သွားတော့သည်။

အမျှင်မပြတ်သေးသော တဒါရုံစိတ် ဆက်မဖြစ်တော့ဘဲ ပြီးပြီးပျောက်ပျောက် သဘော ဖြစ်သွားသည်။

ဇောမှာပင် ဝီထိစိတ်များ အဆုံးသတ်သွား၍ မဟန္တာရုံဝီထိကို ဇဝနဝါရဟု ခေါ်ပါသည်။

မဟန္တာရုံဝီထိ ၂ မျိုး ရှိသည်။ တဒါရုံသည် နှစ်ကြိမ်ဖြစ်ရိုးထုံးစံရှိသည်။ တစ်ကြိမ် တည်းမူကား မည်သည့်အခါမျှ မဖြစ်ပေ။

ထို့ကြောင့် ပထမမဟန္တာရုံဝီထိ၌ ဇော ၇ ကြိမ်၏ အဆုံးတွင် စိတ်တစ်ခုစာမျှ အာရုံရှိသေးသော်လည်း တဒါရုံမကျတော့ဘဲ ဘဝင်သာ ကျပါတော့သည်။

မဟန္တာရုံဝီထို၌ ပဉ္စဒ္ဒါရာဝဇ္ဇန်းမှ ဇောအထိ ဝီထိစိတ် ၁၂ ပါးသာ ရှိသည်။

ပရိတ္တာရုံ ၆ ဝီထိ

တီ တီ တီ တီ နဒပစသံ ဏ ဝု ဝု ဝု ဘ ဘ ဘ ဘ

ပရိတ္တာရုံဝီထိဆိုရိုး

ပရိတ္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ် ကြသည်မှစ၍ အတိတဘဝင်လေးချက်အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော ၃ ကြိမ်၊ ဘဝင် ၄ ကြိမ် ဖြစ်ပြီးလျှင် ရူပါရုံနှင့် စက္ခုပသာဒ

တို့သည် ၁၇ ကြိမ် ရပ်သက်ဧ့ကြသောကြောင့် စတုတ္ထဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြသည်။ ထို့နောက် ဘဝင်အစဉ် ထိုက်သည့်အားလျော်စွာ ဖြစ်ကြသည်။

(ဝိထိပုံကိုကြည့်၍ ကျန်ဝိထိ ၅ ခုတို့၏ ဆိုရိုးများကို ဆိုနိုင်ပါသည်။)

ပရိတ္တာရုံဝိထိသည် အားနည်းသောကြောင့် စက္ခုပသာဒနှင့်ပြိုင်၍ ဥပါဒ်ပြီးနောက် အတီတဘဝင် ၄ ချက်မှ ၉ ချက်အထိ ကျော်လွန်သည့်အခါမှ အာရုံထင်လာ၏။

အာရုံထင်လာသည့်အခါမှာ ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်ရသဖြင့် ဇော ၇ ကြိမ် စောရန် အာရုံနှင့် စက္ခုပသာဒတို့ သက်တမ်းမရှည်ကြတော့ချေ။

သာမန်အခြေ၌ ဇောတို့သည် ၇ ကြိမ်မစောရလျှင် မဖြစ်နိုင်ကြသဖြင့် ဇောအစား ဝုဋ္ဌောက ၃ ကြိမ်ဖြစ်ပြီးလျှင် ဘဝင်စိတ်များ ဖြစ်ပေါ်ရ၏။

ဝုဋ္ဌော ၃ ကြိမ် မဖြစ်လောက်သည့်အခါ ၂ ကြိမ် ဖြစ်၏။ ထိုထက်လျော့၍ကား ဇောကိစ္စကို မဆောင်ရွက်နိုင်ချေ။

ပရိတ္တာရုံဝိထိ ၆ ပါးတို့သည် ဝုဋ္ဌောနှင့် အဆုံးသတ်ကြသောကြောင့် ဝေါဋ္ဌပနဝါရများ ဖြစ်ကြသည်။

ဤဝိထိများ၌ ဇောမပါသည့်အတွက် အာရုံ၏အဆိုးအကောင်းအရသာကို ခံစားမှု မရှိကြချေ။ အာရုံကို သိလိုက်သလို ထင်ရကာမျှသာ ရှိ၏။

ပသာဒရုပ် အားနည်းသော မွေးခါစ ကလေးသူငယ်များ၌ဖြစ်သော ဝိထိများသည် ဤဝိထိမျိုး ဖြစ်ကြပါသည်။

ပင့်ကူအိမ်၌ ဖြုတ်တစ်ကောင် လာတိုးသောအခါ ခြင်ကောင်လောက်ပင် ထင်ရှားမှုမရှိတော့သဖြင့် မူလ အတီတဘဝင်စိတ်များ ၄ ကြိမ် သို့မဟုတ် ၅ ကြိမ်၊ ၆ ကြိမ်၊ ၇ ကြိမ်၊ ၈ ကြိမ်၊ ၉ ကြိမ် အသီးသီးလွန်ပြီးမှ ဘဝင်္ဂစလန-ဘဝင်္ဂုပစ္ဆေဒ တို့ ဖြစ်ကာ ဝိထိစိတ်များ ဆက်ဖြစ်လာရပါသည်။

ဝိထိစိတ်များ အစဉ်အတိုင်း ဆက်ဖြစ်၍ ဝုဋ္ဌောစိတ်သို့ ရောက်သောအခါ အာရုံမှာ သိပ်မကောင်း၊ ထင်ရှားမှုအားနည်း၍ ဝုဋ္ဌောဖြင့် ဆုံးဖြတ်ရသည်မှာ မရေမရာနှစ်ခါတိုင် ဖြစ်နေရသည်။

အာရုံသိပ်မကောင်းသဖြင့် အရိုန်ကောင်းစွာခံစားရသည့် ဇောစိတ်အဖြစ်သို့

မရောက်တော့ဘဲ ဝုဋ္ဌောမှာပင် ဝီထိစိတ်အဆုံးသတ်သွားရသည်။

ဧောမဖြစ်သောဝီထိမျိုးတွင် ဝုဋ္ဌောစိတ်သည် ၂ ကြိမ်ဖြစ်ပေးရသော ထုံးစံရှိသည်။

ဝုဋ္ဌောစိတ်၌ ဝီထိစိတ်အဆုံးသတ်သွားသဖြင့် ပရိတ္တာရုံဝီထိကို ဝေါဋ္ဌပနဝါရဟုခေါ်သည်။

ပရိတ္တာရုံဝီထိအမျိုးအစား ၆ မျိုး ရှိပါသည်။

အတိပရိတ္တာရုံ ၆-ဝီထိ

တီ တီ တီ တီ တီ တီ တီ တီ တီ တီ တီ နဲ နဲ ဘ ဘ ဘ ဘ ဘ

အတိပရိတ္တာရုံဝီထိဆိုရိုး

ပထမအတိပရိတ္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့်စက္ခုပသာဒတို့ ရှေ့ရှုအတူညပါဒ်ကြသည်မှစ၍ အတိတဘဝင် ၁၀ ချက်အလွန်တွင် ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်္ဂစလန ၂ ကြိမ်ဖြစ်ပြီး ဝီထိစိတ်မဖြစ်ဘဲ ဘဝင်စိတ်ဆက်၍ဖြစ်၏၊ ပဉ္စမဘဝင် အကျ၌ ရူပါရုံနှင့်စက္ခုပသာဒတို့သည် ၁၇ ချက် ရုပ်သက်စေ့ကြသောကြောင့် ဒုတိယဘဝင်္ဂစလနနောင် ပဉ္စမဘဝင်၏ ဘင်နှင့်ပြိုင်၍ချုပ်ကြ၏။

အတိပရိတ္တာရုံသည် အလွန်အားနည်းသည့်အတွက် ဝီထိစိတ်ကို မဖြစ်စေနိုင်ပါ။ ဘဝင်စိတ် ၂ ကြိမ် လှုပ်ရုံမျှသာတတ်နိုင်သည်။ ထို့ကြောင့်အာရုံကို လုံးဝမမြင်သိပါ။

ဝီထိစိတ်မှယုတ်လျော့သောကြောင့် မောဃဝါရဟု ခေါ်ကြပါသည်။

ပင့်ကူအိမ်၌ အမှုန်အမွှားကလေးတစ်ခု လာကပ်သောအခါ ပင့်ကူသည်မျက်စိဖွင့်၍ ကြည့်သော်လည်း မြင်ရသလို မမြင်ရသလိုဖြစ်နေပြီး မူလအတိတဘဝင်စိတ်များ ၁၀ ကြိမ်မှ ၁၁ ကြိမ်၊ ၁၂ ကြိမ်၊ ၁၃ ကြိမ်၊ ၁၄ ကြိမ်၊ ၁၅ ကြိမ်လောက် အသီးသီးလွန်ပြီးမှ ဘဝင်္ဂစလန ၂ ကြိမ် လှုပ်ရသည်။

အာရုံမှာအလွန်မထင်ရှားသဖြင့် မြင်သလို-မမြင်သလိုဖြစ်နေသည်။

ဘဝင် ၂ ကြိမ်လှုပ်ပြီး ဘဝင်ပြတ်ခြင်းသို့မရောက်နိုင်ဘဲ ဖြစ်နေသည်။ ဘဝင်မပြတ်သဖြင့် ဝီထိစိတ်လည်း ဖြစ်မလာတော့ပေ။

အတိပရိတ္တာရုံဝိထိကို ဘဝင်လှုပ်ရုံသာလှုပ်ပြီး ဘဝင်္ဂစလနဒ္ဓသာ လှုပ်သွားပြီး ဝိထိစိတ်များဖြစ်လာခြင်း မရှိသောကြောင့် ဝိထိစိတ်တို့မှ အချည်းအနှီးသော၊ ဝိထိစိတ်တို့ ဖြစ်ခြင်းမရှိသော မောဃဝါရဟု ခေါ်ပါသည်။

အတိပရိတ္တာရုံဝိထိအမျိုးအစား ၆ မျိုး ရှိပါသည်။

ဝိထိစိတ်တို့ကိုရေတွက်ပြခြင်း

ပဉ္စဒ္ဝါရဝိထိစိတ် သရုပ်အကျယ် (ဝိတ္ထာရ) ၅၄-ပါး

ပဉ္စဒ္ဝါရ၌ထိုက်သော ဝိထိစိတ်အမျိုးအစားနှင့် အရေအတွက်ကို ကြည့်ပါက-

(၁)	ပဉ္စဒ္ဝါရာဝဇ္ဇန်း	- ၁
(၂)	ပဉ္စဝိညာဏ်	- ၁၀
(၃)	သမ္ပဋိစ္ဆိုင်း	- ၂
(၄)	သန္တီရဏ	- ၃
(၅)	ဝုဋ္ဌော (မနောဒ္ဝါရာဝဇ္ဇန်း)	- ၁
(၆)	ကာမဇော	- ၂၉
(၇)	တဒါရုံ	- ၈
	စုစုပေါင်းကာမစိတ်	- ၅၄ ပါး ရပါသည်။

ပဉ္စဒ္ဝါရဝိထိဒ္ဒ ဝိသေသစိတ္တာပ္ပါဒ် (စိတ်လုံးရေအရ) ၁၄ မျိုး

(၁)	ပဉ္စဒ္ဝါရာဝဇ္ဇန်း	- ၁
(၂)	ပဉ္စဝိညာဏ်	- ၁
(၃)	သမ္ပဋိစ္ဆိုင်း	- ၁
(၄)	သန္တီရဏ	- ၁
(၅)	ဝုဋ္ဌော (မနောဒ္ဝါရာဝဇ္ဇန်း)	- ၁
(၆)	ဇော	- ၇
(၇)	တဒါရုံ	- ၂
	စုစုပေါင်း	- ၁၄ မျိုး

ပဋ္ဌာန်းရဝီထိ (သာမည) စိတ်အမျိုးအစား-၇ မျိုး

(၁) ပဋ္ဌာန်းရာဝန္ထန်း - ၁
(၂) ပဋ္ဌဝိညာဏ် - ၁
(၃) သမ္မဋ္ဌိစ္ဆိုင်း - ၁
(၄) သန္တီရဏ - ၁
(၅) ဝုဋ္ဌော (မနောဒွါရာဝန္ထန်း) - ၁
(၆) ဇော - ၁
(၇) တဒါရုံ - ၁
စုစုပေါင်း - ၇ မျိုး

စက္ခုဒွါရဝီထိစိတ်ပေါင်းသည် စက္ခုဒွါရ၌ ဖြစ်နိုင်သော စိတ် ၄၆ ပါးပင် ဖြစ်ပါသည်။

ကျန်ရုပ်ဒွါရဝီထိစိတ်များသည်လည်း အလားတူပင် ၄၆ ပါးစီ ရှိကြပါသည်။

ဝီထိစိတ်တို့၏ အာရုံနှင့် မှီရာဝတ္ထု

- ပဋ္ဌာန်းရဝီထိစိတ်တို့သည် ပထမအတိတ်ဘဝင်နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန် ပဋ္ဌာရုံကို အာရုံပြုကြသည်။
- ထို့ကြောင့် ပဋ္ဌဝိညာဏ်စိတ်တို့သည် ပဋ္ဌဝတ္ထုကို အသီးသီးမှီကြ၏။
  ဥပမာ- စက္ခုဝိညာဏ်စိတ်သည် - ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုပြီး
  - စက္ခုဝတ္ထုကိုမှီ၏။
  (သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ စသည်တို့လည်း အလားတူပင်)
- ပဋ္ဌဝိညာဏ် ၁၀ မှကြွင်းသော ပဋ္ဌာန်းရဝီထိစိတ် ၄၄ ပါးတို့သည် ဟဒယဝတ္ထုကို မှီကြသည်။
- ပဋ္ဌဝိညာဏ်စိတ်တို့သည် အာရုံနှင့်ပြိုင်၍ ဥပါဒ်ပြီး အာရုံနှင့်ပြိုင်၍ချုပ်ငြိမ်းကြသော ပသာဒရုပ်ဝတ္ထုကို ရွေးချယ်၍ မှီကြ၏။ ဤပသာဒရုပ်ဝတ္ထုတို့ကို မစ္ဆိမာယုကဝတ္ထုများဟု ခေါ်၏။

- အာရုံထက် စောရှေ့ ဥပါဒ်ခဲ့ကြပြီး အာရုံမချုပ်မီ စောရှေ့ ချုပ်ကြသည့် ဝတ္ထုတို့ကို မန္ဒာယုကပသာဒများဟု ခေါ်၏။
- အာရုံထက် နောက်ကျရှေ့ ဥပါဒ်ခဲ့ကြသဖြင့် အာရုံချုပ်သော်လည်း မချုပ်ငြိမ်းကြသေးသည့် ဝတ္ထုရုပ်တို့ကို အမန္ဒာယုကပသာဒများဟု ခေါ်၏။
- ပဋ္ဌဝိညာဏ်မှအပဖြစ်သော စိတ်များသည် မိမိတို့၏ရှေ့ အခြားမဲ့သော စိတ်နှင့် ပြိုင်ရှေ့ ဥပါဒ်ကြသော ဟဒယဝတ္ထုရုပ်တို့ကို မှီကြကုန်ပါသည်။

စက္ခုဒ္ဒါရ ၁၅ ဝီထိ ဇယားချုပ်

ဝိသယပွဝတ္ထို	ဥပါဒ်	စိတ္တက္ခဏ ၁၇ ချက်	ဝါရ ၄ မျိုး
အတိမဟန္တာရုံ ၁-ဝီထိ	တီ	နဒပစသံဏဝုဇဇဇဇဇဇဇဇရုံရုံ	တဒါရမ္မဏ ဝါရ
မဟန္တာရုံ ၂-ဝီထိ	၂-တီ	နဒပစသံဏဝုဇဇဇဇဇဇဇဇဘ	ဇဝနဝါရ
	၂-တီ	နဒပစသံဏဝုဇဇဇဇဇဇဇ	
ပရိတ္တာရုံ ၆-ဝီထိ	၄-တီ	နဒပစသံဏဝုဝုဝုဘဘဘဘ	ဝေါဋ္ဌပန ဝါရ
	၅-တီ	နဒပစသံဏဝုဝုဝုဘဘဘ	
	၆-တီ	နဒပစသံဏဝုဝုဝုဘဘ	
	၇-တီ	နဒပစသံဏဝုဝုဝုဘ	
	၈-တီ	နဒပစသံဏဝုဝုဘ	
	၉-တီ	နဒပစသံဏဝုဝု	
အတိ ပရိတ္တာရုံ ၆-ဝီထိ	၁၀-တီ	နနဘဘဘဘဘ	မောဃ ဝါရ
	၁၁-တီ	နနဘဘဘဘ	
	၁၂-တီ	နနဘဘဘ	
	၁၃-တီ	နနဘဘ	
	၁၄-တီ	နန	



မနောဒွါရ - မနောဒွါရဟူသည် ဘဝင်စိတ် ၁၉ ပါးပင် ဖြစ်ပါသည်။

- မနောဒွါရ၌ အာရုံ ၆ ပါးလုံး ထင်နိုင်ပါသည်။
- ဤမနောဒွါရ၌ အတိတ်ရုပ်တရား၊ အနာဂတ်ရုပ်တရား
- စိတ္တက္ခဏတစ်ချက်မျှသာ အသက်ရှိသော စိတ်-စေတသိက်
- ထင်ရှားမရှိသော ပညတ်နှင့်နိဗ္ဗာန်များပင် ထင်လာနိုင်၍ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည်ဟု မဆိုထိုက်ပါ။ ထိုအာရုံများ၌ အတိတဘဝင် မရအပ်ပါ။
- အာရုံထင်ပြီးနောက် အတိတဘဝင် မည်မျှလွန်မှ အာရုံထင်လာသည်ဟု စဉ်းစားစရာမလိုတော့ဘဲ မနောဒွါရ၌ အာရုံထိခိုက်သည်နှင့် တစ်ပြိုင်နက် အာရုံထင်လာပြီး ဘဝင် ၂ ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် မနောဒွါရာဝဇ္ဇန်းက အာရုံကို ဆင်ခြင်ဆုံးဖြတ်ပါသည်။
- သို့အတွက် မနောဒွါရ၌ထင်လာသော အာရုံတို့ကို အတိမဟန္တာရုံ၊ မဟန္တာရုံ စသည် မခွဲတော့ဘဲ-

(၁) **ဝိဘူတာရုံ** - ထင်ရှားသောအာရုံ

- အာရုံတစ်ခုခုကို ပြန်၍ဝင်စားလျှင်သော်လည်းကောင်း၊ တွေးကြည့်လျှင်

သော်လည်းကောင်း စိတ်ထဲ၌ ထင်ရှားစွာပေါ်လာသောအာရုံကို ပြန်သိသော စိတ်အစဉ်၊

(၂) **အဝိဘူတာရုံ** - မထင်ရှားသောအာရုံ

- အာရုံတစ်ခုခုကို ပြန်၍ဝင်စားလျှင်သော်လည်းကောင်း၊ တွေးကြည့်လျှင် သော်လည်းကောင်း စိတ်ထဲ၌ မထင်မရှားပေါ်လာသောအာရုံကို ပြန်သိသော စိတ်အစဉ်၊

မနောဒွါရဝီထိ - မနောဒွါရ၌ အာရုံ ၆ ပါးအနက် တစ်ပါးပါး ထင်လာသည့်အခါ မနောဒွါရဝီထိ ဖြစ်ပါသည်။

ကာမဇောဝါရ-မနောဒွါရ ဝီထိတိုင်း အတီတဘဝင်မကျနိုင်၊

- ၁၇-ချက် ရုပ်သက်စေ့ရကောင်းသော (ဝိညတ်ဒွေး၊ လက္ခဏရုပ် ၄ ပါး ကြဉ်သော) ပစ္စုပ္ပန်ရုပ် ၂၂မျိုးကို အာရုံပြုသော မနောဒွါရဝီထိမျိုး၌သာ အတီတဘဝင် ကျနိုင်သည်။
- အတီတဘဝင် ကျနိုင်သော ဝီထိမျိုးမှာ-

(က) ကာမဇောဝါရလည်းဖြစ်မှ

(ခ) ၁၇-ချက် ရုပ်သက်စေ့သော ပစ္စုပ္ပန်ရုပ် ၂၂ မျိုးကိုလည်း အာရုံပြုမှ အတီတဘဝင် ကျနိုင်ပါသည်။

- ၁၇-ချက် ရုပ်သက်စေ့မရကောင်းသော ကာလသုံးပါး၌ဖြစ်သော ရုပ်၊နာမ်၊ ပညတ်တို့ကို အာရုံပြုသော မနောဒွါရဝီထိမျိုးကား အတီတဘဝင် မကျကောင်းပါ။
- မနောဒွါရဝီထိ၌

(က) ကာမဇော စောခွင့်ရသော ကာမဇောဝါရဝီထိ

(ခ) အပ္ပနာဇောစောခွင့်ရသော အပ္ပနာဇောဝါရဝီထိဟူ၍ ၂ မျိုးရှိပါသည်။

ကာမဇောဝါရ-မနောဒွါရဝီထိ၌-

(က) အလွန်ထင်ရှားသော အတိဝိဘူတာရုံဝီထိ၌-

(၁) တဒါရမ္မဏဝါရ ၁-ဝီထိ

(ခ) သာမညထင်ရှားသော ဝိဘူတာရုံဝိထိ၌-
(၂) ဇဝနဝါရ ၁-ဝိထိ
(ဂ) မထင်ရှားသော အဝိဘူတာရုံဝိထိ၌-
(၃) ဝေါဋ္ဌပနဝါရ ၁-ဝိထိ
(ဃ) အလွန်မထင်ရှားသော အတိအဝိဘူတာရုံဝိထိ၌-
(၄) မောဃဝါရ ၁-ဝိထိ
ဟူ၍ ဝိထိ ၄ မျိုး ကွဲပြားပါသည်။

ကာမဇောဝါရ – မနောဒွါရ ၄ ဝိထိ

(က) အတိဝိဘူတာရုံဝိထိ (တဒါရမ္မဏဝါရ) ချပုံ
န ဒ မ, ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘင် ဘင်
(ခ) ဝိဘူတာရုံဝိထိ (ဇဝနဝါရ) ချပုံ
န ဒ မ, ဇ ဇ ဇ ဇ ဇ ဇ ဇ ဘင် ဘင်
(ဂ) အဝိဘူတာရုံဝိထိ (ဝေါဋ္ဌပနဝါရ) ချပုံ
န ဒ မ, မ မ ဘင် ဘင်
(ဃ) အတိအဝိဘူတာရုံဝိထိ (မောဃဝါရ) ချပုံ
န န ဘင် ဘင် ဘင်

ဆိုရိုး

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလဝိမုတ်ဖြစ်သော အလွန်ထင်ရှားသည့် အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးသောအာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟုဘဝင် ၂ ကြိမ်လှုပ်၍ ပြတ်ပြိုးလျှင် ထိုထင်လာသော အာရုံကို ဆင်ခြင်ဆုံးဖြတ်သည်။

မနောဒွါရာဝဇ္ဇန်း ၁ ကြိမ်၊ အာရုံ၏အရသာကို ခံစားတတ်သော ဇော ၇ ကြိမ်၊ ဇောသို့အစဉ်လိုက်သော တဒါရုံ ၂ ကြိမ်ဖြစ်၍ ချုပ်ပြိုးနောက် ဘဝင်များစွာကျသွား၏။

(ကျန် ၃-ဝါရဆိုရာ၌ အလွန်ထင်ရှားသည့်အာရုံ နေရာ၌ သာမညထင်ရှားသည့်အာရုံ၊ မထင်ရှားသောအာရုံ၊ အလွန်မထင်ရှားသည့်အာရုံ တို့ကို တစ်လှည့်စီ ထည့်၍ ဆိုပါ။ ဝိထိပုံကိုကြည့်၍ အဆုံးသတ်သင့်သည့်နေရာ၌ အဆုံးသတ်ပါ)

ကာမဇော မနောဒွါရဝီထိ၌-

(က) ထင်ရှားသောဝိဘူတာရုံ - ၅ ဝီထိ

(ခ) မထင်ရှားသော အဝိဘူတာရုံ - ၂ ဝီထိ

စုစုပေါင်းအားဖြင့် - ၇ ဝီထိ ရှိသည်။

- သို့သော် ၁၇-ချက် ရုပ်သက်စေ့မပြည့်သေးသော၊ ကာလသုံးပါး၌လည်း ဖြစ်သော ဝိညတ်ဒွေး၊ လက္ခဏာရုပ် ၄ ခု၊
- ၁၇ချက် ရုပ်သက်စေ့ပြည့်သော အတိတ်၊အနာဂတ်၌ဖြစ်သော ကြွင်းသောရုပ်၂၂၊
- ကာလသုံးပါး၌ဖြစ်သော ကာမစိတ္တာဇပါဒ်အာရုံ ၆ ပါး

ဤတရားတို့ကို အာရုံပြု၍ဖြစ်က-

- ဝိဘူတာရုံတွင် တစ်ဝီထိ တိုး၍-

  ဝိဘူတာရုံ ၆ -ဝီထိ၊
- ကာလသုံးပါး၌ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂ ဟူသော စိတ္တာဇပါဒ်အကုန်၊
- ဝိညတ်ဒွေး၊ လက္ခဏာရုပ် - ၆ ခု
- အတိတ် အနာဂတ်ဖြစ်သော ရုပ် - ၂၂
- ကာလဝိမုတ်ဖြစ်သော - နိဗ္ဗာန်-ပညတ်

ဤအာရုံတရားများကို အာရုံပြု၍ တဒါရုံမကျသော အဝိဘူတာရုံ ၁ ဝီထိ တိုးပါက- အဝိဘူတာရုံ ၃ ဝီထိ၊

ဤသို့အားဖြင့် - ဝိဘူတာရုံ ၆-ဝီထိ

- အဝိဘူတာရုံ ၃-ဝီထိ

စုစုပေါင်း ၉-ဝီထိ ဖြစ်ပါသည်။

အတိုချုပ်မှတ်ရန်မှာ - ဤမနောဒွါရဝီထိတွင် စိတ္တက္ခဏ ၁၇-ချက်ရှိသက်စွေ့ဝီထိနှင့် ရုပ်သက်စေ့ ၁၇-ချက်မပြည့်သောဝီထိ ၂ မျိုး ရှိသည်။
- ထို ၂ မျိုးသည် အတီတဘဝင်မကျပါ။ ထို ၂ မျိုးတို့း၍ မနောဒွါရဝီထိ၌ ဝိဘူတာရုံ (၅ + ၁ = ၆)ဝီထိ၊ အဝိဘူတာရုံ (၂ + ၁ = ၃)ဖြစ်ရပါသည်။

ကာမဇောဝါရ မနောဒွါရဝီထိပုံစံများ

(က) ဝိဘူတာရုံ ၆ ဝီထိ (တဒါရုမ္မဏဝါရ)

က - တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ ဘ
ခ - ၂တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ ဘ
ဂ - ၃တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ ဘ
ဃ - ၄တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
င - ၅တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
စ - ×တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ (၁၇-ချက်မပြည့်)

(ခ) အဝိဘူတာရုံ ၃ ဝီထိ (ဇဝနဝါရ)

က-၆.တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ
ခ -၇.တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ
ဂ -× တီ နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ (၁၇-ချက် မပြည့်စုံ)

ဝိဘူတာရုံဝီထိဆိုရိုး

ထင်ရှားသောအာရုံတစ်ပါးပါးသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပဒ္ဆေ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

အဝိဘူတာရုံဝိထိဆိုရိုး

မထင်ရှားသောအာရုံတစ်ပါးပါးသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ် ဖြစ်ပြီးလျှင် ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ကာမဇော မနောဒွါရဝီထိစိတ်များ

ကာမဇော မနောဒွါရဝီထိ၌-

(၁) မနောဒွါရာဝဇ္ဇန်း

(၂) ဇော

(၃) တဒါရုံ ၂ မျိုးသာ ပါရှိသည်။

ဘဝင်အပိုင်း
မူလအတီတဘဝင်
ဘဝင်္ဂစလန
ဘဝင်္ဂုပစ္ဆေဒ

ဝီထိအပိုင်း
၁။ မနောဒွါရ [illegible]ဇ္ဇန်း
၂။ ဇော
၃။ တဒါရုံ

၁။ သာမညအကျဉ်း (အမည်မျှ) ရေတွက်သော်-

(က) မနောဒွါရာဝဇ္ဇန်း

(ခ) ဇော

(ဂ) တဒါရုံ ဟူ၍ ၃ မျိုး

၂။ စိတ္တုပ္ပါဒ် (ဝိသေသ) အားဖြင့် မကျဉ်းမကျယ်ရေတွက်သော်-

(က) မနောဒွါရာဝဇ္ဇန်း - ၁

(ခ) ကာမဇော - ၂၉

(ဂ) တဒါရုံ - ၂

ပေါင်း - ၃၂ မျိုး

၃။ အကျယ် (ဝိတ္ထာရ) အားဖြင့် ရေတွက်သော်-

(က) မနောဒွါရာဝဇ္ဇန်း - ၁
(ခ) ကာမဇော - ၂၉
(ဂ) တဒါရုံ - ၁၁
ပေါင်း - ၄၁ မျိုး

တဒနုဝတ္တကမနောဒွါရ ၄ ဝီထိ

မနောဒွါရ၌ အာရုံထင်သည့်အတွက် ကာမဇော မနောဒွါရဝီထိစိတ်များ ဖြစ်ပေါ်ကြသည့်အပြင် ပဉ္စဒွါရဝီထိ ၁-ခု ဖြစ်တိုင်း ယင်းဝီထိနောက်သို့ မနောဒွါရဝီထိ ၃ မျိုး လိုက်၍ ဖြစ်လေ့ရှိပါသည်။ ယင်းတို့ကို တဒနုဝတ္တက မနောဒွါရဝီထိဟု ခေါ်သည်။ မူလဝီထိ ၁ ခုနှင့်ပေါင်းက တဒနုဝတ္တကဝီထိ ၄ မျိုးဟု ဆိုပါသည်။

စက္ခဒ္ဒွါရဝီထိချပုံ

တီ-နု-ဒ-ပ-စ-သံ-ဏ-ဝု- ဇ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ

မနောဒွါရဝီထိ (တဒနုဝတ္တက) ၄-မျိုးချပုံ

(၁) အတီတဂ္ဂါဟဝီထိ = နု ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
(၂) သမူဟဂ္ဂါဟဝီထိ = နု ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
(၃) အတ္ထဂ္ဂါဟဝီထိ = နု ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ
(၄) နာမဂ္ဂါဟဝီထိ = နု ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ

(၁) အတီတဂ္ဂါဟဝီထိ - လွန်သွားသောအာရုံကိုမှတ်ယူသော စိတ်အစဉ်၊
- စက္ခဒ္ဒွါရ၌ထင်လာ၍ ချုပ်လေပြီးသော အတိတ်ရူပါရုံကို စက္ခဒ္ဒွါရဝီထိယူသည့်အတိုင်း လိုက်ယူသောဝီထိ၊

(၂) သမူဟဂ္ဂါဟဝီထိ - လွန်သွားသောအာရုံအပေါင်းကို မှတ်ယူသောစိတ်အစဉ်၊
- စက္ခဒ္ဒွါရဝီထိနှင့် အတီတဂ္ဂါဟဝီထိ ၂ခုတို့ဖြင့် ယူအပ်ပြီးသောအာရုံကို တစ်ခုတည်း တစ်လုံးတည်း ပေါင်းစုလုံးခဲ၍ အာရုံပြုသောဝီထိ၊

(၃) အတ္ထဂ္ဂါဟဝိထိ -လွန်သွားသောအာရုံ၏ပုံစံ၊ အထည်ကိုယ်ကို မှတ်ယူသော စိတ်အစဉ်၊

- ထိုရူပါရုံ၏ အသွင်သဏ္ဌာန်နှင့် အနက်ဒြပ်တို့ကို အာရုံပြုသောဝိထိ၊

(၄) နာမဂ္ဂါဟဝိထိ -လွန်သွားသောအာရုံ၏အမည်ကို မှတ်ယူသောစိတ်အစဉ်၊

- အနက်ဒြပ်၊ အသွင်သဏ္ဌာန်ရှိသည့်အဆင်း၏ အမည်နာမကို အာရုံပြုသောဝိထိ။

အာရုံတစ်ခုကိုမြင်ရာတွင် စက္ခုဒ္ဒါရဝိထိစဉ်သည် ဖြစ်ပေါ်သည်။ ထို့နောက် ယင်းအာရုံလွန်မြောက် ပျောက်ကွယ်သွားသော်လည်း ထိုလွန်သွားသောအာရုံကို မှတ်ယူသော စိတ်အစဉ် အတိတဂ္ဂါဟဝိထိ ဖြစ်ပေါ်လာရပါသည်။

ဥပမာ - အနီရောင်နှင့် အဝါရောင်အဆင်းကို မြင်ရာတွင်-

- အနီရောင်ကိုမြင်သောအခါ စက္ခုဒ္ဒါရဝိထိ ဖြစ်သည်။ ထို့နောက် အနီရောင်ကို မှတ်ယူသော အတိတဂ္ဂါဟဝိထိ ဖြစ်ပေါ်သည်။
- တဖန် အဝါရောင်ကိုမြင်သောအခါ စက္ခုဒ္ဒါရဝိထိဖြစ်သည်။ ထို့နောက် အဝါရောင်ကိုမှတ်ယူသော အတိတဂ္ဂါဟဝိထိ ဖြစ်ပေါ်သည်။
- လွန်သွားသောအနီရောင်၊ အဝါရောင်ကို တစ်ခုစီမှတ်သောစိတ်ဖြစ်ပြီးနောက် အနီနှင့်အဝါကို တစ်ပေါင်းတည်းမှတ်ယူသော စိတ်အစဉ်သမူဟဂ္ဂါဟဝိထိစိတ် ဖြစ်ပေါ်သည်။
- ထို့နောက် ပုံစံအထည်ကိုမှတ်ယူသော စိတ်အစဉ် အတ္ထဂ္ဂါဟဝိထိဖြစ်ပေါ်သည်။ စာအုပ်ပုံစံ၊ စားပွဲပုံစံ စသည်ဖြင့်သိလာသည်။
- ထို့နောက်မှ အမည်ကိုမှတ်ယူသော စိတ်အစဉ် နာမဂ္ဂါဟဝိထိ ဖြစ်ပေါ်လာသည်။ ပဉ္စဒ္ဒါရဝိထိစဉ်များ ဖြစ်ပေါ်ရာတွင် လောကီရေးရာနှင့် ပတ်သက်၍ အတ္ထဂ္ဂါဟဝိထိနှင့် နာမဂ္ဂါဟဝိထိသို့ မရောက်သေးသမျှ လောကထဲတွင် အသုံးမဝင်ပေ။ ပုံစံနှင့်နာမည်ကို အတိအကျသိရှိနားလည်မှသာ အရေးပါ အရာရောက်ပါသည်။ လောကုတ္တရာနှင့် ပတ်သက်၍မူကား- အတ္ထဂ္ဂါဟဝိထိနှင့် နာမဂ္ဂါဟဝိထိ ရောက်နေသမျှ ဉာဏ်စဉ်ကို မရနိုင်ပါ။

စက္ခုဒ္ဒါရဝိထိနှင့် အတိတဂ္ဂါဟဝိထိတွင်သာ ရပ်တန့်နေပါမှ-

- မြင်လျှင်မြင်ကာမျှ
- ကြားလျှင်ကြားကာမျှ
- နံလျှင်နံကာမျှ

စသည်ဖြင့် ဒိဋ္ဌေဒိဋ္ဌမတ္တံ ဖြစ်နိုင်သည်။

- အတီတဂ္ဂါဟဝိထိနှင့် ပဋ္ဌဒ္ဓါရဝိထိတွင် စိတ်စွဲလမ်းစရာ မရှိသေးပါ။
- ပဋ္ဌဒ္ဓါရဝိထိအဆင့်ဆင့်တွင် ရှိဆဲပရမတ် ဖြစ်နေသေးသည်။
- အတီတဂ္ဂါဟဝိထိအဆင့်တွင် လွန်ခါစပရမတ် ဖြစ်နေသည်။
- သမူဟဂ္ဂါဟဝိထိအဆင့်တွင်လည်း ပရမတ်ပင် ဖြစ်သေးသည်။
- အတ္ထဂ္ဂါဟဝိထိနှင့် နာမဂ္ဂါဟဝိထိတွင်ကား ပညတ် ဖြစ်သွားသည်။

ထို့ကြောင့် လောကုတ္တရာရေးရာအတွက် ပဋ္ဌဒ္ဓါရဝိထိနှင့် အတီတဂ္ဂါဟဝိထိ အဆင့်သာ ရှိနေသင့်ပါသည်။

- အာရုံတစ်ခုကိုမြင်ရာတွင် နာမည်ဖော်နိုင်သည်အထိ ဝီထိစိတ် ၅ မျိုးဖြစ် ရမည်။
- အာရုံ၏အရောင်သည် တစ်မျိုးတည်းရှိလျှင် ဝီထိ ၄ ကြိမ်ကျသည်။ သမူဟဂ္ဂါဟဝိထိကျရန် မလိုပါ။
- အရောင် ၂ မျိုးရှိလျှင် ဝီထိစဉ် ၇ ကြိမ်ကျသည်။
- အရောင် ၃ မျိုးရှိလျှင် ဝီထိစဉ် ၉ ကြိမ် ကျနိုင်သည်။

ဥပမာ- နီ၊ ပြာ၊ ခဲရောင်ရှိ ခဲတံတစ်ချောင်းကို မြင်လျှင် အောက်ပါဝိထိများ ကျပါသည်-

အနီရောင်ကိုမြင်လျှင်	-	၁။ စက္ခဒ္ဒါရဝိထိ
		၂။ အတီတဂ္ဂါဟဝိထိ
အပြာရောင်ကိုမြင်လျှင်	-	၃။ စက္ခဒ္ဒါရဝိထိ
		၄။ အတီတဂ္ဂါဟဝိထိ
ခဲရောင်ကိုမြင်လျှင်	-	၅။ စက္ခဒ္ဒါရဝိထိ
		၆။ အတီတဂ္ဂါဟဝိထိ

အရောင် ၃ မျိုးတစ်ပေါင်းတည်းပေါင်းမြင်လျှင်- ၇။ သမူဟဂ္ဂါဟဝိထိ
ခဲတံပုံစံကိုမှတ်ခြင်း - ၈။ အတ္ထဂ္ဂါဟဝိထိ
ခဲတံအမည်ကိုမှတ်ခြင်း - ၉။ နာမဂ္ဂါဟဝိထိ
လူတိုင်း-လူတိုင်းတွင် ဝိထိစဉ်အမျိုးအစား ၅ မျိုး အမြဲမကျနိုင်ပါ။
(၁) စက္ခုဒ္ဒါရဝိထိ
(၂) အတီတဂ္ဂါဟဝိထိ
(၃) သမူဟဂ္ဂါဟဝိထိ
(၄) အတ္ထဂ္ဂါဟဝိထိ ၄ မျိုးသာ ဖြစ်ပေါ်နိုင်သည်။

နာမဂ္ဂါဟဝိထိစဉ်ကား လူတိုင်းတွင်မဖြစ်ပေါ်နိုင်ပါ။ ကလေးငယ်များတွင်လည်းကောင်း၊ မေ့တတ်သူများတွင်လည်းကောင်း နာမဂ္ဂါဟဝိထိမကျနိုင်ပါ။

(စက္ခုဒ္ဒါရဝိထိစဉ်တိုင်း သောတဒ္ဒါရ၊ ဃာနဒ္ဒါရ၊ ဇိဝှါဒ္ဒါရ၊ ကာယဒ္ဒါရဝိထိတို့သည် ဖြစ်ပေါ်၍ ထိုဝိထိစိတ်များနောက်၌လည်း အတီတဂ္ဂါဟဝိထိစသော ဝိထိစဉ် ၄ မျိုး ဖြစ်ပါသည်။)

ကာမဇောဝါဍ် ဘဝင်စိတ်၊ ဝိထိစိတ် တို့၏အာဂုံများ

ပဉ္စဒ္ဒါရဝိထိ၌-

ဘဝင်အပိုင်း
မူလအတီတဘဝင်
ဘဝင်္ဂစလန
ဘဝင်္ဂုပစ္ဆေဒ

ဝိထိအပိုင်း	
၁။ ပဉ္စဒ္ဒါရာဝဇ္ဇန်	၅။ ဥဋ္ဌော
၂။ ပဉ္စဝိညာဏ်	၆။ ဇော
၃။ သမ္ပဋိစ္ဆိုင်း	၇။ တဒါရုံ
၄။ သန္တီရဏ	

မနောဒွါရဝီထိ၌-

ဘဝင်အဝိုင်း
မူလအတီတဘဝင်
ဘဝင်္ဂစလန
ဘဝင်္ဂုပစ္ဆေဒ

ဝီထိအဝိုင်း
၁။ မနောဒွါရာဝဇ္ဇန်း
၂။ ဇော
၃။ တဒါရုံ

ကာမဇောဝါရ ပဋ္ဌဒ္ဓါရဝီထိ

ဘဝင်စိတ်များသည်
(ဝီထိမုတ်စိတ်များသည်)
↓
ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်
၃ ပါးတွင် တစ်ပါးပါးကိုအာရုံပြု၏၊

ဝီထိစိတ်များသည်
↓
ပစ္ဆုပ္ပန် ရူပါရုံကို
အာရုံပြု၏၊

ကာမဇောဝါရ မနောဒွါရဝီထိ

ဘဝင်စိတ်များသည်
(ဝီထိမုတ်စိတ်များသည်)
↓
ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်
၃ ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

ဝီထိစိတ်များသည်
↓
ပစ္ဆုပ္ပန်၊ အတိတ်၊ အနာဂတ်
ဖြစ်သော စိတ် ၈၉၊
စေတသိက်-၅၂၊ ရုပ်-၂၈၊
ကာလဝိမုတ်ဖြစ်သော
နိဗ္ဗာန်၊ ပညတ်၊ ဤအာရုံ ၆ ပါး
လုံးကို အာရုံပြုနိုင်၏။

အပ္ပနာဇောဝိထိ

အပ္ပနာ - အာရုံ၌ စိတ်ကို စူးစူးစိုက်စိုက် သွတ်သွင်းထားခြင်း၊ ဝင်စားခြင်း၊ စျာန်သို့သက်ဝင်၍တည်ခြင်း၊ ကမ္မဋ္ဌာန်းကို စူးစိုက်ခြင်း၊ ရခြင်း၊

အပ္ပနာဇော - မဟဂ္ဂုတ်၊ လောကုတ္တရာဇောများပင် ဖြစ်ပါသည်။

အပ္ပနာဇောအကျဉ်း

- မဟဂ္ဂုတ်ကုသိုလ်	- ၉
- မဟဂ္ဂုတ်ကြိယာ	- ၉
- လောကုတ္တရာစိတ်အကျဉ်း	- ၈
	- ၂၆ ပါး

အပ္ပနာဇောအကျယ်

- မဟဂ္ဂုတ်ကုသိုလ်	- ၉
- မဟဂ္ဂုတ်ကြိယာ	- ၉
- လောကုတ္တရာစိတ်အကျယ်	- ၄၀
	- ၅၈ ပါး

- ထင်ရှားသောကသိုဏ်းစသော ကမ္မဋ္ဌာန်းတို့ကိုသာ အာရုံပြု၍ အပ္ပနာစျာန်ဇောများ ရနိုင်သည်။ မထင်ရှားသောအာရုံကိုအာရုံပြု၍ အပ္ပနာစျာန်ဇောများ မရနိုင်သောကြောင့် ဝိဘူတာရုံ၊ အဝိဘူတာရုံ ဝီထိ ၂ မျိုးမရှာဘဲ ဝိဘူတာရုံတစ်မျိုးသာ ရနိုင်သည်။
- တဒါရုံသည် ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံ ၃ ပါးစုံမှ ကျနိုင်သည်။ အပ္ပနာဇောသည် မဟဂ္ဂုတ် လောကုတ္တရာဖြစ်၍ တဒါရုံနှင့်မဆိုင်၍ တဒါရုံမကျနိုင်၊ မဖြစ်နိုင်ပါ။



လောကီအပ္ပနာဝိထိ - မဟဂ္ဂုတ်ကုသိုလ် ၉ ပါးနှင့် မဟဂ္ဂုတ်ကြိယာ ၉ ပါးတို့ အနက်မှ စိတ်တစ်ပါးပါးက ဇောအဖြစ်စောခွင့်ရသောဝိထိကို လောကီအပ္ပနာဝိထိ ဟု ခေါ်သည်။

လောကုတ္တရာအပ္ပနာဝိထိ - လောကုတ္တရာစိတ်တစ်ပါးပါးက ဇောအဖြစ်စောခွင့်ရသောဝိထိကို လောကုတ္တရာအပ္ပနာဝိထိ ဟုခေါ်သည်။

အပ္ပနာဇောစောပုံ

မဟဂ္ဂုတ်ကုသိုလ် ၉ ပါးတွင် ရူပါဝစရကုသိုလ်စိတ် ၅ ပါးနှင့် အရူပါဝစရကုသိုလ်စိတ် ၄ ပါးတို့ ပါဝင်ပါသည်။

- ရူပါဝစရပထမစျာန်ကိုရလို၍ သင့်တော်ရာကမ္မဋ္ဌာန်းကို ပွားများသောအခါ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်များ အဆင့်ဆင့်တက်လာသည်။
- ပဌမစျာန်ရခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၍ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒတို့ ဖြစ်ကြသည်။
- ထို့နောင် ကမ္မဋ္ဌာန်းနိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်ဖြစ်၏။
- မန္ဒပုဂ္ဂိုလ် (နှံ့သောညံ့သောပညာရှိပုဂ္ဂိုလ်)အား ကာမာဝစရဉာဏသမ္ပယုတ်ဇော (ဥပစာရသမာဓိဇော) ၈-ပါးတွင် တစ်ပါးပါးသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟု ၄ ကြိမ်။

- တိကဒ္ဓပုဂ္ဂိုလ် (ထက်မြက်သောပညာရှိပုဂ္ဂိုလ်)အား (ပရိကံမပါ) ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟု ၃ ကြိမ် ဥပစာရသမာဓိဇောကိစ္စဖြစ်သည်။
- ထို့နောင် စျာန်အင်္ဂါ ၅ ပါးရှိသော ပထမစျာန်စိတ်သည် အပွနာဇောတစ်ကြိမ် အဖြစ် စောသည်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်စေသည်။

ဥပစာရသမာဓိဇော ၈ ပါး

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်	-	၄ ပါး
မဟာကြိယာဉာဏသမ္ပယုတ်စိတ်	-	၄ ပါး
ပေါင်း	-	၈ ပါး

- တိဟိတ်ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ် ၇ ယောက် - မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး တွင် တစ်ပါးပါး ဖြစ်မည်။
- ဘုရား၊ ရဟန္တာ - မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး တွင် တစ်ပါးပါး ဖြစ်မည်။
- ရူပါဝစရပထမစျာန်ကိုရသည့်အခါ ရူပါဝစရပထမစျာန်ကုသိုလ်စိတ်သည် အပွနာဇောအဖြစ် စောသည်။
  (အလားတူ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်တို့ အသီးသီး ရသောအခါ၌လည်း သက်ဆိုင်ရာ ရူပါဝစရကုသိုလ်စျာန်စိတ်များသည် အပွနာဇောအဖြစ် စောပါသည်။
- အရူပါဝစရစျာန်ကိုရအောင် ဆက်လက်အားထုတ်၍ အရူပါဝစရစျာန်အဆင့်ဆင့်ကိုရသောအခါ အရူပါဝစရကုသိုလ်စျာန်စိတ်များသည် အပွနာဇောအဖြစ် စောပါသည်။
- ရူပစျာန်၊ အရူပစျာန်တို့ကို ပိုင်နိုင်ပြီးနောက် အဘိညာဉ်တန်ခိုးကိုရအောင် အားထုတ်သဖြင့် အောင်မြင်သောအခါ ရူပါဝစရပဉ္စမစျာန်စိတ်သည် အဘိညာဉ်ကိစ္စတပ်လျက် အပွနာဇောအဖြစ် စောပါသည်။

- ရဟန္တာတစ်ပါးက လောကီစျာန်အဘိညာဉ်များရရှိအောင် အဆင့်ဆင့်အား ထုတ်သော် ရူပစျာန်များကို ရရှိသောအခါတို့၌ ရူပါဝစရကြိယာစိတ်တို့ဖြင့် အပွနာဇောအဖြစ် စောပါသည်။
- အရူပစျာန်များကိုရရှိသောအခါတို့၌ အရူပါဝစရကြိယာစိတ်တို့ဖြင့် အပွနာဇောအဖြစ် စောပါသည်။
- အဘိညာဉ်ကိုရရှိသောအခါ အရူပပဋိမစျာန်ကြိယာစိတ်သည် အဘိညာဉ် ကိစ္စတပ်လျက် အပွနာဇောအဖြစ် စောပါသည်။
- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရရှိအောင် ဝိပဿနာတရားရှုမှတ်ပွားများသဖြင့် ပထမမဂ်ဆိုက်သည့်အခါ သောတာပတ္တိမဂ်စိတ်သည် အပွနာဇောအဖြစ် တစ်ကြိမ်စောပါသည်။
- ထို့နောက် သောတာပတ္တိဖိုလ်စိတ်သည် ၂ ကြိမ် သို့မဟုတ် ၃ ကြိမ် အပွနာဇော အဖြစ် စောပါသည်။
- အလားတူ ဒုတိယမဂ်ဆိုက်သည့်အခါ သကဒါဂါမိမဂ်စိတ် ၁ ကြိမ်၊ ဖိုလ်စိတ် ၂ ကြိမ် သို့မဟုတ် ၃ ကြိမ်။
- တတိယမဂ်ဆိုက်သည့်အခါ အနာဂါမိမဂ်စိတ် ၁ ကြိမ်၊ ဖိုလ်စိတ် ၂ ကြိမ်၊ ၃ ကြိမ် ဖြစ်၍စောသည်။
- စတုတ္ထမဂ်ဆိုက်သည့်အခါ အရဟတ္တမဂ်စိတ် ၁ ကြိမ်၊ ဖိုလ်စိတ် ၂ ကြိမ်၊ ၃ ကြိမ် ဖြစ်၍စောသည်။

အပွနာဇောများဖြစ်ဖို့ရန်

- မဟဂ္ဂုတ် လောကုတ္တရာအပွနာဇောများဖြစ်ဖို့ရန် ကသိုဏ်းစသော ကမ္မဋ္ဌာန်းများကို အားထုတ်ရမည်။
  (ကမ္မဋ္ဌာန်းပိုင်း၌ အကျယ်ပါ ပါမည်)
- ဉာဏ်ရှိသောပုဂ္ဂိုလ်ဖြစ်ရပါမည်။
- ကာမသောဘနဉာဏသမ္ပယုတ်ဇောစိတ်များမှတစ်ဆင့်သာ အပွနာဇောသို့ တက်ရသည်။

- ထို့ကြောင့် ကာမသောဘာနဉာဏသမ္ပယုတ်စေတများဖြစ်သော-
  - မဟာကုသိုလ်ဉာဏသမ္ပယုတ်စေ - ၄
  - မဟာကြိယာဉာဏသမ္ပယုတ်စေ - ၄

-၈ ပါးကို အခြေခံရပါမည်။

- ထို ၈ ပါးကို အပ္ပနာစေတို့၏ ရှေ့ပိုင်း-အနီးစပ်ဆုံးသော စေတများဖြစ်ကြသောကြောင့် (ဥပစာရသမာဓိစေ၊ အပ္ပနာ၏အနီး၌ တည်သောစေ)ဟု ခေါ်သည်။
- ထို ၈ ပါးတွင် တစ်ပါးပါးသည် အပ္ပစျာန်ရအောင် အားထုတ်သောပုဂ္ဂိုလ်အား-

(က) ပရိကံ - အပ္ပနာစေစိတ္တုပ္ပါဒ်များဖြစ်ပေါ်လာအောင် ရှေ့အဖို့မှ ပြုလုပ်စီမံတတ်မှု၊

(ခ) ဥပစာ - အပ္ပနာစေများ၏ အနီးသို့ကပ်၍ ဖြစ်တတ်မှု၊

(ဂ) အနုလုံ - ရှေးရှေးပရိကံတို့၏ကိစ္စကိုလည်း ဆက်လက် ဆောင်ရွက်တတ်၊ နောက်နောက်အပ္ပနာကိုလည်း ပေါ်လာစေတတ်၍ ရှေးရှေးပရိကံနှင့် နောက်နောက် အပ္ပနာအားလျော်မှု၊

(ဃ) ဂေါတြဘူ- ကာမအနွယ်၊ လောကီအနွယ်ကို လွှမ်းမိုးနှိပ်စက်ဖျက်ဆီး၍ မဟဂ္ဂုတ်အနွယ်၊ လောကုတ္တရာအနွယ်ကိုဖြစ်စေမှု ဟူသော အစဉ် ၄ ခုသည် ဉာဏ်နုံသူ (မန္ဒ)ပုဂ္ဂိုလ်အတွက် ၄ ကြိမ်ဖြစ်ပြီး ဉာဏ်ထက်သူ (တိက္ခ)ပုဂ္ဂိုလ်အတွက် (ပရိကံမပါ) ဥပစာ၊ အနုလုံ၊ဂေါတြဘူ ၃ ကြိမ်ဖြစ်သည်။

- ယင်းနာမည် ၄ မျိုးဖြင့်ဖြစ်သော စေတများကို ဥပစာရဘာဝနာ၏ နယ်ပယ်မှာ အတည်ကြည်ဆုံး၊ ထိပ်တန်းအကျဆုံးဖြစ်၍ ဥပစာရသမာဓိစေဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။
- ယင်းပရိကံစသော နာမည်လေးမျိုးကို-
  - ပရိကံ ဟူသော နာမည်တစ်မျိုးဖြင့်လည်းကောင်း၊
  - ဥပစာ ဟူသော နာမည်တစ်မျိုးဖြင့်လည်းကောင်း၊

- အနုလုံ ဟူသော နာမည်တစ်မျိုးဖြင့်လည်းကောင်း
ခေါ်ဆိုလိုက ခေါ်ဆိုနိုင်သည်။
- ဂေါတြဘူအမည်ဖြင့်ကား ၄ မျိုးလုံးကို မခေါ်နိုင်ပါ။
(ဂေါတြဘူဟူ၍ကား နောက်ဆုံးတစ်ခုကိုသာ ခေါ်ဆိုနိုင်ပါသည်။)
- နာမည်ချင်း မရောစေခြင်းငှာ-
  - ပထမဈောကို - ပရိုက်
  - ဒုတိယဈောကို - ဥပစာ
  - တတိယဈောကို - အနုလုံ
  - စတုတ္ထဈောကို - ဂေါတြဘူ

ဟူ၍ ခေါ်ဝေါ်ပညတ်ထားခြင်း ဖြစ်ပါသည်။

ပရိုက်စသည် ၄ ပါးမြင်ပြီးမှ စျာန်-မဂ်-ဖိုလ် ဖြစ်ပုံ

စျာန်-မဂ်-ဖိုလ်-နိဗ္ဗာန်တရားတို့ရအောင် ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်တို့အား စျာန်-မဂ်-ဖိုလ်-နိဗ္ဗာန်တရား ရခါနီးတွင်

- ပရိုက်၊ ဥပစာ၊ အနုလုံတို့က ကာမအမှောင်၊ နိဝရဏအမှောင်တို့ကို-
- မဟဂ္ဂုတ်အတွက် လောကီအမှောင်၊ မောဟ စသော ကိလေသာအမှောင်တရား တို့ကို-
- စျာန်-မဂ်-ဖိုလ်-နိဗ္ဗာန်အတွက် ပယ်ပြီးသောအခါ အမှောင်ကင်းစင်သဖြင့် ဂေါတြဘူဖြင့် စျာန်-မဂ်-ဖိုလ်-နိဗ္ဗာန်တရားတို့ကို ဆက်၍ရရှိပါတော့သည်။

ယင်းကို ဝိသုဒ္ဓိမဂ်ဆရာက ဥပမာပေးရာတွင်-

- နက္ခတ်ဆရာသည် ညအခါ လကိုကြည့်သည်။ တိမ်တိုက်ဖုံးကွယ်နေသဖြင့် လကို ကောင်းစွာမမြင်ရပေ။ ထိုအချိန်မှာပင် လေတိုက်လာသဖြင့် လေကြောင့် ခပ်ကြမ်းကြမ်း တိမ်များလွင့်စဉ်သွားသည်။
- ဒုတိယလေ လာပြန်ရာ အလတ်စားတိမ်များ လွင့်သွားသည်။
- တတိယလေတိုက်ပြန်ရာ တိမ်များအားလုံးလွင့်စဉ်သွားပြီး လကိုမြင်ရသည်။

-အလားတူ စျာန်-မဂ်-ဖိုလ်-နိဗ္ဗာန် ဟူသော လကို ကြည့်ရာဝယ် နိဝရဏအမှောင်၊ မောဟအမှောင်များ လွှမ်းထားသဖြင့် မမြင်ရဘဲရှိသည်။

ပရိကံ၊ ဥပစာ၊ အနုလုံဟူသော လေ ၃ ကြိမ် အစဉ်အတိုင်းတိုက်ခတ်မှ အမှောင်ကင်းစင်၍ ဂေါတြဘူဖြင့် စျာန်-မဂ်-ဖိုလ်-နိဗ္ဗာန်ကို ပထမဆုံးမြင်ရသည့်အတွက် စျာန်-မဂ် တို့၏ရှေ့က ဆင်ခြင်ပေးသော အာဝဇ္ဇန်းအရာ၌ တည်သည်ဟု ဆိုပါသည်။

ထိုဥပစာရသမာဓိဇောအမည်များနောက်တွင် အပ္ပနာဇောများ (ရူပစျာန်၊ အရူပစျာန်၊ လောကုတ္တရာစျာန်စိတ်များ) ဆက်၍ဖြစ်ပါသည်။

ရူပါဝစရအပ္ပနာဝီထိ

ပထမစျာန်ကို အစဦးဆုံး စီးဖြန်းရသောဝီထိ

(ပထမစျာန်- အာဒိကမ္မိကဝီထိ)

မန္ဒပုဂ္ဂိုလ် -န-ဒ-မ-ပ-ဥ-နု-ဂေါ -ပ, စျာန်ဇော၊ ဘွင် ဘွင် ဖြစ်ထိုက်သရွေ့

တိက္ခပုဂ္ဂိုလ် -န-ဒ-မ-ဥ-နု-ဂေါ -ပ, စျာန်ဇော၊ ဘွင် ဘွင် ဖြစ်ထိုက်သရွေ့

ဆိုရိုး

ကသိုဏ်းနိမိတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင် ၂ ကြိမ်လှုပ် ပြတ်ပြီးလျှင် ထိုကသိုဏ်းနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုမှနောက် မဟာကုသိုလ်ဉာဏသမ္ပယုတ် သောမနဿစိတ် ၂ ပါးတွင် တစ်ပါးပါးသည် မန္ဒပညာပုဂ္ဂိုလ်ဖြစ်သော် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၄ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၃ ကြိမ် ဖြစ်၍ ချုပ်၏။

ထို့နောက်မှ ရူပါဝစရပထမစျာန်ကုသိုလ်စိတ်သည် အပ္ပနာဇောအဖြစ် ၁ ကြိမ် ဖြစ်၍ ချုပ်၏။

ထို့နောက် ဘဝင်များစွာကျပြီး စျာန်မှထ၏။

(အထက်ပါအတိုင်း ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်

အပွနာဧောဝီထိများ ဖြစ်သည်။ ပဋ္ဌမစျာန်သည် ဥပေက္ခာဖြစ်၍ အထက်ပါဆိုရိုးတွင် မဟာကုသိုလ်ဉာဏသမွယုတ်သောမနဿစိတ် ၂ ပါးအစား ဥပေက္ခာစိတ် ၂ ပါး ဟု ပြောင်းဆိုပါ။)

အရူပါဝစရအပွနာဝီထိ ၄ ပါး

မန္ဒပညာပုဂ္ဂိုလ် -နာ-ဒ-မ-ပ-ဥ-နု-ဂေါ စျာန် ဘွင် ဘွင်
တိက္ခပညာပုဂ္ဂိုလ် -နာ-ဒ-မ-ဥ-နု-ဂေါ စျာန် ဘွင် ဘွင်

ဆိုရိုး

ကသိဏ်းနိမိတ်ကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်အာရုံသည် မနောဒွါရ၌ ထင်လာသည်ရှိသော ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင် ၂ ကြိမ်လွှပ် ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။

ထိုမှနောက် ဉာဏသမွယုတ် ဥပေက္ခာစိတ် ၂ ပါး၌ တစ်ပါးပါးသည် မန္ဒပညာပုဂ္ဂိုလ်ဖြစ်သော် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၄ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်ဖြစ်သော် ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၃ ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောက် အာကာသာနဉ္စာယတနကုသိုလ်စိတ်သည် အပွနာဧောအဖြစ် ၁ ကြိမ် ဖြစ်၍ ချုပ်၏။

ထို့နောက် ဘဝင်များစွာကျပြီး စျာန်မှထ၏။

(အလားတူ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန ပြောင်း၍ဆိုရန်)

ပထမစျာန်-ပဉ္စဝေါကာရဘူမိဝီထိ
(ကာမဧောဝီထိ)

စျာန်ဝီထိကျပြီးနောက် တစ်ဖန်ပြန်၍ ဝိတက်၊ ဝိစာရစသော စျာန်အင်္ဂါအစိတ်ကို တွေးတောဆင်ခြင်ရာတွင် မနောဒွါရဝီထိစဉ်ကျသည်။

ထိုဝိထိကို တစ်ဖန်ပြန်လည်ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိဟု ခေါ်ပါသည်။ ထိုမနောဒွါရဝိထိတွင်ပါဝင်သော ဇောများမှာ ကာမဇောများသာ ဖြစ်ကြပါသည်။

နှ- ၁ ---- မ ဓ ဓ ဓ ဓ ဓ ဓ ဓ ------ဘွင်

ပထမစျာန်–သမာပဇ္ဇနဝီထိ

(ရူပြီးစျာန်မပျက်ရန် အထပ်ထပ်ဝင်စားသောဝီထိ)

ရူပြီးစျာန်ကိုပင် အထပ်ထပ်ခိုင်မြဲအောင် ဝင်စားခြင်းဖြစ်၍ စျာန်ဇောများ အကြိမ်များစွာ ဖြစ်သည်။

(ဝီထိကျပုံမှာ အစဦးစျာန်ဝီထိနှင့် တူပါသည်။)

မန္ဒပုဂ္ဂိုလ် -နှ-ဒ-မ-ပ-ဥ-နု-ဂေါ-စျာန်-စျာန်-စျာန် များစွာ----ဘွင်

တိက္ခပုဂ္ဂိုလ် -နှ-ဒ-မ-ဥ-နု-ဂေါ-စျာန်-စျာန်-စျာန် များစွာ----ဘွင်

(ဒု- တ- စ- ပဉ္စမစျာန်၊ အရူပစျာန်တို့ကိုလည်း နည်းတူသိပါ။)

အဘိညာဉ်အပ္ပနာဝီထိ

ရူပါဝစရကုသိုလ်-ပဉ္စမစျာန် အပ္ပနာဝီထိကို အခြေခံ၍ လောကီအဘိညာဉ် ၅ ပါး ကိုရအောင် လေ့ကျင့်အားထုတ်နိုင်ပါသည်-

အဘိညာဉ် ၅ ပါးမှာ-

၁။ ဣဒ္ဓိဝိဓအဘိညာဉ် - အမျိုးမျိုးကိုဖန်ဆင်းနိုင်သော အသိဉာဏ်ထူး

၂။ ဒိဗ္ဗစက္ခုအဘိညာဉ် - နတ်မျက်စိကဲ့သို့ နီးဝေးအရပ်၌ရှိသော အရာများကို မြင်နိုင်သော အသိဉာဏ်ထူး

၃။ ဒိဗ္ဗသောတအဘိညာဉ် - နတ်နားကဲ့သို့ နီးဝေးအရပ်၌ရှိသောအသံကို ကြားနိုင်သော အသိဉာဏ်ထူး

၄။ ပရစိတ္တဝိဇာနနအဘိညာဉ်-သူတစ်ပါးစိတ်အကြံကိုသိနိုင်သော အသိဉာဏ်ထူး

၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်- ရှေးဘဝများစွာကို အဖန်ဖန်အောက်မေ့နိုင်သော အသိဉာဏ်ထူး

ဝိဆိပုံ

မန္ဒပုဂ္ဂိုလ် -န-ဒ-မ-ပ-ဥ-နု-ဂေါ-ဘိ/ ဇော ၁-ကြိမ် ဘွင်
တိက္ခပုဂ္ဂိုလ် -န-ဒ-မ-ဥ-နု-ဂေါ-ဘိ/ ဇော ၁-ကြိမ် ဘွင်
- ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များအတွက် - ရူပပဋ္ဌမစျာန်ကုသိုလ် အဘိညာဉ်
- ဘုရား၊ ရဟန္တာ (အသေက္ခ)
ပုဂ္ဂိုလ်များအတွက် - ရူပပဋ္ဌမစျာန်ကြိယာအဘိညာဉ်

ဥပမာ-ကိုယ်ခွဲတစ်ထောင်ဖန်ဆင်းလိုသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းကို အာရုံပြု၍ ရူပါဝစရကုသိုလ် ပဋ္ဌမစျာန်အပွနာကို ခဏမျှကျစေပြီး ဘဝင်ကျစေလျက် စျာန်မှထ၏။ ထပြီးလျှင် ဘဝင်ကို ပြတ်စေသည်။

"ငါ၏ကိုယ်သည် ထပ်တူကိုယ်ခွဲတစ်ထောင် ဖြစ်စေသတည်း"
ဟု အဓိဋ္ဌာန်လိုက်၏။

ထို့နောက် ထိုဖြစ်လတ္တံ့သော ဖန်ဆင်းရုပ် (နိမ္မိတရုပ်)တစ်ထောင်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။

ယင်းနောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဥပေက္ခာဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၄ ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ထိုဖန်ဆင်းရုပ် ၁၀၀၀ ကို အာရုံပြုလျက် ရူပါဝစရကုသိုလ် ပဋ္ဌမစျာန်စိတ်သည် အဘိညာဉ်ကိစ္စတပ်ကာ ၁ ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောက် ဘဝင်ကျ၍ စျာန်မှထ၏၊ ထိုအဓိဋ္ဌာန် အဘိညာဉ်ဇောကျသည်နှင့် တစ်ပြိုင်နက်တည်း ဖန်ဆင်းရုပ် (နိမ္မိတရုပ်) တစ်ထောင် ဖြစ်ပါတော့သည်။

(ကျန် အဘိညာ အပွနာဝီထိတို့သည်လည်း အလားတူဖြစ်ကြပါသည်။)

- ဒိဗ္ဗသောတ
- ပရစိတ္တဝိဇာနန
- ပုဗ္ဗေနိဝါသာနုဿတိ

} ဤအဘိညာဉ်များကို အလိုရှိသော် သြဒါတ ကသိုဏ်းကိုအာရုံပြု၍ ပဋ္ဌမစျာန်ဝင်စားရပါသည်။

- ဒိဗ္ဗစက္ခုအဘိညာဉ် --- အလိုရှိသော် တေဇောကသိုဏ်းကို အာရုံပြု၍ ပဋ္ဌမစျာန်ကို ဝင်စားရပါသည်။

ထို့နောက် စာနှံမှထ၍ အလိုရှိသည်ကို အဓိဋ္ဌာန်ပြုလိုက်သည်။

ထိုအခါ အလိုရှိသောအရာကို အာရုံပြုလျက် ဥပစာရသမာဓိဈော ၄ ကြိမ်နှင့် ရူပါဝစရပဉ္စမစျာန် အဘိညာဉ်ဈော ၁ ကြိမ်ကျ၏။

အဘိညာဉ်ဈောကျသည်နှင့် တစ်ပြိုင်နက်တည်း အလိုရှိသောအရာကို မြင်ရပါသည်။

ပုဂ္ဂိုလ်၊ ဝေဒနာ၊ ဈာတ်မူတည်၍ အပုနာဈောများ နှောင်းပုံ

(က) ပုဂ္ဂိုလ်များကိုမူတည်၍

၁။ တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ တိဟိတ်ကာမာဝစရကုသိုလ်ဈော ၄ ပါး နောင် အပုနာဈော ၄၄ ပါး နှောင်းနိုင်၏။

မဟဂ္ဂုတ်ကုသိုလ်	-	၉ ပါး
မဂ်ကုသိုလ်	-	၂၀ ပါး
အောက်ဖိုလ်	-	၁၅ ပါး
		၄၄ ပါး

၂။ ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏ တိဟိတ်ကာမာဝစရ ကြိယာဈော ၄ ပါး နောင် အပုနာဈော ၁၄ ပါးနှောင်းနိုင်၏။

မဟဂ္ဂုတ်ကြိယာ	-	၉ ပါး
အရဟတ္တဖိုလ်	-	၅ ပါး
		၁၄ ပါး

(ခ) ဝေဒနာနှင့်ဈာတ်ကို မူတည်၍

၁။ သောမနဿမဟာကုသိုလ်ဉာဏသမ္ပယုတ် ၂ ပါး နောင် သောမနဿ အပုနာဈော ၃၂ ပါး၊

၂။ ဥပေက္ခာမဟာကုသိုလ်ဉာဏသမ္ပယုတ် ၂ ပါးနောင် ဥပေက္ခာအပုနာဈော ၁၂ပါး၊

၃။ သောမနဿမဟာကြိယာဉာဏသမ္မယုတ် ၂ ပါးနောင် သောမနဿအပ္ပနာဇော ၈ ပါး၊

၄။ ဥပေက္ခာမဟာကြိယာဉာဏသမ္မယုတ် ၂ ပါးနောင် ဥပေက္ခာအပ္ပနာဇော ၆ ပါးဟူ၍ အသီးသီးနှောင်းနှိုင်သည်။

ပဋိလိအားလျော်စွာ အပ္ပနာဇောစောပုံ

ပုဂ္ဂိုလ်	ဥပစာရဇော (ကာမဇော)	အပ္ပနာဇော	ပေါင်း
တိဟိတ်ပုထုဇဉ်	မဟာ-ကု-ဉာသမ်-၄	မဟဂ်-ကု-၉၊ သော-မဂ်-၅	၁၄
သောတာပန်	မဟာ-ကု-ဉာသမ်-၄	မဟဂ်-ကု-၉၊ သောဖိုလ်-၅	၁၉
သကဒါဂါမ်	မဟာ-ကု-ဉာသမ်-၄	မဟဂ်-ကု-၉၊ သကဖိုလ်-၅	၁၉
အနာဂါမ်	မဟာ-ကု-ဉာသမ်-၄	မဟဂ်-ကု-၉၊ အနာဖိုလ်-၅	၁၉
အရဟံ	မဟာ-ကု-ဉာသမ်-၄	မဟဂ်-ကြိ-၉၊ အရဟိုလ်-၅	၁၄

မဂ္ဂဝီထိ

(မဂ်ဇောပါဝင်သောစိတ်အစဉ်)

မဂ္ဂအပ္ပနာဝီထိ ၄-ပါး

သောတာပတ္တိမဂ်ရောက်ပုံ

မဂ်ရလိုသောပုဂ္ဂိုလ်သည် သမထကမ္မဋ္ဌာန်းအားထုတ်ရုံမျှဖြင့် မရတော့။ သခ်ါရတရားတို့ကို ရှုမှတ်သော ဝိပဿနာတရားကို အားထုတ်ရမည်။ ထိုယောဂီပုဂ္ဂိုလ်သည်-

- ရုပ်နာမ်တို့၏ မမြဲခြင်းသဘော - အနိစ္စ
- ရုပ်နာမ်တို့၏ ဆင်းရဲခြင်းသဘော - ဒုက္ခ
- ရုပ်နာမ်တို့ကို အစိုးမရခြင်းသဘော - အနတ္တ

ဟူသောလက္ခဏာရေး ၃ ပါးကိုရှုမှတ်၍ တစ်ပါးပါးက ထင်ရှားစွာ ထင်ပေါ်လာသောအခါ မဂ္ဂအပွနာဝီထိ ဖြစ်လာရပါသည်။

မဂ်ဉာဏ်သည်-

- သောတာပတ္တိမဂ်
- သကဒါဂါမိမဂ်
- အနာဂါမိမဂ်
- အရဟတ္တမဂ် ဟူ၍ ၄ ဆင့်ရှိပါသည်။

ဝိထိစဉ်

မန္ဒပုဂ္ဂိုလ် -န-ဒ-မ-ပ-ဥ-နု-ဂေါ မဂ် ဖိုလ် ဖိုလ် ဘွင်
တိက္ခပုဂ္ဂိုလ် -န-ဒ-မ-ဥ-နု-ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘွင်

ဆိုရိုး

သခ်ါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုဝိပဿနာရှုသော ပုထုဇဉ်ယောဂီ၏ မနောဒ္ဒါရတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃ ပါးတွင် တစ်ပါးပါးထင်လာသည်ရှိသော် ဘဝင််စလန၊ ဘဝင်္ဂုပ္ဆေဒဟု ဘဝင် ၂ ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကို ဆင်ခြင်လျက် မနောဒ္ဒါရာဝဇ္ဇန်းဖြစ်၏။

ထို့နောက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးအနက်မှ တစ်ပါးပါးသည် လက္ခဏာရေး ၃ ပါးကို အာရုံပြုလျက် မန္ဒပုဂ္ဂိုလ်အား မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ပါးတွင် တစ်ပါးပါးသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ၃ ကြိမ် ဥပစာရသမာဓိဇောဖြစ်ကြ၏။

ထို့နောင် သောတာပတ္တိမဂ်သည် သစ္စာလေးပါးကိုသိလျက် မဂ်ကိစ္စသည် တစ်ကြိမ် ဖြစ်၏။

ထို့နောက် မဒ္ဓုပဂ္ဂုလ်အား သောတာပတ္တိဖိုလ် ၂ ကြိမ်၊ တိက္ခပုဂ္ဂုလ်အား သောတာပတ္တိဖိုလ် ၃ ကြိမ် ဖြစ်၏။

ထို့နောက် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

(အထက်မဂ် ၃-ပါး၏ဝီထိသည်လည်း သောတာပတ္တိမဂ်ဝီထိနှင့်တူပါသည်။)

ဂေါတြဘူနေရာတွင် ဝေါဒါန်ထည့်ပါ။

သောတာပတ္တိမဂ်-ဖိုလ်နေရာတွင် သကဒါဂါမိမဂ်-သကဒါဂါမိဖိုလ်ထည့်ပါ။

(ကျန်အလားတူ)

ဂေါတြဘူ - ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သောစိတ်၊ (သောတာပတ္တိမဂ်ရစဉ်ကပင် ပုထုဇဉ်အနွယ်ကိုဖြတ်၍ လောကုတ္တရာ အရိယာအနွယ်သို့ ရောက်ခဲ့ပြီးဖြစ်သည်။)

ဝေါဒါန် - ဖြူဖွေးကြည်လင်သန့်ရှင်းသောစိတ်၊

စျာနဝီထိပါဂေါတြဘူနှင့် မဂ္ဂဝီထိပါဂေါတြဘူအထူး

စျာနဂေါတြဘူ - ကာမအနွယ်ကိုနှိပ်စက်၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေတတ်၊ ဖြစ်စေတတ်၏။

မဂ္ဂဂေါတြဘူ - လောကီအနွယ်ကိုနှိပ်စက်၍ လောကုတ္တရာအနွယ်ကို ပွားစေတတ်၊ ဖြစ်စေတတ်၏။

တစ်နည်း -ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ရောက်စေတတ်ပါသည်။

ဂေါတြဘူနှင့် ဝေါဒန်အထူး

ဂေါတြဘူ - သောတာပတ္တိမဂ်၏အနန္တရပစ္စည်းဖြစ်သော ရှေ့၌ဖြစ်သောဉာဏ်သည် ဂေါတြဘူ၊

(မဟာကုသိုလ်-ကြိယာ ဉာဏသမ္ပယုတ်ဇော ၈ ခုဌ်ရှိသော ဉာဏ် တစ်မျိုးမျိုး)

ဝေဒါန် - အထက်မဂ် ၃ ခု၏ အနန္တရပစ္စည်းဖြစ်သော ရှေ့ဌ်ဖြစ်သော ဉာဏ်သည် ဝေဒါန်၊

အထက်မဂ် ၃ ပါး ဒီထိစဉ်

မန္ဒပညာပုဂ္ဂိုလ် - န-ဒ-မ-ပ-ဥ-နု-ဝေါ မဂ် ဖိုလ် ဖိုလ် ဘွင်

တိက္ခပုဂ္ဂိုလ် - န-ဒ-မ-ဥ-နု-ဝေါ မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘွင်

ထပ်မံရှင်းလင်းချက်
သောတာပတ္တိမဂ်ပုဂ္ဂိုလ်



သောတာပတ္တိမဂ်ပုဂ္ဂိုလ်၏ အထက်ပါဝီထိစဉ်တွင်-

- ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒစိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံများကို အာရုံပြုသည်။
- မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံစိတ်များက ရုပ်နာမ်သန်ါရတို့ကို အာရုံပြုသည်။
- ဝေါတြဘူ၊ သောတာပတ္တိမဂ်စိတ်၊ ဖိုလ်စိတ်များသည် နိဗ္ဗာန်ကိုအာရုံပြုသည်။
- သောတာပတ္တိမဂ္ဂဝီထိတွင် န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဝေါ အထိ ပုထုဇဉ်ပုဂ္ဂိုလ်သာ ဖြစ်သေးသည်။

- ပုထုဇဉ်အနွယ်ကို သတ်ဖြတ်နှိမ်နင်းပြီး အရိယာအနွယ်ကို တိုးပွားစေ၍ ဖြစ်ပေါ်လာသည်။
- ဂေါတြဘူစိတ်အဆင့်တွင် ပုထုဇဉ်ပုဂ္ဂိုလ်သာ ရှိသေးသည်။
- မဂ္ဂဝီထိစဉ်၌ သောတာပတ္တိမဂ်စိတ်ဖြစ်နေသောအခိုက်အတန့်တွင်ပင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။
- အခိုက်အတန့်ဟု ဆိုရသော်လည်း စိတ္တက္ခဏတစ်ချက်မျှသာ ဖြစ်ပါသည်။ သက်တမ်းကိုပြော၍ မရနိုင်လောက်အောင်ပင် တိုတောင်းလှပါသည်။
- သောတာပတ္တိမဂ်စိတ်ဖြစ်ပြီးနောက် သောတာပတ္တိဖိုလ်စိတ်ဆက်ဖြစ်သည်။ ဖိုလ်ပုဂ္ဂိုလ်သည်သာလျှင် အချိန်ကြာမြင့်စွာ တည်ရှိနိုင်သည်။
- သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ သက်တမ်းနယ်ပယ်မှာ သောတာပတ္တိမဂ်၏နောက် သောတာပတ္တိဖိုလ်မှ သကဒါဂါမိမဂ်၏ ရှေ့ဝေါဒါန် အထိသာ ဖြစ်ပါသည်။
- သောတာပတ္တိဖိုလ်သည်ကား အချိန်ကာလအားဖြင့် ရက်၊ လ၊ နှစ်ပင်မက သေသည်အထိလည်းကောင်း၊ သေပြီးနောက် ဘဝကူးသည်အထိလည်းကောင်း မည်သို့ပင်နေထိုင်စေကာမူ ဖိုလ်ပုဂ္ဂိုလ်သာ ဖြစ်နေသည်။
- နောင်ဘဝများတွင် ဆက်လက်၍ တရားအားထုတ်သော် အထက်မဂ်ဖြစ်သော သကဒါဂါမိမဂ်စသည် ရနိုင်သည်။
(သောတာပတ္တိမဂ်ရပြီးသောပုဂ္ဂိုလ်များသည် ၈ ကြိမ်မြောက် ဘဝကို မယူတော့ပေ။ ၇ ဘဝသာလျှင် နေသည်။)
- ၇ ဘဝတွင် တချို့က တစ်ဆင့်ပြီးတစ်ဆင့် နား၍လည်းကောင်း၊ ဘယို့ကား ၇ ဘဝမြောက်ကျမှလည်းကောင်း တရားအားထုတ်ကြသည်။
- အများဆုံး ၇ ဘဝမြောက်ပြီးသော်ကား အထက်မဂ်သို့ ၎ည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း သွားကြသည်။

သကဒါဂါမိမဂ်ပုဂ္ဂိုလ်



သကဒါဂါမိမဂ္ဂဝီထိစဉ်တွင်-

- ပုထုဇဉ်အနွယ်ကိုထပ်ဖြတ်ရန် မလိုသောကြောင့် ဂေါတြဘူကိစ္စမလာတော့ပေ။ ဝေါဒါန်စိတ်ဖြစ်လာသည်။
- ဝေါဒါန်သည် ဖြူစင်ခြင်းဟု အဓိပ္ပာယ်ရ၍ သောတာပတ္တိမဂ်ဝီထိစဉ်နောက် ဖြစ်ပေါ်လာသော အထက်မဂ်ဝီထိစဉ်များတွင် ပို၍-ပို၍ဖြူစင်သောကြောင့် ဝေါဒါန်ကိစ္စဖြစ်လာသည်။
- သကဒါဂါမိမဂ်ပုဂ္ဂိုလ်၏ သက်တမ်းမှာ သကဒါဂါမိမဂ်စိတ်ဖြစ်ပေါ်နေခိုက်သာ ဖြစ်သည်။
- သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၏ သက်တမ်းမှာ သကဒါဂါမိမဂ်၏နောက် ဖိုလ်မှစ၍ အနာဂါမိမဂ်၏ရှေ့ ဝေါဒါန်အထိ ဖြစ်သည်။

အနာဂါမိမဂ်ပုဂ္ဂိုလ်



- အနာဂါမိမဂ်ပုဂ္ဂိုလ်၏သက်တမ်းမှာ အနာဂါမိမဂ်စိတ်ဖြစ်ပေါ်နေခိုက်မျှသာဖြစ်သည်။
- အနာဂါမိဖိုလ်ပုဂ္ဂိုလ်၏သက်တမ်းမှာ အနာဂါမိမဂ်၏နောက် ဖိုလ်မှစ၍ အရဟတ္တာဖိုလ်၏ရှေ့ ဝေါဒါန်အထိ ဖြစ်သည်။

အရဟတ္တမဂ်ပုဂ္ဂိုလ်



- အရဟတ္တမဂ်ပုဂ္ဂိုလ်၏သက်တမ်းမှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ် ဝေါဒါန်၏နောက် အရဟတ္တဖိုလ်၏ရှေ့ စိတ်တစ်ခုစာဖြစ်သော အရဟတ္တမဂ်စိတ်သည်သာ အရဟတ္တမဂ်ပုဂ္ဂိုလ်၏ သက်တမ်းဖြစ်သည်။
- အရဟတ္တဖိုလ်ပုဂ္ဂိုလ်၏သက်တမ်းမှာ အရဟတ္တမဂ်၏နောက် ဖိုလ်မှစ၍ ပရိနိဗ္ဗာန်စံသော စုတိစိတ်အထိ ဖြစ်သည်။

မဂ္ဂပစ္စဝေက္ခဏာဝီထိ

(ရပြီးမဂ်–ဖိုလ် စသည်ကို ပြန်လည်ဆင်ခြင်ခြင်း)

မဂ္ဂဝီထိဆိုသော်လည်း မဂ်ရလျှင် ဖိုလ်ပါ တစ်ပါတည်းဆက်ရသည့်သာ ဖြစ်၍ မဂ်-ဖိုလ် ၂ ပါးလုံးရပြီး ဖြစ်တော့သည်။

ထို့ကြောင့် မဂ်ကိုဆင်ခြင်သည်ဆိုလျှင် ဖိုလ်ကိုပါဆင်ခြင်ပြီးသား ဖြစ်သည်ကို သိရသည်။ ဤဝီထိတွင် ရပြီးသော မဂ်-ဖိုလ်-နိဗ္ဗာန်၊ ပယ်အပ်ပြီးသောကိလေသာ၊ ကြွင်းကိလေသာ တို့ကို အသေးစိတ်ဆင်ခြင်ခြင်းသာဖြစ်၍ **ပစ္စဝေက္ခဏာဇောကိစ္စများ** သာဖြစ်ပြီး ဘွင်ကျတော့သည်။

ဝိထိပုံစံ

နာ - ဒ ------မ -----ဓ ဓ ဓ ဓ ဓ ဓ ဓ -----ဘွင်

ဖလသမာပတ္တိဝိထိ ၄ ပါး

မဂ်ဆိုက်ပြီးသော အရိယာပုဂ္ဂိုလ်သည် မဂ်၏အကျိုးဖြစ်သော ဖလသမာပတ်ကို ဝင်စားနိုင်သည်။

ဝိထိပုံစံ

မန္ဒပညာပုဂ္ဂိုလ် -နာ-ဒ-မ-နု-နု-နု-နု မဂ် ဖိုလ် များစွာ ဘွင်
တိက္ခပညာပုဂ္ဂိုလ် -နာ-ဒ-မ-နု-နု-နု မဂ် ဖိုလ် များစွာ ဘွင်
(ဖိုလ်ဈာနရှေ့ကဥပစာရသမာဓိဈာနများကို အနုလုံဟုချည်းအမည်ခေါ်ရသည်။)

ဆိုရိုး

သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃ ပါး အာရုံထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင် ၂ ကြိမ်လှုပ်၍ ပြတ်ပြီးလျှင် ထိုထင်လာသောအာရုံကိုဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းဖြစ်၏။

ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ပါးအနက်မှ တစ်ပါးပါးသည် လက္ခဏာရေး ၃ ပါးကို အာရုံပြုလျက် မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် အနုလုံ ၄ ကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် အနုလုံ ၃ ကြိမ် ဖြစ်သည်။

ထို့နောက် သောတာပတ္တိဖိုလ်ဈာသည် နိဗ္ဗာန်ကိုအာရုံပြုလျက် အကြိမ်များစွာ ပုဂ္ဂိုလ်အလိုရှိသလောက်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ သမာပတ်မှထ၏။

- သကဒါဂါမိပုဂ္ဂိုလ်၏မနောဒွါရ၌ - သကဒါဂါမိဖိုလ်ဈော၊
- အနာဂါမိပုဂ္ဂိုလ်၏မနောဒွါရ၌ - အနာဂါမိဖိုလ်ဈော၊
- ရဟန္တာပုဂ္ဂိုလ်၏မနောဒွါရ၌ - အရဟတ္တဖိုလ်ဈော။

နိရောဓသမာပတ်ဝိထိ
(ချုပ်ငြိမ်းမှုကိုဝင်စားခြင်း)

စျာန်သမာပတ် ၈ ပါး သို့မဟုတ် ၉-ပါးရပြီးသော အနာဂါမ်၊ ရဟန္တာတို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြသည်။

ခန္ဓပရိနိဗ္ဗာန်မစံခင် စိတ်၏ငြိမ်းချမ်းခြင်းကို ခံစားလိုရှိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ၇ ရက်ခန့် ချုပ်ငြိမ်းခြင်းကို နိရောဓသမာပတ် ဝင်စားသည်ဟု ခေါ်ဆိုပါသည်။

နိရောဓသမာပတ်ကို ဝင်စားလိုသော အနာဂါမ်၊ ရဟန္တာတို့သည် ရူပါဝစရပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်၊ အရူပါဝစရစျာန်၊ အာကာသာနဉ္စ၊ ဝိညာဏဉ္စ၊ အာကိဉ္စညထိ အဆင့်ဆင့် လက္ခဏာရေး ၃ ပါးတင်၍ ဝိပဿနာရှုရသည်။

အာကိဉ္စညာယတနစျာန်ကိုဝင်စားပြီးသောအခါ၌ကား လက္ခဏာရေး ၃ ပါးဖြင့် ဝိပဿနာဆက်မရှုသေးဘဲ မိမိပစ္စည်းများ မပျက်စီးစေရန်၊ ဘုရားရှင်နှင့် သံဃာများခေါ်လျှင်သိရန်၊ အသက်အပိုင်းအခြားကိုကြည့်၍ ၇ ရက်နေမည် စသည်ဖြင့် အဓိဋ္ဌာန်ပြုခြင်းပြုရမည်။

ထို့နောက်မှ နေဝသညာနာသညာယတနစျာန်ကို ဆက်ဝင်စား၍ နေဝသညာနာသညာယတနစျာန် ၂ ကြိမ်ဖြစ်ပြီး စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ချုပ်ခြင်း = နိရောဓသို့ ရောက်တော့၏။

၇ ရက်စေ့၍ နိရောဓသမာပတ်မှထသောအခါ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လျှင် အနာဂါမိဖိုလ်ဓော ၁ ကြိမ်၊ ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဓော ၁ ကြိမ်ဖြစ်၍ ဘဝင်ကျ၏။

ဝိထိပုံစံ

မန္ဒပညာပုဂ္ဂိုလ် -န-ဒ-မ-ပ-ဥ-နု-ဂေါ နေဝစျာန်ဓော ၂ ကြိမ်
(နိရောဓ) ဖိုလ် ---- ဘင်

တိက္ခပညာပုဂ္ဂိုလ် -န-ဒ-မ-ဥ-နု-ဂေါ နေဝစျာန်ဇော ၂ ကြိမ်
(နိရောဓ) ဖိုလ် ---- ဘွင်

နိရောဓသမာပတ်ဝင်စားနေသူ၏လက္ခဏာ

နိရောဓသမာပတ်ဝင်စားနေသောသူသည် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်ငြိမ်းနေသည်။

ထို့ကြောင့် သောတဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ် စသည့်အသိစိတ်များ မရှိတော့သောကြောင့် ခေါ်လည်းမကြား၊ တွေ့ထိလည်း မသိတော့ချေ။

ထွက်လေ-ဝင်လေသည် အသက်ရှူသော အာနာပါနရုပ်မျိုးဖြစ်သည်။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ဖြစ်၏။

ထွက်လေ-ဝင်လေ အသက်ရှူခြင်းမရှိတော့သော်လည်း ဥသ္မာတေဇောခေါ် အပူဓွေ့က တစ်ကိုယ်လုံးပျံ့နှံ့နေသည်။ ထိုအပူဓွေ့သည် ကံက ပြုလုပ်ပေးသော ကမ္မဇရုပ် ဖြစ်သည်။ ထိုအဓွေ့ကြောင့် တစ်ကိုယ်လုံးပူနွေးနေသည်။

ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်ဝင်စားနေသူ၊ ဖိုလ်ဝင်စားနေသူတို့လည်း ခေါ်မကြား၊ တွေ့ထိမသိကြပါ။ သို့သော် အသက်ရှူနေသည်။ စျာန်ဇောများ သို့မဟုတ် ဖိုလ်ဇောများ ဆက်ကျနေခြင်းသာ ဖြစ်သည်။

နိရောဓသမာပတ်က ကိုယ်ဓွေ့မှတစ်ပါး လုံးဝအသက်မရှူပေ။

ထို့ကြောင့် နိရောဓသမာပတ်ဝင်စားနေသူသည်-

- ခေါ်၍မကြား၊ တွေ့ထိမသိ
- အသက်မရှူ
- ဥသ္မာတေဇောကိုယ်ဓွေ့အပူဖြင့် ပူနွေးနေသည်။

နိရောဓသမာပတ်ဖြင့်နေနိုင်သောသက်တမ်း

လူ့ပြည်မှစျာန်ရသော အနာဂါမ်၊ ရဟန္တာများအတွက် နိရောဓသမာပတ်ဝင်စား၍ နေနိုင်သောသက်တမ်းမှာ အများဆုံး ၇ ရက်ဖြစ်သည်။

လူ့ပြည်တွင် အာဟာရဓာတ်အား သည် ၇ ရက်အတွင်းသာ အားဖြည့်ပေးနိုင်သောကြောင့်ဖြစ်သည်။ ၇ ရက်ကျော်က အင်အားအလွန်ကုန်ခန်းသွားနိုင်သည်။ ထို့ကြောင့် ၇ ရက်သာ ဝင်စားနိုင်သည်။ ကြား ၂ ရက်၊ ၃ ရက် တစ်ခဏဝင်စားမည်ဆိုက အဓိဋ္ဌာန်ပြု၍ ဝင်စားနိုင်သည်။

နတ်ပြည်မှ စျာန်ရသော အနာဂါမ်၊ ရဟန္တာတို့သည် နိရောဓသမာပတ်ကို ရက်လအချိန်ကြာမြင့်စွာ ဝင်စားနိုင်သည်။ နတ်များ၏ အစားအစာအာဟာရသည် အားဖြည့်ပေးနိုင်၍ ရက်အကန့်အသတ်မထားဘဲ ဝင်စားနိုင်သည်။

ဗြဟ္မာပြည်မှစျာန်ရသော အနာဂါမ်၊ ရဟန္တာတို့သည်ကား အစာအာဟာရမစားဘဲနေကြသောကြောင့် နိရောဓသမာပတ်ကို အချိန်အလွန်ကြာမြင့်စွာ ဝင်စားနေနိုင်သည်။ မိမိတို့နှစ်သက်သမျှ၊ လိုချင်သမျှ ဝင်စားနေနိုင်သည်။

ဝိပါကနိယာမ

(ဝိပါက်တို့၏ဖြစ်ပုံစည်းကမ်းချက်)

ဝိပါက + နိယာမ

ဝိပါက်စိတ် + စည်းကမ်းမှတ်ခြင်း

ဝီထိစဉ်တစ်ခုချရာတွင် ဝိပါက်စိတ်များ ပါဝင်နေသည်ကို အောက်ပါအတိုင်း တွေ့ရပါမည်-

<u>ပဋ္ဌဝိညာဏ်</u> + <u>သမ္ပဋိစ္ဆိုင်း</u> + <u>သန္တီရဏ</u> + ဝုဋ္ဌော + ဇော + <u>တဒါရုံ</u>

ဝိပါက်စိတ် ဝိပါက်စိတ် ဝိပါက်စိတ် ဝိပါက်စိတ်

အထက်ပါဝိပါက်စိတ်များ၊ တဒါရုံများကို ဝီထိစိတ်ချခဲ့ရာတွင်-

- အကုသလဝိပါက်နှင့်ဆိုင်သလော
- အဟိတ်ကုသလဝိပါက်နှင့်ဆိုင်သလော ဟူ၍ ခွဲခြားမဆိုခဲ့ပါ။

အလားတူ တဒါရုံတွင်လည်း-

- သောမနဿတဒါရုံလော
- ဥပေက္ခာတဒါရုံလော ဟူ၍ ခွဲခြားမဆိုခဲ့ပါ။

ဤဝိပါကနိယာမတွင် ဝီထိစိတ်ပါ ဝိပါက်စိတ်များ၊ တဒါရုံများကို အကုသလဝိပါက်၊ အဟိတ်ကုသလဝိပါက်၊ သောမနဿတဒါရုံ၊ ဥပေက္ခာတဒါရုံ ခွဲခြားပြခြင်း ဖြစ်ပါသည်။

ဒွေးပဉ္စဝိညာဏ်နှင့် သမ္ပဋိစ္ဆိုင်း

၁။ အာရုံသည် - ကောင်းသော အာရုံ (ဣဋ္ဌာရုံ)
- အလယ်အလတ်ကောင်းသောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)
- အလွန်ကောင်းသောအာရုံ (အတိဣဋ္ဌာရုံ)

ဖြစ်ပါက အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဏ်-သမ္ပဋိစ္ဆိုင်း တို့ကို ချရမည်။

၂။ အာရုံသည် - အလိုမရှိအပ်-မနှစ်သက်အပ်သော မကောင်းသောအာရုံ (အနိဋ္ဌာရုံ)

ဖြစ်လျှင် အကုသလဝိပါက် ပဉ္စဝိညာဏ်-သမ္ပဋိစ္ဆိုင်း တို့ကို ချရမည်။

သန္တီရဏ ၃ ပါး (တဒါရုံ)

၁။ အာရုံသည် - ကောင်းသော အာရုံ (ဣဋ္ဌာရုံ)
- အလယ်အလတ်ကောင်းသောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)

ဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏချရမည်။
(သာမန်ကောင်းသော မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ-အာရုံများ)

၂။ အာရုံသည် - အလွန်အလိုရှိအပ် ကောင်းမြတ်သောအာရုံ (အတိဣဋ္ဌာရုံ)

ဖြစ်လျှင် အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏစိတ်ကို ချရမည်။

(အလွန်ကောင်းသော ရတနာသုံးပါးနှင့်စပ်သောအာရုံ၊ စိန်၊ ရွှေ၊ နန်းတော်စသော အလွန်ကောင်းသည့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ-အာရုံများ)

၃။ အာရုံသည် -အလိုမရှိအပ် -မနှစ်သက်အပ်သော မကောင်းသောအာရုံ (အနိဋ္ဌာရုံ)

ဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ချရမည်။

(မစင်၊ ခွေးကောင်ပုပ်စသော မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ-အာရုံများ)

မဟာဝိပါက်စိတ် ၈ ပါး (တဒါရုံ)

၁။ အာရုံသည် - ကောင်းသော အာရုံ (ကုဋ္ဌာရုံ)
- အလယ်အလတ်ကောင်းသောအာရုံ (ကုဋ္ဌမဏ္ဍုတ္တာရုံ) ဖြစ်လျှင် မဟာဝိပါက်ဥပေက္ခာ ၄ ပါးကိုချရမည်။

၂။ အာရုံသည် - အလွန်ကောင်းသော (အတိကုဋ္ဌာရုံ) ဖြစ်လျှင် မဟာဝိပါက်သောမနဿ ၄ ပါးကိုချရမည်။

တဒါရမ္မဏာနိယာမ

မည်သည့်ဇောနောက်၌ မည်သည့်တဒါရုံဖြစ်သည်ဟု တဒါရုံကို ပိုင်းခြားမှတ်သားမှုကို တဒါရမ္မဏာနိယာမ ဟုခေါ်ပါသည်။

တဒါရုံသည် ကာမဇောနောက်၌သာ ကျရိုးထုံးစံရှိသည်။ (အပွနာဇောနောက်၌ မကျပါ)။ ထိုသို့ကျရာတွင်-

- ကာမဇော
- ကာမသတ္တဝါ (ကာမ-၁၁ ဘုံမှပုဂ္ဂိုလ်)
- ကာမအာရုံ (ဝိဘူတာရုံ သို့မဟုတ် အတိမဟန္တာရုံဖြစ်သော ကာမတရားများကိုသာ အာရုံပြုခြင်း)

ဤ ၃ ပါးစုံမှ တဒါရုံကျပါသည်။

ဆောင်--- ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်ဆုံ၊ တဒါရုံ၏အခွင့်တည်း။

ကာမဇောများနောင် တဒါရုံဖြစ်ရာဝယ် ဝေဒနာအလိုက်ဖြစ်ပုံ

၁။ သောမနဿကြိယာဇောနောင် - သောမနဿတဒါရုံ
၂။ ဥပေက္ခာကြိယာဇောနောင် - ဥပေက္ခာတဒါရုံ
၃။ ဒေါသမူဇောနောင် - ဥပေက္ခာတဒါရုံ တို့ဖြစ်ပါသည်။

အာရုံအားဖြင့် ဝေဒနာကိုသတ်မှတ်ပါက-

၁။ မကောင်းသောအာရုံ (အနိဋ္ဌာရုံ) - ဒေါမနဿဝေဒနာ

၂။ အလယ်အလတ်ကောင်းသောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ) - ဥပေက္ခာဝေဒနာ

၃။ အလွန်ကောင်းသောအာရုံ (အတိဣဋ္ဌာရုံ) - သောမနဿဝေဒနာ

ကာမဇောနောင်တဒါရုံကျပုံ

ကာမဇော-၂၉			တဒါရုံ-၁၁		
ဥပေက္ခာမဟာကြိယာ	၄	၆	ဥပေက္ခာမဟာဝိပါက်	၄	၆
ဒေါသမူ	၂		ဥပေက္ခာသန္တီရဏ	၂	
သောမနဿမဟာကြိယာ	၄	၅	သောမနဿမဟာဝိပါက်	၄	၅
ဟသိတုပ္ပါဒ်	၁		သောမနဿသန္တီရဏ	၁	
လောဘမူ	၈	၁၈	သန္တီရဏ	၃	၁၁
မောဟမူ	၂		မဟာဝိပါက်စိတ်	၈	
မဟာကုသိုလ်	၈				

အာဂန္တုကဘဝင်စိတ်
(ဥပ္ပဇ္ဇဘဝင်စိတ်)

မူလပဋိသန္ဓေနေစဉ်က သောမနဿဖြင့် ပဋိသန္ဓေနေခဲ့၏။ ထိုပုဂ္ဂိုလ်သန္တာန်၌ ယခုအခါ ဒေါသဇော စောနေသည်။

- ထိုသူ၏သန္တာန်၌ အဘယ်တဒါရုံ၊ ဘဝင်စိတ်များ ဖြစ်နေပါသနည်း။
  (တစ်ဘဝ၌ တူမြဲတရား ၃ ပါး၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ စိတ်တို့တူရမည် ဟူသော စည်းကမ်းချက်ရှိသည်။)
- ထိုစည်းကမ်းအရ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သူဖြစ်၍ သောမနဿတဒါရုံ၊ ဘဝင်စိတ် ချရမည် ဖြစ်နေပါသည်။
- သို့သော် လောလောဆယ်ဖြစ်နေသောဝမ်းမြောက်မှုနှင့် စိတ်ဆင်းရဲမှု (သောမနဿနှင့် ဒေါမနဿ) ဇောတို့က ဝေဒနာချင်း ဆန့်ကျင်ဘက် ဖြစ်နေ၏။

- တစ်ဖန် ဒေါသဧော နောင် ဥပေက္ခာတဒါရုံ ဘဝင်ချရန်မှာကလည်း မူလ ပဋိသန္ဓေဖြစ်သော သောမနဿနှင့် အာရုံချင်း ဆန့်ကျင်နေကြပြန်ပါသည်။
- ထိုအခြေအနေမျိုးတွင် ၂ မျိုးစလုံးနှင့် မဆန့်ကျင်အောင် ဥပေက္ခာသန္တီရဏစိတ် တစ်ခုခုသည် သန္တီရဏကိစ္စအနေဖြင့်မဟုတ်ဘဲ အပိုဇ္ဈည့်သည်(အာဂန္တုက ဘဝင်)ကိစ္စတပ်၍ ရှေးကလေ့ကျက်ဖူးခဲ့သော (ထိုအချိန်ဝယ်မနောဒွါရ၌ ထင်လာသော) ကာမအာရုံ ၆ ပါးတွင် တစ်ပါးပါးကိုအာရုံပြု၍ တစ်ကြိမ် ဖြစ်ပေးရပါသည်။ ထိုအာရုံသည်-
  - အနိဋ္ဌာရုံဖြစ်က အကုသလဝိပါက်
  - ဣဋ္ဌာရုံဖြစ်က ကုသလဝိပါက်ဥပေက္ခာသန္တီရဏ ဖြစ်၏။
- ထိုဥပေက္ခာသန္တီရဏဘဝင်၏နောက်တွင်ကား နဂိုရိုးရာကျမြဲ ပဋိသန္ဓေစိတ်နှင့် တူစွာ သောမနဿဘဝင်ဆက်၍ ကျန်ုင်တော့သည်။
- ထိသို့ကြားထဲ၌ အပိုဇ္ဈည့်သည်ပမာ ပါဝင်ဆောင်ရွက်ရသည်ကို အာဂန္တုက ဘဝင်ကျသည် ဟု ခေါ်ဆိုပါသည်။

ဝိပါက်အမှန်ဧောအပြန်

ဝိပါက်အမှန်ဆိုသည်မှာ ဝီထိစိတ်များတွင်-
- ပဉ္စဝိညာဏ်
- သမ္ပဋိစ္ဆိုင်း
- သန္တီရဏ
- တဒါရုံ စိတ်များသည် ဝိပါက်စိတ်များဖြစ်ကြသည်။

- ထိုဝိပါက်စိတ်များသည် ဝိပါကနိယာမ အရ-
  - အနိဋ္ဌာရုံ၌ - အကုသလဝိပါက်
  - ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံ၌ - ကုသလဝိပါက် ဖြစ်ခဲ့ဖူးသည်။
- ဝေဒနာဖြစ်မှုတွင်လည်း-
  - အနိဋ္ဌာရုံ၌ - ဒေါမနဿဝေဒနာ

- ဣဋ္ဌာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)၌ - ဥပေက္ခာဝေဒနာ
- အတိဣဋ္ဌာရုံ၌ - သောမနဿဝေဒနာ

ဖြစ်မှု မှန်ကန်လေသည်။ မပြောင်းလဲပေ။

- ထို့ကြောင့် ဝိပါက်အမှန် ဟုဆိုပါသည်။
- ဝိပါက်စိတ်များဟူသည် ကံ၏အကျိုးတရားသာဖြစ်၍ အားထုတ်မှု သတ္တိကင်းသဖြင့် ထိထိဏှါဏှါ ကြုံဆ၍ အာရုံကိုမယူကြပါ။ အာရုံ အတိုင်းသာ ဖြစ်ကြကုန်သည်။

- လောကဥပမာတွင် မှန်ကြည့်သောသူသည် ကြည့်သူ၏ရုပ်ပုံအတိုင်း ပေါ်သကဲ့သို့ပင် ဖြစ်ပါသည်။

ဇောအပြန်ဆိုသည်ကား-ဇောသည်-

- ဖောက်ပြန်မှုမကင်းသေးသော ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌- မကောင်းသည့်အရာကို အကုသိုလ်ကံကြောင့် အကောင်းဟု ထင်တတ်၏။
- ပုဂ္ဂိုလ်ကိုလိုက်၍ ကောင်း-မကောင်း ဖောက်ပြန်တတ်၏။
- သာမန်အစားအစာကို သူတောင်းစားများအတွက် အကောင်းဆုံး ဖြစ်သော်လည်း သူဌေးအတွက် အညံ့စားဟု ထင်မှတ်သည်။
- ခွေးသေကောင်ပုပ်သည် လင်းတဂျက်အတွက် အကောင်းဆုံးသော မနဿဇောဖြစ်သော်လည်း လူတို့အတွက် ဒေါမနဿဇော ဖြစ်နေပေမည်။
- မစင်သည် ဝက်အတွက် အကောင်းဆုံးသောမနဿဇောဖြစ်သော်လည်း လူတို့အတွက် ဒေါမနဿဇော ဖြစ်နေပေမည်။
- ဗုဒ္ဓသည် ဗုဒ္ဓဘာသာဝင်တို့အတွက် သောမနဿဇောဖြစ်သော်လည်း အခြားဘာသာဝင်တို့အတွက် ဒေါမနဿဇော ဖြစ်နေပေမည်။
- ဤသို့လျှင် ဇောများမတူ ဖောက်ပြန်ကွဲပြားတတ်သည်ကို ဇောအပြန်ဟု ဆိုပါသည်။
- ဖောက်ပြန်မှုကင်းသော ဘုရား၊ ရဟန္တာသန္တာန်၌ကား ဝိပါက်လည်းအမှန် ဇောလည်းမဖောက်ပြန်။

ဇဝနနိယာဓမ

(ဇောဖြစ်ပုံ-ချပုံ စည်းကမ်းချက်များ)

ကုသိုလ်-အကုသိုလ်ဇောတို့မှာ ဝိပါက်ကဲ့သို့ အာရုံအားလျော်စွာ ပုံသေကားချဖြစ်ပေါ်လာခြင်း မရှိကြပေ။

သင့်တင့်လျောက်ပတ်စွာနှလုံးသွင်းနိုင်လျှင် ကုသိုလ်ဇောဖြစ်၏။ သင့်တင့်လျောက်ပတ်စွာ နှလုံးမသွင်းနိုင်လျှင် အကုသိုလ်ဇောဖြစ်သည်။

၁။ ကာမဇော

- ကာမဇောတို့သည် ပကတိအခါ၌ ၇ ကြိမ်၊ သို့မဟုတ် ၆ ကြိမ် စောပါသည်။ (၇ကြိမ်ထက်ပို၍လည်းကောင်း၊ ၆ ကြိမ်ထက်လျော့၍လည်းကောင်း မစောပါ။)
- သေခါနီးအခါ၊
- တွေဝေမိန်းမောလာသောအခါ၊
- သတိကင်း၍မေ့လျော့နေသောအခါ၊
- မွေးဖွားလာသောအခါ စသည်တို့တွင် နံ့သည်အဖြစ်ကြောင့်(၀၊)မှီရာဝတ္ထုရုပ်၏ အားနည်းခြင်းကြောင့် ၅ ကြိမ်သာ စောပါသည်။
- မြတ်စွာဘုရားရှင်၏ ရေအစုံ၊ မီးအစုံ၊ တန်ခိုးပြာဋိဟာပြသောအခါ၌ လျင်မြန်စွာဖြစ်ရခြင်းကြောင့် ပစ္စဝေက္ခဏာဇောသည် ၄ ကြိမ် သို့မဟုတ် ၅ ကြိမ်စောသည်။ (ဘုရားရှင်အတွက် ၄-ကြိမ်၊ သာဝကများအတွက် ၅-ကြိမ်ဟူ၍လည်း ဆိုပါသည်။)
- လျင်မြန်စွာမဖြစ်ရသော သာမန်အခါများ၌မူကား ပစ္စဝေက္ခဏာဇောလည်း ၇ ကြိမ် စောသည်။
- အပ္ပနာဇော၏ရှေ့ ဥပစာရသမာဓိဇောအခိုက်

(**မန္ဒ**ပုဂ္ဂိုလ် ၄-ကြိမ်၊ တိက္ခပုဂ္ဂိုလ် ၃-ကြိမ် စောသည်။)

၂။ **အပ္ပနာဇော**

- စျာန်ကိုဦးဆုံးရ (အာဒိကမ္မိက)ပုဂ္ဂိုလ်အား စျာန်ဇော ၁ ကြိမ်၊
- အဘိညာဉ်ဝီထိ၌ အဘိညာဉ်ဇော ၁ ကြိမ်၊
- နိရောဓသမာပတ်ဝင်စားသော နေဝသညာနာသညာ ယတနကုသိုလ် သို့မဟုတ် ကြိယာစျာန်ဇော (နိရောဓရှေ့) ၂ ကြိမ်၊
- ရပြီးစျာန်ကို ပြန်ဝင်စားသောပုဂ္ဂိုလ်အား စျာနသမာပတ္တိဝီထိ၌ စျာန်အကြိမ်များစွာ။

၃။ **လောကုတ္တရာဇော**

- နိရောဓသမာပတ်မှထသောအခါ-
  - အနာဂါမ်ဖြစ်က အနာဂါမိဖိုလ်ဇော ၁ ကြိမ်၊
  - ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇော ၁ ကြိမ်၊
- မဂ္ဂဝီထိ၌ မဂ်၏အခြားမဲ့၌ ဖိုလ်ဇောတို့သည်-
  - မန္ဒပုဂ္ဂိုလ် ၂-ကြိမ်
  - တိက္ခပုဂ္ဂိုလ် ၃-ကြိမ်
- ဖလသမာပတ္တိဝီထိ၌ ဖိုလ်ပြန်ဝင်စားသောပုဂ္ဂိုလ်အား ဖိုလ်အကြိမ်များစွာ၊
- ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော၏ရှေ့အဖို့အနုလုံဇောအခိုက်တွင်လည်း-
  - မန္ဒပုဂ္ဂိုလ် ၄-ကြိမ်
  - တိက္ခပုဂ္ဂိုလ် ၃-ကြိမ် စောကြ၏။

ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲခြားရှင်းလင်းထိုက်သော ဝီထိစိတ်များပြရာအခန်းကို ပုဂ္ဂလဘေဒ (ပုဂ္ဂိုလ်၌ စိတ်ရ) ဟူ၍ ခေါ်ပါသည်။

ပုဂ္ဂိုလ် ၁၂ ယောက်

၁။ **ပုထုဇဉ် ၄ ဦး**

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် - အကုသလဝိပါက်ဉပေက္ခာသန္တီရဏဖြင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေနေသူ။

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် - အဟိတ်ကုသလဝိပါက် ဉပေက္ခာသန္တီရဏ ပဋိသန္ဓေဖြင့် စတုမဟာရာဇ်ဘုံနှင့် လူ့ဘုံတို့၌ ဝမ်းတွင်းပါ မျက်စိကန်းသူ၊ နားပင်းသူ၊ ဆွံ့အသူ စသည်တို့ ဖြစ်သည်။

၃။ ဒွိဟိတ်ပုဂ္ဂိုလ် - မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်ပဋိသန္ဓေဖြင့် ဉာဏ်မပါသောလူများ၊ နတ်များဖြစ်ကြသည်။

- ဒွိဟိတ်ပုဂ္ဂိုလ်သည် လက်ရှိဘဝ၌ မည်မျှပင် ကြိုးစားအားထုတ်စေကာမူ စျာန်-မဂ်-ဖိုလ်တို့ မရနိုင်ချေ။

၄။ တိဟိတ်ပုဂ္ဂိုလ် - မဟာဝိပါက်ဉာဏသမ္ပယုတ် (သို့မဟုတ်) မဟဂ္ဂုတ်ဝိပါက်ပဋိသန္ဓေဖြင့် ဉာဏ်ပါသောလူ၊ နတ်၊ ဗြဟ္မာများ ဖြစ်ကြသည်။

- လက်ရှိဘဝမှာ ကြိုးစားလျှင် စျာန်-မဂ်-ဖိုလ် ရနိုင်သူများ ဖြစ်ကြသည်။

၂။ **မဂ္ဂင်္ဂဏန်-ဖလင်္ဂဏန် ၈-ဦး**

၅။ သောတာပတ္တိမဂ္ဂင်္ဂဏန် - သောတာပတ္တိမဂ်ခဏ၌ တည်ဆဲပုဂ္ဂိုလ်၊

၆။ သောတာပတ္တိဖလင်္ဂဏန် - သောတာပတ္တိဖိုလ်ရပြီးသောပုဂ္ဂိုလ်၊

၇။ သကဒါဂါမိမဂ္ဂင်္ဂဏန် - သကဒါဂါမိမဂ်ခဏ၌တည်ဆဲပုဂ္ဂိုလ်၊

၈။ သကဒါဂါမိဖလင်္ဂဏန် - သကဒါဂါမိဖိုလ်ရပြီးသောပုဂ္ဂိုလ်၊

၉။ အနာဂါမိမဂ္ဂင်္ဂဏန် - အနာဂါမိမဂ်ခဏ၌တည်ဆဲပုဂ္ဂိုလ်၊

၁၀။အနာဂါမိဖလင်္ဂဏန် - အနာဂါမိဖိုလ်ရပြီးသောပုဂ္ဂိုလ်၊

၁၁။အရဟတ္တမဂ္ဂဉာန် - အရဟတ္တမဂ်ခဏ၌တည်ဆဲပုဂ္ဂိုလ်၊
၁၂။အရဟတ္တဖလဉာန် -အရဟတ္တဖိုလ်ရပြီးသောပုဂ္ဂိုလ်၊

မဂ္ဂဉာန် ခေါ် မဂ်ပုဂ္ဂိုလ် ၄ ဦးနှင့် ဖလဉာန် ခေါ် ဖိုလ်ပုဂ္ဂိုလ် ၄ ဦးတို့သည် တိဟိတ်ပုဂ္ဂိုလ်များပင် ဖြစ်ကြပါသည်။

မဂ္ဂဉာန်ပုဂ္ဂိုလ်သည် မဂ်၌တည်ဆဲပုဂ္ဂိုလ်ဖြစ်သဖြင့် မဂ်စိတ်ဖြစ်ခိုက် စိတ္တက္ခဏ-၁ ချက်အတွင်းသာ မဂ္ဂဉာန်ဟု ခေါ်သည်။

မဂ်စိတ်ချုပ်သွားသည်နှင့် တစ်ပြိုင်နက် ဖလဉာန်ဖြစ်သွားပါသည်။

ပုထုဇဉ် ၄ ယောက်တွင် တိဟိတ်ပုဂ္ဂိုလ်သာ ကျင့်ကြံအားထုတ်လျှင် စျာန်-မဂ်ဖိုလ်တို့ကို ရနိုင်ပါသည်။ ကျန် ၃ ဦးမှာ မရနိုင်သဖြင့် အပွနာဇောနှင့်ကြိယာဇောတို့ မရထိုက်ပါ။

အရိယာပုဂ္ဂိုလ် ၈ ယောက်တွင် ရဟန္တာ (အရဟတ္တဖလဉာန်)ပုဂ္ဂိုလ်အား ကျင့်ပြီး (အသေက္ခ)ပုဂ္ဂိုလ်ဟု ခေါ်၍ ကျန် ၇ ယောက်တို့အား ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ် ဟု ခေါ်ဆိုပါသည်။

ပုဂ္ဂလဘေဒ
(ပုဂ္ဂိုလ်နှင့်စိတ်ရ)
ကာမပုဂ္ဂိုလ်များ

၁။ ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

- အကုသိုလ်စိတ်	၁၂-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး

	၃၇-ပါး

၂။ သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

- အကုသိုလ်စိတ်	၁၂ -ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇ -ပါး
- မဟာကုသိုလ်စိတ်	၈ -ပါး
- မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်	၄ -ပါး
	၄၁ -ပါး

၃။ ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

- အကုသိုလ်စိတ်	၁၂-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်	၄-ပါး
	၄၁-ပါး

၄။ စျာန်မရ ကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

- အကုသိုလ်စိတ်	၁၂-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
	၄၅-ပါး

၅။ ဈာန်ရ ကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

- အကုသိုလ်စိတ်	၁၂-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး

	၅၄-ပါး

၆။ ဈာန်မရ ကာမသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဒေါသမူ	၂-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
- သောတာပတ္တိဖိုလ်စိတ်	၁-ပါး

	၄၁-ပါး

၇။ ဈာန်ရ ကာမသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- ယခင်ဈာန်မရစိတ်	၄၁-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး

	၅၀-ပါး

၈။ စာနှိမ်မရ ကာမသကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရ

- ကာမသောတာပန်စိတ်အတိုင်း	၄၀-ပါး
- သောတာပန်နေရာ၌ သကဒါဂါမိဖိုလ်ထည့်	၁-ပါး
	၄၁-ပါး

၉။ စာနှိမ်ရ ကာမသကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရ

- ယခင်စာနှိမ်မရစိတ်	၄၁-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး
	၅၀-ပါး

၁၀။စာနှိမ်မရ ကာမအနာဂါမ်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
- အနာဂါမိဖိုလ်စိတ်	၁-ပါး
	၃၉-ပါး

၁၁။စာနှိမ်ရ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရ

- ယခင်စာနှိမ်မရစိတ်	၃၉-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး
	၄၈-ပါး

မယ်လမုအာဘိဓမ္မာ- ဒီထိပိုင်း

၁၂။စျာန်မရ ကာမရဟန္တာပုဂ္ဂိုလ်စိတ်ရ

- အဟိတ်စိတ် - ၁၈-ပါး
- မဟာဝိပါက်စိတ် - ၈-ပါး
- မဟာကြိုယာစိတ် - ၈-ပါး
- အရဟတ္တဖိုလ်စိတ် - ၁-ပါး

၃၅-ပါး

၁၃။စျာန်ရ ကာမရဟန္တာပုဂ္ဂိုလ်စိတ်ရ

- ယခင်စျာန်မရစိတ် ၃၅-ပါး
- မဟဂ္ဂုတ်ကြိုယာစိတ် ၉-ပါး

၄၄-ပါး

ရူပပုဂ္ဂိုလ်များ

၁။ ရူပါဝစရတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူစိတ် ၈-ပါး
- မောဟမူစိတ် ၂-ပါး
- စက္ခုဝိညာဏ်ဒွေး ၂-ပါး
- သောတဝိညာဏ် ၂-ပါး
- သမ္ဖဋ္ဌစ္ဆိုင်း ၂-ပါး
- သန္တီရဏ ၃-ပါး
- ပဉ္စဒ္ဒါရာဝဇ္ဇန်း ၁-ပါး
- မနောဒ္ဒါရာဝဇ္ဇန်း ၁-ပါး
- မဟာကုသိုလ်စိတ် ၈-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ပါး

၂၈-ပါး

၂။ ရူပါဝစရသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- စက္ခုဝိညာဏ်ဒွေး	၂-ပါး
- သောတဝိညာဏ်	၂-ပါး
- သမ္ပဋိစ္ဆိုင်း	၂-ပါး
- သန္တီရဏ	၃-ပါး
- ပဉ္စဒ္ဝါရာဝဇ္ဇန်း	၁-ပါး
- မနောဒ္ဝါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး
- သောတာပတ္တိဖိုလ်စိတ်	၁-ပါး
	၃၄-ပါး

၃။ ရူပါဝစရသကဒါဂါမိပုဂ္ဂိုလ်စိတ်ရ

- ယခင်သောတာပန်ရစိတ် (၃၄) ၌	
သောတာပန်အစား သကဒါဂါမိဖိုလ်စိတ်ထည့်	၁-ပါး
	၃၄-ပါး

၄။ ရူပါဝစရအနာဂါမိပုဂ္ဂိုလ်စိတ်ရ

- လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- စက္ခုဝိညာဏ်ဒွေး	၂-ပါး
- သောတဝိညာဏ်	၂-ပါး
- သမ္ပဋိစ္ဆိုင်း	၂-ပါး
- သန္တီရဏ	၃-ပါး
- ပဉ္စဒ္ဝါရာဝဇ္ဇန်း	၁-ပါး
- မနောဒ္ဝါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး
- အနာဂါမိဖိုလ်စိတ်	၁-ပါး
	၃၄-ပါး

၅။ ရဟန္တာပုဂ္ဂိုလ်စိတ်ရ

- စက္ခုဝိညာဏ်ဒွေး	၂-ပါး
- သောတဝိညာဏ်	၂-ပါး
- သမ္ပဋိစ္ဆိုင်း	၂-ပါး
- သန္တီရဏ	၃-ပါး
- အဟိတ်ကြိုယာ	၃-ပါး
- မဟာကြိုယာစိတ်	၈-ပါး
- မဟဂ္ဂုတ်ကြိုယာစိတ်	၉-ပါး
- အရဟတ္တဖိုလ်စိတ်	၁-ပါး
	၂၀-ပါး

မှတ်ချက်။ ။ ရုပဘုံ၌ မဂ်ပုဂ္ဂိုလ်များလည်း ရနိုင်သေးသည်။ မဂ်ပုဂ္ဂိုလ် ၄ ယောက်တို့၌ မိမိတို့ရထိုက်သော မဂ်စိတ်တစ်ပါးစီသာလျှင် ရနိုင်ပါသည်။

အရူပပုဂ္ဂိုလ်များ

(က) အာကာသာနဉ္စာယတနဘုံ

၁။ အာကာသာနဉ္စာယတနတိဟိတ်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူစိတ်	၈-ပါး
- မောဟမူစိတ်	၂-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- အရူပါဝစရကုသိုလ်စိတ်	၄-ပါး
	၂၃-ပါး

၂။ အာကာသာနဉ္စာယတနသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- အရူပါဝစရကုသိုလ်စိတ်	၄-ပါး
- သောတာပတ္တိဖိုလ်စိတ်	၁-ပါး
	၁၉-ပါး

၃။ အာကာသာနဉ္စာယတနသကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရ
သောတာပန်နှေရာ သကဒါဂါမ်ထည့် - ၁၉ ပါး

၄။ အာကာသာနဉ္စာယတနအနာဂါမ်ပုဂ္ဂိုလ်စိတ်ရ
သကဒါဂါမ်နေရာ အနာဂါမ်ထည့် - ၁၉-ပါး

၅။ အာကာသာနဉ္စာယတနရဟန္တာပုဂ္ဂိုလ်စိတ်ရ
- မနောဒွါရာဝဇ္ဇန်း ၁-ပါး
- မဟာကြိယာစိတ် ၈-ပါး
- အရူပါဝစရကြိယာစိတ် ၄-ပါး
- အရဟတ္တဖိုလ်စိတ် ၁-ပါး

၁၄-ပါး

မှတ်ချက်။ ။ အာကာသာနဉ္စာယတနဘုံ၌ အထက်ဖြစ်သော မဂ္ဂင်္ဂနှစ်ပုဂ္ဂိုလ် ၃ ယောက် သာရှိသည်ဖြစ်၍ မိမိတို့ရထိုက်သော မဂ်စိတ်တစ်ပါးစီသာ ရနိုင်ပါသည်။

(ခ) ဝိညာဏဉ္စာယတနဘုံ

၁။ ဝိညာဏဉ္စာယတနတိဟိတ်ပုဂ္ဂိုလ်စိတ်ရ
- လောဘမူစိတ် ၈-ပါး
- မောဟမူစိတ် ၂-ပါး
- မနောဒွါရာဝဇ္ဇန်း ၁-ပါး
- မဟာကုသိုလ်စိတ် ၈-ပါး
- အာကာသာနဉ္စာယတနကြဉ်
အရူပကုသိုလ်စိတ် ၃-ပါး

၂၂-ပါး

၂။ ဝိညာဏဿာယတနသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ် ၁-ပါး
- မနောဒွါရာဝဇ္ဇန်း ၁-ပါး
- မဟာကုသိုလ်စိတ် ၈-ပါး
- အာကာသာနဉ္စာယတနကြဉ်
  အရူပကုသိုလ်စိတ် ၃-ပါး
- သောတာပတ္တိဖိုလ်စိတ် ၁-ပါး

၁၈-ပါး

၃။ ဝိညာဏဿာယတနသကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရ
သောတာပန်နှေရာ သကဒါဂါမိထည့် ၁၈-ပါး

၄။ ဝိညာဏဿာယတနအနာဂါမိပုဂ္ဂိုလ်စိတ်ရ
သကဒါဂါမ်နှေရာ အနာဂါမ်ထည့် ၁၈-ပါး

၅။ ဝိညာဏဿာယတနရဟန္တာပုဂ္ဂိုလ်စိတ်ရ

- မနောဒွါရာဝဇ္ဇန်း ၁-ပါး
- မဟာကြိယာစိတ် ၈-ပါး
- အာကာသာနဉ္စာယတနကြိယာကြဉ်
  အရူပကြိယာစိတ် ၃-ပါး
- အရဟတ္တဖိုလ်စိတ် ၁-ပါး

၁၃-ပါး

မှတ်ချက်။ ။ ဝိညာဏဿာယတနဘုံ၌ အထက်ဖြစ်သော မဂ္ဂင်္ဂဏန်ပုဂ္ဂိုလ် ၃ ယောက် သာရှိသည်ဖြစ်၍ မိမိတို့ရထိုက်သော မဂ်စိတ်တစ်ပါးစီသာ ရနိုင်ပါသည်။

(ဂ) အာကိဉ္စညာယတနဘုံ

၁။ အာကိဉ္စညာယတနတိဟိတ်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူစိတ်	၈-ပါး
- မောဟမူစိတ်	၂-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- အာကိဉ္စညာယတနကုသိုလ်	၁-ပါး
- နေဝသညာနာသညာယတနကုသိုလ်	၁-ပါး
	၂၁-ပါး

၂။ အာကိဉ္စညာယတနသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- အာကိဉ္စညာယတနကုသိုလ်	၁-ပါး
- နေဝသညာနာသညာယတနကုသိုလ်	၁-ပါး
- သောတာပတ္တိဖိုလ်စိတ်	၁-ပါး
	၁၇-ပါး

၃။ အာကိဉ္စညာယတနသကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရ
သောတာပန်နေရာ သကဒါဂါမိထည့် ၁၇-ပါး

၄။ အာကိဉ္စညာယတနအနာဂါမိပုဂ္ဂိုလ်စိတ်ရ
ဒုကဒါဂါမ်နေရာ အနာဂါမ်ထည့် ၁၇-ပါး

၅။ အာကိုဋ္ဌညာယတနရဟန္တာပုဂ္ဂိုလ်စိတ်ရ

- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကြိယာစိတ်	၈-ပါး
- အာကိဉ္စညာယတနကြိယာ	၁-ပါး
- နေဝသညာနာသညာကြိယာ	၁-ပါး
- အရဟတ္တဖိုလ်စိတ်	၁-ပါး
	၁၂-ပါး

မှတ်ချက်။ ။ အာကိဉ္စညာယတနဘုံ၌ အထက်ဖြစ်သော မဂ္ဂင်္ဂန်ပုဂ္ဂိုလ် ၃ ယောက် သာရှိသည်ဖြစ်၍ မိမိတို့ရထိုက်သောမဂ်စိတ်တစ်ပါးစီသာ ရနိုင်ပါသည်။

(ဃ) နေဝသညာနာသညာယတနဘုံ

၁။ နေဝသညာတိဟိတ်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူစိတ်	၈-ပါး
- မောဟမူစိတ်	၂-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- နေဝသညာနာသညာယတနကုသိုလ်	၁-ပါး
	၂၀-ပါး

၂။ နေဝသညာသောတာပန်ပုဂ္ဂိုလ်စိတ်ရ

- လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- နေဝသညာနာသညာယတနကုသိုလ်	၁-ပါး
- သောတာပတ္တိဖိုလ်စိတ်	၁-ပါး
	၁၆-ပါး

၃။ နေဝသညာသကဒါဂါမိပုဂ္ဂိုလ်စိတ်ရ

သောတာပန်နေရာ သကဒါဂါမိထည့် ၁၆-ပါး

၄။ နေဝသညာအနာဂါမိဖိုလ်ပုဂ္ဂိုလ်စိတ်ရ

သကဒါဂါမ်နေရာ အနာဂါမ်ထည့် ၁၆-ပါး

၅။ နေဝသညာရဟန္တာပုဂ္ဂိုလ်စိတ်ရ

- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကြိုယာစိတ်	၈-ပါး
- နေဝသညာနာသညာကြိုယာ	၁-ပါး
- အရဟတ္တဖိုလ်စိတ်	၁-ပါး
	၁၁-ပါး

မှတ်ချက်။ ။ နေဝသညာနာသညာယတနဘုံ၌ အထက်ဖြစ်သော မဂ္ဂင်္ဂဉာန်ပုဂ္ဂိုလ် ၃ ယောက်သာရှိသည်ဖြစ်၍ မိမိတို့ရထိုက်သော မဂ်စိတ်တစ်ပါးစီသာ ရနိုင်ပါသည်။

ပုဂ္ဂိုလ်စိတ်ရ-အကျဉ်းချုပ်

၁။ ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်၏ဝိထိစိတ်

- အကုသိုလ်စိတ်	၁၂-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
-မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး

	၅၄-ပါး

၂။ သေက္ခပုဂ္ဂိုလ် ၇ ယောက်၏ဝိထိစိတ်

- လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်	၄-ပါး
- ဒေါသမူ	၂-ပါး
- ဥဒ္ဓစ္စသမ္ပယုတ်	၁-ပါး
- ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်	၁၇-ပါး
- မဟာကုသိုလ်စိတ်	၈-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
-မဟဂ္ဂုတ်ကုသိုလ်စိတ်	၉-ပါး
- အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာ	၇-ပါး

	၅၆-ပါး

၃။ ရဟန္တာပုဂ္ဂိုလ်ဝိထိစိတ်

- အဟိတ်စိတ် - ၁၈-ပါး
- မဟာဝိပါက်စိတ် - ၈-ပါး
- မဟာကြိုယာစိတ် - ၈-ပါး
- မဟဂ္ဂုတ်ကြိုယာစိတ် - ၉-ပါး
- အရဟတ္တဖိုလ် - ၁-ပါး

၄၄-ပါး

ဘူမိဝိဘာဂ

ဘူမိ + ဝိဘာဂ

ဘုံ + ဝေဖန်ခြင်း၊ ခွဲစိတ်ခြင်း

ဘူမိဝိဘာဂ - ဘုံအားဖြင့် ဝိထိစိတ်တို့ကို ဝေဖန်ခြင်း၊ ခွဲစိတ်၍ပြခြင်း

ဝိထိစိတ်သည် - စိတ်အစဉ် ဟု အဓိပ္ပာယ်ရ၍ စိတ်အစဉ်ထဲ၌ ဖြစ်နေသောစိတ်များ ဖြစ်သည်။

- လှုပ်ရှားနေသောစိတ်ဖြစ်သည်။

ဝိထိမုတ်စိတ် - စိတ်အစဉ်မှလွတ်သောစိတ်များဖြစ်သည်။

- ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စများကို ဆောင်ရွက်ရသော စိတ်များ ဖြစ်သည်။
- မနိုးမကြား၊ ငြိမ်သက်တည်ကြည်နေသောစိတ်များ ဖြစ်သည်၊ အိပ်ပျော်နေသောအခါ စိတ်သည်မနိုးကြားဘဲ ငြိမ်သက်နေသည်။
- ဝိထိစိတ်၊ ဇောစိတ်တို့၏ပစ်လွှင့်မှုကြောင့် ဘဝတစ်ပါးသို့ ရွှေ့လျား ရောက်ရှိသွားသော ပဋိသန္ဓေစိတ်သည် ဝိထိမုတ်စိတ်ဖြစ်သည်။

ကာမဘုံဥစ္ဆေဒသဒိဋိစိတ်

ကာမဘုံ၌ အလုံးစုံသောဒိဋိစိတ်များသည် ထိုက်သည့်အားလျော်စွာဖြစ်သည်။
ကာမဘုံ၌ဖြစ်သောဒိဋိစိတ်မှာ-

အကုသိုလ်စိတ်	၁၂
အဟိတ်စိတ်	၁၈
မဟာကု-ဝိ-ကြို	၂၄
မဟဂ္ဂုတ် ကု-ကြို	၁၈
လောကုတ္တရာ	၈
စုစုပေါင်း	၈၀-ပါး

ထိုဒိဋိစိတ် ၈၀ တွင်ပါဝင်သော-

- အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်
- ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စများကို ဆောင်ရွက်သည်။
- မဟာဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စများကို ဆောင်ရွက်သည်။
- ယင်းမဟာဝိပါက်စိတ်သည် တဒါရုံကိစ္စဆောင်ရွက်သောအခါနှင့် အကုသလဝိပါက်၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်တို့သည် တဒါရုံကိစ္စ၊ သန္တီရဏကိစ္စ ဆောင်ရွက်ကြသောအခါ ထိုစိတ်များသည် ဝီထိစိတ်များ ဖြစ်ကြပါသည်။
- ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စများကို ဆောင်ရွက်သောအခါ ထိုစိတ်များသည် ဝီထိမုတ်စိတ်များ ဖြစ်ကြသည်။

ထို့ကြောင့် ထိုစိတ် ၁၀ ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စများကိုလည်း ဆောင်ရွက်သောကြောင့် ကာမဘုံ၌ တကယ်အမှန်စင်စစ် ဖြစ်နိုင်သောဝီထိစိတ်မှာ (၈၀ - ၁၀ = ၇၀)သာလျှင် ဖြစ်ပါသည်။

ရူပဘုံဥဒ္ဒြဖြစ်နိုင်သောဝိထိစိတ်

- ဒေါသမူဒွေးကြဉ်အကုသိုလ်	၁၀
- ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး ကာယဝိညာဏ်ဒွေးကြဉ် အဟိတ်စိတ်	၁၂
- မဟာကု-ကြိုစိတ်	၁၆
- မဟဂ္ဂုတ် ကု-ကြိုစိတ်	၁၈
- လောကုတ္တရာစိတ်	၈
	၆၄

ရူပဘုံဥဒ္ဒြရသောစိတ်

- ဒေါသမူဒွေးကြဉ်အကုသိုလ်	၁၀
- ဃာနဒွေး၊ ဇိဝှါဒွေး ကာယဒွေးကြဉ် အဟိတ်စိတ်	၁၂
- မဟာကု-ကြိုစိတ်	၁၆
- ရူပါဝစရစိတ်	၁၅
- အရူပ ကု-ကြိုစိတ်	၈
- လောကုတ္တရာစိတ်	၈
	၆၉ ပါး

မှတ်ချက်။ ။ ရူပဝိပါက် ၅ ပါးသည် ဝိထိစိတ်၌ မပါဝင်သောကြောင့် (၆၉-၅=၆၄) ဝိထိစိတ်ရ-ရသည်။

ရှုပဘုံဥစ္စမပြစ်နိုင်ဓေသာဝိထိစိတ်များ

- ဒေါသမူစိတ်	၂-ပါး
- ဃာနဝိညာဏ်	၂-ပါး
- ဇိဝှါဝိညာဏ်	၂-ပါး
- ကာယဝိညာဏ်	၂-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
- မဟဂ္ဂုတ်ဝိပါက်စိတ်	၉-ပါး
	၂၅ ပါး

ဒေါသမူစိတ် (၂)

- ဗြဟ္မာကျင့်သော ဗြဟ္မစရိယ ၄ ပါးတွင် မေတ္တာစိတ်ပါဝင်သည်။ ဗြဟ္မာတို့တွင် စိတ်ဆိုးခြင်းဟူသော ဒေါသစိတ်မရှိ၍ ရူပဘုံ၌ ဒေါသဝိထိစိတ်မရပါ။

ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ်ဒွေးများ

- ဗြဟ္မာဘုံတွင် ကာမဂုဏ်ခံစားခြင်းမရှိ၊ ဗြဟ္မဝိဟာရတရားဖြင့်သာ နေ၍ တရားနာရုံ မြင်ရုံမျှသာရှိကြ၍ ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ်ဒွေးဝီထိစိတ်များ မရပါ။

မဟာဝိပါက်စိတ် ၈ ပါး

- ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ ဆောင်ရွက်သည်။ မဟာကုသိုလ်၏ အကျိုးခံသာဖြစ်သည်။ မဟာကုသိုလ်၏အကျိုးဆက်ဖြစ်သော မဟာဝိပါက်သည် ကာမဘုံ၌သာ ဖြစ်နိုင်သည်။ ဗြဟ္မာဘုံ၌ မဖြစ်နိုင်ပါ။
- တဒါရုံကိစ္စကိုဆောင်ရွက်မှုသည် ကာမဘုံသားသတ္တဝါများသာ ဖြစ်နိုင်သည်။ တဒါရုံကိစ္စကို ရူပဘုံ၌မဖြစ်၍ မဟာဝိပါက်စိတ် ၈ ပါးသည် ရူပဘုံတွင် ဝီထိစိတ်မဖြစ်ပါ။

အသညသတ်ဘုံ၌

- စိတ်မရှိပေ။ ဝတ္ထုရုပ်လည်းမရှိပေ။ သညာ (အမှတ်အသား-စိတ်)ကင်းသော၊ မရှိသောဘုံ ဖြစ်သည်။
- အသညသတ်ပုဂ္ဂိုလ်သည်ကား စိတ်မရှိသော်လည်း ရုပ်ရှိသည်။ ကိုယ်ခန္ဓာထဲတွင် ဇီဝိတနဝကကလာပ် ဟုခေါ်သော ကလာပ်စည်းရှိနေသောကြောင့် အိပ်ပျော်နေသော သက်ရှိသတ္တဝါတစ်ဦးကဲ့သို့ ဖြစ်နေသည်။

အရူပဘုံ၌ဖြစ်နိုင်သောစိတ်

- ဒေါသမူဒွေးကြည် အကုသိုလ်	၁၀-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကု-ကြိုစိတ်	၁၆-ပါး
- အရူပ ကု-ဝိ-ကြိုစိတ်	၁၂-ပါး
- သောတာပတ္တိမဂ်ကြည် လောကုတ္တရာ	၇-ပါး
	၄၆-ပါး

မှတ်ချက်။ ။ အရူပဝိပါက်စိတ် ၄ ပါးသည် ဝိထိစိတ်၌ မယှဉ်ပါ။ ထို့ကြောင့် (၄၆-၄=၄၂) ဝိထိစိတ်ရသည်။

ယင်း ၄၆ ပါးသည် ပကိဏ်းပိုင်းတွင် ဖော်ပြခဲ့သော ဟဒယဝတ္ထုကို ရံခါမှီ၍ ရံခါမမှီသောစိတ် ၄၆-ပါးဖြစ်ပါသည်။

အရူပဘုံ၌ဖြစ်သောဝိထိစိတ်

- ဒေါသမူဒွေးကြည် အကုသိုလ်	၁၀-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကု-ကြိုစိတ်	၁၆-ပါး
- အရူပ ကု-ကြိုစိတ်	၈-ပါး
- သောတာပတ္တိမဂ်ကြည် လောကုတ္တရာ	၇-ပါး
	၄၂-ပါး

အရူပဘုံဥစ္ဆေဒပြုနိုင်ဓာတ်ထိစိတ်

- ဒေါသစိတ်	၂-ပါး
- မနောဒွါရာဝဇ္ဇန်းကြဉ် အဟိတ်စိတ်	၁၇-ပါး
- မဟာဝိပါက်စိတ်	၈-ပါး
- ရူပစိတ်	၁၅-ပါး
- အရူပဝိပါက်စိတ်	၄-ပါး
- သောတာပတ္တိမဂ်စိတ်	၁-ပါး
	၄၇-ပါး

- အရူပဘုံတွင် ရုပ်မရှိ၊ စိတ်သာရှိသည်။
- ဤဘုံတွင် လောဘမူစိတ် ၈ ပါး၊ မောဟမူစိတ် ၂ ပါးရှိသောကြောင့် အကုသိုလ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သေးသည်။
- သို့သော် ကြမ်းတမ်းယုတ်ညံ့သော လောဘ၊ မောဟများမဟုတ်ပါ။ စွာန်ကိုနှစ်သက်ခြင်း၊ လိုလားခြင်းစသော လောဘများသာ ဖြစ်ပါသည်။
- ကာမဘုံတွင် ကာမလောဘ၊ ရူပလောဘ၊ အရူပလောဘ ရှိသည်။
- ရူပဘုံတွင် ကာမလောဘမရှိ၊ ရူပ-အရူပ လောဘသာရှိသည်။
- အရူပဘုံတွင် အရူပစွာန်ကို မက်မောသော အရူပလောဘသာရှိသည်။

အရူပဘုံအဆင့်ဆင့်နှင့် အရူပစွာန်စိတ်များ

(၁) အာကာသာနဉ္စာယတနဘုံ

- ဒေါသမူဒွေးကြဉ် အကုသိုလ်	၁၀-ပါး
- မနောဒွါရာဝဇ္ဇန်း	၁-ပါး
- မဟာကု-ကြိုစိတ်	၁၆-ပါး
- အရူပ ကု-ကြိုစိတ်	၈-ပါး
- သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ	၇-ပါး
	၄၂-ပါး

(၂) **ဝိညာဏဉ္စာယတနဘုံ**

- ဒေါသမူဒွေးကြဉ် အကုသိုလ်	၁၀-ပါး
- မနောဒွါရာဝဇ္ဇန်	၁-ပါး
- မဟာကု-ကြိုစိတ်	၁၆-ပါး
- အာကာသာနဉ္စာယတန ကု ကြို ကြဉ် အရှုပ ကု-ကြိုစိတ်	၆-ပါး
- သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ	၇-ပါး
	၄၀-ပါး

(၃) **အာကိဉ္စညာယတနဘုံ**

- ဒေါသမူဒွေးကြဉ် အကုသိုလ်	၁၀-ပါး
- မနောဒွါရာဝဇ္ဇန်	၁-ပါး
- မဟာကု-ကြိုစိတ်	၁၆-ပါး
- အာကိဉ္စညာ ကု-ကြို	၂-ပါး
- နေဝသညာနာသညာ ကု-ကြို	၂-ပါး
- သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ	၇-ပါး
	၃၈-ပါး

(၄) **နေဝသညာနာသညာယတနဘုံ**

- ဒေါသမူဒွေးကြဉ် အကုသိုလ်	၁၀-ပါး
- မနောဒွါရာဝဇ္ဇန်	၁-ပါး
- မဟာကု-ကြိုစိတ်	၁၆-ပါး
- နေဝသညာနာသညာ ကု-ကြို	၂-ပါး
- သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ	၇-ပါး
	၃၆-ပါး

၂။ ဝိထိမုတ်ပိုင်း (ဘုံပိုင်း)

ဝိထိမုတ် = သတ္တဝါတို့၏သန္ဓာန်၌ ဝိထိစိတ်နှင့် ဝိထိမုတ်စိတ် (ဘဝင်စိတ်)တို့သည် အလှည့်အပြောင်းဖြစ်နေကြရသည်။

- ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကိုဆောင်ရွက်သော-
  - ဥပေက္ခာသန္တီရဏ - ၂
  - မဟာဝိပါက် - ၈
  - မဟဂ္ဂုတ်ဝိပါက် - ၉

ဟူသောစိတ်တို့သည် ဝိထိမှလွတ်ကင်းသောစိတ်ဖြစ်၍ ဝိထိမုတ်စိတ်ဟုခေါ်ပါသည်။

- ဤစိတ် ၁၉-မျိုးတို့သည် ၃၁-ဘုံ၌ သတ္တဝါအမျိုးမျိုးတို့ကို ပဋိသန္ဓေဖြစ်ပေါ်ရန်-
  - ပဋိသန္ဓေစိတ်အဖြစ်လည်းကောင်း၊
  - ပဋိသန္ဓေဖြစ်ပြီးနောက် ဘဝဆက်လက်ဖြစ်ပေါ်နေစေရန် ဘဝင်စိတ်အစဉ် အဖြစ် လည်းကောင်း၊
  - ဘဝသေဆုံးသည့်အခါ စုတိစိတ်အဖြစ်လည်းကောင်း ဆောင်ရွက်ကြပါသည်။

ဘုံပိုင်း = ဤဝိထိစိတ် ၁၉-ပါးကို အကြောင်းပြု၍ ဘုံ-ပဋိသန္ဓေ၊ ကံ အကြောင်းနှင့်သေခြင်း(စုတိ)အကြောင်းတို့ကို ဆွေးနွေးကြမည့် အပိုင်းကို ဝိထိမုတ်ပိုင်း(ဘုံပိုင်း)ဟူ၍ ခေါ်ပါသည်။

ဤအပိုင်းတွင် စတုက္က ၄-မျိုး ပါဝင်ပါသည်-

၁။ ဘူမိစတုက္က - ဘုံ ၄-မျိုး
၂။ ပဋိသန္ဓိစတုက္က - ပဋိသန္ဓေ ၄-မျိုး
၃။ ကမ္မစတုက္က - ကံ ၄-မျိုး
၄။ မရဏစတုက္က - သေခြင်း ၄-မျိုး

ဆောင်--- ဘူ- ပဋိ- ကမ္မ၊ မရဏ၊ လေးဝ စတုက္ကာ။

ဘူမိစတုက္က - ဘုံ ၄-မျိုး

ဘုံ - သတ္တဝါတို့ဖြစ်ရာ- တည်ရာ- မှီရာ- လှည့်လည်ရာ- ကျက်စားရာတို့ကို ဘုံဟုခေါ်ပါသည်။

ဘုံများတည်ရာ

အပါယ်ဘုံ - အ + အယ + ဘဝ
ကင်း + ချမ်းသာ + ဖြစ်ခြင်း
- ချမ်းသာခြင်းကင်းသောဘဝ၌ ဖြစ်ခြင်းကြောင့် အပါယ၊
- များသောအားဖြင့် ကုသိုလ်ကောင်းမှုမကင်းသောနေရာ ဖြစ်သည်။
- လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာရကြောင်း ကုသိုလ်ကောင်းမှုပြုခွင့်မရ၊ အကုသိုလ်ပြုသူများခံစားရသော ဘုံဌာနဖြစ်ပါသည်။
- အပါယ်ဘုံသည် ချမ်းသာခြင်းကင်းသည်ဟုဆိုသော်လည်း တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့တွင် ချမ်းသာခြင်းအနည်းငယ်ရှိပါသည်။
- ဝေမာနိကပြိတ္တာများတွင် ဘုံဗိမာန်ရှိသည်။ ဘူရိဒတ်နဂါးမင်း၊ ကဏရိဋ္ဌနဂါးမင်းတို့၌ နဂါးတို့နေရာဘုံသည် ခမ်းနားကြီးကျယ်လှပါသည်။
- လူ့ဘုံသည် ဤကမ္ဘာမြေပြင်ပေါ်၌ ရှိသည်။

- တိရစ္ဆာန်ဘုံ-ပြိတ္တာဘုံ-အသုရကာယ်ဘုံတို့သည်လည်း ဤကမ္ဘာမြေပြင်ပေါ်၌ တည်ရှိသည်။
ဘုံသီးခြားစီ မရှိကြပါ။ ခန္ဓာဖြစ်စဉ်ကိုပင် ဘုံ ဟု သတ်မှတ်သည်။

ငရဲဘုံ - ငရဲဘုံသည် သီးခြားရှိသည်။ ဤကမ္ဘာမြေပြင်အောက်၌ တည်ရှိသည်။ တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ-၁၅၀၀၀ စီ ကွာဝေးသည်။

နတ်ဘုံ - စတုမဟာရာဇ်နတ်ဘုံသည် ယူဇနာ-၄၂၀၀၀ မြင့်သော ယုဂန္ဓိရ်တောင်ထိပ်မှစ၍ မြေပြင်အထိ ပျံ့နှံ့၍တည်သည်။

- တာဝတိံသာနတ်ဘုံသည် ယူဇနာ-၈၄၀၀၀ မြင့်သော မြင်းမိုရ်တောင်ထိပ်မှ စကြဝဠာတံတိုင်းအထိ ကောင်းကင်၌ ပျံ့နှံ့တည်သည်။
- ကျန် ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်များသည် တာဝတိံသာအထက် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၄၂၀၀၀ အကွာစီဖြင့် အဆင့်ဆင့်မြင့်၍ တည်နေသည်။

ရူပဗြဟ္မာဘုံ - ရူပဗြဟ္မာ ၁၆-ဘုံသည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်အထက်၌ တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ-၅၅၀၈၀၀၀ စီအကွာဖြင့် အဆင့်ဆင့်မြင့်တက်၍ တည်နေသည်။

အရူပဘုံ - သုဒ္ဓါဝါသဗြဟ္မာဖြစ်သော အကနိဋ္ဌဘုံအထက်၌ ယူဇနာ-၅၅၀၈၀၀၀ အကွာဖြင့် အဆင့်ဆင့်မြင့်တက်၍ တည်သည်။

လူ့ပြည်နှင့်ဘဝဂ်-လူ့ဘုံမှ အထက်ဘဝဂ် (နေဝသညာနာသညာယတနဘုံ)အထိ (အထက်ဘဝဂ်) ယူဇနာ-၇၁၅၅၆၀၀၀ ကွာဝေးသည်။

လူ့ပြည်နှင့်အဝီစိ-လူ့ပြည်မှ အဝီစိသို့ ယူဇနာ-၁၂၀၀၀၀ ကွာဝေးပါသည်။
(အောက်အဝီစိ) (၁-ယူဇနာလျှင် ၈-မိုင်မှ ၁၂-မိုင်အထိ ရှိသည်ဟုဆိုပါသည်။)

ကမ္ဘာကြီးတည်နေပုံ

ဤကမ္ဘာမြေကြီးကို ရေ၊ လေ၊ မြေ၊ မီး ဓာတ်ကြီး ၄-ပါးဖြင့် တည်ဆောက်ထားသည်။ အစဉ်တည်မြဲမှုမရှိ၊ ထာဝရဖောက်ပြန်ပျက်စီးနေတတ်သည်။

ဤကမ္ဘာကြီးတွင်-

- လေထုသည် ယူဇနာ-၉၆၀၀၀၀ တည်ရှိပြီး အောက်ခြေကခံထားသည်။
- ရေထုသည် ယူဇနာ-၄၈၀၀၀၀ တည်ရှိပြီး အလယ်ကခံထားသည်။
- မြေထုသည် ၂-မျိုးရှိသည်-
  - သိလာ(ကျောက်မြေ)သည် ယူဇနာ-၁၂၀၀၀၀ရှိပြီး အောက်က ခံထားသည်။
  - ပံသု(ရွှံ့မြေ)သည် ယူဇနာ-၁၂၀၀၀၀ရှိပြီး အပေါ်ကနေ ဖုံးအုပ်ထားသည်။

သိပ္ပံအယူအဆ - ဤကမ္ဘာမြေကြီးသည် သစ်တော်သီး၊ လိမ္မော်သီးကဲ့သို့ လုံးဝိုင်းသော သဏ္ဌာန်ရှိသည်။ နေကိုလှည့်ပတ်လျက် အာသာသဒဲ့၍ တည်ရှိနေသည် ဟု ဆိုပါသည်။

ဗုဒ္ဓအယူအဆ - ဤကမ္ဘာမြေကြီးသည် ဓာတ်ကြီး ၄-ပါးဖြင့် ဖွဲ့စည်းထားသည်။ လေထု၊ ရေထု၊ မြေထု ရှိသည်။ ဗုဒ္ဓကမူ လုံးသည်၊ ပြားသည် ဟူ၍ မဟောခဲ့ပါ။ သိပ္ပံပညာအရ ရေ၊ လေ၊ မြေ တည်ရှိနေပုံသဘာဝတူညီမှုနှင့်ကန်နေသည်ကိုသာ တွေ့ရပါသည်။

အပါယ် ၄-ဘုံ

၁။ ငရဲဘုံ
၂။ တိရစ္ဆာန်ဘုံ
၃။ ပြိတ္တာဘုံ
၄။ အသုရကာယ်ဘုံ

ဆောင်--- ငရဲ၊ တိရစ်၊ ပြိတ်၊ အသူရစ်၊ ကင်းလစ်ချမ်းသာ၊ ပါယ်လေးဌာ။

၁။ ငရဲဘုံ

ငရဲ = နိရယ > နရက် > နရဲ > ငရဲ

နိ + အယ

လုံးဝကင်း + ချမ်းသာမှု

- ချမ်းသာမှုလုံးဝမရှိသောဘုံကို ငရဲ ဟု ခေါ်ပါသည်။

ဘုံတည်ရာ - ကမ္ဘာမြေထုအတွင်းမှာ မြေထု၏အပူရှိန်ကြောင့် အပူရှိန် ရင့်ကျက်အားပြင်း၍ မီးဖြစ်လျက်နေသော အရပ်ဒေသ၊ မီးကျီးခဲ၊ ပြာပူ၊ သတ္တုအရည်ပျော်နေသောအရပ်ဒေသများသည် မြေအတွင်း၌တည်ရှိသည်။ ထိုအရပ်ဒေသများကို ငရဲ ဟုခေါ်ပါသည်။
(တပေါဒါမြစ်၌ ရေပူဖြစ်ရခြင်းသည် လောဟကုမ္ဘိက ခေါ်သော သတ္တုကြေးအိုးကြီး၏တည်နေရာမှဖြတ်လာရ၍ ထိုမြစ်ရေများသည် ပူသည်ဟုဆိုပါသည်။)

ငရဲသို့ရောက်ရသူများ - စိတ်ယုတ်မာ၍ များစွာသောဒုစရိုက်မှုရှိသူများ၊ အမိသတ်၊ အဖသတ်စသော ပဉ္စာနန္တရိယကံကျူးလွန်သူများ၊ အသက်၊ ဂုဏ်ဝါကြီးသူများကို စော်ကားသူများသည် အများအားဖြင့် ငရဲသို့ရောက်ရသည်။

ငရဲကြီး ၈ ထပ်

၁။ **သဉ္ဇီဝ်းငရဲ** - **အဖန်ဖန်အသက်ရှင်၍ ပြန်ခံရခြင်း**

သက်တမ်း - အနှစ် ၅၀၀

(စတုမဟာရာဇိနတ်သက်-၅၀၀ သည် သဉ္ဇီဝ်းငရဲ ၁-ရက်)

- လူတို့နှစ်အရေအတွက် ၉ သန်း၊

အကျွာအဝေး - လူ့ပြည်နှင့်အနီးဆုံးဖြစ်သည်။ ယူဇနာ-၁၅၀၀၀ ကျွာဝေးသည်။

ငရဲကျခံရသူများ - တရားစောင့်သောရဟန်း၊ သူတော်ကောင်းများကို ပြစ်မှား စော်ကားသူများသည် ဤငရဲသို့ ကျခံရသည်။

၂။ **ကာဠသုတ်ငရဲ** - **မည်းနက်သောမျဉ်းကြောင်းဆွဲပြီး ပဲခွပ်စသည်ဖြင့် ခုတ်ခံရသော ငရဲ**

သက်တမ်း - အနှစ် ၁၀၀၀

- တာဝတိံသာနတ်တို့၏ နတ်သက် ၁၀၀၀ သည် ကာဠသုတ်ငရဲ၌ တစ်ရက်၊

ငရဲကျခံရသူများ - လူတို့၏နှစ်အရေအတွက်အားဖြင့် ၃-ကုဋေ ၆-သန်း၊

- ရဟန္တာသူတော်စင်များကို မရိုသေ၊ မလေးစား၊ လက်၊ တုတ်၊ လုံတံစသည်တို့ဖြင့် ညှဉ်းဆဲမှု၊ လောဘ၊ ဒေါသတို့ဖြင့် မိဘများကို ပုတ်ခတ်ညှဉ်းဆဲသူများ ကျခံရတတ်ပါသည်။

၃။ **သံဃာတငရဲ** - **အလျှံတပြောင်ပြောင်တောက်နေသောသံတုံးကြီးများဖြင့် ကြိတ်ခြေသတ်ဖြတ်ခံရခြင်း**

သက်တမ်း - အနှစ် ၂၀၀၀

- ယာမာနတ်တို့၏ သက်တမ်း ၂၀၀၀ သည် သံဃာတငရဲ၌ ၁-ရက်၊

ငရဲကျခံရသူများ - လူတို့၏နှစ်အရေအတွက် ၁၄-ကုဋေ ၄-သန်း၊

- သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း စသော မကောင်းမှုပြုသူများ ကျရောက်ခံစားရသည်။

၄။ **ရောရုဝငရဲ** - **မီးလောင်၍ ပြင်းစွာငိုကြွေးပြီးခံစားရခြင်း**

သက်တမ်း - အနှစ် ၄၀၀၀

- တုသိတာနတ်တို့၏ သက်တမ်း ၄၀၀၀ သည် ဤငရဲ၌ ၁-ရက်၊

- လူတို့၏နှစ်အရေအတွက် ၅၇-ကုဋေ ၆-သန်း ရှိသည်။

ငရဲကျခံရသူများ - မကောင်းမှုအကုသိုလ်များကို အလိုအလျောက်စိတ်နှောက်ကိုယ်ပါ စိတ်အားထက်သန်စွာပြုသူများ ကျရောက်ခံစားရသည်။

၅။ မဟာရောရုဝငရဲ - အလွန်ပြင်းစွာငိုကြွေးမြည်တမ်းခံစားရခြင်း

သက်တမ်း - အနှစ် ၈၀၀၀

- နိမ္မာနရတိနတ်တို့၏ သက်တမ်း ၈၀၀၀ သည် ဤငရဲ၌ ၁-ရက်၊
- လူတို့၏နှစ်အရေအတွက် ကုဋေ ၂၃၀၊ ၄-သန်းရှိသည်။

ငရဲကျခံရသူများ - သီလ၊ သမာဓိ၊ ပညာရှိကြသော ရဟန်းသံဃာတို့ကို ပြစ်မှားခြင်းရှိသောသူများ ကျရောက်ခံစားရသည်။

၆။ တာပနငရဲ - မီးလျှံသံတံကျင်ထိုး၍ ပြင်းစွာပူလောင်ခံစားရခြင်း

သက်တမ်း - အနှစ် ၁၆၀၀၀

- ပရနိမ္မိတနတ်တို့၏ သက်တမ်း ၁၆၀၀၀ သည် ဤငရဲ၌ ၁-ရက်၊
- လူတို့၏နှစ်အရေအတွက် ၉၂၁-ကုဋေ ၆-သန်းရှိသည်။

ငရဲကျခံရသူများ - လင်ယောကျ်ားကို မရိုသေ၊ မလေးမစား မထီမဲ့မြင်ပြုကြသောအိမ်ရှင်မိန်းမများ ကျရောက်ခံစားရသည်။

၇။ မဟာတာပနငရဲ - အလွန်ပြင်းစွာပူလောင်ခံစားရခြင်း

သက်တမ်း - အန္တရကပ်တစ်ဝက်

ငရဲကျခံရသူများ - အဂတိတရားလိုက်စားသူများ၊ လင်ယောကျ်ားအပေါ်၌ နှိုင်ထက်စီးနင်း ရက်စက်ကြမ်းကြုတ်စွာ ပြုကြသောမိန်းမများ ကျရောက်ခံစားရသည်။

၈။ မဟာအဝိဓိဇဉ်ရဲ့ - မီး၊ ဆင်းရဲ၊ သတ္တဝါ အကြားမရှိ မပြတ်တရစပ်ခံစားရခြင်း

သက်တမ်း - အနန္တရကပ်တစ်ကပ် သက်တမ်းရှိသည်။

ငရဲကျခံရသူများ - ပဉ္စာနန္တရိယကံကျူးလွန်သူများ *

ဆောင် --- သဉ်း၊ ကာ၊ သံ၊ ရော-မဟာရော၊
တာပေါမဟာ၊ ဝီစိမှာ၊
ရှစ်ဖြာငရဲ - လွန်ဆင်းရဲ။

ငရဲငယ်များ

ငရဲကြီး ၈ ထပ်တွင် တစ်ထပ်တစ်ထပ်၏ အရပ်လေးမျက်နှာတွင် ငရဲငယ် ၄ ခုစီ (သို့မဟုတ်) ၅-ခုစီ ခြံရံနေပါသည်-

ယင်းငရဲငယ် ၄-ထပ်၊ ၅-ထပ်မှာ-

(၁) ဘင်ပုပ်ငရဲ - မစင်ပုပ်တို့ဖြင့်ပြည့်နေသောငရဲ

- ငရဲမကြီးဘုံ၏ မီးလျှံဆုံရာအရပ်တွင် ပထမဦးစွာ တည်ရှိသည်။ ကမ္ဘာ့အိမ်သာကြီးဟုခေါ်သည်။
- ထိုငရဲရှိ ပိုးလောက်တို့က ငရဲသားတို့၏ အသား အရေ၊ အူ၊ အသည်း၊ ဦးနှောက်တို့ကိုထိုးဖောက်စားသောက်ခြင်းခံရသည်။
- ကံမကုန်မချင်း ပြန်ဖြစ်-ပြန်ခံစားကြရသည်။

(၂) ဖြာပူငရဲ - ဖြာပူတို့ဖြင့်ပြည့်နေသောငရဲ

- မီးတွင်းသို့ချခံရသော မုန်ညင်းစေ့၊ နှမ်းစေ့၊ အမဲခြောက်တို့ကဲ့သို့ ပေါက်ကွဲတွန့်လိမ်ဖျက်ဆီးခံရသည်။
- ကံမကုန်မချင်း ပြန်ဖြစ်-ပြန်ခံစားကြရသည်။

*** ပဉ္စာနန္တရိယကံ ၅ပါး**

၁။ အမိသတ်သူ ၂။ အဖသတ်သူ ၃။ ရဟန္တာသတ်သူ
၄။ ဘုရားကို သွေးစိမ်းတည်အောင်ပြုသူ ၅။ သံဃာကို သင်းခွဲသူ

(၃) **လက်ပံတောင၏ - လက်ပံပင်၌ ဓားသန်လျက်နှင့်တူသော အလွန်စူးရှသောဆူး များရှိသောင၏**

- ထိုသံစူးတို့သည် ငရဲသားများအပေါ် ဓားမိုး၊ လုံမိုးရွာချသကဲ့သို့ ကျရောက် ကုန်ပြီး အသားတုံး-သွေးတုံးဖြစ်ကာ ခံစားရသည်။ ခွေး၊ လင်းတို့က ထိုအသားတုံး-အသွေးတုံးများကို ကိုက်စားကြသည်။
- ကံမကုန်မချင်း ပြန်ဖြစ်-ပြန်ခံစားကြရသည်။

(၄) **သန်လျက်ငရဲ - သန်လျက်နှင့်တူသော အရွက်ရှိသော သစ်တောကြီးငရဲ**

- လက်ပံတောငရဲခံစားရသကဲ့သို့ ခံစားရသည်။
- ကံမကုန်မချင်း ပြန်ဖြစ်-ပြန်ခံစားကြရသည်။

(၅) **ကြိမ်ဝိုက်ချောင်းငရဲ- အလွန်စပ်ငန်သောကြေးနီပူရေရှိသောငရဲ**

- ထိုရေထဲတွင် အလွန်စူးရှသောသံစူး-သံရွက်တို့ဖြင့်ပြည့်သော ကြိမ်နွယ်များ ရှိသည်။
- ငရဲသားများကို ငရဲထိန်းတို့က ထိုအထဲသို့လောင်းချပြီး ထိုဆူးများပေါ် ကျသဖြင့် ပြင်းစွာဆင်းရဲခံစားရသည်။
- ကံမကုန်မချင်း ပြန်ဖြစ်-ပြန်ခံစားကြရသည်။

ငရဲကြီး ၁ ထပ်၏အရပ်လေးမျက်နှာ၌ ငရဲငယ် ၄-ခု ၅-ခုရှိသည်။

ငရဲ ၁-ထပ်ရှိ ငရဲငယ် = ၄ × ၄ = ၁၆ ခု ရှိသည်။

၄ × ၅ = ၂၀ ခြံရံသည် ဟု ဆိုသည်။

ငရဲကြီး ၈-ထပ် × ၁၆ = ၁၂၈ ငရဲငယ်ပေါင်းရှိသည်။

ငရဲကြီး ၈-ထပ် × ၂၀ = ၁၆၀ ငရဲငယ်ပေါင်းရှိသည်။

ဆောင် --- ဘင်, ပြာ, လက်, သံ, ကြိမ်ဝိုက်ခံ၊ ငါးတန်ပတ်လည်, ငရဲငယ်။

လောကန္တရိက်ငရဲ

ငရဲကြီး-ငရဲငယ်များအပြင် စကြဝဠာ ၃-ခုတို့၏ ဖိုခနောက်ဆိုင်ကြား၌ တည်ရှိသောငရဲကို လောကန္တရိက်ငရဲ ဟု ခေါ်ပါသည်။

စကြဝဠာကမ္ဘာမြေကြီးဝိုင်း ၃-ခု ၃-ခုစပ်၍ တည်နေသည်။ ယင်းတို့၏ အကြားအကြားဖြစ်သောအပေါက်ကြီးသည် အောက်သို့ ကမ္ဘာ့ရေတိုင်အောင် ထုတ်ချင်း ခတ်နက်သည်။ အထက်ကောင်းကင်ထိပေါက်သည်။

ယင်းကို ကမ္ဘာ့ချောက်ကြီးဟုခေါ်သည်။ ယူဇနာ ၈၀၀၀-ကျယ်သည်။

စကြဝဠာတောင်ကြီးများ ပိတ်ဆီးထားသဖြင့် အမြဲမှောင်အတိကျနေသည်။

ဘုရားလောင်းများ ပဋိသန္ဓေယူသောအခါ၊ ဖွားသောအခါ၊ ဘုရားဖြစ်သောအခါ တို့၌သာ လျှပ်လက်သကဲ့သို့ ခေတ္တခဏအလင်းရောင်ရသည်။

ကမ္ဘာ့မှောင်ကြီးထဲ၌ရှိရသည် အလွန်အေးမြသည်။ ယင်းကို ကမ္ဘာ့ရေချမ်းအိုးကြီး ဟုခေါ်သည်။ ကျရောက်ခံစားရသော ငရဲသားများ အေးပြီး သေစေသည်။

မိဘနှစ်ပါးကို မရိုမသေပြုသူ-ဆဲရေးသူများ၊ တရားဓမ္မကျင့်နေသော ရဟန်းတော်များ၊ သူတော်ကောင်းများကို ပြစ်မှားကျူးလွန်သူများ ဤငရဲသို့ ကျရောက်ခံစားကြရသည်။

၂။ တိရစ္ဆာန်ဘုံ

တိရ + အစ္ဆာန

ကန့်လန့် + သွားသည်၊ ရပ်သည်

- မိုးကိုကျောပေး၍ ကန့်လန့်သွားခြင်း၊ ရပ်ခြင်း၊ အိပ်ခြင်း၊ စားခြင်းပြုတတ်သော သတ္တဝါများ၊
- မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်နှင့် လူနတ်ဗြဟ္မာလောကချမ်းသာများကို ဆန့်ကျင် ကျောပေး၍ တရားအားဖြင့် စား၊ အိပ်၊ မေထုန် သုံးမျိုးသာကျင့်တတ်ပြီး ကန့်လန့်သွားသော သတ္တဝါ၊
- ရေနေကုန်းသတ္တဝါများအားလုံးကို တိရစ္ဆာန် ဟုခေါ်၍ ထိုသတ္တဝါများ နေထိုင်ရာ နေရာ၊ အရပ်ဒေသကို တိရစ္ဆာန်ဘုံဟု ခေါ်ပါသည်။

၃။ ပြိတ္တာဘုံ

ပေတ = ပြိတ္တာ

ပေတ = ကင်းကွာသော

ချမ်းသာသုခမှကင်းကွာသူ

- အဝတ်နှင့်လည်းကောင်း၊ အစာနှင့်လည်းကောင်း ကင်းကွာ၍ ဆင်းရဲသူများကို ပြိတ္တာဟုခေါ်ပါသည်။
- တော၊ တောင်၊ မြစ်၊ ချောင်းတို့၌ မှီတင်းနေကြသည်။
- တစ္ဆေ၊ မှင်စာ၊ ဘီလူး၊ သရဲများစွာရှိသည်။ နှစ်ပေါင်းများစွာ မစား၊ မသောက်ရ၊ အချို့မှာ လူတို့ကစွန့်ပစ်သော ထမင်းဟင်းကျန်များ၊ တံတွေးများ၊ သလိပ်၊ ချွဲ၊ မစင်များကို စားကြရသည်။
- အချို့ အရိုးစုသက်သက်၊ အချို့ အသားတစ်သက်သက်၊ တစ်ကိုယ်လုံးသို့ အပ်များ၊ လုံများ အစဉ်မပြတ် စူးဝင်ထိုးကျင့်ခံနေရသော ပြိတ္တာသတ္တဝါ အမျိုးမျိုးရှိသည်။
- ပြိတ္တာအမျိုးပေါင်း ၂၄-မျိုးရှိသည်။
  (လူတို့ကပေးသောအမျှကိုရသော ပြိတ္တာမှာ ဝေမာနိကပြိတ္တာတစ်မျိုးသာ ရှိသည်။)
- ထိုပြိတ္တာများနေရာ ဒေသကို ပြိတ္တာဘုံ ဟုခေါ်သည်။

၄။ အသုရကာယ်ဘုံ

အ + သုရ + ကာယ

မရှိ + ရဲရင့်ခြင်း + အုပ်စု

ရဲရင့်ခြင်းမရှိသောအုပ်စု

- အသုရကာယ်တို့သည် စည်းစိမ်ခံစားရာ၌ ရဲရင့်ခြင်းမရှိကြပေ။
- နတ်များကဲ့သို့အစိုးရခြင်း၊ ချမ်းသာခြင်းတို့နှင့်မပြည့်စုံသဖြင့် မြူးထူးတောက်ပခြင်း မရှိသော သတ္တဝါ၊

- အချို့သောအသုရကာယ်တို့သည် - နေ့တွင် သုခချမ်းသာကို ခံစားရ၍ ညတွင် ဒုက္ခဆင်းရဲကို ခံစားကြရသည်။
- အချို့သောအသုရကာယ်တို့သည် - ညတွင် သုခချမ်းသာကို ခံစားရ၍ နေ့တွင် ဒုက္ခဆင်းရဲကို ခံစားကြရသည်။
- အချို့မှာ - သုခချမ်းသာကို ၇-ရက်ခံစား၍ ဒုက္ခဆင်းရဲကို ၇-ရက်ခံစားရသည်။

- ဤသို့နေ့စံ-ညခံ၊ ညစံ-နေ့ခံ၊ ၇-ရက်ခံ-၇ရက်စံ၊ ၁၅-ရက်ခံ-၁၅ရက်စံ စသည်အားဖြင့် ဆင်းရဲဒုက္ခကို ခံစားရသောအချိန်များက ကြာဝင်နေသောကြောင့် စည်းစိမ်ခံစားရာ၌ စိတ်အေး လက်အေး ရဲရင့်ခြင်းမရှိသောသတ္တဝါအစုကို အသုရကာယ် ဟုခေါ်သည်။
- အများအားဖြင့် ကုသိုလ်နှင့်အကုသိုလ်ရောနှော ဆောင်ရွက်သောသူများသည် အကုသိုလ်လုပ်ငန်းက အားများလျှင် အသုရကာယ်ဘုံသို့ ရောက်နိုင်ပေသည်။
- အသုရာ ၃-မျိုး ရှိပါသည်-

၁။ နတ်အသုရာ = မြင်းမိုရ်တောင်ခြေ၌နေသော အဆင့်မြင့်နတ် အသုရာများ ဖြစ်သည်။ သိကြားမင်းနှင့်စစ်ခင်းသော သိကြားမင်း၏ ယောကျ်မ အသုရာနတ်မင်းကြီး၏ ဘုံဘဝဖြစ်သည်။ တာဝတိံသာနတ် မျိုးဝင် အသုရာများဖြစ်သည်။

၂။ ပြိတ္တာအသုရာ = ပြိတ္တာမျိုး၏အသုရာများဖြစ်သည်။
(ခန္ဓဝိဘင်း၌ ကာလကဉ္စိက ပြိတ္တာအသုရာများကို ပြပါသည်။)
- သမုဒ္ဒရာ မြစ်ကမ်းခြေ စသည်၌နေသည်။ အလွန်ငတ်မွတ်၏။
- မြစ်ထဲသို့ရေဆင်းသောက်က ရေများခန်းခြောက်ပြီး မီးခိုးသာထ၏။
- အမြဲဆာလောင်မွတ်သိပ်နေရသော ပြိတ္တာအသုရာမျိုးဖြစ်သည်။

၃။ ဝိနိပါတိကအသုရာ = ဘုမ္မစိုး၊ ရက္ခစိုးနတ်မင်းကြီးများကို မှီတွယ်ကပ်ရပ်နေရသော နတ်သေး၊ နတ်မွှားများနှင့် နေ့စံ-ညခံ ပြိတ္တာများဖြစ်ကြသည်။

(ဤတွင် ပြိတ္တာအသုရာကို ယူရပါမည်။)

- တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့သည် ဘုံသီးသန့်မရှိ၊ ယင်းတို့ ခန္ဓာတည်ရှိရာသည်ပင် ဘုံမည်ပါသည်။
(တော၊ တောင်၊ မြစ်၊ သမုဒ္ဒရာတို့သည် ယင်းတို့၏ဘုံမည်၏။)

ကာမသုဂတိ ၇-ဘုံ

ကာမ + သု + ဂတိ + ဘုံ
ကာမဂုဏ် + ကောင်းသော + လားရာ + နေရာ

- ကာမဂုဏ်ချမ်းသာဖြင့် ကောင်းစွာလားရောက်ရာဘုံများ ဖြစ်ကြသောကြောင့် ကာမသုဂတိဘုံ ဟုခေါ်သည်။
- ဤဘုံတွင် လူ + နတ် တို့ရကြပါသည်။
- အသုရကာယ်များ၊ နဂါးများသည် စည်းစိမ်အားဖြင့် လူတို့ထက်ပေါများကြသည်။ တင့်တယ်ကြသော်လည်း လောကီ-လောကုတ္တရာ ပညာတတ်လမ်းမရနိုင်သောကြောင့် မကောင်းသောလားခြင်းဖြင့် ရောက်ရာအရပ်တွင်သာ ဖြစ်ကြရသည်။ ကာမသုဂတိဘုံ ၇-ဘုံတွင် မဖြစ်ကြရပေ။

လူ့ဘုံ

- လူတို့၏နေရာအရပ်သည် လူ့ဘုံ၊
- ကုသိုလ်-အကုသိုလ်ကိုသိတတ်သောကြောင့် လူ၊
- မင်္ဂိုလ် နိဗ္ဗာန်ရနိုင်သော အခွင့်ထူး၊ ဂုဏ်ထူး၊
- ရဟန်းအဖြစ်၊ ရဟန္တာအဖြစ် ရနိုင်သောအခွင့်ထူး၊ ဂုဏ်ထူးတို့ဖြင့် ရဲရင့်ထက်မြက်သောစိတ်ရှိသော ပုဂ္ဂိုလ်ကို လူ ဟုခေါ်သည်။
- လူသည် မကောင်းမှုအရာ၌လည်း ပဉ္စာနန္တရိယကံထိုက်သော မိဘကို သတ်ရဲသည်။
- လူသည် ကောင်းမှုအရာ၌လည်း ဘုရားဖြစ်သည်အထိ အားထုတ်နိုင်သော ထက်မြက်သော စိတ်ဓာတ်ရှိပါသည်။

တစ်နည်း-ကမ္ဘာဦးအစ မနုအမည်ရှိသောမင်း၏ သားသမီးများဖြစ်သောကြောင့် မနုဿ (လူ)မည်၏။
(လုဒ္ဓတိ ပလုဒ္ဓတိတိ လောကော-ဖြစ်တတ်၊ ပျက်တတ်သောကြောင့် လောက ဟုခေါ်သည်။ ထိုလောကမှ လော-ဓ-ါ (ဩ) သရကို သဒ္ဒါနည်းအရ ။ (ဦ)ပြု၍ လူ-ဟုခေါ်သည်ဟု အချို့ပညာရှိတို့က ဆိုကြသည်။)
- လူ့ဘုံသည် တာဝတိံသာနတ်၊ ဥတ္တရကုရု(မြောက်ကျွန်း) တို့ထက် ရရင့်မှု၊
- ခိုင်မြဲသောသတိရှိမှု၊
- မြတ်သောအကျင့်ကိုကျင့်နိုင်မှု

ဟူသော အချက် ၃-ချက်သာသည်ဟု ဆိုပါသည်။

နတ်ဘုံ

၁။ စတုမဟာရာဇ်ဘုံ - စတု + မဟာ + ရာဇ
၄ + ကြီးသော-မြတ်သော + မင်း

- ကြီးမြတ်သော နတ်မင်းကြီးလေးပါးတို့ အုပ်ချုပ်သော အရပ်ဒေသ၊ နေရာ။
- စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ရှိသည်။

၁။ ဓတရဋ္ဌ - ဥရောင်တောက်ပသော အလယ်မြင်းမိုရ်တောင်အရှေ့ဘက် ၌ ဂန္ဓဗ္ဗနတ်များကို အုပ်ချုပ်သည်။
၂။ ဝိရူဠ္ဟက - မြရောင်တောက်ပသော မြင်းမိုရ်တောင်၏ တောင်ဘက် မျက်နှာ၌ ကုမ္ဘဏ်များကို အုပ်ချုပ်သည်။
၃။ ဝိရူပက္ခ - ပုလဲရောင်တောက်ပသော မြင်းမိုရ်တောင်၏ အနောက်ဘက် မျက်နှာ၌ နတ်၊ နဂါး၊ ဘုမ္မစိုး၊ ရက္ခစိုးတို့ကို အုပ်ချုပ်သည်။
၄။ ကုဝေရ - ရွှေရောင်တောက်ပသော မြောက်ဘက်မျက်နှာ၌ နတ်ဘီလူးများကို အုပ်ချုပ်သည်။
- လူတို့၏အနှစ် ၅၀ သည် -စတုမဟာရာဇ်၏ ၁-ရက်

ရက် ၃၀-သည် - ၁-လ။
- နတ်သက် - ၅၀၀ နှစ်
- လူတို့နှစ်အရေအတွက် - ၉၀၀၀၀၀၀ (၉-သန်း)

၂။ **တာဝတိံသာနတ်ဘုံ** - သိကြားမင်းအမှူးပြုသော ၃၃-ဦးသော နတ်မင်းတို့ အုပ်ချုပ်သောအရပ်ဒေသကို တာဝတိံသာနတ်ဘုံဟုခေါ်သည်။
- မြင်းမိုရ်တောင်ထိပ်တွင်ရှိသည်။
- လူတို့၏အနှစ် ၁၀၀ သည် - တာဝတိံသာတွင် ၁-ရက်
- ရက် ၃၀- သည် - ၁-လ၊
- နတ်သက် - ၁၀၀၀ နှစ်
- လူတို့နှစ်အရေအတွက် - ၃၆-သန်းရှိသည်။
- သက်တမ်းများသည် နတ်ပြည်တစ်ပြည်နှင့် တစ်ပြည် ၄-ဆ ကွာသည်။ (၉၀၀၀၀၀၀ × ၄ = ၃၆၀၀၀၀၀၀) တာဝတိံသာ၏ လူတို့၏နှစ်အရေအတွက် ဖြစ်သည်။
- တာဝတိံသာတွင် သိကြားမင်းအုပ်ချုပ်သည်။
- ပဇာပတိ၊ ဝရုဏ၊ ဣသာနတို့ဦးဆောင်သော နတ်စစ်သူကြီး ၃၃-ဦး ရှိသည်။
- ဝေဇယန္တာပြာသာဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမွှေလာကျောက်ဖျာ၊ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာရေကန်၊ သုဓမ္မာဇရုပ်၊ စူဠာမဏိစေတီတို့သည် တာဝတိံသာနတ်ပြည်၌ ထင်ရှားသောဘုံဗိမာန်အဆောက်အအုံများ ဖြစ်ကြသည်။

၃။ **ယာမာနတ်ဘုံ** - ပူပန်ပြင်းထန်သော ဆင်းရဲမရှိ၊ နတ်စည်းစိမ်ချမ်းသာကို ကောင်းစွာခံစားရသောဘုံ၊
- သုယာမနတ်မင်းက အုပ်ချုပ်သည်။
- သက်တမ်း - ၂၀၀၀
- လူတို့၏နှစ် ၂၀၀ သည် ယာမာနတ်ဘုံ၌ ၁-ရက်
- ရက် ၃၀ သည် ၁-လ၊
- လူတို့၏နှစ်အရေအတွက်-၁၄၄,၀၀၀,၀၀၀ (၁၄-ကုဋေ၊ ၄-သန်း)

၄။ တုသိတာနတ်ဘုံ - များစွာနှစ်သက်ရွှင်လန်းပျော်ရွှင်၍ ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကျက်သရေတို့နှင့် ပြည့်စုံသော နတ်ဘုံ၊ ဘုရားအလောင်းများနေရာဘုံဖြစ်သည်။

- သန္တုသိတနတ်မင်းက အုပ်ချုပ်သည်။
- သက်တမ်း - ၄၀၀၀
- လူတို့၏နှစ် ၄၀၀ သည် ၁-ရက်၊
- ရက် ၃၀ သည် ၁-လ၊
- လူတို့၏နှစ်အရေအတွက်-၅၇၆,၀၀၀,၀၀၀ (၅၇-ကုဋေ၊ ၆-သန်း)

၅။ နိမ္မာနရတိဘုံ = နိမ္မာန + ရတိ
တန်ခိုးဖန်ဆင်းခြင်း + ပျော်ပါးမွေ့လျော်သည်

- တန်ခိုးဖန်ဆင်းခြင်းဖြင့် ပျော်ပါးမွေ့လျော်သော နတ်တို့၏နေထိုင်ရာအရပ်ဒေသ၊ ဘုံ။
- ဤဘုံမှနတ်များသည် ကမ္မဇိဒ္ဓိအရင်းခံဖြင့် တန်ခိုးဖန်ဆင်း၍ မွေ့လျော်ပျော်ပါးနေကြသည်။
- ဤဘုံကို သုနိမ္မိတနတ်မင်းက အုပ်ချုပ်သည်။
- သက်တမ်း - ၈၀၀၀
- လူတို့၏နှစ် ၈၀၀ သည် ၁-ရက်၊
- ရက် ၃၀ သည် ၁-လ၊
- လူတို့၏နှစ်အရေအတွက်-၂၃၀၄,၀၀၀,၀၀၀ (၂၃၀-ကုဋေ၊ ၄-သန်း)

၆။ ပရနိမ္မိတဝသဝတ္တီဘုံ = ပရ + နိမ္မိတ + ဝသဝတ္တီ
သူတစ်ပါး + ဖန်ဆင်းခြင်း + အလိုသို့လိုက်နေခြင်း

- သူတစ်ပါးဖန်ဆင်းထားသည့်အတိုင်း အလိုသို့လိုက်နေ၍ နေသော နတ်တို့နေထိုင်ရာဘုံ။
- ဤဘုံတွင် မာရ်နတ်မင်းနေသည်။

- သက်တမ်း - ၁၆၀၀၀၊
- လူတို့၏နှစ် ၁၆၀၀ သည် ၁-ရက်၊
- ရက် ၃၀ သည် ၁-လ၊
- လူတို့၏နှစ်အရေအတွက်-၉၂၁၆,၀၀၀,၀၀၀ (၉၂၁-ကုဋေ၊ ၆-သန်း)
- နတ်တို့၏တစ်ဘုံနှင့်တစ်ဘုံသည် ယူဇနာ ၄၂၀၀၀ ကွာဝေးသည်။

ဆောင်--- စ, တာ, ယာ, သီ၊ နိမ်, ဝတ္တီ၊ ခြောက်ပြည်နတ်ရွာ, မနုဿာ။

ကာမ ၁၁-ဘုံ

အပါယ်	- ၄-ဘုံ
ကာမသုဂတိ	- ၇-ဘုံ
စုစုပေါင်း	- ၁၁-ဘုံ

- အပါယ် ၄-ဘုံကို ကာမဒုဂ္ဂတိ ၄-ဘုံ ဟုခေါ်သည်။ ကာမဒုဂ္ဂတိဘုံသည် ကာမဂုဏ်ကို အသုံးပြုသူများတွင် မကောင်းသောလားခြင်းဖြင့် ရောက်ရှိသောသူတို့၏နေရာဖြစ်သည်။
- ကာမသုဂတိဘုံသည် ကာမဂုဏ်ကို အသုံးပြုသူများတွင် ကောင်းသောလားခြင်းဖြင့် ရောက်ရှိသောသူတို့၏ နေရာဖြစ်သည်။
- ကာမ ၁၁-ဘုံသည်ကား အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမဂုဏ်ငါးပါးကို အသုံးပြုခံစားသူတို့နေရာ ဖြစ်သည်။

ဗြဟ္မာဘုံ ၂၀

ဗြဟ္မာ - ဗြဟ္မာများသည် ကာမဂုဏ်ကို အသုံးပြုခံစားခြင်းမရှိ၊ အလွန်မွန်မြတ်သော စျာန်တို့ဖြင့် စင်ကြယ်စွာကြီးပွားကြသောပုဂ္ဂိုလ်များကို ဗြဟ္မာ ဟုခေါ်သည်။
- စျာန်တရားကိုသာ အသုံးပြုခံစားကြသည်။
- ကာမဂုဏ်အာရုံခံစားမှုမရှိ၊ ဃာန၊ ဇိဝှါ၊ ကာယပသာဒများမရှိ၊ ဘုရားဖူးရန်၊ တရားနာရန်အတွက် စက္ခု၊ သောတပသာဒများသာရှိသည်။

- ကာမဘုံသားများသည် ကာမဂုဏ်ဝတ္ထုများလေလေ သူ့ဌေးဘွဲ့ရပြီး ကြီးပွား လေလေ ဖြစ်သကဲ့သို့ ဗြဟ္မာတို့သည် ကာမဂုဏ်မဲ့လေလေ ပထမစျာန်စသော စျာန်များကြွယ်ဝလေလေ၊ ဗြဟ္မာအဆင့်အတန်း ကွာခြားလေလေ ဖြစ်ကြရသည်။

ဗြဟ္မာ၏ကိုယ် = ခန္ဓာကိုယ်အလွန်နူးညံ့သိမ်မွေ့သည်။ အထက်ဗြဟ္မာ၏ကိုယ်ကို အောက်ဗြဟ္မာများ မမြင်ရ၊ ဖန်ဆင်းပြမှ မြင်ရသည်။

ဗြဟ္မာ၏စည်းစိမ် = အသညသတ်ဗြဟ္မာမှ တစ်ပါး ကျန် ၁၅-ဘုံသည် နတ်ပြည်ထက် ခမ်းနားကြီးကျယ်သည်။ ဥယျာဉ်ဗိမာန်၊ ပဒေသာပင်ရှိသည်။ ထိုအရာများ၌ ပျော်ရွှင်စွာနေရသည်။

- သို့သော် ကာမဂုဏ်စက်ဆုပ်ကြသူများဖြစ်ကြ၍ ကာမဂုဏ်ချမ်းသာမရှိ၊ မိန်းမမရှိ၊ ယောကျ်ားသဏ္ဌာန်သာ ရှိသည်။
- မေတ္တာစသော ဗြဟ္မစိုရ်တရားနှင့်နေကြသည်။ စျာန်ပီတိကိုသာ စားကြသည်။
- ပုထုဇဉ်ဗြဟ္မာများက လောကီစျာန်သမာပတ်ဝင်စားနေနိုင်သည်။
- အရိယာဗြဟ္မာများက ဖလသမာပတ်ဝင်စားနေနိုင်သည်။

အသညသတ်ဗြဟ္မာ = လူ့ပြည်မှာထိုင်၍သေလျှင် ထိုင်လျက်ပုံစံအတိုင်းဖြစ်သည်။

- လဲလျောင်းသေလျှင် လဲလျောင်းပုံစံအတိုင်းဖြစ်သည်။
- နာမ်တရားမရှိ၊ တရားမနာနိုင်။
- ရုပ်ပြစ်ရုစ်ပါးထဲ ပါဝင်နေပါသည်။

ရူပဗြဟ္မာ ၁၅-ဘုံ = ရူပဗြဟ္မာ ၁၅-ဘုံကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထဆင့်ဖြင့် ခွဲခြားထားပါသည်။

- ခန္ဓာကိုယ်အစိတ်အပိုင်း အပြည့်အစုံပါသော်လည်း အနှံ့၊ အရသာ၊ အတွေ့အထိတို့ကိုသိနိုင်သော ဆိုင်ရာပသာဒမရှိသဖြင့် အနှံ့၊ အရသာ၊ အတွေ့အထိတို့ကိုမသိ။
- ဘုရားရှင်ကိုဖူးရန်၊ တရားနာရန်အတွက် စက္ခု၊ သောတပသာဒ ပါရှိသည်။

ဗြဟ္မာပြည်ရောက်နိုင်သောအကျင့်

- ယောဂီပုဂ္ဂိုလ်သည် သမထဘာဝနာကို ကြိုးစားအားထုတ်သဖြင့် ကိလေသာ၊ နိဝရဏတရားများ အနယ်ထိုင်ပြီး သမာဓိရလာသည်။
- ထို့နောက် ဝိတက်စသော စျာန်အင်္ဂါ ၅-ပါးကို အားထုတ်ရာ ပထမစျာန်ရသည်။
- ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော စျာန်နှင့်ယှဉ်ဘက်တရားတို့တွင် တစ်ပါးပါးက အကြီးအကဲဖြစ်ရသည်။
- အဓိပတိဖြစ်ထိုက်သောတရား ညံ့နေ-လျော့နေပါက ပရိတ္တစျာန်ဟု ခေါ်သည်။
- အလတ်စားဖြစ်က မဇ္ဈိမစျာန် ဟုခေါ်သည်။
- ထက်မြက်လျင်ကား ပဏီတစျာန် ဟုခေါ်သည်။

ပထမစျာန် ၃-ဘုံ

၁။ ဗြဟ္မပါရိသဗြဟ္မာ - မဟာဗြဟ္မာမင်းကြီး၏ ပရိသတ်ဖြစ်သော လက်ပါးစေ အလုပ်အကျွေးဖြစ်သောဗြဟ္မာတို့ နေထိုင်ရာဘုံဖြစ်သည်။

ရောက်သူ - အညံ့စားစျာန်ရသူများ ရောက်သည်။

သက်တမ်း - အန္တရကပ် ၂၁-ကပ် ရှိသည်။
(အသင်္ချေယျတစ်ခုမှာ အန္တရကပ် ၆၄-ရှိသည်။
အသင်္ချေယျ၏ သုံးပုံတစ်ပုံ အသက်ရှည်သည်။)

၂။ ဗြဟ္မပုရောဟိတာ - ဗြဟ္မာမင်းတို့၏ အတိုင်ပင်ခံ ပုရောဟိတ်အရာ၌ တည်သော ဗြဟ္မာတို့ နေထိုင်ရာဘုံ ဖြစ်သည်။

ရောက်သူ - အလတ်စားမဇ္ဈိမစျာန်ရသူများ ရောက်သည်။

သက်တမ်း - အန္တရကပ် ၃၂-ကပ် ရှိသည်။
(အသင်္ချေယျကပ်၏ နှစ်ပုံတစ်ပုံ)

၃။ မဟာဗြဟ္မာ - ကြီးသော၊ မြတ်သောဗြဟ္မာတို့ နေထိုင်ရာဘုံ ဖြစ်သည်။
- မဟာဗြဟ္မာ ၃-မျိုး ရှိသည်-

(၁) သဟဿဇြဟ္မာ
- စကြဝဠာ ၁၀၀၀-ကို အစိုးရသည်။
(၂) ဒွိသဟဿဇြဟ္မာ
- စကြဝဠာ ၂၀၀၀-ကို အစိုးရသည်။
(၃) တိသဟဿဇြဟ္မာ
- စကြဝဠာ ၃၀၀၀-ကို အစိုးရသည်။

- မဟာဇြဟ္မာသည် တန်ခိုးကြီးလှသဖြင့် မိမိကိုယ်ကို သတ္တဝါတွေကို ဖန်ဆင်းရှင်၊ အခြားဇြဟ္မာတွေကို ဖန်ဆင်းပေးရသူဟု ထင်မှတ်နေသည်။

ရောက်သူ - ထက်မြက်သော ပဏ်ဍိတစျာန်ရသူများ ရောက်သည်။
သက်တမ်း - အန္တရကပ် ၆၄-ကပ် ရှိသည်။
(အသင်္ချေယျတစ်ကပ်)

- ဤဇြဟ္မာ ၃-ဦးသည် မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော တစ်ပြင်တည်းသောဘုံအဖြစ်တည်သည်။
- ယင်း ၃-ဘုံကို ပထမစျာန် ၃-ဘုံ ဟု ခေါ်သည်။
(ဤ ၃-ဘုံသည် ကမ္ဘာကို မီး၊ ရေ၊ လေ ဖျက်လေတိုင်း ပါဝင်နေသည့်အတွက် မဟာကပ်တစ်ကပ်အထိ အသက်မရှည်ကြပါ။)

ဆောင်---ပါရိ, ပုရော, မဟာနော၊ ပထမောပါ, ဇြဟ္မာရှာ။

ဒုတိယစျာန် ၃-ဘုံ

၁။ **ပရိတ္တာဘာဘုံ** - ကိုယ်ရောင်ကိုယ်ဝါသေးငယ်သော ဇြဟ္မာတို့နေထိုင်ရာဘုံဖြစ်သည်။
ရောက်သူ - ဒုတိယစျာန်၊ တတိယစျာန် အညံ့စား (ပရိတ္တဖွားသူ)များ ရောက်ရှိသည်။
သက်တမ်း - မဟာကပ် ၂-ကပ် ရှိသည်။

၂။ **အပ္ပမာဏာဘာဘုံ**-အတိုင်းအရှည်မသိသော ကိုယ်ရောင်ကိုယ်ဝါရှိသော ဗြဟ္မာတို့ နေထိုင်ရာဘုံ ဖြစ်သည်။

ရောက်သူ -ဒုတိယစျာန်၊ တတိယစျာန် မဂ္ဂင်မဖြစ်သူများ ရောက်သည်။

သက်တမ်း -မဟာကပ် ၄-ကပ် ရှိသည်။

၃။ **အာဘဿရာဘုံ** -တိမ်တိုက်မှ လျှပ်စစ်များ ကွန့်မြူးနေသလို ကိုယ်ရောင်ကိုယ်ဝါများ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသော ဗြဟ္မာတို့ နေထိုင်ရာဘုံဖြစ်သည်။

(ဗြဟ္မာတို့သည် မိမိတို့၏စျာန်ဖြင့် လွန်စွာပျော်မွေ့ပီတိတွေ့လျက်ရှိပြီး ထိုပီတိပြည့်လျှမ်းသော စျာန်အစွမ်းကြောင့် ဖြစ်သော စိတ္တဇရုပ်အပေါင်းဖြင့် တစ်ကိုယ်လုံး ဖုံးလွှမ်းလျက်ရှိပါသည်။)

ရောက်သူ -ဒုတိယစျာန်၊ တတိယစျာန်ကို ပဏီတအဖြစ်ပွားသူတို့ ရောက်ရှိသည်။

သက်တမ်း -မဟာကပ် ၈-ကပ် ရှိသည်။

-ထို ၃-ဘုံသည် တစ်တန်းတည်း တည်ရှိသည်။

ဆောင်---ပရိတ္တာဘာ၊ အပ္ပမာဏာ၊ အာဘာသ်၊ ဒုတိယာ၊ ဗြဟ္မာရွာ။

တတိယစျာန် ၃-ဘုံ

၁။ **ပရိတ္တာသုဘာဘုံ** -မလှုပ်မယှက် တစ်ခဲနက်တောက်ပတင့်တယ်သော ကိုယ်ရောင်ရှိသော ဗြဟ္မာတို့နေထိုင်ရာဘုံဖြစ်သည်။

(အထက်နှစ်ဘုံလောက်ကား မတောက်ပ)

ရောက်သူ -စတုတ္ထစျာန်ကို ပရိတ္တာအနေဖြင့်ပွားသူများ ရောက်ရှိသည်။

သက်တမ်း -မဟာကပ် ၁၆-ကပ် ရှိသည်။

၂။ **အပ္ပမာဏာသုဘာဘုံ** - အတိုင်းအရှည်မသိသော အလွန်တင့်တယ်၍ မလှုပ်မယှက် တစ်ခဲနက်တောက်ပတင့်တယ်သော ကိုယ်ရောင်ရှိသော ဗြဟ္မာတို့ နေထိုင်ရာဘုံဖြစ်သည်။

ရောက်သူ - စတုတ္ထစျာန်ကို မစ္ဆိမအဖြစ်ပွားသူများ ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၃၂-ကပ်ရှိသည်။

၃။ **သုဘကိဏ္ဍာဘုံ** - မလှုပ်မယှက် တစ်ခဲနက်တောက်ပတင့်တယ်သော ကိုယ်ရောင်တို့ဖြင့် ရောပြွမ်းနေသော ဗြဟ္မာတို့၏ နေထိုင်ရာဘုံဖြစ်သည်။

ရောက်သူ - စတုတ္ထစျာန်ကို ပဏီတအဖြစ် ပွားသူများ ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၆၄-ကပ် ရှိသည်။

- ကမ္ဘာကို မီး၊ ရေ ဖျက်သောအခါ မပါဝင်၍ ၆၄-ကပ်တိုင်အောင်ပင် အသက်ရှည်ပါသည်။
- ထိုတတိယစျာန် ၃-ဘုံသည် တစ်တန်းတည်း တည်ရှိပါသည်။

ဆောင်---ပရိတ်၊ အပ္ပဏာ၊ သုဘကိဏ္ဏ၊ သုဘာသုံးဖြာ၊ တတိယဗြဟ္မာရွာ။
သုံးဘုံစီတွဲ၊ တည်ထဲ၊ တည်မြဲမှတ်သိပါ။

စတုတ္ထစျာန် ၇-ဘုံ

၁။ **ဝေဟပ္ဖလဘုံ** - စျာန်အာနုဘော်ဖြင့် ကြီးကျယ်ပြန့်ပြောသော အကျိုးရှိသော ဗြဟ္မာတို့ နေထိုင်ရာဘုံဖြစ်သည်။

ရောက်သူ - ပဉ္စမစျာန်ရသူများ ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၅၀၀ ရှိသည်။

၂။ အဃညသတ်ဘုံ - နာမ်ခန္ဓာမရှိ၊ ရုပ်ခန္ဓာသည် ရွှေတုံးရွှေခဲကြီးကဲ့သို့ မလှုပ်မယှက်တည်နေသော ဗြဟ္မာတို့၏နေရာဘုံ၊
- သညာဌ် စက်ဆုပ်ရွံရှာသော ဘာဝနာ၏အစွမ်းဖြင့် သညာစေတသိက်နှင့်တကွ စိတ်-စေတသိက် အားလုံးမရှိသောကြောင့် ရုပ်ချည်းသက်သက်ဖြစ်၍ သတ္တဝါမှ ဟုတ်ပါရဲ့လားဟု ထင်ရလောက်အောင် အလွန်ငြိမ်သက်သည့် ဗြဟ္မာတို့၏နေရာဘုံ၊

ရောက်သူ - ဝါယောကသိုဏ်းဌ် သညာမရှိသောဘာဝနာကိုပွားပြီး ပဉ္စမစျာန်ရသူများ ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၅၀၀ ရှိသည်။
- ထို ၂-ဘုံသည်လည်း တစ်တန်းတည်း တည်ရှိပါသည်။

သုဒ္ဓါဝါသ ၅-ဘုံ
(စင်ကြယ်စသာသူတို့၏နေရာဘုံ)

၁။ အဝိဟာဘုံ - အ + ဝိဟာ
စွန့်ရက်စရာမရှိ + နေခြင်း
- မိမိတို့ ဘုံဌာနနှင့် စည်းစိမ်ကို ခေတ္တာခဏာပင် မစွန့်လွှတ်ဘဲ ကမ္မာပေါင်းများစွာတည်နေသော ဗြဟ္မာတို့၏ နေရာဘုံဖြစ်သည်။

ရောက်သူ - သဒ္ဓါနှေးလွန်းကဲသော အနာဂါမ်ပုဂ္ဂိုလ်တို့ ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၁၀၀၀ ရှိသည်။

၂။ အတပ္ပါဘုံ - အ + တပ္ပ
မ + ပူပန်ခြင်း
- ပူပန်ခြင်းမရှိသော ဗြဟ္မာတို့၏နေရာဘုံ၊

ရောက်သူ - ဝီရိယိန္ဒြေလွန်ကဲသောအနာဂါမ်ပုဂ္ဂိုလ်တို့ ရောက်ရှိသည်။
သက်တမ်း - မဟာကပ် ၂၀၀၀ ရှိသည်။

၃။ သုဒဿာဘုံ - သု + ဒဿာ
ကောင်းစွာ + မြင်ခြင်းရှိသော
- လွန်စွာစင်ကြယ်သော ပဿာဒစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခုနှင့် ပြည့်စုံ၍ အလွန်ကောင်းမွန်စွာမြင်နိုင်စွမ်းရှိသော ဗြဟ္မာတို့၏ နေရာဘုံ၊
ရောက်သူ - သတိန္ဒြေရင့်ကျက်လွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များ ရောက်ရှိသည်။
သက်တမ်း - မဟာကပ် ၄၀၀၀ ရှိသည်။

၄။ သုဒဿီဘုံ - သု + ဒဿီ
ကောင်းစွာ + မြင်လေ့ရှိသူ
- ပညာမျက်စိနှင့်ဖြစ်စေ၊ သာမန်မျက်စိနှင့်ဖြစ်စေ အကောင်းဘက်ကိုသာကြည့်လေ့ရှိသော ဗြဟ္မာတို့၏ နေရာဘုံ၊
- ထိုဗြဟ္မာများသည် ကောင်းသောအမြင်ချည်းကိုသာ ကြည့်လို မြင်လိုကြသည်။
ရောက်သူ - သမာဓိန္ဒြေရင့်ကျက်လွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များရောက်ရှိသည်။
သက်တမ်း - မဟာကပ် ၈၀၀၀ ရှိသည်။

၅။ အကနိဋ္ဌာဘုံ - အ + ကနိဋ္ဌ
မ + ငယ်သော
- ငယ်သူမရှိ၊ ကြီးမြတ်သောရဟန္တာဖြစ်တော့မည့် အနာဂါမ် ပုဂ္ဂိုလ်မြတ်များ ရောက်ရာဘုံ၊
- ဤဘုံသို့ရောက်ရှိလာသော အနာဂါမ်ပုဂ္ဂိုလ်သည် ဤဘုံ၌ရဟန္တာအဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန်စံဝင်ရပေတော့မည်။

ရောက်သူ - ပညိန္ဒြေရင့်ကျက်လွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များရောက်ရှိသည်။
သက်တမ်း - မဟာကပ် ၁၆၀၀၀ ရှိသည်။
- ဤဘုံများသည် မီး၊ ရေ၊ လေ၊ ကမ္ဘာဖျက်ရာတွင်မပါ၍ သက်တမ်းဆုတ်ယုတ်မှုမရှိပါချေ။
- ဤဗြဟ္မာဘုံတို့၏ တစ်ဘုံနှင့်တစ်ဘုံ အကွာအဝေးသည် ယူဇနာ ၅၅၀၈၀၀၀ ကွာဝေးပါသည်။

ဆောင်--- အဝိ၊ အတပ်၊ သုဒဿ- သီ၊ အကနိ၊ ငါးလီသုဒ္ဓဝါ။
ဝေ၊ သဉ်နှစ်ပါး၊ သုဒ္ဓငါး၊ မှတ်သားစတုတ္ထာ။

အရူပ ၄-ဘုံ

- ရုပ်ခန္ဓာမရှိ၊ နာမ်သာရှိသည်။
- လူ့ပြည်ဝယ် ရုပ်တရားကို အပြစ်မြင်ပြီး နာမ်ကိုဦးစားပေး၍ အရူပကုသိုလ်ကို ပွားများအားထုတ်သူများသည် အရူပစျာန်အဆင့်ဆင့်ကိုရပြီး အရူပဘုံအသီးသီးသို့ ရောက်ကြရသည်။
- အရူပဘုံ ဟုဆိုသော်လည်း ဘုံမဟုတ်ပါ။ နာမ်ခန္ဓာအစဉ်ဖြစ်ပြီး ထိုပုဂ္ဂိုလ်၏ အလိုအတိုင်းသာ တည်ရှိပါသည်။

၁။ အာကာသာနဉ္စာယတနဘုံ - အာကာသာနဉ္စာယတနစျာန်ကိုရသူတို့ သွားရောက်နေထိုင်ရာဘုံ၊

အာကာသ = အာကာသကသိုဏ်းမှခွာ၍ ရသောကောင်းကင်ပညတ်၊
အာနဉ္စ = မတုန်မလှုပ်
အာယတန = အာရုံပြု

ရောက်သူ - ကသိုဏ်းမှခွာ၍ရသော ကောင်းကင်ကို မတုန်မလှုပ် အာရုံပြုနေသော ပထမအရူပစျာန်ဟုခေါ်သော အာကာသာနဉ္စာယတနစျာန်ကိုရသောသူတို့ ရောက်ရှိသည်။
သက်တမ်း - မဟာကပ် ၂-သောင်း ရှိသည်။

၂။ **ဝိညာဏဆ္ဆာယတနဘုံ** - ဝိညာဏဆ္ဆာယတနစ္စာန်ကိုရသူတို့ သွားရောက်နေထိုင်ရာဘုံ၊

ဝိညာဏ = ဝိညာဉ်စိတ်၊ ပထမအရူပဝိညာဉ်
အာနဉ္စ = မတုန်မလှုပ်
အာယတန = အာရုံပြု

ရောက်သူ - ပထမအရူပဝိညာဉ်ကို မတုန်မလှုပ် အာရုံပြုနေသော ဒုတိယအရူပစ္စာန်စိတ်ဖြစ်သည့် ဝိညာဏဆ္ဆာယတနစ္စာန်ကိုရသော သူတို့ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၄-သောင်း ရှိသည်။

၃။ **အာကိဉ္စညာယတနဘုံ** - အာကိဉ္စညာယတနစ္စာန်ကိုရသူတို့ သွားရောက်နေထိုင်ရာဘုံ၊

အ = မ
ကိဉ္စ = စိုးစဉ်း (အနည်းငယ်)
အာယတန = အာရုံပြု

ရောက်သူ - အနည်းငယ်မျှမရှိသည်ကို အာရုံပြုသောစ္စာန်၊ ပထမအရူပဝိညာဉ်စိတ်၏ စိုးစဉ်းမျှမရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြုသောစ္စာန်၊ တတိယအရူပစ္စာန်စိတ် ဖြစ်သည်။ ထိုစ္စာန်ရပုဂ္ဂိုလ်များ ရောက်ရှိပါသည်။

သက်တမ်း - မဟာကပ် ၆-သောင်း ရှိသည်။

၄။ **နေဝသညာနာသညာယတနဘုံ** - နေဝသညာနာသညာယတနစ္စာန်ကိုရသူကို သွားရောက်နေထိုင်ရာဘုံ၊

နေဝ = မ
သညာ = သညာ၊ စိတ်
နာ = မ
အ = မ

သညာ = သညာ၊ စိတ်
အာယတန = အာရုံပြု

ရောက်သူ - စိတ်မဟုတ်၊ စိတ်မဟုတ်သည်လည်း မဟုတ်ဟု ဆိုလောက်သော အလွန်သိမ်မွေ့သည့် တတိယအရူပစျာန်စိတ်ကို အာရုံပြုသော စတုတ္ထအရူပစျာန်ဟုခေါ်သည့် နေဝသညာနာသညာယတနစျာန်ကို ရသူတို့ ရောက်ရှိသည်။

သက်တမ်း - မဟာကပ် ၈၄၀၀၀ သက်တမ်းရှိသည်။

ဤအရူပဘုံတို့သည် - အထက်၊ အောက်အဆင့်လိုက်တည်ရှိသည်။
- အထွတ်အဖျားဘုံများဖြစ်၍ ဘဝဂ်ဘုံ ဟူ၍ခေါ်သည်။
- လူ့ပြည်မှ အမြင့်ဆုံးဘဝဂ် (နေဝသညာနာသညာယတနဘုံ)သို့ ယူဇနာပေါင်း ၇၁၅၄၀၀၀ ကွာဝေးပါသည်။

ဆောင်---အာ, ဝိဉ်, ကိဉ်, နော်၊ ဆင့်ဆင့်နော်၊ လေးထွေအရူပါ။

ဘုံ ၃၁-မျိုးနှင့်တည်ရာ

	၃၁-ဘုံ	ဘုံအမျိုးအစားများ	တည်ရာဌာန
၁	ကာမ ၁၁ ဘုံ	<u>အပါယ်လေးဘုံ</u>	
		၁။ ငရဲ	ဘုံသီးခြားရှိ
		၂။ တိရစ္ဆာန်	ဘုံသီးခြားမရှိ
		၃။ ပြိတ္တာ	ခန္ဓာဖြစ်ရာသည်ဘုံ၊
		၄။ အသုရကာယ်	ကမ္ဘာမြေပြင်၌တည်ရှိ၊
		<u>ကာမသုဂတိ ၇ ဘုံ</u>	
		၅။ လူ	ကျွန်း ၄ ကျွန်း (မြင်းမိုရ်တောင်၏လေးမျက်နှာ)
		၆။ စတုမဟာရာဇ်	ယူဇနာ ၄၂၀၀၀မြင့်သော ယုဂန္ဓိရ်တောင်ထိပ်မှ မြေပြင်အထိ ပျံ့နှံ့တည်။
		၇။ တာဝတိံသာ	ယူဇနာ ၈၄၀၀၀မြင့်သော မြင်းမိုရ်တောင်ထိပ်မှ စကြဝဠာတံတိုင်းအထိ ပျံ့နှံ့တည်
		၈။ ယာမာ	ယူဇနာ ၄၂၀၀၀ စီ အဆင့်ဆင့် မြင့်တက်သည်။
		၉။ တုသိတာ	
		၁၀။ နိမ္မာနရတိ	
		၁၁။ ပရနိမ္မိတဝသဝတ္တိ	
၂	ရူပ ၁၆ ဘုံ	ပထမစျာန် ၃ဘုံ	
		ဒုတိယစျာန် ၃ ဘုံ	
		တတိယစျာန် ၃ ဘုံ	ဘုံတစ်ဆင့်လျှင် ယူဇနာ ၅၁၀၈၀၀၀ စီ မြင့်တက် ကွာဝေးသည်
		စတုတ္ထစျာန် ၇ ဘုံ	
		ဝေဟပ္ဖိုလ် ၁	
		အသညသတ် ၁	
		သုဒ္ဓါဝါသ ၅	
၃	အရူပ ၄ ဘုံ	အာကာသာနဉ္စာ	အကန့်ဘုံအထက်၌ ယူဇနာ ၅၁၀၈၀၀၀ စီ အဆင့်ဆင့် မြင့်တက်သည်။
		ဝိညာဏဉ္စာ	
		အာကိဉ္စညာ	
		နေဝသညာနာသညာ	

၃၁-ဘုံရှိ သတ္တဝါတို့၏ သက်တမ်း

	ဘုံ	သက်တမ်း
၁	ငရဲ၊ တိရစ္ဆာန် ပြိတ္တာ၊ အသုရကာယ်	သက်တမ်းမမြဲကြ၊ မိမိတို့ကံသာလျှင် သက်တမ်းရှိ
၂	ဇမ္ဗူဒီပ တောင်ကျွန်း သားလူ အရှေ့ကျွန်းသား အနောက်ကျွန်းသား မြောက်ကျွန်းသား	သက်တမ်းမမြဲကြ၊ အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်း၊၁၀-နှစ်တမ်းမှအသင်္ချေယျတမ်း၊ တက်ချည်-ဆုတ်ချည် သက်တမ်းရှိသည်။ ၇၀၀ ၅၀၀ ၁၀၀၀
၃	စတုမဟာရာဇ်အောက်နတ်၊ ရက္ခစိုး၊ အာကာသစိုး၊ ဘုမ္မစိုး၊ ဖုတ်၊ မှင်စာ၊ တစ္ဆေ၊ သရဲ၊ အစိမ်း စသော ဘုမဿိတနတ်များ	သက်တမ်းမမြဲပါ
၄	အထက် စတုမဟာရာဇ်	၅၀၀ = လူတို့နှစ် ၉,၀၀၀,၀၀၀
၅	တာဝတိံသာ	၁၀၀၀ = လူတို့နှစ် ၃၆,၀၀၀,၀၀၀
၆	ယာမာ	၂၀၀၀ = လူတို့နှစ် ၁၄၄,၀၀၀,၀၀၀
၇	တုသိတာ	၄၀၀၀ = လူတို့နှစ် ၅၇၆,၀၀၀,၀၀၀
၈	နိမ္မာနရတိ	၈၀၀၀ = လူတို့နှစ် ၂,၃၀၄,၀၀၀,၀၀၀
၉	ပရနိမ္မိတဝသဝတ္တိ	၁၆၀၀၀ = လူတို့နှစ် ၉,၂၁၀,၀၀၀,၀၀၀
၁၀	ပထမစျာန် ၃ ဘုံ	
	ဗြဟ္မပါရိသဇ္ဇာ	ဝိဝဋ္ဋဌာယီအသင်္ချေယျကပ်၏ သုံးပုံတစ်ပုံ
	ဗြဟ္မပရောဟိတာ	″ သုံးပုံနှစ်ပုံ
	မဟာဗြဟ္မာ	″ ၁-ကပ်

	ဘုံ	သက်တမ်း
၁၁	ဒုတိယစျာန် ၃-ဘုံ	
	ပရိတ္တာဘာ	၂ ကမ္ပာ
	အပ္ပမာဏာဘာ	၄ ကမ္ပာ
	အာဘဿရာ	၈ ကမ္ပာ
၁၂	တတိယစျာန် ၃-ဘုံ	
	ပရိတ္တာသုဘာ	၁၆ ကမ္ပာ
	အပ္ပမာဏာသုဘာ	၃၂ ကမ္ပာ
	သုဘကိဏ္ဏာ	၆၄ ကမ္ပာ
၁၃	စတုတ္ထစျာန် ၇-ဘုံ	
	ဝေဟပ္ဖိုလ်	ကမ္ပာ - ၅၀၀
	အသညသတ်	ကမ္ပာ - ၅၀၀
	အဝိဟာ	ကမ္ပာ - ၁၀၀၀
	အတပ္ပါ	ကမ္ပာ - ၂၀၀၀
	သုဒဿာ	ကမ္ပာ - ၄၀၀၀
	သုဒဿီ	ကမ္ပာ - ၈၀၀၀
	အကနိဋ္ဌာ	ကမ္ပာ - ၁၆၀၀၀
၁၄	အရူပ ၄-ဘုံ	
	အာကာသာနဉ္စာယတန	ကမ္ပာ - ၂၀၀၀၀
	ဝိညာဏဉ္စာယတန	ကမ္ပာ - ၄၀၀၀၀
	အာကိဉ္စညာယတန	ကမ္ပာ - ၆၀၀၀၀
	နေဝသညာနာသညာယတန	ကမ္ပာ - ၈၄၀၀၀

ဘုံဒ္ဒ်ပုဂ္ဂိုလ်ရ

ဘုံအသီးသီးဒ္ဒ် ပုဂ္ဂိုလ် ၁၂-ယောက်တို့မှ မည်သည့်ပုဂ္ဂိုလ်-မည်သည့်ဘုံဒ္ဒ် ဖြစ်ကြောင်းပြဆိုရာ ဖြစ်သောကြောင့် ဘုံဒ္ဒ်ပုဂ္ဂိုလ်ရ ဟုခေါ်ပါသည်။

ပုဂ္ဂိုလ် ၁၂-ဦး

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် - ၁
၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် - ၁
၃။ ဒွိဟိတ်ပုဂ္ဂိုလ် - ၁
၄။ တိဟိတ်ပုဂ္ဂိုလ် - ၁
၅။ အရိယာပုဂ္ဂိုလ် - ၈

စုစုပေါင်း ၁၂

ဘုံ	ရှိသောပုဂ္ဂိုလ်		ဘုံပုဂ္ဂိုလ်ပေါင်း
အပါယ် ၄-ဘုံ	ဒုဂ္ဂတိအဟိတ်	၁	၄
လူ၊ စတုမဟာရာဇ် =၂	ဒုဂ္ဂတိအဟိတ်ကြဉ် ပုဂ္ဂိုလ်	၁၁	၂၂
အဆက်နတ်ပြည်-၅	ဒုဂ္ဂတိအဟိတ်၊ သုဂတိ အဟိတ်ကြဉ်ပုဂ္ဂိုလ်	၁၀	၅၀
ဖြဲ့ဟွာပြဲ့ည်-၁၀	တိဟိတ်-၁၊ အရိယာ-၈၊	၉	၉၀
အသညသတ်-၁	သုဂတိအဟိတ်	၁	၁
သုဒ္ဓါဝါသ-၅	အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်	၃	၁၅
အရူပ-၄	တိဟိတ်-၁၊ သောတာပတ္တိမဂ်ကြဉ် အရိယာ-၇	၈	၃၂
	ပေါင်း:	-	၂၁၄

ဆောင် - ဒု-သု-ဒွိ-တိ၊ ယာ-အရိ၊ ပေါင်းဘိ ဒွါဒသ၊
- အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရဘိတစ်ယောက်သာ၊
- လူ၊ မဟာရာဇ်၊ ဘုံနှစ်ဆင့်၊ ကြဉ်ပစ်ဒုဂ္ဂတာ၊
- ဒု-သု-မဝင်၊ တစ်ကျိပ်လျှင်၊ ထက်ခွင်နှတ်ဘုံမှာ၊
- တိဟိတ် ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန်ဖြဟ္မာရွာ၊
- သုဂတိတစ်၊ ရတုံလစ်၊ ရပ်ပြစ်အသညာ၊
- အနာဂါမိ၊ ဖိုလ် စဘိ၊ ရှိ၏သုဒ္ဓမှာ၊

- မင်္ဂသောတာဖျောက်၊ တိဟိတ်လျှောက်၊ ရှစ်ယောက်အရှုပါ၊
- နှစ်ရာ့တစ်ဆယ်၊ လေးယောက်ကယ်၊ ဉာဏ်ကျယ်ခွဲစိတ်ဖြာ၊

၃၁ ဘုံတွင်-

- ပုထုဇဉ်သက်သက်ရှိသောဘုံ - အပါယ် ၄-ဘုံ - ၄
  အသညသတ်ဘုံ - ၁

  ၅-ဘုံ
- အရိယာသက်သက်ရှိသောဘုံ - သုဒ္ဓါဝါသ - ၅-ဘုံ
- ပုထုဇဉ်၊ အရိယာ နှစ်မျိုးလုံးရှိသောဘုံ - ကျန် - ၂၁-ဘုံ
  - အပါယိက စစ်မရ = အပါယ်ဘုံ၌ ပစ္ဆိမဘဝိကပုဂ္ဂိုလ် အစစ်မရနိုင်ပါ။
  - သုဒ္ဓါဝါသ ဖူးမရ = သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ဖူးတယ်ဆိုတာမရှိ။
  - အကနိဋ္ဌ တုမရ = အကနိဋ္ဌာဘုံ၌ ပစ္ဆိမဘဝိကပုဂ္ဂိုလ် အတုမရှိ။

မှတ်ချက် - သာမန်ပုဂ္ဂိုလ်မှာ ရူပစျာန်ကိုရပြီး စုတေလျှင် ရူပဘုံများသို့ သွားရောက်ဖြစ်ပေါ်ရသည်။
- အရူပစျာန်ကိုရပြီး စုတေလျှင် အရူပဘုံများသို့ သွားရောက်ဖြစ်ပေါ်ရသည်။
- ဗျာဒိတ်ရပြီး ဘုရားလောင်းများသည် အရူပစျာန်ကိုရသော်လည်း အရူပဘုံသို့ သွားရောက်ဖြစ်ပေါ်ခြင်းမရှိကြပါ၊ ရူပစျာန်ကို ခိုင်မာအောင် ဝင်စားပြီး ရူပဘုံများ၌သာ ဖြစ်ကြရသည်။
- သုဒ္ဓါဝါသဘုံ၌ အနာဂါမ်သာဖြစ်နိုင်သည်။ အနာဂါမ်အောက်နိမ့်ကျသော ပုဂ္ဂိုလ်များ မဖြစ်နိုင်ကြပါ။
- အနာဂါမ်ပုဂ္ဂိုလ်များမှာမူ သုဒ္ဓါဝါသအောက် ပထမရူပစျာန်ဘုံမှ ဝေဟပ္ဖိုလ်ဘုံအထိ ရူပဗြဟ္မာ ၁၀-ဘုံတို့၌လည်းကောင်း၊ အရူပဗြဟ္မာ ၄-ဘုံတို့၌လည်းကောင်း ဖြစ်နိုင်သည်။
(ပရမတ္ထဒီပနီဋီကာ-၂၄၆)

ပဋိသန္ဓိစတုက္က

ထိုထိုဘဝ၌ စိတ်၊ စေတသိက်နှင့်ကမ္မဇရုပ်များ၏ အစဆုံးဖြစ်ခြင်းကို ပဋိသန္ဓေ ခေါ်ခြင်း ဟုခေါ်သည်။

ဘဝဟောင်းမှ ဘဝသစ်သို့ စတင်ဝင်ရောက်ခြင်းကို ပဋိသန္ဓေဟုခေါ်သည်။

စဉ်	ပဋိသန္ဓေ ၄-မျိုး	ပဋိသန္ဓေစိတ် ၂၀	ဖြစ်ရာဘုံ
၁	အပါယ်ပဋိသန္ဓေ-၁	အကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁	အပါယ် ၄-ဘုံ
၂	ကာမသုဂတိ ပဋိသန္ဓေ-၉	ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁	ဆွဲ့အသောလူတို့နှင့် စတုမဟာရာဇ်အောက် နတ်၊ ဝိနိပါတိကအသုရာ၊
၃	ရူပပဋိသန္ဓေ-၆	ပထမစျာန်ဝိပါက်စိတ်-၁ ဒုတိယနှင့်တတိယစျာန် ဝိပါက်စိတ်-၂ စတုတ္ထစျာန်ဝိပါက်စိတ် -၁ ပဉ္စမစျာန်ဝိပါက်စိတ် -၁ ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေ - ၁	ပထမစျာန် ၃-ဘုံ ဒုတိယစျာန် ၃-ဘုံ တတိယစျာန် ၃ ဘုံ ဝေဟပ္ဖိုလ်+သုဒ္ဓါဝါသ ၅-ဘုံ အသညသတ်ဘုံ
၄	အရူပ ပဋိသန္ဓေ-၄	အာကာသာနဉ္စာယတန ဝိပါက်စိတ်-၁ ဝိညာဏဉ္စာယတန ဝိပါက်စိတ် ၁ အာကိဉ္စညာယတန ဝိပါက်စိတ် ၁ နေဝသညာနာသညာယတန ဝိပါက်စိတ် ၁	အာကာသာနဉ္စာယတနဘုံ ဝိညာဏဉ္စာယတနဘုံ အာကိဉ္စညာယတနဘုံ နေဝသညာနာသညာယတနဘုံ

ကာမပဋိသန္ဓေ ၁၀-ပါး = အပါယ်ပဋိသန္ဓေ ၁-ပါး
ကာမသုဂတိပဋိသန္ဓေ ၉-ပါး
၁၀-ပါး

လူ့ဘုံမှ သုဂတိအဟိတ် (လူစဉ်မမီသူပုဂ္ဂိုလ်-၁၀ ဦး)

၁။ ဇစ္စန္ဓ - ပဋိသန္ဓေအားဖြင့်ကန်းသူ၊
၂။ ဇစ္စဗဓိရ - ပဋိသန္ဓေအားဖြင့်နားထိုင်းသူ၊
၃။ ဇစ္စဃာန - ပဋိသန္ဓေအားဖြင့်ဃာနပသာဒချို့တဲ့သူ၊
၄။ ဇစ္စမူဂ - ပဋိသန္ဓေအားဖြင့်စကားမပီ၊ ထစ်အသူ၊
၅။ ဇစ္စဇဋ - ပဋိသန္ဓေအားဖြင့်ထိုင်းမှိုင်းဖျင်းအသူ၊
(တင်းတောင်းပမာဏ၊ မူး၊ မတ်၊ ပဲ၊ အရွေ့အနောက်
စသည်ကိုမျှ ခွဲခြားမသိသူ)
၆။ ဇစ္စမ္မတ္တက- ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ၊
၇။ ပဏ္ဏက - ကာမဂုဏ်ကို ခံစားလိုသောကြောင့် ယုတ်ညံ့သော
အမှုမျိုးပြုလုပ်မှ ကာမဂုဏ်ကိုခံစားနိုင်သူ၊
၈။ ဥဘတောဗျဉ္ဇနက - မိန်းမတစ်လှည့်၊ ယောကျ်ားတစ်လှည့်ဖြစ်သူ၊
၉။ နပုံသက - မိန်းမအင်္ဂါလည်းမထင်ရှား၊ ယောကျ်ားအင်္ဂါလည်း
မထင်ရှားသူ၊
၁၀။ မမ္မ - မန်းစွဲသူ၊ စကားပြောလျှင် အမျှင်မပြတ်ဘဲ တရွတ်ဆွဲ၍
ပြောရသူ။

စတုမဟာရာဇ်ဘုံမှ သုဂတိအဟိတ်ပုဂ္ဂိုလ်များ

ဘုမ္မသိတနတ် (ဘုမ္မစိုဝ်း)တို့ကို မှီခိုနေရသော၊ စည်းစိမ်ဥစ္စာ အိပ်ရာနေရာ ကောင်းစွာမရှိဘဲ ဖောက်ပြန်ပျက်စီး၍နေသော ဝိနိပါတိကာသုရာ ခေါ် နတ်သေးနတ်မွှား၊ နတ်အငယ်အစားများ။

ပဋိသန္ဓေ ၂၀ ခွဲ-

- ရုပ်သက်သက်သာရှိသောပဋိသန္ဓေ ၁ - ဧကဝေါကာရ အသည်းသတ်ဘုံ
- နာမ်သက်သက်သာရှိသောပဋိသန္ဓေ ၄ - စတုဝေါကာရအရှုပ ၄-ဘုံ
- ရုပ်၊ နာမ်ရောသောပဋိသန္ဓေ ၁၅ - ကျန် ၂၆-ဘုံ
- အသည်းသတ်ဘုံဖြစ်ပုဂ္ဂိုလ်တို့ကား ရုပ်ပဋိသန္ဓေသာဖြစ်၍ ယှဉ်ဖက်ဟိတ်မရှိပေ။ ဘုံအားဖြင့်ကား သုဂတိဘုံသာဖြစ်၍ သုဂတိအဟိတ်ပုဂ္ဂိုလ်မည်ရပါသည်။
- ကာမဘုံသား သုဂတိအဟိတ်များနှင့်ကား မတူပါ။
- တစ်ဖန် ဆိုင်ရာဘုံဌဲ့ဖြစ်သော ဆိုင်ရာပဋိသန္ဓေစိတ်သည် ပဋိသန္ဓေကိစ္စသာမက ဘဝင်ကိစ္စ၊ စုတိကိစ္စ အစွမ်းအားဖြင့်လည်း ဖြစ်ကြပါသေးသည်။
- အသည်းသတ်ပဋိသန္ဓေအခါဌဲ့ဖြစ်သော ဇီဝိတနဝကကလာပ်သည်ပင် ပဝတ္တိအခါ စုတိအခါဌဲ့ ဘဝင်ကိစ္စ၊ စုတိကိစ္စ အစွမ်းအားဖြင့်လည်း ဖြစ်ကြပါသေးသည်။

ရူပဇြဟ္မာဘုံဌဲ့ ဒုတိယစျာန်၊ တတိယစျာန်များ ဒုတိယစျာန်ဘုံဌဲ့ ရ,ရပုံ

- ရူပစျာန်များကို - ၅-ပါး တစ်နည်း - ၄-ပါးတစ်နည်းဟူ၍ ၂-မျိုးရှိသော နည်းကြောင့် ဒုတိယစျာန်၊ တတိယစျာန်များ ဒုတိယစျာန်ဘုံဌဲ့ ရ,ရပါသည်။
- ရူပစျာန် ၄-ပါးရှိတ်နည်းဌဲ့ ဝိတက်၊ ဝိစာရတို့ကို တစ်ပြိုင်တည်းပယ်၍ ဒုတိယစျာန်သို့တက်သည်။

စျာန်အင်္ဂါ	စျာန် ၅ ပါး ရှိတ်ပုံ	စျာန် ၄-ပါး ရှိတ်ပုံ	ဘုံအမည်
ဝိ,စာ,ပီ,သု,ဧ	ပထမစျာန်	ပထမစျာန်	ပထမစျာန်ဘုံ
စာ,ပီ,သု,ဧ	ဒုတိယစျာန်	ဒုတိယစျာန်	ဒုတိယစျာန်ဘုံ
ပီ,သု,ဧ	တတိယစျာန်		
သု,ဧ	စတုတ္ထစျာန်	တတိယစျာန်	တတိယစျာန်ဘုံ
ဥ,ဧ	ပဉ္စမစျာန်	စတုတ္ထစျာန်	စတုတ္ထစျာန်ဘုံ

ဘုံသား၊ များနှင့်ပဋိသန္ဓေ

သတ္တဝါတို့ပဋိသန္ဓေနေခြင်း ၄-မျိုးရှိပါသည်-

၁။ အဏ္ဍဇပဋိသန္ဓေ - ဥခွံတွင်း၌ ပဋိသန္ဓေတည်ခြင်း၊

၂။ ဇလာဗုဇပဋိသန္ဓေ - သားအိမ်တွင်း၌ ပဋိသန္ဓေတည်ခြင်း၊

၃။ သံသေဒဇပဋိသန္ဓေ - သစ်ခေါင်း၊ သစ်သီး၊ ပန်းပွင့်၊ ရွံ့ညွန်စသည်တို့၌ ပဋိသန္ဓေတည်ခြင်း၊

၄။ ဥပပါတ်ပဋိသန္ဓေ - အရွယ်ရောက်ပြီး ကိုယ်ဖြင့် ဘွားခနဲ့အထင်အရှား ဖြစ်လာခြင်း၊

ဇလာဗုဇ+အဏ္ဍဇတို့ကို ဂဗ္ဘသေယျကပဋိသန္ဓေ= အမိဝမ်းတွင်းပဋိသန္ဓေ တည်ခြင်းဟုခေါ်သည်။

စဉ်	ဘုံသား	ပဋိသန္ဓေ
၁	ငရဲသား	ဥပပါတ်ပဋိသန္ဓေ-၁
၂	ပြိတ္တာ၊ အသုရကာယ်	ဇလာဗုဇ၊ ဥပပါတ်ပဋိသန္ဓေ-၂
၃	တိရစ္ဆာန်	ပဋိသန္ဓေ -၄ မျိုးလုံး
၄	လူ	ကမ္ဘာဦးက ဥပပါတ်ပဋိသန္ဓေ၊ ထို့နောက် ဇလာဗုဇ+ သံသေဒဇပဋိသန္ဓေ
၅	ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ အစိမ်းသရဲ၊ ဘီလူး ဘုမ္မဒေဝ်းနတ်	ဇလာဗုဇ+ဥပပါတ်ပဋိသန္ဓေ-၂
၆	အထက်နတ်၊ ဗြဟ္မာများ	ဥပပါတ်ပဋိသန္ဓေ-၁

တစ်ဘဝ၌တူမြဲတရား ၃-ပါး

ဘဝတစ်ခု၌ - ပဋိသန္ဓေစိတ်

- ဘဝင်စိတ်

- စုတိစိတ် တို့သည် အတူတူပင်ဖြစ်ပါသည်။

ဥပမာ - ပဋိသန္ဓေစိတ်သည် မဟာဝိပါက်ပထမစိတ်ဖြစ်လျှင် ဘဝင်၊ စုတိစိတ်တို့သည်လည်း ထိုစိတ်များပင် ဖြစ်သည်။
(ဘူမိ၊ ဇာတိ၊ သမ္ဗယုတ္တ၊ သခ်ါရ၊ အာရုံတို့အားလုံး တူညီကြသည်။)

ကပ်(ကမ္မာ) ဖြစ်-တည်-ပျက်ပုံ

ဤကပ် (ကမ္မာကြီး)တွင် ခေတ် ၃-ခေတ် (နယ်ကြီး ၃-ရပ်)ရှိပါသည်။

၁။ ဇာတိခေတ်လောကဓာတ် - စကြဝဠာတိုက်ပေါင်းတစ်သောင်း (ဘုရားဖြစ်ခိုက် စသည်တို့၌ ငလျင်တုန်လှုပ်ရာခေတ်)

၂။ အာဏာခေတ်လောကဓာတ် - စကြဝဠာတိုက် တစ်သိန်း (ပရိတ်တော်တို့၏ အာနုဘော် ပျံ့နှံ့ရာခေတ်)

၃။ ဝိသယခေတ်လောကဓာတ် - မရေမတွက်နိုင်သောစကြဝဠာအနန္တ(အသင်္ချေယျ)
(ဘုရားရှင်၏ ရောင်ခြည်တန်ခိုးပျံ့နှံ့ရာခေတ်)

ကမ္မာပျက်သောအခါ-ကမ္မာဖြစ်သောအခါ စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းတည်းဟူသော အာဏာခေတ်လောကဓာတ်ကြီးသည် အတူဖြစ်၍ အတူပျက်သည်။

ကပ်အပြား ၄-မျိုး

၁။ အာယုကပ် - ကာလအားလျော်စွာ သတ်မှတ်ထားသော အသက်အပိုင်းအခြားသည် အာယုကပ်၊
- ယခုအခါ လူတို့၏ ၇၅-နှစ်သက်တမ်းသည် လူတို့၏ အာယုကပ်မည်၏။
- တာဝတိံသာနတ်တို့၏ နတ်သက်-၁၀၀၀ သည် တာဝတိံသာနတ်တို့၏ အာယုကပ်မည်၏။

၂။ အန္တရကပ် - အသက်အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်းသို့ ဆုတ်ခြင်း၊ ၁၀-နှစ်တမ်းမှ အ သင်္ချေယျတမ်းတက်ခြင်း၊ ဤသို့ ဆုတ်ကပ်-တက်ကပ်တစ်စုံသည် အန္တရကပ်။

၃။ အသင်္ချေယျကပ် - အန္တရကပ် ၆၄-ကပ်။

၄။ မဟာကပ် - အသင်္ချေယျကပ်၄-ကပ်ကို မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ)။

တစ်ကမ္ဘာ၌ရှိသော အသခ္ခေယျကပ် ၄-ကပ်

၁။ သံဝဋ္ဋအသခ္ခေယျကပ် - ကမ္ဘာကို မီး၊ ရေ၊ လေ ဖျက်၍ ပျက်ဆဲသောအခါ၊
၂။ သံဝဋ္ဋဌာယီအသခ္ခေယျကပ် - ပျက်ပြီး အပျက်အတိုင်းတည်နေသောအခါ၊
၃။ ဝိဝဋ္ဋအသခ္ခေယျကပ် - ကမ္ဘာပြုမိုးရွာသည်မှ နေ၊ လ နက္ခတ်ပေါ်သည်တိုင်
အောင်သော ကမ္ဘာသစ်ကြီးဖြစ်ပေါ်ရာကာလ၊
၄။ ဝိဝဋ္ဋဌာယီအသခ္ခေယျကပ် - ကမ္ဘာတည်ပြီးနောက် နောက်တစ်ကြိမ်ပျက်သည့်
တိုင်အောင် တည်နေသောကာလ၊

ကမ္ဘာပျက်ပုံ-တည်ပုံ

ကမ္ဘာပျက်ပုံမှာ-

၁။	မီးခုနစ်ကြိမ်	+	ရေတစ်ကြိမ်
၂။	။	+	။
၃။	။	+	။
၄။	။	+	။
၅။	။	+	။
၆။	။	+	။
၇။	။	+	။
၈။	။	+	လေတစ်ကြိမ်

ဤအစီအစဉ်အတိုင်း ပျက်စီးသည်။

- မီးဖျက်သောကမ္ဘာ၌ - ပထမစျာန်သုံးဘုံအထိ
(အာဘဿရာ ဘုံမှအောက် အကုန်မီးလောင်သည်။)
- ရေဖျက်သောကမ္ဘာ၌ - ဒုတိယစျာန်သုံးဘုံအထိ
(သုဘကိဏ္ဏာဘုံအောက် အကုန်ရေလွှမ်းမိုးပျက်စီး၏။)

- မီး+ရေ အစုံ ၇-ကြိမ်ပြည့်ပြီး
  နောက်ဆုံး မီး ၇-ကြိမ်ဖျက်
  ပြီးနောက် လေ ၁-ကြိမ်
  တိုက်ခတ်ဖျက်ဆီးသောအခါ

- တတိယစျာန် ၃-ဘုံအထိ
  (ဝေဟပ္ဖိုလ် ဘုံအောက် အကုန် လေတိုက်
  ခတ် ပျက်စီးသည်။)

စကြဝဠာ (ကမ္ဘာကြီး)တစ်ခုတည်ရှိနေပုံ

စက်ဘီးသဏ္ဌာန်ကဲ့သို့ ဝန်းဝိုင်း၍တည်သော တစ်ခုသော လောကဓာတ်ကို သြကာသလောကတစ်ခုဟု ခေါ်သည်။ ထိုသြကာသလောကတစ်ခုအတွင်း၌-

- မဟာပထဝီ
- ကျွန်းကြီးလေးကျွန်းနှင့်ကျွန်းငယ်များ
- အလယ်တည့်တည့်၌ မြင်းမိုရ်တောင်ကြီး၊
  ထိုမြင်းမိုရ်တောင်ကြီးကို ဝိုင်းဝန်းတည်နေသော
- သီတာသမုဒ္ဒရာ ၇-တန်
- သတ္တရာဘန်တောင်တန်း တောင်ဝိုင်းကြီး ၇-ထပ် တို့ တည်ရှိသည်။

ဤသည်မှာ သြကာသလောကတစ်ခု (စကြဝဠာတစ်ခု)တည်ရှိပုံ ဖြစ်ပါသည်။

ဤစကြဝဠာတစ်ခု၏ အရှေ့-အနောက်-တောင်-မြောက် အရပ်လေးမျက်နှာ၌ စကြဝဠာအဆက်ဆက် အဆုံးမရှိ။ အနန္တစီချည်း တည်ရှိကြသည်။

ထိုစကြဝဠာအသီးသီးတို့သည်လည်း အညီအမျှ ရွက်ဆောင်ကြကုန်သောဓာတ်တို့၏ ဓမ္မနိယာမအစွမ်းအားဖြင့် အဝန်းအဝိုင်း အညီအမျှ ဖြစ်ကုန်သည်။

ထိုအဆုံးမရှိ စကြဝဠာတို့သည်လည်း ကုဋေတစ်သိန်းစီ-ကုဋေတစ်သိန်းစီ ဖြစ်အတူ-ပျက်အတူ ဖွဲ့စည်းလျက်တည်ရှိသည်။

စကြဝဠာတို့၏အောက်၌-

- ရေထုကြီးကခံထား၏။
- ရေ၏အောက်၌ လေထုကခံ၏။
- လေ၏အောက်၌ အနန္တကောင်းကင်ကြီးအဆုံးမရှိသွားသည်။

- အထက်ကောင်းကင်၌ရှိကြသော မိုးတိမ်၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့သည် မြေပြင်မှ အထက်ကောင်းကင်နှင့်အပြည့်ရှိသောလေထုအတွင်းမှာ တည်ရှိရသည်။
- ရေထုကြီးသည်လည်း ပြင်းထန်စွာလှုပ်ရှားနေသော လေထုကြီးအတွင်းမှာ တည်ရှိနေပါသည်။

လူ့ပြည်မှ အထက်ယူဇနာပေါင်း ၇၁၅၂၆၀၀၀ (ခုနစ်ကုဋေ့ တစ်သန်း ရှစ်သိန်း ငါးသောင်းခြောက်ထောင်)မျှကွာဝေးသော ကောင်းကင်အရပ်၌ ဘဝင်ဘုံ တည်ရှိသည်။

ထိုဘဝင်မှ အောက်အနန္တကောင်းကင်ပြင်ကြီးအတွင်း၌ နတ်ဘုံအဆင့်ဆင့်၊ ဗြဟ္မာဘုံအဆင့်ဆင့်ဟူသော ကောင်းကင်ဘုံ၊ ကောင်းကင်နိုင်ငံကြီးများတည်ရှိသည်။

၁။ သံဝဋ္ဋကပ် (မီး၊ ရေ၊ လေ တို့ကြောင့် ပျက်သောကာလ)

စကြဝဠာကုဋေ့တစ်သိန်းစီရှိသော သြကာသလောကကြီးသည် ပျက်ချိန်ကျသောအခါ-

ယခုရှိကြသော မဟာပထဝီကြီး၊ စကြဝဠာတောင်၊ သတ္တရာဘန်တောင်၊ မြင်းမိုရ်တောင်အလုံးစုံတို့သည် နှစ်အသင်္ချေပေါင်း မရေမတွက်နိုင်လောက်အောင် ကြာညောင်းလတ်သော် ဥတုခေါ်သော မီးဓာတ်အစွမ်းဖြင့် ရင့်မှန်းမသိ ရင့်လာသည်။ ရင့်ဖန်များလတ်သော် အခွံဓာတ်မျိုး၊ အကာဓာတ်မျိုး အဆင့်ဆင့်တို့သည် တဖြည်းဖြည်းကုန်ခန်းကြသည်။

အနှစ်ဓာတ်မျိုးတို့သည် ကျန်ရှိကြသည်။ အနှစ်ဓာတ်မျိုးတို့သည်လည်း တဖြည်းဖြည်းညှဲ့ဖျင်းလာသည်။ ညှဲ့ဖျင်းလာရာမှ ကုန်ခန်းဖန်များလတ်သော် အသားမှ အနှစ်၊ အနှစ်မှ အဆီမျိုးတို့သာ ကျန်ရှိသည်။

ထိုအခါ မဟာပထဝီစသည်တို့သည် ဆီဦးခဲ၊ ထောပတ်ခဲ၊ ယမ်းဆီခဲ၊ ကန့်ခဲ၊ ကန့်ဆီခဲကဲ့သို့ မီးထည့်လျှင် လောင်သောအဆီအနှစ်သဘောမျှသာ ရှိလာသည်။

ဤအိုမင်းရင့်ရော်မှုမျိုးကို မည်သူကမျှ မဖန်ဆင်းပါ။ ဓမ္မနိယာမသဘောအရ ဖြစ်လာခြင်းသာ ဖြစ်ပါသည်။

ဤသို့အိုမင်းရင့်ဆွေးခြင်းသို့ ရောက်သောအခါ ကမ္ဘာဖျက်မီးကြီး ဖြစ်ပေါ်လိုသော် ကမ္ဘာပေါ်တွင် မိုးကြိုး ကြီးစွာ တစ်ကြိမ်ရွာသည်။

ယင်းကို ကမ္ဘာဖျက်မိုးကြိုး ဟုခေါ်သည်။

ထိုမှနောက် မိုးမရွာတော့ဘဲ အနှစ်တစ်သိန်းခန့်ရှိလတ်သော် ကောင်းကင်၌ နေဗိမာန်များစွာ ပွားစီးလာပြီး နေ-၇-စင်း တိုးပွားလာသည်။

စကြဝဠာကုဋေတစ်သိန်းတွင် နေဗိမာန်ပေါင်း ကုဋေ ၇-သိန်း ဖြစ်လာပါသည်။

ဤသို့ဖြစ်ပေါ်လာမှုသည် ဓာတ်သဘာဝအသိုက်အဆုံကြီး၏ အဆန်းတကြယ် ဖောက်ပြန်မှုပင် ဖြစ်ပါသည်။

ဤကမ္ဘာ၌ ရံဖန်ရံခါမီးတောင်ပေါက်မှု၊ သမုဒ္ဒရာအောက်မှ မီးတောင်များ ပေါက်ကွဲမှု၊ မိုးကြိုးသည်းစွာရွာ၍ ရေလွှမ်းမိုး၍ မြို့ရွာများပျက်မှု၊ ငလျင်လှုပ်၍ မြို့ရွာများပျက်စီးမှုတို့သည် သဘာဝတရောတ်ဖောက်ပြန်မှုကြောင့် ဖြစ်သကဲ့သို့ပင် ဖြစ်ပါသည်။

ကမ္ဘာဖျက်မီးလောင်ရာတွင် အောက်ကမ္ဘာကိုခံသောရေနယ်ကို ချန်လှပ်၍ ယူဇနာပေါင်း နှစ်သိန်းလေးသောင်းရှိသော ပံသုသေလာမဟာပထဝီကြီး၊ စကြဝဠာတောင်ကြီး၊ သတ္တရာဘန်ခုနစ်ထပ်တို့နှင့်အတူ မြင်းမိုရ်တောင်ကြီးပေါင်း ကုဋေတစ်သိန်းတို့သည် ကုန်လေသည်။

ဤကမ္ဘာဖျက်မီးကြိုးသည် ပထမစျာန်ဗြဟ္မာဘုံတိုင်အောင် လောင်ကျွမ်းသည်။ မီးစာဟူ၍ အဏုမြူမျှမရှိ၊ မီးခဲ၊ မီးတောက် အကုန်ချုပ်ငြိမ်းလေသည်။

မီး၏အခိုက်အတန့်သည် အနု-အရင့်-အလျှံ ဟူ၍ ၃-မျိုးရှိသည်-

- ဥတုအခိုက်အတန့်
- မီးခဲအခိုက်အတန့်
- မီးတောက်မီးလျှံအခိုက်အတန့် ဟူ၍ ၃-မျိုးရှိသည်။
- မီးစာဝတ္ထုဌဲ့ မီးမစွဲမီ တည်ရှိသောဥတုခေါ်သော မီးမျိုးစေ့စုသည် အနုမည်၏။
- မီးစာဝတ္ထုဌဲ့ ရှိရှိရဲရဲစွဲသောမီးခဲသည် အရင့်မည်၏။
- တောက်၍ထသောမီးတောက်သည် အလျှံမည်၏။

မီးစာဟူ၍ မုန်ညင်းစေ့မျှ အကြွင်းအကျန်မရှိသောအခါ မီးခဲမီးလျှံတို့သည် အကြွင်းအကျန်မရှိ ငြိမ်းကုန်ပါသည်။

ဥတုဟုခေါ်သော ဓာတ်နှစ်တို့သည်သာလျှင် မီးလောင်ရာနယ်တစ်ခွင်၌ ကောင်းကင်နှင့်အပြည့်ကျန်ရှိနေသည်။

၂။ သံဝဋ္ဋကပ် (ပျက်ပြီးသောအတိုင်းတည်နေသောကာလ)

- ကောင်းကင်နှင့်အပြည့်ကျန်ရှိနေသော ဥတုမျိုးစေ့တို့သည် အထူးထူးအပြားပြားများပါသည်။
- အောက်သိလာပထဝီကို လောင်သောမီးတို့မှ ကျန်ရှိသော ဥတုတို့သည် နောင်ထိုနေရာမှာ သိလာပထဝီဖြစ်ပေါ်နိုင်ရန် သိလာပထဝီမျိုးစေ့အနေနှင့် ကျန်ရှိသည်။ အလားတူ-
- စကြဝဠာတောင်ကို လောင်သောမီး။
- သတ္တရာဒန်တောင်တို့ကိုလောင်သောမီး၊
- မြင်းမိုရ်တောင်ကိုလောင်သောမီး၊
- နေ၊ လ၊ နက္ခတ်၊ တာရာတို့ကိုလောင်သောမီး၊

ကျန်ရှိသောဥတုတို့သည် နောင်တွင် ထိုနေရာများ၌ ထိုအရာများ ပြန်ပေါ်ရန် ကျန်ရှိနေပါသည်။

- နတ်၊ ဗြဟ္မာဘုံတို့ကို လောင်သောမီးတို့မှ ကောင်းကင်နှင့်အပြည့် ကျန်ရှိကြကုန်သော ဥတုတို့သည် တဖြည်းဖြည်းပွားစီးကုန်ကြ၍ ကာလကြာမြင့်သော် မိုးတိမ်၊ မိုးဓာတ်၊ မိုးဥတု၊ မိုးရာသီအဖြစ် ရောက်၍ တည်ကြလေသည်။

၃။ ဝိဝဋ္ဋကပ် (ကမ္ဘာသစ်တည်ထောင်ဖြစ်ပေါ်ခြိန်ကာလ)

ကမ္ဘာတည်ထောင်သော ဝိဝဋ္ဋကပ်ပေါ်လိုသော် မိုးတိမ်၊ မိုးခဲတို့အဖြစ် တည်ရှိနေကြသော ဥတုတို့မှ ရှေးဦးစွာ မိုးသေးမိုးဖွဲတို့သည် ရွာကုန်သည်။ ထိုအခါ၌ လေတို့သည် သံဝဋ္ဋဋ္ဌာယီကပ်ထက်ဝက်ခန့်ကာလမှနောက်၌ အပူရှိန်၊ အပူငွေ့ အလျှဉ်းမတွေ့ကြကုန်သဖြင့် အလွန်ထက်အလွန် အေးမြကြကုန်သည်။

ထိုလေတို့နှင့်တွေ့ထိကြကုန်သော မိုးရေမိုးဓာတ်တို့သည် များသောအားဖြင့် မိုးသီးမိုးခဲတွေ ဖြစ်ကြကုန်သည်။

တရွေ့ရွေ့တိုးပွားလာကြကုန်သဖြင့် ကာလကြာမြင့်သော် ယူဇနာ ၁၀၀ ရှိ ၁၀၀၀ ရှိ ကြီးမားစွာ ရွာကုန်သည်။

ပထမစျာန်ဗြဟ္မာဘုံတိုင်အောင် ရေခဲ-မိုးခဲတို့သည် ပြည့်လေကုန်သည်။ စကြဝဠာကုဋ္ဌေတစ်သိန်းသည် မိုးခဲ-ရေခဲ တစ်ပြင်တည်း တည်ရှိလေသည်။

ထိုရေခဲတို့နှင့် ထိစပ်ကုန်ရာ အောက်အောက်ရေခဲတို့သည်လည်း ခဲ၍ ခဲ၍ လိုက်လာကြသည်။

ထိုရေတို့နေရာမှ အပသို့ထွက်ကြကုန်သော လေတို့သည် ထိုရေတို့ကို ဝိုင်းဝန်းလျက် တည်ကုန်သည်။

မိုးရွာမှုပြတ်စဲလတ်သော် ရေခဲ-မိုးခဲတို့သည် တဖြည်းဖြည်းလျော့ကြကုန်သည်။ အောက်၌ ကမ္ဘာကိုခံသော လေ၊ ရေတို့သည် မိုးရေ၊ မိုးခဲတို့အားကြီးလာသောအခါ မဆောင်ကြဉ်းနိုင်ဘဲ ရှိကြသည်။

ပိုပိုသမျှသော မိုးရေမိုးခဲတို့သည် အောက်ကောင်းကင်သို့ လျှောကျကုန်သည်။ မဟာပထဝီတည်ရာသို့ ကျရောက်သောအခါ ကမ္ဘာကိုခံသောလေတို့သည် ဆောင်ကြဉ်းနိုင်သောအခါ မိမိတို့အဟုန်ဖြင့် ပိတ်ဆို့ကုန်လျက် ရွက်ဆောင်မြဲ ရွက်ဆောင်ကြကုန်သည်။

ထိုရေခဲပြင်ကြီးတို့သည် အစဉ်အတိုင်းလျော့ကျလာရာ ထိုထို၌ခဏ၌ ရှိကြသော ဥတုအထူးတို့၏ အစွမ်းဖြင့်-

- ဗြဟ္မာဘုံနေရာ၌ ဗြဟ္မာဘုံ
- နတ်တို့နေရာ၌ နတ်ဘုံ
- မြင်းမိုရ်တောင်နေရာ၌ မြင်းမိုရ်တောင်
- စကြဝဠာတောင်နေရာ၌ စကြဝဠာတောင်
- သတ္တရာဘန်တောင်တို့နေရာ၌ သတ္တရာဘန်တောင်
- ပဲသုပထဝီနေရာ၌ ပဲသုပထဝီ

- သိလာပထဝီနေရာ၌ သိလာပထဝီ
- သီတာသမုဒ္ဒရာတို့နေရာ၌ သီတာသမုဒ္ဒရာ
- နေ၊ လ၊ နက္ခတ်၊ တာရာတို့နေရာ၌ နေ၊ လ၊ နက္ခတ်၊ တာရာတို့ အသီးသီး ဖြစ်ပေါ်လာကြသည်။
- ရွှေ၊ ငွေရတနာတို့လည်း အလွန်ပေါများဖြစ်ပေါ်သည်။
- မြေမှအထက်ကောင်းကင်တစ်ခုလုံး၌ မလှုပ်မရှားတည်ရသော လေသေလေထု ကြီးသည် ခံလေသည်။
- အတွင်း၌ ငှက်တို့သည် ထိုလေသေတို့ကိုလှုံ့ဆော်၍ ကောင်းကင်၌ ပျံကြရသည်။

မြင်းမိုရ်တောင်၊ သတ္တရာဘန်တောင်တို့မှ အပသို့ထွက်သော လေရှင်တို့နှင့် စကြဝဠာတောင်ဝိုင်းကြီးမှ အတွင်းသို့ထွက်သော လေရှင်တို့သည် တိုက်ဆိုင်ကြကုန်ရာ မြင်းမိုရ်တောင်ကို မဏ္ဍိုင်ပြု၍ စကြဝဠာတောင်ဝိုင်းကြီးအလိုက် ပတ်ဝိုင်းလျက် အဟုန်ပြင်းစွာ လက်ျာရစ်လှည့်ပတ်နေသော လေပွေစက်ဝိုင်းကြီး ဖြစ်နေသည်။

ထိုလေပွေစက်ဝိုင်းကြီးကြောင့် စကြဝဠာတို့သည် လှည့်ပတ်လည်နေရသည်။

အထက်ဗြဟ္မာပြည်မှစုတေ၍ ဥပပါတ်ပဋိသန္ဓေဖြင့် မြေမပေါ်ခင် ရေပြင်ကြီး အထက်၌ပေါ်လာသော ဗြဟ္မာအလားတူ ကမ္ဘာဦးလူတို့သည် မိမိတို့၏ ကိုယ်ရောင် ကိုယ်ဝါဖြင့် ကောင်းကင်ပြင်မှာ သွားလာနေကြသည်။

ကာလကြာသော် မြေ၏အစတွင် ရေပြင်မှာဖြစ်ပေါ်လာသော မြေဆီလွှာကို စားသုံးမိကြသဖြင့် ကိုယ်ရောင်ကိုယ်ဝါပျောက်ပြီး မှောင်ကြီးရောက်လေသောအခါ နေနှင့်လကို တ,သကုန်ရာ နေ၊ လ၊ နက္ခတ်၊ တာရာတို့ ထိုအခါမှ ထင်ရှားစွာ ပေါ်လာကြသည်။

(ဤဝိဝဋ္ဋကပ်တွင် အလွန်အေးမြသောလေတို့ တွေ့ထိမှုကြောင့် ကမ္ဘာမိုး ကမ္ဘာရေတို့ အခဲအပြင်တွေဖြစ်ကုန်ကြသည် ဟုဆိုရာဝယ် ယနေ့ခေတ်၌ ဓမ္မ၂ဒီပါ ကျွန်း၏ မြောက်အရပ် ရုရှားစသောဒေသများ၌ ဆောင်းအခါ အေးမြသော လေတို့ တွေ့ထိမှုကြောင့် သမုဒ္ဒရာပင်လယ်ရေ နယ်တစ်ခွင်ရေခဲပြင်များဖြစ်နေသော သာဓက ရှိနေပါသည်။

ယခုလက်ရှိ ရေခဲ၊ ရေပြင်၊ ဆီးနှင်းခဲတို့သည်ကား နေပူ၊ လေပူတို့နှင့် ထိတွေ့မှု ရှိနေသောကြောင့် မကြာခင် အရေဖြစ်မြဲ ဖြစ်ကြရသည်။

ကမ္ဘာရေပြင် ကမ္ဘာရေခဲတို့မှာကား သံဝဋ္ဋဥာယိနောက်ပိုင်းမှစ၍ ဝိဝဋ္ဋကပ်ပတ်လုံး နေပူ-လေပူဟူ၍ မထိတွေ့ရသဖြင့် အရည်ဖြစ်ရန်ဝေးပြီး ခက်မာသည်ထက် ခက်မာလာကြရပါသည်။)

၄။ ဝဝဋ္ဋဥာယိကပ်

(ကမ္ဘာသစ်တည်ပြီးနောက် ဆက်လက်တည်နေသောကာလ)

ဤသို့ မြင်းမိုရ်တောင် စကြဝဠာတို့ တည်ထောင်ပြီး၍ ပြည့်စုံသောအခါမှစ၍ တစ်ဖန် ဤကမ္ဘာကြီးပျက်စီးရန် ကမ္ဘာဖျက်မိုးကြီး ရွာသည့်တိုင်အောင် ဩကာသ လောကကြီးသည် ကျောက်တောင်ကြီး ဥပမာ တစ်ခုစာမျှ အခွန့်ရှည်စွာတည်နေပါသည်။

ပံသုပထဝီမြေကြီးသည် အန္တရကပ်တစ်ကပ်တစ်ကပ်အတွင်းမှာ တစ်ယူဇနာ တက်မြဲဖြစ်သည်ဟု အနမတဂ္ဂသံယုတ် ဝေပုလ္လသုတ်၌ ဟောထားသည်ကို တွေ့ရပါသည်။

- အန္တရကပ်ဆိုသည်မှာ ကမ္ဘာဦးအခါ၌ လူတို့၏အသက်တမ်းသည် အသင်္ချေယျတမ်း ဖြစ်သည်။
- လူတို့သည် နှစ်ပေါင်းအသင်္ချေယျ အသက်ရှည်နေရာမှ တရွေ့ရွေ့ဆုတ်ယုတ်လာခဲ့ရာ ၁၀-နှစ်တမ်းသို့ ဆိုက်ရောက်ခဲ့သည်။
- ထို ၁၀-နှစ်တမ်းမှ တစ်ဖန် တရွေ့ရွေ့တက်ပြန်ရာ အသင်္ချေယျဟမ်းသို့ ရောက်ပြန်သည်။
- ဤသို့အသင်္ချေယျတမ်းမှဆုတ်၍ တစ်ဖန် အသင်္ချေယျတမ်းသို့ ပြန်ရောက်သောကာလသည် အန္တရကပ်တစ်ကပ်မည်ပါသည်။

ယခုတည်ရှိနေသော ဤဝိဝဋ္ဋဥာယီကပ်သည် အန္တရကပ်ပေါင်း ၆၄-ကပ်ရှိသော ကပ်ကမ္ဘာဖြစ်ပါသည်။

- ကမ္ဘာဦးပထမအန္တရကပ်၌ - ကကုသန်ဘုရားပွင့်ခဲ့သည်။
- ဒုတိယအန္တရကပ်၌ - ကောဏာဂုံဘုရားပွင့်ခဲ့သည်။

- တတိယအန္တရကပ်ဒ္ဒ - ကဿပဘုရားပွင့်ခဲ့သည်။
- စတုတ္ထအန္တရကပ်ဒ္ဒ - ဂေါတမဘုရားပွင့်ခဲ့သည်။
- နောက်ပဉ္စမအန္တရကပ်ဒ္ဒ - အရိမေတ္တေယျဘုရားပွင့်ပါမည်။

နောက်ကျန်အန္တရကပ် ၅၉-ခုဒ္ဒ ဘုရားမပွင့်တော့ပါ။

မှတ်ချက် - ဤသည်မှာ လယ်တီဒီပနီပေါင်းချုပ်မှ ဖြစ်သည်။ မဟာဝင်ဝတ္ထုဒ္ဒီကား အဒ္ဓမအန္တရကပ်ဒ္ဒ ကကုသန်ဘုရားပွင့်ခဲ့သည်ဖြစ်ရာကဿပ အန္တရကပ် ၅၂ ခုဒ္ဒ ဘုရားမပွင့်တော့ဟု လာသည်။

ကမ္ဘာနှင့်ဘုရားဖြစ်ပေါ်မှု

ဘုရားတစ်ဆူပွင့် - သာရကမ္ဘာ
ဘုရားနှစ်ဆူပွင့် - မဏ္ဍကမ္ဘာ
ဘုရားသုံးဆူပွင့် - ဝရကမ္ဘာ
ဘုရားလေးဆူပွင့် - သာရမဏ္ဍကမ္ဘာ
ဘုရားငါးဆူပွင့် - ဘဒ္ဒကမ္ဘာ

ယခုလက်ရှိကမ္ဘာသည် ဘုရားငါးဆူပွင့်သော ဘဒ္ဒကမ္ဘာ ဖြစ်ပါသည်။

ဤဩကာသလောကကြီး ဖြစ်မှု-ပျက်မှု ဥတုနိယာမ၊ ဓမ္မနိယာမကို ထာဝရ ဘုရားပေါင်း တစ်သောင်းအား တစ်သိန်းအားဖြင့်ပင် တားဆီး၍မရပါ။

ကြီးကျယ်လှသော ဓမ္မနိယာမအရ ရှေးဒ္ဒလည်း အစမရှိ ဖြစ်-တည်-ပျက်ခဲ့ပါပြီ။ နောက်ဒ္ဒလည်း အဆုံးမရှိ ဖြစ်-တည်-ပျက်ပါဦးမည်။

ဤသို့လျှင် အနမတဂ္ဂ သံသရာကမ္ဘာလောကကြီး ဆက်လက်ဖြစ်ပေါ်နေပါမည်။

ကမ္မစတုက္က
(ကံလေးပါးလေးလီ)

ကိန္နကမ္မစတုက္က
(ပြုလုပ်ဆောင်ရွက်ပုံအစွမ်းအားဖြင့် ဖြစ်သောကံ ၄ မျိုး)

၁။ **ဇနကကံ** - ပဋိသန္ဓေအကျိုးနှင့်ပဝတ္တိအကျိုးကို ကိုယ်တိုင်ဖြစ်စေတတ်သောကံ၊ ဘဝတစ်ခုကို ဖြစ်စေသောကံ။

- ပဋိသန္ဓေစိတ်ဥပါဒ်ခိုက်ကို ပဋိသန္ဓေကာလ၊
- ပဋိသန္ဓေစိတ် ဌီမှ စုတိစိတ်တို့၏အကြားရှိကာလကို ပဝတ္တိကာလ ဟုခေါ်သည်။
- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်သော ဘဝကြီးတစ်ခုဖြစ်လာရန် ဇနကကံက ထူထောင်ပေးသည်။
- ထိုဘဝကြီးတစ်ခုအတွင်းဝယ် နေ့စဉ်နှင့်အမျှ တွေ့ကြုံဖြစ်ပျက်နေသော ဘဝငယ်ပေါင်းများစွာရှိသည်။ ထိုဘဝငယ်များကိုလည်းဇနကကံကပင် ထူထောင်ပေးသည်။
- ဇနကကံက ဘဝကြီး-ဘဝငယ်များကို ထူထောင်ပေးရာတွင် ဉာဏ်မျက်စိအားနည်းပါက ဘဝကြီးထူထောင်မှုကိုမြင်ရန်မှာ ခဲယဉ်းသည်။ ဘဝငယ်များအား ဖြစ်စေမှုကား တွေးဆသိမြင်နိုင်ပါသည်။
- သတ္တဝါတို့မွေးဖွားသည်မှ သေဆုံးသည့်အထိ ဘဝငယ်ပေါင်းများစွာကို တွေ့ကြုံကြရသည်။
- ဥပမာ - လူတစ်ယောက် ငယ်စဉ်ကစာသင်ခဲ့ရသောဘဝ
  - စာတော်၍ဆရာကချီးမွမ်းခံရသောဘဝ
  - ဆရာ၊ မိဘဆူပူကြိမ်းမောင်းခံရသောဘဝ
  - အလုပ်အကိုင်ရှာဖွေသောဘဝ
  - အလုပ်လက်မဲ့ဘဝ

- ရာထူးရှိသောဘဝ
- စိတ်ချမ်းသာသောဘဝ
- စိတ်မချမ်းသာသောဘဝ
- ဖျားနာဆင်းရဲသောဘဝ

စသောဘဝငယ်ပေါင်းများစွာ ဖြစ်ပေါ်စေရန် ဓနကကံက ထူထောင်ပေးနေသည်။

- ထူးချွန်သောပညာရှိ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်စေရန် ထိုသူလေ့လာသင်ကြားစုဆောင်းမှတ်သားခဲ့သောပညာရပ်များ၊ အရည်အချင်းများက ထူထောင်ပေးသည်။
- ထိုကောင်းမွန်သော လေ့လာသင်ယူမှုမရှိပါက ထိုသူ ပညာရှိတစ်ယောက် ဖြစ်မလာနိုင်ပါ။
- ကောင်းမွန်သောလေ့လာသင်ယူမှုများသည် ဓနကကံ ဖြစ်ပါသည်။
- ဤမှာဘက်ဘဝ ပညာတတ် ရာထူးကြီး ရုပ်လှ-မလှ သူဌေး စသည် ဖြစ်ရခြင်း၊ ပညာမတတ်၊ ရုပ်မလှ၊ ဆင်းရဲဖြစ်ရခြင်း၊
- ခွေး၊ နွား၊ တိရစ္ဆာန် ဖြစ်ရခြင်း စသည်တို့သည် အတိတ်ဘဝက ပြုလုပ်ခဲ့သော ကုသိုလ်-အကုသိုလ် ဓနကံများကြောင့်ပင် ဖြစ်ပါသည်။

၂။ **ဥပတ္ထမ္ဘကကံ** - ဓနကံကို ထောက်ပံ့ကူညီပေးသောအလုပ် (ကံ)

- ဓနကံက ဘဝကြီး-ဘဝငယ်ဖြစ်ပေါ်စေရန် ထူထောင်ပေးရာတွင် ဥပတ္ထမ္ဘကကံက ဓနကံကို ထူထောင်မှုအားရှိစေရန် ကူညီပေးသည်။
- ဥပတ္ထမ္ဘကကံသည် ထောက်ပံ့ကူညီသောအလုပ်ကိုသာ လုပ်နိုင်သည်။ ကိုယ်တိုင်ကား ထူထောင်မှုမရှိပါ။

ဥပမာ- ဝန်ထမ်းတစ်ဦးသည် အလုပ်ကိုကြိုးစားသည်။ အကျင့်စာရိတ္တကောင်းသည်။ အချင်းချင်းဆက်ဆံရေး ပြေပြစ်သည်။ အများအကျိုးကို သယ်ပိုးလိုစိတ်ရှိသည်။

- ဤသို့သော စွမ်းရည်အချက်များနှင့် ပြည့်စုံမှုကြောင့် အထက်လူကြီးများက ရာထူးတိုးပေးရန် ရွေးချယ်ခံရသည်။
- ထိုဝန်ထမ်း အလုပ်ကြိုးစားမှုစသည်တို့ ဆောင်ရွက်ခဲ့သဖြင့် ရာထူးတိုးမြှင့်ရန် ဇနကကံက ထူထောင်ပေးထားသည်။
- အထက်အရာရှိများက ရာထူးတိုးပေးရန် ရွေးချယ်ထောက်ခံလိုက်ခြင်းသည် ဇနကကံကို ကူညီထောက်ပံ့ပေးသော ဥပတ္ထမ္ဘကကံ ဖြစ်သည်။
- ဥပတ္ထမ္ဘကံသည် ဇနကကံကို ကူညီထောက်ပံ့ရာ၌ ကောင်းသောအဖြစ်ကိုသာ ထောက်ပံ့သည်မဟုတ်။ မကောင်းသောအဖြစ်တို့၌လည်း ကူညီထောက်ပံ့ပေးသည်။

၃။ ဥပပီဠကကံ - ဇနကကံ၏ အကျိုးကို အားနည်းအောင် နှိပ်စက်သော နှောင့်ယှက်သောကံ

- ဘဝတစ်ခုထူထောင်သော ဇနကကံကို ဥပပီဠကကံက မထူထောင်ဖြစ်အောင် နှိပ်စက်သည်-နှောင့်ယှက်သည်။
- မကောင်းသည့်ဘဝကို ဇနကကံက ထူထောင်လျှင် ကောင်းသည့်လုပ်ငန်းများဖြင့် ဥပပီဠကကံက နှောင့်ယှက်သည်။
- လုံလောက်သောဥပဒေပညာကို သင်ယူပြီး လုပ်ငန်းနှင့်ပတ်သက်သော အရည်အချင်းများ ပြည့်ဝသဖြင့် ဥပဒေပညာရှင်ဖြစ်လာသည်။ ဤသည်မှာ ဇနကကံ၏ ထူထောင်ပေးမှုဖြစ်သည်။
- ထိုအရည်အချင်းများကြောင့် တရားသူကြီးခန့်အပ်ရသည်။ ဥပတ္ထမ္ဘကကံ၏ ထူထောင်ပေးမှု။
- သို့သော် တရားသူကြီးဘဝတွင် လာဘ်စား၍ ရာထူးမှအချခံ ထောင်ကျခံရသည်။ ဤသည်မှာ ဥပပီဠကကံ၏ နှိပ်စက်နှောင့်ယှက်မှုဖြစ်သည်။
- အင်္ဂုလိမာလမထေရ်သည် လူများစွာကိုသတ်သည့် ဇနကကံ။
- ဘုရားနှင့်တွေ့၍ ရဟန္တာဖြစ်ရသည့် ဥပတ္ထမ္ဘကတံ။
- လူသတ်မှုအကုသိုလ်ကံများ လွတ်သွားသည့် ဥပပီဠကကံ။

၄။ **ဥပဃာတကကံ** - ဇနကကံကအကျိုးပေးထားသော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်အစဉ်ကိုဖြတ်ပြီး မိမိ၏အကျိုးကိုပေးတတ်သောကံ၊

- ဝိပါက်နာမက္ခန္ဓာ = ကံ၏အကျိုးဖြစ်သော နာမ်ခန္ဓာ ၄-ပါး(၀၊)ဝိပါက်စိတ် နှင့် စေတသိက်များ၊
- ကဋတ္တာရုပ် = ကမ္မဇရုပ်(ကံကြောင့်ဖြစ်သောရုပ်)နှင့် ဥတုဇရုပ် (ဥတုကြောင့်ဖြစ်သောရုပ်)

-ဘဝတစ်ခုထူထောင်ပြီးသော ဇနကကံကို သတ်ဖြတ်ဖျက်ဆီးပစ်သည်။

- ဇနကကံက ကောင်းသောဘဝကို ထူထောင်ထားသည်ဖြစ်စေ၊ မကောင်းသောဘဝကို ထူထောင်ထားသည်ဖြစ်စေ ဥပဃာတကကံက ဖျက်ဆီးပစ်သည်။
- ဇနကကံက ထူထောင်သည်။
- ဥပဃာတကကံက ဖျက်ဆီးသည်။
- ဤကံနှစ်ပါးက ဆန့်ကျင်ဘက်ဖြစ်သည်။
- ဇနကကံက အဆိုးဖြစ်မှ ဥပတ္ထမ္ဘကကံကလည်း အဆိုးဖြစ်သည်။
- ဥပပီဠကနှင့် ဥပဃာတကတို့က ကောင်းသောအပြုအမူ ဖြစ်လာသည်။
- ဇနကကံက ကောင်းသောအပြုအမူဖြစ်လျှင် ဥပတ္ထမ္ဘကလည်း ကောင်းသော အပြုအမူဖြစ်သည်။ ဥပပီဠကနှင့် ဥပဃာတကတို့က မကောင်းသော-ဆိုးသော အပြုအမူများ ဖြစ်လာသည်။

ဥပမာ - ကျောင်းသားတစ်ယောက် ဆေးပညာကိုသင်ယူ၍ ဆရာဝန်ဖြစ်လာသည်- (ဇနကကံ)

- သူသည် လက်တွေ့သင်တန်းဆင်းခြင်း၊ ဆေးပညာများကို ဆက်လက် ဆည်းပူးခြင်း စသည့်လုပ်ငန်းရပ်များကို ဆောင်ရွက်၍ ဆရာဝန်ဖြစ်လာသည်- (ဥပတ္ထမ္ဘကတံ)
- သူသည်ဆေးကျောင်းသားဘဝတည်းက ဆရာဝန်ပညာကိုဖျက်ဆီးသော အလုပ်များ၊ ပြစ်မှုများ ကျူးလွန်သဖြင့် ကျောင်းထုတ်ခံရသဖြင့် ဆရာဝန် မဖြစ်တော့ပေ- (ဥပဃာတကကံ)

ဥပဃာတက်က ဇနကကို ဖျက်ဆီးလိုက်ခြင်း ဖြစ်ပါသည်။

- ဆရာဝန်ဖြစ်လာသည်။ သို့သော် ဆေးကုမှာ၍၊ ပေါ့လျော့စွာဆေးကုသမိ၍၊ ဆရာဝန်အင်္ဂါနှင့်မညီစွာ ဆောင်ရွက်မိ၍ နာမည်ကောင်းပျက်ပြယ်သွားသည်။ ဆရာဝန်ကြီးမဖြစ်တော့ပေ။ (ဥပပီဋ္ဌကက်)

ဥပပီဋ္ဌကက်က ဇနကကို နှောင့်ယှက် ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။ ယခုဘဝတွင် ပြုလုပ်သော အကုသိုလ်ကံပြစ်မှုတစ်ခုခုသည် အပါယ်လေးဘုံသို့ ထူထောင်ပေးမည်။ ဇနကကံဖြစ်သည်။ ထို့ဇနကကံကို ဖျက်ဆီးပစ်နိုင်သော ဥပဃာတကကံဖြစ်သည့် ကုသိုလ်ကံများကို အောင်မြင်စွာ ဆောင်ရွက်ရမည်။

ငယ်စဉ်ကတည်းကစ၍ ကြီးရင့်သည်အထိ မုဆိုးလုပ်ငန်းဖြင့် အသက်မွေးလာသော မုဆိုးကြီးတစ်ယောက်သည် သေခါနီးတွင် ပန်းမွေ့ရာကို ဘုရားရှင်အား ရည်မှန်းပြီး စေတနာထက်သန်စွာဖြင့် ရည်မှန်းလှူဒါန်းခဲ့သောကြောင့် သေသော် တာဝတိံသာနတ်ပြည်သို့ ရောက်ရှိသွားသည်။

မုဆိုးကြီး၏ ဇနကကံက ငရဲဘုံတွင်ဖြစ်စေမည့်ဘဝကို ထူထောင်မည့်ဆဲဆဲ ဘုရားရှင်ကိုလှူသော ဥပဃာတကကံက ပယ်ဖျက်သတ်၍ နတ်ပြည်သို့ ရောက်စေသည်။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ-၄၂၀)

ကောင်းသည့်ဇနကကံဖြစ်စေ၊ မကောင်းသောဇနကကံဖြစ်စေ အင်အား အလွန်ကြီးမားလျှင် ထိုဇနကကံကို ဖျက်နိုင်သော ဥပဃာတကကံ မလာနိုင်ပါ။

ဒေဝဒတ်၊ အဇာတသတ်၊ စိဉ္စမာဏဝိက၊ သုပ္ပဗုဒ္ဓတို့သည် အလွန်အင်အားကြီးမားဆိုးသွမ်းသော ဇနကကံကို ဆောင်ရွက်မိသောကြောင့် ထိုဇနကကံက ငရဲဘဝကို ထူထောင်ပေးသည်။

ထိုဇနကကံက အင်အားအလွန်ကြီးမားသောကြောင့် ဥပဃာတကကံ မပယ်ဖျက်နိုင်ပေ။

အလားတူ လူ့အသက်များစွာကိုသတ်ခဲ့သော တမ္ဗဒါဋ္ဌက၊ အင်္ဂုလိမာလ၊ ကုသိုလ်ဆို၍ လုံးဝမရှိခဲ့သော မဋ္ဌကုဏ္ဍလီ၊ ဖားနတ်သားစသည်တို့သည် အကုသိုလ်ကံကြောင့် ငရဲသို့ရောက်ရမည့် ဇနကကံရှိခဲ့သော်လည်း ဘုရားရှင်ကို ဖူးတွေ့ရခြင်း၊ ဘုရား၏

စကားကိုနာကြားရခြင်းကြောင့် ချက်ချင်းနတ်ပြည်ရောက်သော ဇနကကံကိုဖြစ်စေသည်။ သူတို့၏ အကုသိုလ်ဇနကကံများကို ကုသိုလ်ကံက အားကြီးလှသဖြင့် ဥပဃာတကကံက ဖျက်ဆီးနိုင်သည်။

ဆောင် --- ဇနဿ ထမ္ဘ၊ ပီဠက၊ ယာတ ကိစ္စကံ။

ပါကဒါနပရိယာယကမ္မစတုက္က
(အကျိုးပေးသောအလှည့်အကြိမ်အားဖြင့် ကံ ၄-မျိုး)

၁။ ဂရုကံ = ကြီးသောကံ (သေပြီးနောက် မုချအကျိုးပေးမည့်ကံ)
- အကုသိုလ်အရာ - ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံ၊
ကုသိုလ်အရာ - မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်ကံ၊

- အလွန်လေးနက်သောကံဖြစ်၍ မည်သည်ကံကမျှ ဖျက်၍မရသော ကံဖြစ်သည်။

ဥပမာ - အဇာတသတ်သည် အဖကိုသတ်မိ၍ နောက်ပိုင်း ဘုရားကို အလွန်ကြည်ညိုသော်လည်း သေသောအခါ မုချငရဲသွားရသည်။

- စာန်ရပုဂ္ဂိုလ်သည် မုချဗြဟ္မာပြည်သွားရသည်။ ရဟန္တာသည် မုချနိဗ္ဗာန်ဝင်ရသည်။

- လောကုတ္တရာအရေးနှင့်ပတ်သက်၍ လေးနက်သောဂရုကံများရှိသကဲ့သို့ လောကီအရေးတွင်လည်း လေးနက်သောဂရုကံများ ရှိပါသည်။

ဥပမာ - လူတစ်ယောက်သည် မိသားစုနှင့် ချမ်းသာပျော်ရွှင်စွာ နေလာရာမှ ကြီးမားသောအပြစ်တစ်ခုကျူးလွန်သော် ထိုမိသားစုများနှင့် မနေရတော့ပေ။

ထိုကံကို မည်သူကမျှ ဖျက်ဆီးပေးနိုင်မည်မဟုတ်ပေ။ ကောင်းသည့်ဘက်တွင် ကြီးကျယ်သောဂုဏ်ထူး၊ ဘွဲ့ထူးများရရှိရန် ဆောင်ရွက်လုပ်ကိုင်ခြင်းသည် ဂရုကံဖြစ်သည်။ အင်အားသေးငယ်သော ကံကထိုကံကြီးများကို မဖျက်ဆီးနိုင်ပါ။

၂။ **အာသန္နကံ** = သေခါနီးလောလောဆယ်ဆယ်ပြုအပ်သောကံ (သို့မဟုတ်) ရှေးက ပြုခဲ့ပြီး၍ သေခါနီးအောက်မေ့အပ်သော ကုသိုလ်ကံ-အကုသိုလ်ကံ၊

- လူတစ်ယောက်သည် တစ်သက်လုံး ပေါ့ပေါ့ဆဆနေခဲ့သည်။ သေခါနီးတွင် ကောင်းသောလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်မိခဲ့သဖြင့် နောက်ဘဝတွင် ကောင်းသောဘဝသို့ ရောက်သွားနိုင်သည်။
- တစ်သက်လုံးကောင်းမွန်စွာနေထိုင်ခဲ့သော်လည်း သေခါနီးတွင် မကောင်းမှု ပြုလုပ်ဆောင်ရွက်မိကြသဖြင့် ဘဝဆိုးသို့ ဆိုက်ရောက်နိုင်သည်။

ဥပမာ - ကဿပဘုရားရှင်လက်ထက်က ရဟန်းတစ်ပါးသည် ရဟန်းတရားကို နှစ်ပေါင်းနှစ်သောင်းအားထုတ်ခဲ့သည်။ တစ်နေ့ ဂင်္ဂါမြစ်တွင် လှေဖြင့် စုန်ရာ လှိုင်းကြောင့် လှေလှုပ်သဖြင့် ပြိန်းမြက်ကို ဆွဲကိုင်မိသည်။ ပြိန်းမြက်ပြတ်သွားသဖြင့် ဝိနည်းပြစ်သေးငယ်သော ဒုက္ကဋ်အာပတ် သင့်ရောက်ခဲ့သည်။ ထိုအပြစ်ကို အာပတ်မဖြေမိသဖြင့် သံသယကုက္ကုစ္စဖြစ်မိ၍ ဒေါသကြောင့် အပါယ်ဘုံတွင် ဧရကပတ္တ နဂါးသွားဖြစ်ရသည်။

- မဌကုဏ္ဍလီသည် မည်သည့်ကောင်းမှုမှမရှိသော်လည်း သေခါနီးတွင် ဘုရားရှင်၏ ရောင်ခြည်တော်ကို အာရုံပြုမိသဖြင့် နတ်ပြည် ရောက်ရသည်။
- အာသန္နကံသည် ခြံပေါက်ဝ၌အိပ်သောနွားအိုကဲ့သို့သဘောရှိသည်ဟု ဆိုပါသည်။ နွားခြံပေါက်ဝ၌ အိပ်သောနွားအိုသည် နောက်နေ့နံနက် အပေါက်က ထွက်ရသော အခါ ရှေ့ကထွက်ရသကဲ့သို့ လတ်တလောသေခါနီးပြုအပ်သော ကုသိုလ်-အကုသိုလ်တို့သည် ရှေးဦးစွာ အကျိုးပေးပါသည်။

၃။ **အာစိဏ္ဏကံ** = အမြဲပြုလုပ်နေသောကုသိုလ်ကံ-အကုသိုလ်ကံ၊
အမြဲအောက်မေ့အပ်သောကုသိုလ်ကံ-အကုသိုလ်ကံ၊

- ကောင်းသောလုပ်ငန်းဖြစ်စေ၊ မကောင်းသောလုပ်ငန်းဖြစ်စေ နေ့စဉ်အဖန်တလဲလဲ လေ့ကျင့်ပေးလျှင် အာစိဏ္ဏကံ အားကောင်းလာသည်။
- ကျောင်းသားများ နေ့စဉ် စာပေသင်အံလေ့ကျက်ခြင်းသည် အာစိဏ္ဏကံဖြစ်သည်။ စာမေးပွဲအောင်ခြင်းဟူသော ကောင်းကျိုးကို ရရှိခံစားရသည်။

၄။ **ကဋ္ဌဟာကံ** = ပြုလုပ်ဖူးရုံမျှ ပြုလုပ်သောကံ။
- အထက်ကံ ၃-ပါးသို့မရောက်သောကံ။
- အကျိုးပေးညွှန်သည်။ အားစွမ်းမရှိသောကံ။
- တစ်ခါတစ်ရံသာပြုလုပ်သဖြင့် အားမသန်စွမ်းသဖြင့် အကျိုးပေးလည်း ပျက်တတ်သည်။

ဆောင် --- ဂရု၊ အာသန်၊ အာစိဏ်မှန်၊ မှတ်ရှန်ကဋ္ဌဟာ။

ပါကကာလကမ္မစတုက္က
(အကျိုးပေးသောအချိန်အားဖြင့် ကံ ၄ မျိုး)

၁။ **ဒိဋ္ဌဓမ္မဝေဒနီယကံ** - ယခုမျက်မှောက်ကာလအကျိုးပေးသောကံ။
- ယခုဘဝတွင်သာ အကျိုးခံစားရမည့်ကံဖြစ်မည်။
နောင်ဘဝအချိန်များတွင် အကျိုးမရှိတော့ပေ။

၂။ **ဥပပဇ္ဇဝေဒနီယကံ** - နောက်ဘဝ (ဒုတိယဘဝ)တွင် အကျိုးခံစားရသည့်ကံ၊

၃။ **အပရာပရိယဝေဒနီယကံ**-တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်ကာလအထိ အခွင့်သာတိုင်း အကျိုးပေးသောကံ၊

၄။ **အဟောသိကံ** - အချိန်လွန်၍ အကျိုးမပေးတော့ဘဲ အချည်းနှီးဖြစ်သွားသောကံ၊

လူတစ်ဦးသည် နေ့စဉ်နေ့တိုင်း အလုပ်ကိစ္စများကို ဆောင်ရွက်နေရာ ဝိထိစိတ်အစဉ်တစ်ခုတွင် ဇော ၇-ကြိမ်သည် ထပ်ကာထပ်ကာ အမြဲဖြစ်နေသည်။

အကုသိုလ်ဇောဖြစ်စေ၊ ကုသိုလ်ဇောဖြစ်စေ ဆက်ကာဆက်ကာကျနေသည်။ ထိုသို့ထပ်ကာထပ်ကာဖြစ်နေသည်တွင် ပထမဇောသည်လည်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် များစွာပါဝင်နေပါသည်။

ထိုပထမဇောများက စုပေါင်း၍ ယခုဘဝအတွက် အကျိုးပေးပါတော့သည်။

ငယ်စဉ်က စာပေသင်ကြားကျက်မှတ်ခဲ့ရသည်။ ကောင်းသောအကြံအစည်၊ အပြောအဆို ပြုလုပ်မှုကို ဆောင်ရွက်ခဲ့သည်။ ထိုအချိန်များတွင် ဖြစ်ပေါ်သော ဇော ၇-ကြိမ်၏ ပထမဇောများစုပေါင်း၍ ၁၀-နှစ်၊ ၁၅-နှစ်၊ အနှစ် ၂၀ ကြာမှ အကျိုးပေး

လာသဖြင့် လူအဖိုးတန်တစ်ယောက်ဖြစ်လာ၍ လူလောကတွင် ကောင်းမွန်စွာ နေထိုင်နိုင်သည်။

- ပထမဈောသည် အားအပျော့ဆုံးဖြစ်၍ ယခုဘဝတွင်သာ အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနိယကံ၊
- သတ္တမဈောသည် ဒုတိယအားပျော့သောဈောဖြစ်၍ သေပြီးနောက် ဒုတိယဘဝတွင် အကျိုးပေးသော ဥပပဇ္ဇဝေဒနိယကံ၊
- အလယ်ဈော ၅-ချက်သည် အားအပြင်းဆုံးဖြစ်သည်။ အချိန်ကြာမြင့်မှ အကျိုးပေး၍ အကျိုးပေးသောအချိန်သည် ကြာမြင့်သော အပရာပရိယဝေဒနိယကံ၊

ဥပမာပြရသော်-

- ပထမဈောသည် ဘူးပင်၊ သခွားပင်နှင့်တူသည်။ ယင်းတို့သည် စိုက်ပြီးနောက် အချိန်မကြာမီပေါက်၍ အသီးစားသုံးရသည်။ သို့သော် တာရှည်မခံပေ။
- သတ္တမဈောသည် မာလကာပင်၊ ငှက်ပျောပင်နှင့်တူသည်။ မာလကာပင်၊ ငှက်ပျောပင်တို့သည် စိုက်ပြီးနောက် အချိန်တော်ကြာစောင့်ရမှ အသီးသီး၍ စားသုံးရသည်။ အချိန်လည်း အတန်ငယ်ကြာမြင့်သည်။ တစ်နှစ်အတွင်း ပျက်စီးမသွားပေ။
- အလယ်ဈော ၅-ချက်သည် သရက်ပင်၊ ပိန္နဲပင်တို့နှင့်တူသည်။ ထိုအပင်များသည် စိုက်ပျိုးလိုက်သည်မှ အပင်ပေါက်၍ ကြီးထွားလာကာ အသီးသီးသည့်အချိန်အထိ အချိန်ကြာမြင့်စွာစောင့်ပြီးမှ အသီးကိုစားရသည်။

အကုသိုလ်ဈောများတွင် ဖြစ်စေ၊ ကုသိုလ်ဈောများတွင်ဖြစ်စေ ဒိဋ္ဌဓမ္မဝေဒနိယကံ၊ ဥပပဇ္ဇဝေဒနိယကံ၊ အပရာပရိယဝေဒနိယကံတို့သည် မိမိတို့အကျိုးပေးနိုင်သော အချိန်ကုန်လွန်သွားသော် အဟောသိကံ ဖြစ်သွားရတော့သည်။

ဥပမာ - အင်္ဂုလိမာလသည် လူပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။ ဘုရားရှင်နှင့် တွေ့ပြီး ရဟန်းဝတ်၊ တရားကျင့်၍ ရဟန္တာဖြစ်သွားသောအခါ လူပေါင်းများစွာသတ်ခဲ့သော အကုသိုလ်ကံသည် အကျိုးမပေး အချည်းနှီး အဟောသိကံဖြစ်သွားရသည်။

- အလားတူ ဘုရားရဟန္တာတို့ပြုလုပ်သော ကာယကံအမှု၊ ဝစီကံမှုများသည် အကျိုးမပေးတော့၊ အဟောသိကံဖြစ်ရတော့သည်။



ဆောင်--- ဒိဋ္ဌ၊ ဥပဇ်၊ အပရာမြှစ်၊ မဖြစ်အဟောသိကာ၊
စ ဓော-ဒိဋ္ဌ၊ ဆုံး-ဥပ၊ လယ်က-ပရိယာ
ပါကကာလ၊ အကျိုးပြု၊ ပြားရက်လေးဖြာ။

ပါကဋ္ဌာနစတုက္က
(အကျိုးပေးရာဘုံဋ္ဌာနအားဖြင့် ကံ ၄-ပါး)

ကံ၏အကျိုးသည် - ပဋိသန္ဓေအကျိုး၊
- ပဝတ္တိအကျိုး ဟူ၍ ၂-မျိုးရှိပါသည်။

ပဋိသန္ဓေအကျိုးသည် - ဘဝသစ်ထူထောင်ပေးသောလုပ်ငန်းဖြစ်သည်။ သေပြီးနောက် ဘဝသစ်တစ်ခုတွင် ဖြစ်စေရန် အလျင်လုပ်ခဲ့သောကံက ထူထောင်ပေးသည်။ ပဋိသန္ဓေအကျိုးသည် ဘဝတစ်ခုလုံးနှင့်သက်ဆိုင်သည်။

ပဝတ္တိအကျိုးသည် - ဘဝဖြစ်ပေါ်ပြီးနောက် အသက်ရှင်နေစဉ်အတွင်း တွေ့ကြုံရသောအကျိုး ဖြစ်သည်။

၁။ အကုသိုလ်ကံ - ၁၂ } ကာမဘုံဌ်အကျိုးပေးသည်။
၂။ ကာမကုသိုလ်ကံ - ၈
၃။ ရူပါဝစရကုသိုလ်ကံ - ၅ - ရူပဘုံဌ်အကျိုးပေးသည်။
၄။ အရူပါဝစရကုသိုလ်ကံ - ၄ - အရူပဘုံဌ်အကျိုးပေးသည်။

စဉ်	ကံ	အကျိုး	အကျိုးပေးဘုံ		အကျိုးမပေးဘုံ	
၁	အကုသိုလ်ကံ	ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး	အပါယ် ၄-ဘုံ ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ		အသညသတ်ဘုံ အရူပ	၁ ၄
			၂၆-ဘုံ			၅ ဘုံ
၂	ကာမာဝစရ ကုသိုလ်ကံ	ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး	ကာမသုဂတိ ၇ ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ		အသညသတ်ဘုံ အရူပ	၁ ၄
			၂၆-ဘုံ			၅ ဘုံ
၃	ရူပါဝစရ ကုသိုလ်ကံ	ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး	ရူပ ၁၆-ဘုံ ရူပ ၁၆-ဘုံ		ကာမ အရူပ	၁၁ ဘုံ ၄ ဘုံ
						၁၅ ဘုံ
၄	အရူပါဝစရ ကုသိုလ်ကံ	ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး	အရူပ ၄-ဘုံ အရူပ ၄-ဘုံ		ကာမ ရူပ	၁၁ ဘုံ ၁၆ ဘုံ
						၂၇ ဘုံ

ကမ္မဒွါရနှင့်ကံ ၃-ပါး

ကမ္မဒွါရ = ကံဖြစ်ရာဖြစ်ကြောင်းဖြစ်သောဌာန။

- ကမ္မဒွါရကိုလိုက်၍ ကံ ၃-မျိုးကွဲပြားပါသည်။
- စိတ္တာပ္ပါဒ်၏အစွမ်းဖြင့် အကုသိုလ်ကံ၊ ကုသိုလ်ကံများပါရှိသည်။

ဆောင် --- ကာ ကု, အက္၊ ရူ-ရူက္၊ ယဉ်မူစေတနာ။

ကံ ၃-ပါး

၁။ ကာယကမ္မ - ကိုယ်အမူအရာဖြင့်ပြုလုပ်မှု
(ကာယကံဖြင့် ကောင်းမှု-မကောင်းမှုကို ပြုလုပ်သည်။)

၂။ ဝစီကမ္မ - နှုတ်အမှုအရာဖြင့် ပြောဆိုမှု
(ဝစီကံဖြင့် ကောင်းမှု-မကောင်းမှုကို ပြောဆိုသည်။)

၃။ မနောကမ္မ - စိတ်ဖြင့် ကြံစည်မှု
(စိတ်ဖြင့် ကောင်းမှု-မကောင်းမှုတို့ကို ကြံစည်သည်။)

အကုသိုလ်ကံ ၁၀-ပါး (အကုသလဒုစရိတ)
(အကုသလကမ္မပထ)

အကုသိုလ်ကံ - အပြစ်ရှိ၍ မကောင်းကျိုးပေးတတ်သော အလုပ်(ကံ)ကို အကုသိုလ်ကံ၊

ဒုစရိတ - ယုတ်ညံ့သောအကျင့်အမှုဖြစ်၍ ဒုစရိတအကုသိုလ်ကာယကံ ၃-ပါး၊ အကုသိုလ်ဝစီကံ ၄-ပါး၊ အကုသိုလ်မနောကံ ၃-ပါး၊ ပေါင်း ၁၀-ပါးတို့ကို အလေ့အကျင့်မကောင်းသောသူများ ကြံစည် ပြောဆိုပြုလုပ်သောကြောင့် ဒုစရိုက် ၁၀-ပါး ဟု ခေါ်ပါသည်။
- စိတ္တုပ္ပါဒ်အစွမ်းဖြင့် အကုသိုလ်ကံ ၁၂-ပါး ပါရှိသည်။

အကုသိုလ်ကာယကံ ၃-ပါး (ကာယဒုစရိတ)

၁။ ပါဏာတိပါတ = သတ္တဝါတို့ကို သေစေလိုသောစေတနာဖြင့် သတ်ဖြတ်မှု၊

၂။ အဒိန္နာဒါန = သူတစ်ပါး၏ပစ္စည်းကို လိုချင်သောစေတနာဖြင့် ခိုးဝှက် တိုက်ခိုက်လှည့်ပတ်ယူမှု၊

၃။ ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာကျင့်မှု၊
- အဆောင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူ၍ ကာမဂုဏ်ငါးပါးရှိရာတွင် ထိုကာမဂုဏ်တရားများကို မှားယွင်းစွာကျင့်သုံးလက်ခံလျှင် ကာမေသုမိစ္ဆာစာရ ဖြစ်သည်။

- မျက်စိ၊ နား၊ နှာခေါင်းရှိသူများသည် ကာမဂုဏ်အာရုံများကို သင့်တင့်မျှတစွာ လက်ခံလျှင် သမ္မာစာရဖြစ်သည်။
- မြင်လျှင်လည်းမြင်ကာမျှ၊ ကြားလျှင်လည်းကြားကာမျှ၊ နံလျှင်လည်းနံကာမျှ၊ တွေ့ထိလျှင်လည်း တွေ့ထိကာမျှ စသည်ဖြင့် ရှိရင်းအတိုင်းလက်ခံလျှင် သမ္မာစာရဖြစ်သည်။
- သို့မဟုတ်မူ အလှအပများကို ကြည့်ချင်ခြင်း၊ ရုပ်ရှင်ဇာတ်ပွဲများကို ကြည့်ချင်ခြင်း၊ အသံကောင်းကောင်းကို နားထောင်လိုခြင်း၊ အစားကို ခုံမင်စွာ စားသောက်လိုခြင်းတို့သည် မိစ္ဆာစာရ ဖြစ်သည်။
- အစာစားရာတွင် အင်အားဖြည့်တင်းရန် ကျန်းမာရန်အတွက် သင့်တင့်မျှတစွာ စားသောက်လျှင် သမ္မာစာရဖြစ်သည်။
- မူးယစ်စေတတ်သော သေရည်သေရက်ကိုသောက်သုံးခြင်း (သုရာမေရယ မဇ္ဇပမာဒ)သည် ကာယကံထဲတွင် ပါဝင်ပါသည်။ တဏှာအရင်းခံချင်းတူ၍ လည်းကောင်း၊ ကာယကံမှုချင်းတူ၍လည်းကောင်း သေရည်သေရက်သောက်မှုကို ကာမေသုမိစ္ဆာစာရနှင့်အတူတူ ဟူ၍ ဆရာမထေရ်တို့က သတ်မှတ်ပါသည်။
- ကာယကံ ၃-ပါးသည် လူပ်ရှားသောကိုယ်နှင့်အဖြစ်များတတ်သော်လည်း အနှည်းအပါးအားဖြင့် လူပ်ရှားသောနှုတ်မှလည်း ဖြစ်တတ်သည်လည်း ရှိပါသည်။

ဥပမာ- သတ်ခြင်းကိုမူတည်၍ နှုတ်ကအားပေးသော် နှုတ်ဖြင့်ပြောသူသည် လည်း ကာယကံအမှုကို ကျူးလွန်ရာရောက်သည်။

ဆောင် --- ပါဏာ ဒိန်ရှ၊ ကာမေသု၊ သုံးခုကာယကံ။

အကုသိုလ်ဝစီကံ ၄-ပါး (ဝစီဒုစရိုတ)

၁။ မုသာဝါဒ - မဟုတ်မမှန်လိမ်လည်ပြောဆိုမှု၊
၂။ ပိသုဏဝါစာ - ချောပစ်ကုန်းတိုက်သောစကားကိုပြောဆိုမှု၊
၃။ ဖရုသဝါစာ - ကြမ်းတမ်းယုတ်မာသောစကားကိုပြောဆိုမှု၊
၄။ သမ္ဖပ္ပလာပ - ပိန်ဖျင်းသောစကား၊ အကျိုးမရှိသောစကားပြောဆိုမှု၊

အကုသိုလ်မနောကံ ၃-ပါး (မနောဒုစရိုက)

၁။ အဘိဇ္ဈာ - သူတစ်ပါး၏ဥစ္စာကို မတရားရယူရန် ကြံစည်ခြင်း၊
၂။ ဗျာပါဒ - သူတစ်ပါး၏အသက်နှင့် စည်းစိမ်ကို ပျက်စီးရန်ကြံစည်ခြင်း၊
၃။ မိစ္ဆာဒိဋ္ဌိ - ကံ-ကံ၏အကျိုးကိုပယ်၍ လွဲမှားစွာယုံကြည်မှု၊

- အဘိဇ္ဈာသည် သူတစ်ပါးပစ္စည်းကို စိတ်ထဲကတွေးတော၍ အလွန်လိုချင်နေခြင်းပင် ဖြစ်သည်။
- အဘိဇ္ဈာအကုသိုလ်စိတ်က အလွန်လိုချင်သောအလုပ်ကို လုပ်သည်။ ခိုးယူရန်၊ လာဘ်စားရန်၊ မတရားသဖြင့် လိမ်ညာစားရန် ကြံစည်စိတ်ကူးနေပါသည်။
- အဘိဇ္ဈာသည် မြစ်ဖျားဖြစ်သည်။ အဘိဇ္ဈာမြစ်ဖျားခံ၍ အဒိန္နာဒါနကံ၊ မုသာဝါဒကံ၊ ပိသုဏာဝါစာကံ မြစ်များသည် စီးဆင်းရသည်။
- အလွန်လိုချင်နေသောသူသည် မပေးဘဲခိုးယူမည်။ လိမ်ညာ၍ ကုန်းတိုက်၍မရ ရအောင်ယူမည်။
- အဘိဇ္ဈာသည် တရားကိုယ်အားဖြင့် လောဘစေတသိက်ဖြစ်သည်။ စိတ်ထဲက လောဘထူထပ်အားကောင်းလာလျှင် နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်ဖြင့် လည်းကောင်း ရအောင်ယူဆောင်ပေမည်။ မနောကံကို အရင်းတည်၍ ဝစီကံ-ကာယကံ ဖြစ်ရသည်။
- ဗျာပါဒရင့်ကျက်လာလျှင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာကံများ ဖြစ်နိုင်သည်။
- သူတစ်ပါးဂုဏ်အရည်အသွေးမြင့်မားနေသည်ကိုလည်းကောင်း၊ ဥစ္စာပစ္စည်း တိုးပွားနေသည်ကိုလည်းကောင်း မနာလိုသောသူများသည် ဗျာပါဒမနောကံရှင်သန်လာလျှင် ထိုသူများကို တစ်နည်းနည်းဖြင့် ပျက်စီးစေတော့မည်။
- သတ်ဖြတ်ခြင်း၊ ဖျက်စီးခြင်း၊ မဟုတ်မမှန်သတင်းလွှင့်ပြောဆိုခြင်း စသော ဝစီကံ၊ ကာယကံဒုစရိုက်များကို ဆောင်ရွက်တော့သည်။
- သူတစ်ပါးကောင်းကျိုးကိုလိုလားခြင်းသည် ဗျာပါဒကို ပယ်ဖျောက်ခြင်း ဖြစ်ပါသည်။

- လူတစ်ဦးတစ်ယောက်ကို မုန်းတီးလာလျှင် ဗျာပါဒဝင်လာပါသည်။ ထိုဗျာပါဒဝင်လာလျှင် အကုသိုလ်အမှုတို့ကို ဆောင်ရွက်ပါတော့သည်။
- မနောဒုစရိုက်တွင် မိစ္ဆာဒိဋ္ဌိသည် အလွန်ရှောင်ရှားအပ်သော ကံတစ်ပါးဖြစ်သည်။
- အမြင်များရင့်ကျက်လာလျှင် မှန်သည်ဟုထင်မှတ်ရသည်။ ပုထုဇဉ်များသည်ကား အမြင်မှားများနှင့်သာ ပြည့်လျှမ်းနေတတ်ပါသည်။
- သို့သော် မိစ္ဆာဒိဋ္ဌိသည် အမှောင်ဓာတ်ဖြစ်သည်။ အလင်းပေါ်လာသော် အမှောင်ဓာတ်ကွယ်ပျောက်သွားနိုင်ပါသည်။
- ပညတ်၊ ပရမတ်ကိုခွဲ၍ သိခြင်းသည် သမ္မာဒိဋ္ဌိဖြစ်သည်။
- အရာဝတ္ထုများ၊ သက်ရှိသတ္တဝါများသည် ရုပ်ကလာပ်မှုန့်များသာ ပေါင်းစပ်ထားကြောင်း သိရမည်။
- သူတစ်ပါး၏ ကိုယ်၊ မိမိ၏ကိုယ်သည် ထင်ရှားရှိသည်ဟု ထင်မှတ်နေခြင်းသည် မိစ္ဆာဒိဋ္ဌိဖြစ်သည်။
- မိစ္ဆာဒိဋ္ဌိကိုပယ်ထားသောသူသည် ဒေါသ၊ မာန လျော့နည်းသွားပေမည်။ ဒေါသ၊ မာနလျော့နည်းသွားသောသူသည် အလုပ်ကိစ္စများကို ဆောင်ရွက်ရာတွင် အောင်မြင်မှုရနိုင်သည်။
- အထက်ပါဒုစရိုက် ၁၀-ပါးကို သဘောတူရာပေါင်းစုလိုက်လျှင်-

  ၁။ ပါဏာတိပါတ

  ၂။ အဒိန္နာဒါန

  ၃။ ကာမေသုမိစ္ဆာစာရ

  ၄။ မုသာဝါဒ

  ၅။ မိစ္ဆာဒိဋ္ဌိ ဟူသော ကံ ၅-ပါးကို ရပါသည်။

ထိုကံတို့ကို ငါးပါးသီလထိန်းခြင်းဖြင့် ရှောင်ကြဉ်နိုင်ပါသည်။

ဆောင် --- အာဒိစ်၊ ဗျာ၊ မိစ်၊ သုံးပါးစိတ်၊ ကံမိတ်မနောသာ။

ဒုစရိုက်လွန်ကျူးသောစိတ်များ

၁။ လောဘစိတ်ဖြင့် - ကာမဂုဏ်ဆွာစာရ၊ အာဘိရွှာ၊ မိစ္ဆာဒိဋ္ဌိကံတို့ကို ကျူးလွန်သည်။

၂။ ဒေါသစိတ်ဖြင့် - ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒကံတို့ကို ကျူးလွန်သည်။

၃။ လောဘ၊ ဒေါသစိတ်ဖြင့် - အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပကံ တို့ကို ကျူးလွန်သည်။

- အကောင်းအဆိုးရည်ရွယ်ချက် (စေတနာ)တစ်ခုခုဖြင့် တက်ကြွထက်သန်သောစိတ် ဦးဆောင်လျက်လုပ်သောအလုပ်သည် ကံမြောက်ပါသည်။
- အကောင်း-အဆိုးစေတနာမပါဘဲ မသိသာ မထင်ရှားသော သာမန်စိတ်ဖြင့် ပြုလုပ်သည့်အလုပ်သည် ကံမမြောက်ချေ။

ဒုစရိုက် - ၄၀

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း၊
၂။ တိုက်တွန်းခြင်း၊
၃။ ချီးမွမ်းခြင်း၊
၄။ သဘောတူခြင်း

ဟူသော ဤ ၄-ချက်နှင့် ဒုစရိုက်-၁၀ ကို မြှောက်က (၁၀ × ၄ = ၄၀) ဖြစ်ရပါသည်။

ကာမကုသိုလ်ကံ ၁၀ (သုစရိုတ)
(ကုသလကမ္မပထ)

သုစရိုတ- ကောင်းသောအကျင့်၊ ကောင်းမှုကုသိုလ်ဟူသမျှ - သုစရိုတ၊
- အပြစ်ကင်းသောအမှုအလုပ်ဟူသမျှ - သုစရိုတ၊
- ဒုစရိုက် ၁၀-ပါးမှ ရှောင်ကြဉ်ခြင်းသည် - သုစရိုတ၊

- သုစရိုက် ၁၀-ပါးကို ကုသလကမ္မပထတရား ၁၀-ပါး ဟုခေါ်သည်။
- ထိုကာမကုသိုလ်ကံသည် ကမ္မဒွါရ၏အစွမ်းဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ ၃-ပါးရှိ၏။
- ဒါန၊ သီလ၊ ဘာဝနာတို့၏ အစွမ်းဖြင့် ၃-ပါးရှိ၏။
- တစ်နည်း ဒါန၊ သီလ၊ ဘာဝနာစသော ပုညကြိယာအားဖြင့် ၁၀-ပါးရှိ၏။
- စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် ကာမကုသိုလ်ကံ ၈-ပါးရှိ၏။

ကာယသုစရိုက် ၃-ပါး

၁။ ပါဏာတိပါတဝိရတိ - သူတစ်ပါးအသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊
၂။ အဒိန္နာဒါနဝိရတိ - သူတစ်ပါးပစ္စည်းကို မတရားယူခြင်းမှရှောင်ကြဉ်ခြင်း၊
၃။ ကာမေသုမိစ္ဆာစာရဝိရတိ - ကာမဂုဏ်တို့မှ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်ခြင်း၊

ဝစီသုစရိုက် ၄-ပါး

၁။ မုသာဝါဒဝိရတိ - မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊
၂။ ပိသုဏဝါစာဝိရတိ - ကုန်းချော၊ ရန်တိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
၃။ ဖရုသဝါစာဝိရတိ - ကြမ်းတမ်းရိုင်းပျပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊
၄။ သမ္ဖပ္ပလာပဝိရတိ - အကျိုးမရှိ ပြိန်ဖျင်းသောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

မနောသုစရိုက် ၃-ပါး

၁။ အနဘိဇ္ဈာ - သူတစ်ပါးပစ္စည်း မတရားယူရန်မကြံစည်မှု၊
၂။ အဗျာပါဒ - သူတစ်ပါးအသက်စည်းစိမ် ပျက်စီးရန်မကြံစည်မှု၊
၃။ သမ္မာဒိဋ္ဌိ - မှန်ကန်သောအယူဝါဒကို ယုံကြည်မှု၊

သုစရိုက် ၃၀

သုစရိုက် ၁၀-ပါးကို ဒါန၊ သီလ၊ ဘာဝနာနှင့်မြှောက်က(၁၀×၃=၃၀) ရပါသည်။

သုဓရိုက် ၄၀

သုဓရိုက် ၁၀-ပါးကို-
- ကိုယ်တိုင်ပြုလုပ်ခြင်း၊
- တိုက်တွန်းခြင်း၊
- ချီးမွမ်းခြင်း၊
- စိတ်တူခြင်း

ဟူသော ၄-ပါးနှင့်မြောက်ပါက (၁၀ × ၄ = ၄၀) ရပါသည်။

ပုညကြိယာဝတ္ထု ၁၀-ပါး

ပုညကြိယာ = ပုည + ကြိယာ + ဝတ္ထု
ကောင်းမှု + ပြုမှုပုံ + အကြောင်းအရာ

- ကောင်းသောအကျိုးဓ၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ် ၁၀-ပါးကို ပုညကြိယာဝတ္ထုဟုခေါ်သည်။
- သုဓရိုက် ၁၀-ပါးသည် ဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ်လိုက်ခြင်းဖြင့် ရရှိသော ကာမကုသိုလ် ဖြစ်သည်။
- ပုညကြိယာဝတ္ထု ၁၀-ပါးမှာ မိမိကိုယ်တိုင် လုံ့လပြု၍ ဖြည့်ကျင့်ရသော ကာမကုသိုလ် ဖြစ်သည်။

၁။ ဒါန - မိမိဥစ္စာပစ္စည်းကို လှူဒါန်းပေးကမ်းခြင်း၊
၂။ သီလ - ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလတို့ကို ဆောက်တည်ခြင်း၊
၃။ ဘာဝနာ - သမထ၊ ဝိပဿနာ ဘာဝနာ စီးဖြန်းခြင်း၊
၄။ အပစာယန - အသက်၊ သိက္ခာ၊ ဂုဏ်ကြီးသူတို့အား ရိုသေခြင်း၊
၅။ ဝေယျာဝစ္စ - ရတနာသုံးပါး၊ မိဘ၊ ဆရာတို့၏ အမှုကိစ္စများနှင့် ကုသိုလ်ရေးရာကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း၊
၆။ ပတ္တိဒါန - မိမိပြုသောကုသိုလ်အဖို့ဘာဂကို အမျှပေးဝေခြင်း၊

၇။ ပတ္တာနုမောဒနံ - သူတစ်ပါးပေးသောကုသိုလ်အဖို့ဘာဂကို ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ယူခြင်း၊

၈။ ဓမ္မသဝဏံ - သူတော်ကောင်းတရားများ နာယူခြင်း၊

၉။ ဓမ္မဒေသနာ - လာဘ်လာဘကိုမငဲ့ဘဲ သူတော်ကောင်းတရားများကို ဟောကြားခြင်း၊

၁၀။ ဒိဋ္ဌုကမ္မံ - အယူကိုဖြောင့်မတ်စွာယူခြင်း။

ပုညကြိယာဝတ္ထု-ဒါန၊ သီလ၊ ဘာဝနာသွင်းပုံ

		တရားကိုယ်	ဆန့်ကျင်ဘက်
ဒါန	၆- ပတ္တိဒါန ၇- ပတ္တာနုမောဒနံ	အလောဘ	ကုသာ၊ မစ္ဆရိယ
သီလ	၄- အပစာယနံ ၅- ဝေယျာဝစ္စံ	အဒေါသ	လောဘ၊ ဒေါသ
ဘာဝနာ	၈- ဓမ္မသဝဏံ ၉- ဓမ္မဒေသနာ ၁၀- ဒိဋ္ဌုကမ္မံ *	အမောဟ	မောဟ

* ဒိဋ္ဌုကမ္မသည်ကား ဒါန၊ သီလ၊ ဘာဝနာ သုံးပါးလုံး၏ ရှေ့သွားအကြိုးအမှူး သဖွယ်ဖြစ်သောကြောင့် ဒါန၊ သီလ၊ ဘာဝနာ သုံးပါးလုံး၌ပင် ထည့်သွင်းအပ်၏။

ဆောင် --- ဒါန၊ သီလ၊ ဘာဝနာ၊ သုံးဝကာယကံ၊
- ပတ္တိဒါန၊ နုမောဒ၊ ဒါနသဘောကြံ၊
- ပစာယန၊ ဝေဝစ္စ၊ သီလမြဲနိစ္စံ၊
- နာ၊ ဒေသန၊ ထွေနှစ်ဝ၊ ဝေကြဘာဝနံ၊
- ဒိဋ္ဌိုကမ္မာ၊ ဒါ 'သီ' ဘာ၊ သုံးဖြာဝိဘာဂံ။

စေတနာ ၃-ပါး

၁။ ပုဗ္ဗစေတနာ - ကုသိုလ်မပြုမီ ရှေ့အဖို့၌ဖြစ်သောစေတနာ၊
၂။ မုဉ္စစေတနာ - ကုသိုလ်ပြုလုပ်နေဆဲဖြစ်သောစေတနာ၊
၃။ အပရစေတနာ - ကုသိုလ်ပြုလုပ်ပြီးနောက် အောက်မေ့အပ်သောစေတနာ။

ရူပါဝစရကုသိုလ်ကံ

- မဟဂ္ဂုတ်ကံသည် အလွန်နူးညံ့သိမ်မွေ့ ငြိမ်သက်လှသဖြင့် မည်သည့်ဝိညတ်ကိုမျှ မဖြစ်စေနိုင်၍ ကာယဒွါရ၊ ဝစီဒွါရတို့၌မဖြစ်။ မနောဒွါရ၌သာ ဖြစ်သောကြောင့် မနောကံသာဖြစ်သည်။
- ဒါန၊ သီလ၊ ဘာဝနာ ၃-မျိုးမရှိ၊ ဘာဝနာတစ်မျိုးသာဖြစ်သည်။
- အပွနာသို့ရောက်သော ဘာဝနာသမထ မနောကံမျိုးဖြစ်သည်။
- ယှဉ်သောစျာန်အင်္ဂါ ၅-မျိုးပြားခြင်းကြောင့် ရူပကုသိုလ်ကံလည်း ၅-မျိုးပြားရပေသည်။
- ကိစ္စကမ္မစတုက္ကတွင် ဂရုကံစာရင်းတွင် ပါဝင်ပါသည်။

အရူပါဝစရကုသိုလ်ကံ

- ရူပါဝစရပဉ္စမစျာန်ကိုအခြေခံ၍ အထက်ထက်သော စျာန်များကိုရအောင် သမထဘာဝနာပွားများသူသည် အရူပစျာန် ၄-ပါးကို ဖြည့်ဆည်းခွင့်ရသည်။
- ဤအရူပစျာန်ကုသိုလ်ကံ ၄-ပါးသည် ရူပကုသိုလ်ကံထက်ပင် ပို၍ အားကြီးသည်။
- အပွနာသို့ရောက်သော မနောကံဘာဝနာမယမျိုးသာဖြစ်သည်။
- ကောင်းကင်ပညတ်စသော အာရုံ ၄-မျိုးပြားခြင်းကြောင့် အရူပစျာန် ၄-မျိုးပြားရသည်။

အပ္ပနာမနောကံ (ဘာဝနာကံ)

- ရူပစျာန်တွင် စျာန်အားဖြင့် ၅-ပါး ပြားပါသည်။
- အရူပမှာ အာရုံအားဖြင့် ၄-ပါး ပြားပါသည်။
- ယင်းကို မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါးဟုခေါ်ပြီး ယင်းကိုပင် အပ္ပနာ မနောကံ ဘာဝနာကံ ဟူ၍ ခေါ်ပါသည်။

ဆောင်... မဟဂ်ကိုးဖြာ၊ ဘာဝနာ၊ အပ္ပနာမနောကံ။

နိဗ္ဗာန်ရောက်ပွယ်ကြွေးကိုးဆယ်

သတ္တဝါတိုင်းတွင် ဤသံသရာမှ လွတ်မြောက်ရေးအတွက် ကျင့်ကြံအားထုတ်ရန် လုပ်ကိုင်ဆောင်ရွက်ရန်ကျန်နေသော လုပ်ရန်ကြွေး ၉၀ ရှိသည်ဟု ဆိုပါသည်။

ယင်းတွင် အဓိကမှာ ကာယကံ-ဝစီကံ-မနောကံ ၃-ပါး ဖြစ်သည်။

အခြေခံ သုစရိုက် ၁၀ × ၃ = ၃၀

အလယ် ပုညကြိယာ ၁၀ × ၃ = ၃၀

အမြတ် ပါရမီ ၁၀ × ၃ = ၃၀

ယင်းတို့ကို ပြုလုပ်ရန် ကျန်သောကြွေး ၉၀ ဟုဆိုပါသည်။

ကံ ၄-မျိုး အကျိုးပေးရာဘုံဌာနများ

ကံ ၄-မျိုးအကျိုးပေးရာတွင် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးဟူ၍ ၂-မျိုး ရှိပါသည်။

ပဋိသန္ဓေအခါဟူသည် - ပဋိသန္ဓေစိတ်ဥပါဒ်သောအခိုက်ကို ရည်ညွှန်းပါသည်။

ပဋိသန္ဓေအကျိုးသည် - ပဋိသန္ဓေစိတ်နှင့်ယှဉ်ဖက်စေတသိက်များပါဝင်သော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ ဖြစ်ပါသည်။

ဝိပါက်နာမက္ခန္ဓာဟူသည် ကံ၏အကျိုးဖြစ်သော နာမ်ခန္ဓာ ၄ပါး(၀၊ ဝိပါက်စိတ်နှင့် စေတသိက်များ။

ကဋတ္တာရုပ် =ကမ္မဇရုပ် များဖြစ်ကြသည်။

ပဝတ္တိအခါဟူသည် - ပဋိသန္ဓေဥပါဒ်ပြီးသည်မှနောက် စုတိကျသောအချိန်အထိ အပိုင်းအခြားဖြစ်သည်။

ပဝတ္တိအကျိုးသည် - ဘဝင်စိတ်နှင့်ယှဉ်ဖက်စေတသိက်များပါဝင်သော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်များ ဖြစ်ကြသည်။

- ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ပုဂ္ဂိုလ်တစ်ဦး၏ တစ်သက်တာ ဘဝ၌ တူညီကြသောတရားများဖြစ်ကြသည်။

- ဘုံ၊ ဈာတ်၊ သမ္ပယုတ်တရား၊ သင်္ခါရ၊ အာရုံအားဖြင့် အားလုံးတူညီကြသည်။

အကုသိုလ်ကံအကျိုးပေးပုံ

ပဋိသန္ဓေအခါ - ဥဒ္ဓစ္စကြွင် အကုသိုလ်စေတနာ ၁၁-ပါးကြောင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးသည်။

ပဝတ္တိအခါ - အကုသိုလ်ကံ ၁၂-ပါးလုံးကြောင့် အကုသလဝိပါက် ၇-ပါးလုံးဖြင့် ကာမ ၁၁-ဘုံ၌ ဖြစ်စေသည်။

- ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ကြွင် အဟိတ်အကုသလဝိပါက် ၄-ပါးဖြင့် (အသညသတ်ကြွင်) ရူပ ၁၅-ဘုံ၌ ဖြစ်စေသည်။

ထိုအကုသိုလ်ကံများသည် အသက်ရှင်နေရသည့် ပဝတ္တိအကျိုးချိန်တွင် မကောင်းသော အာရုံများကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေထိရစေရန် အကျိုးပေးသည်။

ခေါင်းကိုက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ဖျားနာခြင်း၊ မကျန်းမာခြင်း၊ ရောဂါထူပြောခြင်း၊ စိတ်မကြည်လင်ခြင်းစသော အကျိုးများမှာ အကုသိုလ်ကံများ၏ ပဝတ္တိအကျိုးများဖြစ်ကြသည်။

အကုသိုလ်ကံ၏အကျိုးသည် အပါယ်လေးဘုံတွင် အများဆုံးဖြစ်နိုင်သည်။ အထက်ဘုံများသို့ကား တဖြည်းဖြည်းနည်းသွားသည်။ အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင်ပင် အကုသိုလ်ကံ၏ အကျိုးပေးရောက်နိုင်သည်။

ကာမကုသိုလ်ကံ

ကာမကုသိုလ်ကံ ၁၀-ပါးရှိရာတွင် -

ပဋိသန္ဓေအခါ - အဟိတ်ကုသလဝိပါက်နှင့် ဥပေက္ခာသန္တီရဏ ၁-ပါး၊ မဟာဝိပါက် ၈၊ ပေါင်း -၉-ပါးသောစိတ်များဖြင့် လူ့ဘုံ-စတု မဟာရာဇ်ဘုံ ၂-ဌာနတွင် ပဋိသန္ဓေအကျိုးပေးသည်။

- မဟာဝိပါက်စိတ် ၈-ပါးနှင့်ကား တာဝတိံသာ စသော အထက်နတ်ပြည် ၅-ထပ်တွင် ပဋိသန္ဓေအကျိုးပေးသည်။
- စတုမဟာရာဇ်နတ်ဘုံမှ အချို့သောနတ်များသည် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေရသည်။

- ထိုပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေရသူသည်-
  - အမိဝမ်းမှစ၍ ကန်းသော၊ ပင်းသော၊ ဆွံ့အသော၊ ယောကျ်ားမိန်းမဟုတ်သော၊ ယောကျ်ားတစ်လှည့်-မိန်းမတစ်လှည့် ဖြစ်သောလူများနှင့်
  - တစ္ဆေ၊ မှင်စာ၊ သူရဲ စသော အောက်တန်းစား စတုမဟာရာဇ်နတ် အသင်းအပင်းများ ဖြစ်နိုင်သည်။ ထိုပုဂ္ဂိုလ်များကို "**အဟိတ်ပုဂ္ဂိုလ်များ**" ဟုခေါ်ပါသည်။
- မဟာဝိပါက်ဉာဏဝိပွယုတ် ၄-ပါးဖြင့် ပဋိသန္ဓေနေရသူသည်-
  - ပင်ကိုဉာဏ်ထိုင်းသောလူများ၊ နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ထိုင်း သောနတ်များ ဖြစ်နိုင်သည်။
  - ထိုပုဂ္ဂိုလ်များကို "ဒွိဟိတ်ပုဂ္ဂိုလ်" ဟုခေါ်ပါသည်။
- မဟာဝိပါက်ဉာဏသမွယုတ် ၄-ပါးဖြင့် ပဋိသန္ဓေနေရသူသည်-
  - ပင်ကိုက ဉာဏ်ကောင်းသောလူများ၊ နတ်ပြည်ခြောက်ထပ်ရှိ ဉာဏ်ကောင်း သော နတ်များ ဖြစ်နိုင်သည်။
  - ထိုပုဂ္ဂိုလ်များကို "တိဟိတ်ပုဂ္ဂိုလ်များ" ဟုခေါ်ပါသည်။

ကာမကုသိုလ်ကံအကျိုးတွင် ပဋိသန္ဓေအကျိုးပေးသောစိတ် ၉-ပါးမှာ-

ကုသလဝိပါက်ဉပေက္ခာသန္တီရဏစိတ်	၁-ပါး
မဟာဝိပါက်စိတ်	၈-ပါး
	၉-ပါး

ပဝတ္တိအခါ အကျိုးပေးသောစိတ် ၁၆-ပါးမှာ-

အဟိတ်ကုသလဝိပါက်	၈-ပါး
မဟာဝိပါက်စိတ်	၈-ပါး
	၁၆-ပါး

ပဝတ္တိအကျိုး - ကာမကုသိုလ်ကံ ၈-ပါးသည်-
မဟာဝိပါက် ၈-ပါးကို ကာမသုဂတိ ၇-ဘုံ၌လည်းကောင်း၊ အဟိတ်ကုသလဝိပါက် ၈-ပါးကို ကာမ - ၁၁ဘုံနှင့် အသညသတ်ကြဉ် ရူပ - ၁၅ဘုံ၊ ပေါင်း ၂၆-ဘုံ၌လည်းကောင်း အကျိုးပေးပါသည်။

ကာမကုသိုလ်ကံ၌ တိဟိတ်ဉကွင်္ဂစသည်ခွဲပုံ

ကာမကုသိုလ်ကံ ၈-ပါးတွင်-

-တိဟိတ်ကုသိုလ်	၄-ပါး
-ဒွိဟိတ်ကုသိုလ်	၄-ပါး ပါဝင်ပါသည်။

တိဟိတ်ကုသိုလ် - ကုသိုလ်ပြုသောအခါတွင် ကံ-ကံ၏အကျိုးကိုသိသော ကမ္မသကတဉာဏ်။
- အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဆင်ခြင်အပ်သော ဝိပဿနာဉာဏ် ပါလျှင် ထိုကုသိုလ်သည် တိဟိတ်ကုသိုလ်ဖြစ်သည်။

ဒွိဟိတ်ကုသိုလ် - အထက်ပါဉာဏ်များ မပါလျှင် ဒွိဟိတ်ကုသိုလ်ဖြစ်သည်။

တိဟိတ်-ဒွိဟိတ်ကုသိုလ်တို့တွင်-

၁။ ဥက္ကဋ္ဌ

၂။ သြမက ဟူ၍ ၂-မျိုးစီ ကွဲပြားသည်။

ဥက္ကဋ္ဌကုသိုလ် - ကုသိုလ်မပြုခင်နှင့် ပြုပြီးနောက်အချိန်များတွင် အလောဘ၊ အဒေါသစသောကုသိုလ်များ ခြံရံနေလျှင် အမြတ်စား၊ အကြီးစားဥက္ကဋ္ဌကုသိုလ်။

သြမကကုသိုလ် - ကုသိုလ်မပြုခင်နှင့်ပြုပြီးနောက်အချိန်များတွင် လောဘ၊ ဒေါသစသော အကုသိုလ်များ ခြံရံနေလျှင် အညံ့စားအယုတ် သြမကကုသိုလ်။

စေတနာသုံးတန်

အလုပ်ကိစ္စတစ်ခုခုကို ဆောင်ရွက်ရာတွင် စေတနာသုံးတန်ရှိသည်။ ထိုစေတနာသုံးတန်နှင့် ညီညွတ်စွာဆောင်ရွက်သည်လည်းရှိသည်။ စေတနာတစ်ပါးပါးချို့ယွင်းစွာဖြင့် ဆောင်ရွက်သည်လည်း ရှိပါသည်။

၁။ ပုဗ္ဗစေတနာ - ကောင်းသောအမှုကိစ္စကို မဆောင်ရွက်မီကြိုတင်၍ ရှေ့ပြေးလှေလာထားခြင်း၊ စီစဉ်ထားခြင်း။

- ကောင်းသောအမှုကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်လုပ်ကိုင်ခြင်း ဖြစ်သည်။

၂။ မုဉ္စစေတနာ - မုဉ္စဆိုသည်မှာ လွတ်ခြင်း၊ လွတ်ဆဲဖြစ်သည်။ ဆန့်ကျင်ဘက်အခွင့်အရေးများကို လွတ်ထားခြင်းဖြစ်သည်။

၃။ အပရစေတနာ - ကောင်းသောအမှုကိစ္စများကို ဆောင်ရွက်ပြီးနောက် မိမိပြုခဲ့သောကုသိုလ်များကို ပြန်လည်အောက်မေ့ခြင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်း ဖြစ်သည်။

ဥပမာ - အလှူပြုရာ၌ လှူရန်စီမံခြင်း၊ လှူရတော့မည်ဟု ကြိုတင်ဝမ်းမြောက်နေခြင်းသည် - ပုဗ္ဗစေတနာ၊

- အလှူပေးနေစဉ် ဝမ်းမြောက်ဝမ်းသာဖြစ်ပေါ်ခံစားနေရခြင်းသည် မုဆွစေတနာ၊
- အလှူပေးပြီးနောက်လည်း မိမိအလှူကိုတသသဆင်ခြင်အောက်မေ့ပြီး ဝမ်းမြောက်နေခြင်းသည်- အပရစေတနာ၊

- စေတနာသုံးတန်ညီညွတ်၍ ထက်သန်စွာဆောင်ရွက်ပြုလုပ်လျှင် ဥက္ကဋ္ဌကံ၊
- စေတနာသုံးတန်တွင် တစ်ပါးပါးချွတ်ယွင်း၍ ထက်သန်မှုမရှိဘဲ ဆောင်ရွက်ပြုလုပ်လျှင် ဩမကကံ၊
- ကာမကုသိုလ်တိဟိတ်စိတ် ၄-ပါးဖြင့် ဥက္ကဋ္ဌကံကို ဆောင်ရွက်လျှင် တိဟိတ် ဥက္ကဋ္ဌကံ ၄-ပါးဖြစ်သည်။
- ဩမကကံကို ဆောင်ရွက်လျှင် တိဟိတ်ဩမကကံ ၄-ပါးဖြစ်သည်။
- ကာမကုသိုလ် ဒွိဟိတ်စိတ်-၄-ပါးဖြင့် ဥက္ကဋ္ဌကံကို ဆောင်ရွက်လျှင် ဒွိဟိတ် ဥက္ကဋ္ဌကံ ၄-ပါးဖြစ်သည်။
- ဩမကကံကို ဆောင်ရွက်လျှင် ဒွိဟိတ်ဩမကကံ ၄-ပါးဖြစ်သည်။

ဥပမာ - ပြည့်စုံသောချည်စဖြင့် ရက်လုပ်သောအထည်သည် အနုံ-အလျားပြည့်ရှိနိုင်၍ မပြည့်စုံသောချည်စဖြင့် ရက်လုပ်သော အထည်သည် အနုံအလျား မပြည့်စုံနိုင်ပါ။

ထို့အတူ - အောင်မြင်လေးနက်သော တိဟိတ်ဥက္ကဋ္ဌကံဖြင့် ဆောင်ရွက်သောအလုပ်တို့မှာ အကျိုးကျေးဇူးများစွာပေးစွမ်းနိုင်ပြီး၊
- လေးနက်ထက်သန်ခြင်းမရှိသော ဒွိဟိတ်ဥက္ကဋ္ဌကံဖြင့် ဆောင်ရွက်သော အလုပ်တို့မှာ အကျိုးကျေးဇူးထိရောက်စွာ မပေးနိုင်ပါ။

- လက်၊ ခြေအင်္ဂါမစုံလင်ဘဲ မွေးဖွားလာသူမှာ ဒွိဟိတ်ဩမကကံကို ပြုလုပ်မိခဲ့သောကြောင့် ဖြစ်သည်။
- တိဟိတ်စိတ်တွင် အလောဘ၊ အဒေါသ၊ အမောဟစေတသိက်များ ပါသောကြောင့် ဉာဏ်နှင့်ယှဉ်၏။
- ဒွိဟိတ်စိတ်တွင် ဉာဏ်မပါ။ ဉာဏ်မပါဘဲ အလုပ်ကိစ္စများကို ဆောင်ရွက်သော် အောင်မြင်မှုများမရနိုင်ပါ။



- ဉာဏ်နှင့်ယှဉ်၍ စနစ်တကျအလုပ်လုပ်သော် တိဟိတ်ကံဖြစ်သည်။
- ထိုမှပိုမို၍ ဂရုတစိုက်ဉာဏ်ဖြင့် ပြုလုပ်ဆောင်ရွက်သော် တိဟိတ်ဥက္ကဋ္ဌကံ ဖြစ်သည်။
- တိဟိတ်ဥက္ကဋ္ဌကံ၏ အလုပ်များသည် အကျိုးကျေးဇူးများစွာ ပေးနိုင်သည်။

တိဟိတ်ဥက္ကဋ္ဌကံ - ကာမတိဟိတ်ပဋိသန္ဓေအကျိုးပေးသည်။
- ကာမသုဂတိ ၇-ဘုံတွင် မဟာဝိပါက်ဉာဏသမ္မယုတ် စိတ် ၄-ပါးဖြင့် ပဋိသန္ဓေနေသည်။

- ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ပါး၊
  မဟာဝိပါက်စိတ် ၈-ပါး ရသည်။
- အပါယ် ၄-ဘုံကြဉ်ကာမသုဂတိ - ၇
  အသညသတ်ကြဉ် ရူပ - ၁၅
  အရူပ - ၄
  ၂၆-ဘုံ၌ ဖြစ်နိုင်၏။

တိဟိတ်ဩမကကံနှင့် - ကာမဒွိဟိတ်ပဋိသန္ဓေအကျိုးပေးသည်။
ဒွိဟိတ်ဥက္ကဋ္ဌကံများ - ကာမသုဂတိဘုံတွင် မဟာဝိပါက်ဉာဏဝိပ္ပယုတ် စိတ် ၄-ပါးဖြင့် ပဋိသန္ဓေနေသည်။
- ပဝတ္တိအခါ ကုသလဝိပါက် ၈-ပါး၊
  မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး ရသည်။
  ကာမသုဂတိ - ၇
  အသညသတ်ကြဉ် ရူပ - ၁၅
  အရူပ - ၄
  ၂၆-ဘုံ၌ ဖြစ်နိုင်၏။

ဒွိဟိတ်ဩမကကံသည် - သုဂတိအဟိတ်ပဋိသန္ဓေအကျိုးပေးသည်။
- ကာမသုဂတိ ၇-ဘုံတွင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေနိုင်သည်။
- ပဝတ္တိအခါ ကုသလဝိပါက် ၈-ပါး ရသည်။
  ကာမသုဂတိ - ၇
  အသညသတ်ကြဉ် ရူပ - ၁၅
  အရူပ - ၄
  ၂၆-ဘုံ၌ ဖြစ်နိုင်၏။

တိဟိတ်ဥက္ကဋ္ဌ စသည် (သမာနဝါဒအရ) ခွဲပုံ

တိဟိတ်အခွဲ / ဖြစ်နိုင်သောအကျိုးများ (သရုပ်)		ပဋိသန္ဓေအကျိုး	ပဝတ္တိအကျိုး
တိဟိတ်ဥက္ကဋ္ဌ	ဉာဏသမ္ပယုတ်စိတ်-၄	ဉာဏသမ္ပယုတ် မဟာဝိပါက် ၄-ပါး	အဟိတ်ကုသလ ဝိပါက် ၈ မဟာဝိပါက် ၈ ၁၆
တိဟိတ်ဩမက	အကုသိုလ်ခြုံရုံသော ဉာဏသမ္ပယုတ် ၄	ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄-ပါး	အဟိတ်ကုသလ ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄ ၁၂
ဒွိဟိတ်ဥက္ကဋ္ဌ	ဉာဏဝိပ္ပယုတ် ၄		
ဒွိဟိတ်ဩမက	အကုသိုလ်ခြုံရုံသော ဉာဏဝိပ္ပယုတ်-၄	အဟိတ်ကုသလ ဝိပါက်ဥပေက္ခာ သန္တီရဏ ၁-ပါး	အဟိတ်ကုသလ ဝိပါက် ၈

ကေစိဝါဒအရအကျိုးပေးပုံ

အချို့သော (ကေစိ) ဆရာတို့က-

- အသင်္ခါရိကကုသိုလ်ကံသည် သသင်္ခါရိကဝိပါက်စိတ်ကို မဖြစ်စေနိုင်၊
- သသင်္ခါရိကကုသိုလ်ကံသည် အသင်္ခါရိကဝိပါက်စိတ်ကို မဖြစ်စေနိုင်ဟု ဆိုပါသည်။

ဤဝါဒအရအကျိုးပေးသောစိတ်တို့မှာ-

ကုသိုလ်ကံများ		ပဋိသန္ဓေအကျိုး		ပဝတ္တိအကျိုး	
တိဟိတ် ဥက္ကဋ္ဌ	အ-၂	ဉာဏသမ္ပယုတ်	အ-၂	မဟာဝိပါက် အ-၄၊ အဟိတ်ကု-ဝိ ၈	၁၂
	သ-၂	မဟာဝိပါက်	သ-၂	မဟာဝိပါက် သ-၄၊ အဟိတ်ကု-ဝိ ၈	၁၂
တိဟိတ် သြမက	အ-၂	ဉာဏဝိပ္ပယုတ်	အ-၂	ဉာဏဝိပ် မဟာဝိ အ- ၂ အဟိတ် ကု-ဝိ ၈	၁၀
ဒွိဟိတ် ဥက္ကဋ္ဌ	သ-၂	မဟာဝိပါက်	သ-၂	ဉာဏဝိပ် မဟာဝိ သ- ၂ အဟိတ် ကု-ဝိ ၈	၁၀
ဒွိဟိတ် သြမက	အ-၂	အဟိတ်ကုသလ ဝိပါက်ဥပေက္ခာ		အဟိတ်ကုသလဝိပါက် ၈	၈
	သ-၂	သန္တီရဏ-၁			

ရူပကံ၏အကျိုးပေးရောဘုံ

- ရူပကံသည် ရူပဘုံ၌ များသောအားဖြင့်ဖြစ်သော ရူပါဝစရကုသိုလ်စိတ်ဖြင့် ပြုလုပ်သောအလုပ်ဖြစ်သည်။

ရူပကံသည်-

- စိတ်အားဖြင့် --- ရူပကုသိုလ်စိတ် ၅-ပါးသာ ဖြစ်သည်။
- စျာန်အားဖြင့် --- ပထမစျာန်မှ ပဉ္စမစျာန်အထိ ၅-ပါး ဖြစ်သည်။

ရူပကံကို-

- ကာယကံ၊ ဝစီကံတို့နှင့် ပြောဆိုပြုမူဆောင်ရွက်၍မရ။
- မနောကံတစ်ခုတည်းဖြင့်သာ ဆောင်ရွက်နိုင်သည်။

အကြောင်းမှာ - ရူပကံသည် သိမြင်ရန်ခဲယဉ်းသောကြောင့် ဖြစ်ပါသည်။
- ရုပ် ၈-ခုပေါင်းထားသော အဋ္ဌကလာပ်ထက်ပင် နူးညံ့သည်။

အလွန်နူးညံ့သိမ်မွေ့သော ဘာဝနာလုပ်ငန်းဖြစ်သောကြောင့် ကိုယ်-နှုတ်ဖြင့် ဆောင်ရွက်၍ မရ၊ စိတ်ဖြင့်သာ ဆောင်ရွက်ရသည်။

- ထို့ကြောင့် ရူပကံတွင် မနောကံတစ်မျိုးတည်းသာရှိသည်။

ပဋိသန္ဓေအကျိုး - ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသောစျာန်နှင့်ယှဉ်ဖက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိဖြစ်ရိုးတည်း။

- ထိုအဓိပတိဖြစ်ထိုက်သောတရားသည်-

- ညံ့နေ၊ လျော့နေလျှင်	- ပရိတ္တစျာန်
- အလတ်တန်းစားသို့ရောက်နေလျှင်	-မဇ္ဈိမစျာန်
- ထက်မြက်လျှင်	- ပဏီတစျာန်

- ပထမစျာန်ရူပကုသိုလ်စိတ်ကို အနုညီးငယ်ပွားများလျှင် ပထမစျာန်ဝိပါက်စိတ်နှင့် ဖြဟ္မပါရိသဇ္ဇာဘုံ၌ ဖြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အလတ်စားဖြင့် သင့်တော်ရုံမျှပွားများလျှင် - ပထမစျာန်ဝိပါက်စိတ်နှင့် ဖြဟ္မပုရောဟိတာဘုံ၌ ဖြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အများဆုံးပွားများလျှင် - ပထမစျာန်ဝိပါက်စိတ်နှင့် မဟာဖြဟ္မာဘုံ၌ ဖြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

ဒုတိယစျာန် - တတိယစျာန်ရူပကုသိုလ်စိတ်ကို -

- အနုညီးငယ်ပွားများလျှင် ဒုတိယစျာန်ဝိပါက်စိတ်နှင့်သော်လည်းကောင်း၊ တတိယစျာန်ဝိပါက်စိတ်နှင့်သော်လည်းကောင်း ပရိတ္တာဘုံ၌ ဖြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အလတ်စားပွားများလျှင် ဒုတိယစျာန်ဝိပါက်စိတ်နှင့်သော်လည်းကောင်း၊ တတိယစျာန်ဝိပါက်စိတ်နှင့်သော်လည်းကောင်း အပ္ပမာဏာဘုံ၌ ဖြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အများဆုံးပွားများလျှင် ဒုတိယစျာန်ဝိပါက်စိတ်နှင့်သော်လည်းကောင်း၊ တတိယစျာန်ဝိပါက်စိတ်နှင့်သော်လည်းကောင်း အာဘဿရာဘုံ၌ ဖြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

(ရူပကုသိုလ် ဒုတိယစျာန်-တတိယစျာန်သည် စျာန်အင်္ဂါအားဖြင့် ၄-ပါး၊ ၃-ပါး ကွဲပြားနေသောကြောင့် စိတ်ချင်းကားမတူပါ။)

- သို့သော် စွမ်းရည်ချင်းကား တူညီကြသည်။
- ထို့ကြောင့် ရူပဒုတိယစျာန်ကုသိုလ်ကြောင့်ဖြစ်စေ၊ တတိယစျာန်ကုသိုလ်ကြောင့် ဖြစ်စေ ရူပဒုတိယစျာန် ၃-ဘုံများတွင် ဖြစ်နိုင်သည်။

ရူပစတုတ္ထစျာန် ရူပကုသိုလ်စိတ်ကို-

- အနည်းငယ်ပွားများလျှင် စတုတ္ထစျာန်ဝိပါက်စိတ်ဖြင့် ပရိတ္တာသုဘာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အလတ်စားပွားများလျှင် စတုတ္ထစျာန်ဝိပါက်စိတ်ဖြင့် အပ္ပမာဏာသုဘာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အများဆုံးပွားများလျှင် စတုတ္ထစျာန်ဝိပါက်စိတ်ဖြင့် သုဘကိဏ္ဏာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

ပဉ္စမစျာန်ရူပကုသိုလ်စိတ်ကို ပွားများသူတို့တွင်-

- ပုထုဇဉ်ဖြစ်မူ ပဉ္စမစျာန်ဝိပါက်စိတ်နှင့် ဝေဟပ္ဖိုလ်ဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်များကိုလည်း ဝေဟပ္ဖိုလ်ဘုံ၌ပင် ပဉ္စမစျာန် ဝိပါက်စိတ်နှင့် ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လျှင်မူကား ပဉ္စမစျာန်ဝိပါက်စိတ်နှင့် သုဒ္ဓါဝါသငါးဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အနာဂါမ်ပုဂ္ဂိုလ်များ သုဒ္ဓါဝါသငါးဘုံသို့ ရောက်ရာတွင်-
  - သဒ္ဓိန္ဒြေရင့်ကျက်သူသည် - အဝိဟာဘုံ
  - ဝီရိယိန္ဒြေရင့်ကျက်သူသည် - အတပ္ပါဘုံ
  - သတိန္ဒြေရင့်ကျက်သူသည် - သုဒဿာဘုံ
  - သမာဓိန္ဒြေရင့်ကျက်သူသည် - သုဒဿီဘုံ
  - ပညိန္ဒြေရင့်ကျက်သူသည် - အကနိဋ္ဌာဘုံ

အသီးသီးရောက်နိုင်ပါသည်။

- ပဋ္ဌမစျာန်ရူပကုသိုလ်စိတ်ကိုပင် သညာကင်းအောင်အားထုတ်၍ စိတ်ပျော်သွားစေရန် ပွားများသူသည် စိတ်မပါတော့ဘဲ ဇီဝိတနဝကကလာပ်ရုပ်ဖြင့် အသည်းသတ်ဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

ပဝတ္တိအကျိုး - ဆိုင်ရာဘုံ၏ ပဋိသန္ဓေစိတ်နှင့်အလားတူသော ဝိပါက်စိတ်တို့ကို ဘုံအားလျော်စွာ အကျိုးပေးသည်။

အရူပကံ၏အကျိုးပေးရာဘုံ

အရူပါဝစရကုသိုလ်စိတ်ကိုလည်း အစဉ်အတိုင်းပွားများလျှင် အရူပဘုံတို့၌ အသီးသီး ဗြဟ္မာဖြစ်နိုင်သည်။

- အာကာသာနဉ္စာယတနကုသိုလ်ကိုပွားများလျှင် အာကာသာနဉ္စာယတန ဝိပါက်စိတ်ဖြင့် အာကာသာနဉ္စာယတနဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- ဝိညာဏဉ္စာယတနကုသိုလ်ကိုပွားများလျှင် ဝိညာဏဉ္စာယတနဝိပါက်စိတ်ဖြင့် ဝိညာဏဉ္စာယတနဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- အာကိဉ္စညာယတနကုသိုလ်ကိုပွားများလျှင် အာကိဉ္စညာယတနဝိပါက်စိတ်ဖြင့် အာကိဉ္စညာယတနဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။
- နေဝသညာနာသညာယတနကုသိုလ်ကိုပွားများလျှင် နေဝသညာနာသညာယတန ဝိပါက်စိတ်ဖြင့် နေဝသညာနာသညာယတနဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်စေရန် အကျိုးပေးသည်။

<u>အကျဉ်းချုပ်</u>

ပဋိသန္ဓေအကျိုး - အရူပကံ ၄-ပါးသည် အရူပဘုံ၌ အစဉ်အတိုင်း အကျိုးပေးသည်။

ပဝတ္တိအကျိုး - ဆိုင်ရာဘုံ၏ ပဋိသန္ဓေစိတ်နှင့်အလားတူသော ဝိပါက်စိတ်တို့ကို ဘုံအားလျော်စွာ အကျိုးပေးသည်။

ကံ ၄-မျိုးတို့၏ အကျိုးပေးရာဘုံဌာနများအချုပ်

ကံ ၄-ပါး		ပဋိသန္ဓေအခါ	ပဝတ္တိအခါ
ဥဒ္ဓစ္စကြည် အကုသိုလ်ကံ-၁၁		အပါယ် ၄ ဘုံ	ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ
မဟာကုသိုလ်ကံ -၈		ကာမသုဂတိ ၇- ဘုံ	ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ
ရူပာဝစိုလ်ကံ ၅-ပါး	ပထမစျာန်	ပရိတ္တ - မဇ္ဈိမ - ပဏီတ	ရူပ ၁၅-ဘုံ
	ဒုတိယစျာန်	ပရိတ္တ - မဇ္ဈိမ - ပဏီတ	
	တတိယစျာန်	ပရိတ္တ - မဇ္ဈိမ - ပဏီတ	
	စတုတ္ထစျာန်	ပရိတ္တ - မဇ္ဈိမ - ပဏီတ	
	ပဉ္စမစျာန်	ဝေဟပ္ဖိုလ် အသညသတ် -သဒ္ဓါ -ဝိရိယ (အနာဂါမ်) -သတိ -သမာဓိ -ပညာ	
အရူပကုသိုလ်ကံ ၄ ပါး		အရူပ ၄ ဘုံ၌ အစဉ်အတိုင်း	အရူပ ၄ ဘုံ

မရဏုပ္ပတ္တိစုတိက္ကံ

စုတေခြင်း (သေခြင်း) ၄-မျိုး

၁။ အာယုက္ခယ - သက်တမ်းကုန်၍သေခြင်း၊
(မီးစာကုန်ခြင်းသဘော)

၂။ ကမ္မက္ခယ - ကံကုန်၍သေခြင်း၊
(ဆီကုန်ခန်း၍သေခြင်းသဘော)

၃။ ဥဘယက္ခယ - သက်တမ်း၊ ကံစွမ်း နှစ်ပါးကုန်၍သေခြင်း၊
(မီးစာကုန်-ဆီခန်းခြင်းသဘော)

၄။ ဥပဏ္ဍေဒက - သက်တမ်း၊ ကံစွမ်း နှစ်ပါးမကုန်သေးဘဲ ဥပဃာတက ကံဝင်ဖြတ်၍ လတ်တလောသေခြင်း၊
(မီးစာဆီရှိနေသေးသော်လည်း ရုတ်တရက်လေတိုက်၍ မီးသေရခြင်းသဘော)

ဆောင် --- ၁။ အာယု၊ ကမ္မ၊ ဥဘယ၊ လေးဥပဏ္ဍေဒါ၊ မရဏာ
၂။ သက်တမ်းကုန်ယုတ်၊ စုတိချုပ်၊ သမုတ်အာယုက္ခာ
၃။ ဇနကစွမ်းဟုန်၊ သတ္တိကုန်၊ သေပုံကမ္မက္ခာ
၄။ သက်တမ်း ကံဟုန်၊ နှစ်ပါးကုန်၊ သေပုံဥဘယာ
၅။ သက်တမ်း ကံရှိ၊ ကံဟောင်းဖိ၊ သေ၏ဥပေဏ္ဍာ။

သေခါနီးအာရုံနိမိတ်မျှားထင်ပုံ

<u>ကံနိမိတ်</u>

သတ္တဝါတစ်ဦး သေခါနီးသောအချိန်တွင် မရဏာသန္နဇော (သေခါနီးဇော) စောပါသည်။

ထိုသေခါနီးကာလဝယ် ရှေးကပြုလုပ်ခဲ့သော မြောက်မြားစွာသောကံထဲမှ လာမည့်ဘဝသစ်ပဋိသန္ဓေကို ထူထောင်ပေးမည့် တစ်ခုသောကံသည်-

"ရှေးကပြုလုပ်ခဲ့သည်များကို ယခုတစ်ဖန် ထပ်မံ၍ အသစ်ဆောင်ရွက်ပြုလုပ်နေရသကဲ့သို့ သေခါနီးဆဲဆဲတွင် နိမိတ်ထင်သောအားဖြင့် ဖြစ်ပေါ်လာသည်"။

ဤသို့ စိတ်ထဲတွင် ဖြစ်ပေါ်ခြင်းကို ကံ ထင်သည်ဟု ဆိုပါသည်။

မိမိနေထိုင်ကောင်းစဉ်က ပြုလုပ်ခဲ့သော ကောင်းမှုအရာ၌ ဒါန၊ သီလပြုမှုစသည်များ၊ မကောင်းမှုအရာ၌ လူသတ်မှု၊ ခိုးမှုစသည်များ စသည်တို့ စိတ်ထဲတွင် ပြန်ထင်လာခြင်းမျိုး ဖြစ်သည်။

ထိုသို့ထင်လာသော ကောင်းမှု-မကောင်းမှုကံများက ဘဝအသစ်ကို ထူထောင်ပေးမည် ဖြစ်ပါသည်။

<u>ကမ္မနိမိတ်</u>

ဘဝသစ်ထူထောင်မည့်ကံကို ပြုလုပ်ဆောင်ရွက်စဉ်က တွေ့ကြုံခံစားခဲ့ဖူးသော အဆင်း၊ အသံအစရှိသော အာရုံတစ်ခုခုသည်လည်းကောင်း၊ အသုံးပြုခဲ့ဖူးသော သက်ရှိသက်မဲ့အရာဝတ္ထုတစ်ခုခုသည်လည်းကောင်း ယခုပင် အသုံးပြုနေရသကဲ့သို့ စိတ်ထဲတွင် ထင်ပေါ်လာသည်။

ကြုံခဲ့ရသောအာရုံများမှာ-

- ကုသိုလ်အရာ၌ - ကျောင်းဆောက်ခြင်း၊ ဆွမ်းလှူဒါန်းခြင်း စသည်များကို ပြန်၍မြင်သောအာရုံများ၊
- အကုသိုလ်အရာ၌ - နွားသတ်၊ ကြက်သတ်ခြင်းများ၊ ခိုးယူခြင်းများကို ပြန်၍မြင်သောအာရုံများ၊

ဤကုသိုလ်ကံ - အကုသိုလ်ကံအာရုံများ ပြန်ပေါ်လာခြင်းကို ''ကမ္မနိမိတ် ထင်သည်'' ဟုခေါ်ပါသည်။

ကမ္မနိမိတ် ၂-မျိုး

၁။ ဥပလဒ္ဓကမ္မနိမိတ် - ကံပြုစဉ်က တိုက်ရိုက်ရအပ်သောပဓာနအာရုံ
ဥပမာ - ဆွမ်းလှူဒါန်းရာ၌ ဆွမ်းသည် ပဓာနအာရုံ ဥပလဒ္ဓကမ္မနိမိတ် ဖြစ်သည်။

၂။ ဥပကရဏကမ္မနိမိတ် - အခြံအရံအာရုံများ
ဥပမာ - အလှူခံသံဃာတော်များ၊ ဆွမ်း၊ သင်္ကန်းစသည်များ၊ ကြွရောက်လာသော ဧည့်ပရိသတ်များ စသောအခြံအရံများသည် ဥပကရဏကမ္မနိမိတ် ဖြစ်သည်။

<u>ဂတိနိမိတ်</u>

- မိမိသွားရောက်ရမည့်နေရာ ရောက်လတ္တံ့သောအရပ်ဒေသကို ထင်မြင်ခြင်းသည် ဂတိနိမိတ်ဖြစ်သည်။ အိပ်ပျော်နေစဉ် အိပ်မက်ထဲမှာ တွေ့ရသကဲ့သို့ သေခါနီးသူ၏စိတ်ထဲတွင် ဂတိနိမိတ်ကို မြင်နေတတ်ပါသည်။

- ဂတိနိမိတ်တွင် ထင်လာသည့်အတိုင်း ထိုအရပ်သို့ပို့မည့် ကံအစွမ်းကြောင့် အမှန်တကယ်ရောက်ရှိသွားမည် ဖြစ်ပါသည်။

ဥပမာ - လူပြန်ဖြစ်မည့်သူသည် မိမိသန္ဓေကိန်းအောင်းရမည့် မိခင်၏ဝမ်းဗိုက်ကို ထင်မြင်သည်။

- ကျွဲဖြစ်မည့်သူသည် သေခါနီးတွင် မိမိကိုယ်တိုင် ကျွဲဖြစ်နေသကဲ့သို့ ကျွဲသဏ္ဌာန်ကို တွေ့ရသည်။ မသေမီကပင် ကိုယ်တိုင်ဖြစ်နေရသကဲ့သို့ ထင်မြင်တတ်သည်။

- ငရဲသို့ရောက်မည့်သူသည် ခွေးနက်ကြီး၊ ငရဲမီးလျှံများ စသည်ကို မြင်ရသည်။

- ပြိတ္တာဘဝရောက်မည့်သူသည် တော၊ တောင်၊ ဂူများ၊ ခြုံများကို မြင်တွေ့ရသည်။

- နတ်ပြည်ရောက်မည့်သူသည် နတ်ဗိမာန်၊ ပဒေသာပင်၊ ဥယျာဉ်တို့ကို တွေ့မြင်ရသည်။

ဂတိနိမိတ် ၂-မျိုး

၁။ ဥပလဘိတဗ္ဗ ဂတိနိမိတ် - တိုက်ရိုက်ရောက်အပ်သောဘုံဘဝ၊
- နတ်ဘုံရောက်မည့်သူသည် နတ်ဘုံနတ်နန်းကို မြင်ခြင်းမျိုး ဖြစ်သည်။

၂။ ဥပဘောဂ ဂတိနိမိတ် - ထိုဘုံဘဝ၌ တွေ့ကြုံခံစားရမည့် အတွင်း-အပ အသုံးအဆောင်များ၊
- နတ်သား၊ နတ်သမီး၊ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင် စသည်များကို မြင်ခြင်းမျိုးဖြစ်သည်။

လူများသေခါနီးတွင် ဂတိနိမိတ်အဖြစ် သာယာကြည်နူးဖွယ်ရာများ၊ ကောင်းသော ပစ္စည်း၊ အသုံးအဆောင်များကို တွေ့ရှိရသော် ထိုသူမျက်နှာမှာ တည်ငြိမ်နေတတ်၍ တစ်ခါတစ်ရံ ရွှင်လန်းနေတတ်သည်၊ ပြုံးနေတတ်သည်။

မကောင်းသော ဂတိနိမိတ်များထင်လာသောသူသည် ကြောက်လန့်ပြီး အော်ဟစ်သည်၊ ရုန်းကန်သည်၊ တွန်းပစ်တတ်သည်။ မျက်နှာမှာ ကြောက်လန့်သောအသွင်တစ်ခု

တည်ရှိနေပြီး တချို့ မျက်ရည်ကျကြသည်။

(ထိုသည်များကို မိုးကုတ်ဆရာတော်ဘုရားကြီးက ပြုံးသေ-မဲ့သေ ဟူ၍ တင်စား ဟောထားခဲ့ပါသည်။)

နိမိတ်များထင်ရာတွင်-

- အချို့သူမှာ - စက္ခဒ္ဒါရဋ္ဌထင်သည်။ ဘဝသစ်ကို ကိုယ်တိုင်မျက်စိဖြင့် လှမ်းမြင်နိုင်သည်။
- အချို့သူမှာ - သောတဒ္ဒါရဋ္ဌထင်သည်။ ဘဝသစ်ကပြောဆိုနေကြသော အသံများကို ကိုယ်တိုင်နားဖြင့် လှမ်း၍ကြားသည်။
- အချို့သူမှာ - ဃာနဒ္ဒါရဋ္ဌထင်သည်။ ဘဝသစ်တွင်တွေ့ကြုံရမည့် အနံ့များကို ကိုယ်တိုင်နှာခေါင်းဖြင့် နံနေသည်။
- အချို့သူမှာ - ဇိဝှါဒ္ဒါရဋ္ဌထင်သည်။ ဘဝသစ်၌စားသောက်ရမည့် အစားအစာများကို ယခုပင်စားနေရသကဲ့သို့ အရသာဖြစ်ပေါ်နေသည်။
- အချို့သူမှာ - ကာယဒ္ဒါရဋ္ဌထင်သည်။ ဘဝသစ်၌တွေ့ကြုံရမည့်အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံများ သေခါနီးသူ၏ ကိုယ်ကာယမှာလာ၍ ထိတွေ့နေရသကဲ့သို့ ခံစားရသည်။
- အချို့သူမှာ - မနောဒ္ဒါရဋ္ဌထင်သည်။ မျက်စိ၊ နားစသည်တို့ဖြင့် မမြင်၊ မတွေ့ရသော်လည်း ထိုနိမိတ်များကို စိတ်ထဲတွင် ကြံစည်တွေးတော စိတ်ကူးနေမိသည်။

နိမိတ်	အာရုံ	ကာလ	ထင်ရာဒ္ဒါရ
ကံ	ဓမ္မာရုံ	အတိတ်	မနောဒ္ဒါရ
ကမ္မ	ဖ-ပါးလုံး	အတိတ်၊ ပစ္စုပ္ပန်	မနောဒ္ဒါရ (ဖ-ဒ္ဒါရ)
ဂတိ	ဖ-ပါးလုံး	ပစ္စုပ္ပန်	ဖ-ဒ္ဒါရ

စုဒေဝခါနိုးကာလစိတ်အစဉ်ဖြစ်ပုံ

လူတစ်ယောက် သေခါနိုးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့သည် လှည့်ကာ-ပြောင်းကာ နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းကြာသည့်ကာလကပင် ထင်မြင်နေတတ်သည်။

သာမန်ပုထုဇဉ်တစ်ယောက်အဖို့ ထိုနိမိတ်များထင်နေပြီးသည်နောက်၌ ထင်မြင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံများမှ အာရုံတစ်ခုခုကိုစိုက်၍ စိတ်အစဉ်သည် မပြတ်ထင်နေရသည်။

(နိဗ္ဗာန်သို့သွားမည့် အရိယာပုဂ္ဂိုလ်များသည်ကား လားရာနေရာဘုံမရှိတော့၍ သေခါနိုးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် မထင်တော့ပါချေ။)

လူတစ်ယောက်သည် ရိုးရိုးအာရုံများထင်နေစဉ် ဇော ၇-ကြိမ်ကျလေ့ရှိပါသည်။

စုတိစိတ်ပါဝင်သောစိတ်အစဉ် (ဝီထိ) ကျမှ ဇော ၅-ကြိမ် ဖြစ်ပါသည်။ ဇော ၅-ကြိမ်ကျပြီးနောက် စုတိစိတ်ဖြစ်ပေါ်လာကာ သေကြရသည်။

ထို့ကြောင့် လူတစ်ယောက်သည် သေခါနိုးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံများ ထပ်ကာ-ထပ်ကာဖြစ်နေပြီး သေမည့်အချိန်ကျမှ အာရုံတစ်ခုတည်းကိုသာ စူးစိုက်ထင်မြင်ပြီး ဇော ၅-ကြိမ်ကျကာ သေရသည်။

မရဏာသန္နဝီထိ ၄-မျိုး

၁။ နဒမဇဇဇဇဇ စု / ပ- ဘ- ဘ- ဘ

၂။ နဒမဇဇဇဇဇ ဘ စု / ပ- ဘ- ဘ- ဘ

၃။ နဒမဇဇဇဇဇ ရုံ ရုံ စု / ပ- ဘ- ဘ- ဘ

၄။ နဒမဇဇဇဇဇ ရုံ ရုံ ဘ စု / ပ- ဘ- ဘ- ဘ

သေခါနိုး စိတ်အစဉ်ဖြစ်ပေါ်ရာတွင်-

(က) ဝီထိစိတ်အစဉ်(ဇော) နောက်က စုတိစိတ်ကျသည်လည်း ရှိသည်။

(ခ) ဇော ၅-ကြိမ်ကျပြီးနောက် ဘဝင်စိတ်ဖြစ်ကာ ဘဝင်စိတ်အဆုံး၌ စုတိစိတ်ကျသည်လည်း ရှိသည်။

(ဂ) ဧော ၅-ကြိမ်ကျပြီးနောက် တဒါရုံကျကာ တဒါရုံ၏အဆုံးတွင် စုတိစိတ်ကျသည်။
(ဃ) ဧော ၅-ကြိမ်ကျပြီးနောက် တဒါရုံကျကာ တဒါရုံနောက်၌ ဘဝင်ပါဝင်လာ၍ အဆုံး၌ စုတိစိတ်ကျသည်လည်းရှိသည်။

ဤသို့လျှင် စုတိကျ (သရာ)၌ တစ်ယောက်လျှင် တစ်မျိုးစီဖြင့် သေခါနီးစိတ် အစဉ် ဖြစ်ရသည်။

- ဤကဲ့သို့ သေခါနီးစိတ်အစဉ် ၄-မျိုးကွဲပြားနေရခြင်းမှာ အာရုံထင်မြင်ချက်နှင့် ဇဝိတရုပ်ရှိပုံအပေါ်တွင် မူတည်နေပါသည်။
- သေခါနီးတွင် ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ်အာရုံထင်မြင်ချက် အားပြင်းနေလျှင် ဧောနောက်ကတဒါရုံလိုက်သည်။ (အတိမဟန္တာရုံမရဏာသန္နဝီထိ)
- အာရုံထင်မြင်ချက်အားပျော့နေလျှင် ဧောနောက်က တဒါရုံမလိုက်ပါ။ (မဟန္တာရုံမရဏာသန္နဝီထိ)
- ဇဝိတရုပ်သည် လူ၏ခန္ဓာကိုယ်အနှံ့အပြားတွင် တည်ရှိသည်။ ဇဝိတရုပ်သည် သေခါနီးစိတ်အစဉ်အထိ စိတ္တက္ခဏ(ခဏငယ်) ၁၇-ချက်စာတွင် ဖြစ်-ပျက် လျက်ရှိသည်။
- ဇဝိတရုပ် ရုပ်စဲကုန်ဆုံးလျှင် စိတ်အစဉ်လည်းရပ်တော့သည်။ ဇဝိတရုပ် ကုန်ဆုံး သည့်အခိုက်တွင် စုတိစိတ်ကျသည်။ စုတိစိတ်၏ဘင်ခဏနှင့် ဇဝိတရုပ်ဘင်ခဏ သည် ပြိုင်တူဖြစ်သည်။

ဇဝိတရုပ်မရဏာသန္နဝီထိ

၁။ နု - ဒ - မ - ဇ ဇ ဇ ဇ ဇ စု
- ဧော ၅-ကြိမ်ကျပြီးနောက် ဇဝိတရုပ်ကုန်ဆုံးလျှင် စုတိစိတ်ကျသည်။

၂။ နု - ဒ - မ - ဇ ဇ ဇ ဇ ဇ ရုံ စု
- ဧော ၅-ကြိမ်ကျပြီးသည်နောက် ဇဝိတရုပ်သည်လည်း မကုန်ဆုံး၊ အာရုံထင်မြင်မှုသည်လည်း အားပြင်းနေလျှင် တဒါရုံကျသည်။ ထို့နောက် စုတိစိတ်ကျသည်။

၃။ နှ - ဒ - မ - ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ စု

- တဒါရုံတစ်ကြိမ်ကျ၍ ဇီဝိတရုပ်မကုန်ဆုံးလျှင် တဒါရုံ နောက်တစ်ကြိမ် ထပ်ကျသည်။

၄။ - ထိုမှ ဇီဝိတရုပ်မကုန်ဆုံးလျှင် ဘဝင်ကျသည်။ ဇီဝိတရုပ်မကုန်မချင်း ဘဝင်ကျ၍ ဇီဝိတရုပ်ကုန်မှ စုတိစိတ်ကျပါသည်။

ဤသို့အားဖြင့် အာရုံထင်မြင်ချက် အားအပျော့-အပြင်းကိုလိုက်၍လည်းကောင်း၊ ဇီဝိတရုပ်ကုန်ဆုံးခြင်းကိုလိုက်၍လည်းကောင်း သေခါနီးစိတ်အစဉ် ကွဲပြားရသည်။

မရဏာသန္နဝီထိနှင့် နိမိတ်များထင်ပုံ

ပထမ	ဒုတိယ
ကံ-ကမ္မ-ဂတိ နိမိတ်	ကံ-ကမ္မ-ဂတိနိမိတ်
နှ-ဒ	မ- ဇ ဇ ဇ ဇ ဇ စု / ပ - ဘ - ဘ - ဘ

သေခါနီးဝီထိစိတ်အစဉ်တွင်-

- ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒတို့သည် ပထမ ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုသာ အာရုံပြုသည်။
- မနောဒ္ဝါရာဝဇ္ဇန်း၊ ဇော ၅ကြိမ်တို့သည် ဒုတိယ ကံ-ကမ္မနိမိတ်၊ ဂတိနိမိတ် ကိုသာ အာရုံပြုသည်။

ပထမကံသည် - ယခုဘဝကို အကျိုးပေးခဲ့သော ဘဝဟောင်းက ထင်ခဲ့ဖူးသောကံ ဖြစ်သည်။

ဒုတိယကံသည် - ယခုလာ၍ထင်နေသော ဘဝသစ်ကို ထူထောင်ပေးမည့် ကံ ဖြစ်သည်။

ပထမကမ္မနိမိတ် - ယခုဘဝ ဘဝဟောင်းက ထင်လာခဲ့သော ကမ္မနိမိတ်ဖြစ်သည်။

ဒုတိယကမ္မနိမိတ်- ယခုလာ၍ထင်နေသော ကမ္မနိမိတ်၊ ဘဝသစ်ကို အကျိုးပေးမည့် ကမ္မနိမိတ်ဖြစ်သည်။

ပထမဂတိနိမိတ် - ယခုလက်ရှိဘဝသို့ရောက်ခါနီးတွင် တွေ့ကြုံခဲ့ရသော ဘဝဟောင်းက ထင်လာခဲ့သော ဂတိနိမိတ်ဖြစ်သည်။

ဒုတိယဂတိနိမိတ်- ယခုလာ၍ထင်နေသော သေပြီးနောက်ရောက်ရမည့် ဘဝသစ် ဂတိနိမိတ်ဖြစ်သည်။

မရဏာသန္နဝီထိ ၄ ဝါရ ကွဲပြားပုံဇယား

ဝီထိစိတ်၏ အဆုံးစုတိကျသော ၂-ဝါရ	၁	တဒါရုံ နောင်-စုတိ (တဒါရုံ-စုတိ)	ပဋ္ဌဒ္ဓါရဥ္စ အတိမဟဇ္ဇနာရုံ မနောဒ္ဓါရဥ္စ ဝိဘူတာရုံ
	၂	ဇော နောင်-စုတိ (ဇော-စုတိ)	ပဋ္ဌဒ္ဓါရဥ္စ မဟဇ္ဇနာရုံ မနောဒ္ဓါရဥ္စ အဝိဘူတာရုံ
ဝီထိနောင် ဘဝင်၏အဆုံး စုတိကျသော ၂-ဝါရ	၃	တဒါရုံ - ဘဝင် နောင်- စုတိ (တဒါရုံ-ဘဝင်-စုတိ)	ပဋ္ဌဒ္ဓါရဥ္စ အတိမဟဇ္ဇနာရုံ မနောဒ္ဓါရဥ္စ ဝိဘူတာရုံ
	၄	ဇော-ဘဝင် နောင်-စုတိ (ဇော-ဘဝင်-စုတိ)	ပဋ္ဌဒ္ဓါရဥ္စ မဟဇ္ဇနာရုံ မနောဒ္ဓါရဥ္စ အဝိဘူတာရုံ

- နံပါတ် (၂) နှင့် နံပါတ် (၄) ဝါရများ၌ မဟဇ္ဇနာရုံနှင့် အဝိဘူတာရုံဟုဆိုသော်လည်း ကာမဘုံမှစုတေ၍ ဗြဟ္မာဘုံ၌ ပဋိသန္ဓေနေလတွင်သောဝီထိ၊ ဗြဟ္မာဘုံမှစုတေမည့် ဝီထိများ၌မူ အတိမဟဇ္ဇနာရုံနှင့် ဝိဘူတာရုံများလည်း ဖြစ်ထိုက်ပါသေးသည်။

စုတိကျပြီးလျှင် တစ်ဆက်တည်းပင် ဘဝသစ်၌ ပဋိသန္ဓေဖြစ်သည်။ ကြားကာလဟူ၍ မရှိပါ။

စိတ်သည် အလွန်လျင်မြန်ရကား တစ်ဘဝမှသေသော် တစ်ဖန် ဘဝသစ်သို့ ချက်ချင်းသွား၍ဖြစ်ရပါသည်။ ကြားကာလ ၇-ရက် အိမ်မှာကပ်နေသည်ဆိုသည်မှာ မဟုတ်ပါ။

စုတိစိတ်ဖြစ်ပြီးနောက် ဘဝသစ်တွင် ပဋိသန္ဓေစိတ် ဆက်ဖြစ်ရပါသည်။

စုတိနောင် ပဋိသန္ဓေ နှောင်းပုံ

စုတိနောင်		နောင်းသောပဋိသန္ဓေ		ရောက်မည့်ဘုံ	
အဟိတ်စုတိ-၂ ဒွိဟိတ်စုတိ-၄	၆	ကာမပဋိသန္ဓေ-၁၀	၁၀	ကာမ-၁၁ဘုံ	၁၁
ကာမတိဟိတ် စုတိ-၄	၄	ကာ-ရူ-အရူ-၁၉ ရုပ်ပဋိသန္ဓေ -၁	၂၀	၃၁-ဘုံ အကုန်	၃၁
ရူပစုတိ-၅	၅	မဟာဝိ-၈ မဟဂ္ဂုတ်-၉	၁၇	အပါယ်+အသည ကြဉ်-ကျန်-၂၆	၂၆
အသညသတ် စုတိ-၁	၁	မဟာဝိပါက်ပဋိသန္ဓေ	၈	ကာမသုဂတိ -၇	၇
အာကာသာနဉ္စာ စုတိ	၁	တိဟိတ်-၄ အရူပ-၄	၈	ကာမသုဂတိ-၇ အရူပ-၄	၁၁
ဝိညာနဉ္စာ စုတိ	၁	တိဟိတ်-၄ အရူပ-၃	၇	ကာမသုဂတိ-၇ အရူပ-၃	၁၀
အာကိဉ္စညာ စုတိ	၁	တိဟိတ်-၄ အရူပ-၂	၆	ကာမသုဂတိ-၇ အရူပ-၂	၉
နေဝသညာ နာသညာစုတိ	၁	တိဟိတ်-၄ အရူပ-၁	၅	ကာမသုဂတိ-၇ အရူပ-၁	၈

စုတိစိတ်နောက် ပဋိသန္ဓေဖြစ်ပုံ

အရူပဘုံမှ ပုဂ္ဂိုလ်များသည် တစ်စွယ်လွန်စိတ်ဓာတ်မြင့်နေသူများ ဖြစ်ကြသည်။ ရုပ်ကို အထင်အမြင်သေးကြသည်။ ရုပ်ကိုအပြစ်မြင်ပြီး နာမ်ကိုအထင်ကြီးကြသော သူများ ဖြစ်ကြသောကြောင့် အောက်အချင်းချင်းနီးစပ်သော အောက်အရူပဘုံများကို အထင်သေးကြသည်။ ထို့ကြောင့် မိမိတို့ အရူပဘုံအချင်းချင်းပင် အောက်ဘုံသို့ မဆင်းလိုကြပေ။ အထက်ဘုံသို့သာ တက်လိုကြသည်။

သို့သော် တက်ချင်တိုင်း တက်မရကြပါ။ ထိုတက်လိုသော ဘုံနှင့်သက်ဆိုင်သော စျာန်ကို ရထားပါမှ တက်၍ရပါသည်။

အလားတူ အောက်ရူပ ၁၆-ဘုံကိုလည်း အထင်သေးကြသဖြင့် ရူပ ၁၆-ဘုံသို့လည်း မဆင်းကြပေ။

အရူပဘုံတွင် အထက်ဘုံတို့သို့တက်၍မရသော် အောက်ကာမသုဂတိ ၇-ဘုံ သို့သာ ပြန်ရောက်ကြရသည်။

<u>အရူပဘုံမှစုတေသော်</u>

- ပဋိသန္ဓေအနေဖြင့် အပါယ် ၄-ဘုံသို့ မသွားပါ။ ကျန် ၂၇-ဘုံသို့ကား ထိုက်သည့်အားလျော်စွာ သွားကြသည်။
- လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံတွင် ပဋိသန္ဓေအဖြစ်လာသော် သုဂတိအဟိတ်၊ ဒွိဟိတ်အဖြစ်ဖြင့် မလာပါ။
- တိဟိတ်အဖြစ်ဖြင့်သာ လာပါသည်။

<u>ကာမတိဟိတ်ပုဂ္ဂိုလ်များစုတေသော်</u>

- အားလုံးသောပဋိသန္ဓေစိတ်များ ဖြစ်လာနိုင်သည်။ ၃၁-ဘုံသို့ သွားနိုင်ခွင့် ရှိသည်။
- အရူပဘုံသို့ သွားလိုသူသည် သက်ဆိုင်ရာစျာန်စိတ်များကို ရရှိထားကြရမည်။

<u>ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်များ စုတေသော်</u>

- ကာမ-ပဋိသန္ဓေ- ၁၀ ဖြစ်နိုင်သည်။
- ကာမ ၁၁-ဘုံသို့ သွားနိုင်သည်။
- ရူပ-အရူပဘုံသို့ကား မသွားနိုင်ပါ။

ပဋိသန္ဓေစိတ်

ဘဝဟောင်းတွင် စုတိစိတ် (သေစိတ်) ချုပ်ပြီးနောက် တစ်ဆက်တည်းပင် ဘဝသစ်ပဋိသန္ဓေစိတ် ဖြစ်ရသည်။

ပဋိသန္ဓေစိတ်သည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသောစိတ်ဖြစ်သည်။

ဘဝဟောင်း မရဏာသန္နဇောမှ ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍ ကာမဘုံနှင့် ရူပဘုံတို့၌ ဟဒယဝတ္ထုကိုမှီ၍လည်းကောင်း၊ အရူပဘုံ၌ ဝတ္ထုရုပ်ကိုမမှီ၍လည်းကောင်း၊ အဝိဇ္ဇာနုသယသည် ခြံရံလျက်၊ တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ်ကံ-အကုသိုလ်ကံဟု ဆိုအပ်သော သခ်ါရမှဖြစ်စေလျက်၊ ဖဿ ဝေဒနာအစရှိသော သမ္မယုတ်တရားတို့ခြံရံလျက်၊ ဖဿ ဝေဒနာအစရှိသော တကွဖြစ်ဖက်တရားတို့၏ တည်ရာဖြစ်ခြင်းကြောင့် ရှေ့သွားခေါင်းဆောင်ဖြစ်ပြီးလျှင်၊ ရှေ့ဘဝနှင့်နောက်ဘဝကို တစ်ဆက်တည်းကဲ့သို့ စပ်တတ်သည်၏ အစွမ်းအားဖြင့် ဘဝတစ်ပါး၌ ဥပါဒ်လျှင် ဥပါဒ်ချင်း တည်လေသည်။

အဝိဇ္ဇာ-တဏှာတည်းဟူသော ဘဝရေသောက်မြစ်မပြတ်သေးသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၌-

- အဝိဇ္ဇာက ဘဝအပြစ်ကို ဖုံးပေးခြင်း၊
- တဏှာက ထိုဘဝ၌ ညွတ်ကိုင်းတပ်မက်စေခြင်း

ဟူသော အားပေးအားမြှောက်ပြုပေးချက်အရ ကုသိုလ်-အကုသိုလ်ကံ ဟု ဆိုအပ်သော သခ်ါရက မိမိဖြစ်ရာခန္ဓာအစဉ်ဝယ် ဤဘဝမှစုတေပြီးသည်၏ အခြားမဲ့၌ ကံအားလျော်သောဘုံဘဝတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသောအကျိုးကို ဖြစ်စေရပါသည်။

ထိုသို့ဖြစ်ရာတွင် သေပြီးနောက်၌-

- မိုရာရုပ်ရှိသော ၂၆-ဘုံတွင်လည်းကောင်း၊
- မိုရာရုပ်မရှိသော အရူပ ၄-ဘုံတွင်လည်းကောင်း

ဘဝသစ်ကံအားလျော်စွာ ဖြစ်ကြရသည်။

ဘဝဟောင်းမှသေပြီးသူတိုင်း ဘဝသစ်ပဋိသန္ဓေစိတ်မဝင်နိုင်ပါ။ အဝိဇ္ဇာနုသယ ရှိသူသာ ပဋိသန္ဓေနေနိုင်သည်။

- အဝိဇ္ဇာနှင့်တဏှာမရှိတော့သော ဘုရား-ရဟန္တာတို့သည် ဘဝသစ်ပဋိသန္ဓေ မရှိတော့ပါ။ အေးငြိမ်းသောနိဗ္ဗာန်သို့ ရောက်သွားသည်။
- ထို့ကြောင့် ဘုရား-ရဟန္တာများ၏ စုတိစိတ်ကျသည်ကို ပရိနိဗ္ဗာန်စံဝင်သည်ဟု ဆိုပါသည်။

ကာမပဋိသန္ဓေစိတ်၏ အာရုံ

ဘဝသစ်၌ ရှေးဦးစွာဖြစ်ရသော ကာမပဋိသန္ဓေ-၁၀-တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါးတွင် တစ်ပါးပါးကို အာရုံပြုကြပါသည်။

ယခင်ဘဝသေခါနီး၌ မရဏာသန္နဇောသည် နံ့သည်၏အဖြစ်ကြောင့် ဇော ၅-ကြိမ်သာစောသည်။ ထိုဇော ၅-ကြိမ်က အာရုံပြုပြီးသော အာရုံအဟောင်းကိုသာ အာရုံပြုကြသည်။

- ဤသို့ဖြစ်သောကြောင့် ကာမာဝစရဘုံ၌ဖြစ်သော ပဋိသန္ဓေစိတ်၏ အာရုံသည် ကမ္မနိမိတ်ဖြစ်စေ၊ ဂတိနိမိတ်ဖြစ်စေ ပစ္စုပ္ပန်လည်းဖြစ်နိုင်၏၊ အတိတ်လည်းဖြစ်နိုင်၏။ ထိုအာရုံကို စက္ခဒ္ဒါရစသော ဒွါရ ၆-ပါးက ယူပေးခဲ့သည်။ ဒွါရ ၆-ပါး၌ ထင်နိုင်သည်ဟုဆိုလိုပါသည်။
- ကံအာရုံကိုမူကား စက္ခဒ္ဒါရစသည်တို့က ယူပေး၍မရသောကြောင့် အတိတ်တစ်မျိုးတည်းသာဖြစ်သည်၊ ပစ္စုပ္ပန်မရှိနိုင်။ ထိုအတိတ်ကံအာရုံကို မနောကံတစ်ခုတည်းဖြင့်သာ ယူနိုင်ပါသည်။ မျက်စိ စသည်ဖြင့် ကံနိမိတ်ကို မယူနိုင်ဟုဆိုလိုပါသည်။

ရုပ်အာရုံတစ်ခုသည် စိတ္တက္ခဏ ၁၇-ချက်သာ အသက်ရှည်သည်ဟု ဆိုခဲ့ပြီးဖြစ်ပါသည်။

ကမ္မနိမိတ်အာရုံတစ်ခုထင်လျှင် ယင်းနိမိတ်ကို စိတ်ပေါင်း ၁၇-စိတ်က အာရုံပြုရသည်။

ဘဝဟောင်း၌ တီ၊ နှ၊ ဒ၊ မ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ၊ စု - ဟု ၁၂-စိတ်ဖြစ်ပြီး စုတေသည့်အခါ နိမိတ်အာရုံ၏ အသက် ၅-ချက်စာ ကျန်နေသည်။

ထို့ကြောင့် စုတိ၏နောက်ဆက်ဖြစ်သော ပဋိသန္ဓေစိတ်နှင့်ဘဝင်စိတ် ၄-ကြိမ်၊ ပေါင်း စိတ် ၅-စိတ်က ထိုဘဝဟောင်းက နိမိတ်အာရုံကိုပင် အာရုံပြုသည်။

- ထိုနိမိတ်အာရုံတို့ကို မျက်စိလည်း မြင်တတ်၏၊ မမြင်ဘဲ နားကလည်း ကြားနိုင်၏။
- ဤသို့ စသည်ဖြင့် ဒွါရ ၆-ပါးလုံး၌ နိမိတ်ထင်နိုင်သည်ဟု ဆိုပါသည်။

- ဘဝင်စိတ်နှင့် စုတိစိတ်များသည်လည်း ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုကြရသည်။

ရူပပဋိသန္ဓေစိတ်၏အာရုံ

ရူပပဋိသန္ဓေစိတ် ၅-ပါးသည် ပညတ်ဖြစ်သော ကမ္မနိမိတ် တစ်မျိုးတည်းသာ အာရုံပြုသည်။

ထိုကမ္မနိမိတ်ကို ဘဝဟောင်းက သေခါနီးသော ဇော ၅-ကြိမ်က ရရှိသည်။ မနောဒွါရက ပညတ်ကမ္မနိမိတ်ကိုယူ၍ ဇော ၅-ကြိမ်ကိုပေးသောကြောင့် ဇော ၅-ကြိမ်က ရရှိသည်။

အဘယ်ကြောင့် ပညတ်တစ်မျိုးတည်းသာ အာရုံပြုနေရသနည်းဆိုသော်-

ရူပကုသိုလ်ကံများ ဖြစ်စဉ်ကပင် ပညတ်တစ်မျိုးတည်းကိုသာ အာရုံပြုခဲ့ကြသဖြင့် ထိုကံများ၏ အာရုံနိမိတ်သည်လည်း ပညတ်တစ်မျိုးတည်းသာ ဖြစ်ပါသည်။

အရူပပဋိသန္ဓေစိတ်၏အာရုံ

အရူပပဋိသန္ဓေစိတ် ၄-ပါးတို့၏အာရုံသည် မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံနှင့် ပညတ်ကမ္မနိမိတ်အာရုံ ၂-မျိုး ထိုက်သင့်သလို ဖြစ်ပါသည်။

အရူပဗြဟ္မာတို့သည် ရုပ်မပါဘဲ နာမ်ချည်းသာ ပဋိသန္ဓေနေကြသည်။

အသညသတ်ဗြဟ္မာ၏ ပဋိသန္ဓေ

အသညသတ်ဗြဟ္မာတို့၏ ပဋိသန္ဓေသည် စိတ်မပါ။ ဇီဝိတနဝက ကလာပ်ခေါ်သော ရုပ်သက်သက်ဖြင့်သာနေသော ပဋိသန္ဓေဖြစ်သည်။

ရူပပဌမစျာန်ပြုစဉ်ကအခါက သညာခေါ်သောစိတ်အပေါ်၌ စွဲလမ်းခြင်း၊ လိုလားခြင်းကင်းစင်စေရန် ပြုခဲ့၊ အားထုတ်ခဲ့သောကြောင့် စိတ်မပါဘဲ ရုပ်သာရှိရသည်။

အသညသတ်ဘုံမှ ဗြဟ္မာသည် ကမ္ဘာပေါင်း ၅၀၀ အသက်ရှည်ပြီး ထိုဘုံမှသေသော် ကာမသုဂတိ ၇-ဘုံတွင် ပြန်ဖြစ်နိုင်သည်။

အသည်သတ်ဘုံသို့ ပဋိသန္ဓေယူမည့် ပုဂ္ဂိုလ်တစ်ယောက်သည် သေခါနီးတွင် ကမ္မနိမိတ်ထင်သည်။

ထိုကမ္မနိမိတ်သည် ယခင်က အလေ့အကျင့်များသော ကသိဏ်း ပဋိဘာဂ စသော နိမိတ်မျိုးဖြစ်သည်။

ထိုကမ္မနိမိတ်ကိုအာရုံပြု၍ မရဏာသန္နဇော ၅-ကြိမ်ဖြစ်သည်။ ထိုမရဏာသန္နဇောတွင် ပါဝင်သောဆန္ဒသည် စိတ်ကိုမလိုချင်သောဆန္ဒ ဖြစ်သည်။

ထိုဆန္ဒအလျောက် ဘဝသစ်တွင် စိတ်မပါဘဲ ရုပ်ချည်းသာ ဖြစ်ရပါသည်။

မှတ်ချက် ။ ။ အသည်သတ်နှင့် အရှုပ ၄-ဘုံမှကြွင်းသော ကျန် ၂၆-ဘုံသည်ကား ရုပ်-နာမ်နှစ်ပါးတွဲလျက် ပဋိသန္ဓေယူကြသည်။

စုတိနှင့်ပဋိသန္ဓေတွဲစပ်ပုံ

အရှုပဗြဟ္မာကြီးတို့၏ စုတိနောက်တွင်-

- အောက်အောက်ဖြစ်သော အရှုပပဋိသန္ဓေမှတစ်ပါး တန်းတူနှင့် အထက်ဖြစ်သော အရှုပပဋိသန္ဓေနှင့် ကာမတိဟိတ်ပဋိသန္ဓေတို့သည် ဖြစ်နိုင်ကုန်ပါသည်။
  (အရှုပဗြဟ္မာတို့စုတေလျှင် အရှုပဗြဟ္မာ ပြန်ဖြစ်နိုင်သည်။ နတ်တိဟိတ်၊ လူတိဟိတ်လည်းဖြစ်နိုင်သည်။ ရူပဗြဟ္မာမူ မဖြစ်ပါချေ။)
- ပဋိသန္ဓေစိတ်အားဖြင့် အရှုပပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ် (မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်) ၄-ပါး၊ ပေါင်း ၈-ပါး ဖြစ်နိုင်သည်။

ရူပဗြဟ္မာကြီးတို့၏ စုတိစိတ်နောက်တွင်-

- အဟိတ်ပဋိသန္ဓေမှတစ်ပါး ပဋိသန္ဓေစိတ် ၁၇-ပါး ဖြစ်နိုင်သည်။
  (ရူပဗြဟ္မာတို့စုတေလျှင် ပဋိသန္ဓေဉာဏ်ကင်းသောလူမျိုး၊ တိရစ္ဆာန်မျိုး မဖြစ်နိုင်ပါ။ ကျန်အားလုံးဖြစ်နိုင်သည်။ လူတိဟိတ်၊ နတ်တိဟိတ်ဖြစ်ပြီး ထိုမှစုတေလျှင် အထက်-အောက် ၃၁-ဘုံလုံး ဖြစ်နိုင်သည်။)

- ကာမတိဟိတ် (နတ်/လူ) တို့၏ စုတိစိတ်နောက်တွင်-
  - ပဋိသန္ဓေစိတ် ၁၉-ပါး

-ရုပ်ပဋိသန္ဓေ ၁-ပါး

ပေါင်း ၂၀-ပါး ဖြစ်နိုင်သည်။

ကာမအဟိတ် ဒွိဟိတ်စုတိနောက်တွင်-

-ကာမပဋိသန္ဓေ ၁၀ ဖြစ်နိုင်သည်။

(လူဒွိဟိတ်၊ လူအဟိတ်၊ အဟိတ်တိရစ္ဆာန်သေလျှင် ကာမ ၁၁-ဘုံ၌ ဖြစ်နိုင်သည်။ အထူးသဖြင့် လူသေလျှင် ဘဝမပြတ်၊ လူ့ဘဝသာမက ၃၁-ဘုံဘဝအမျိုးမျိုး ပြန်ဖြစ်နိုင်သည်။)

ပဋိသန္ဓေစိတ်ဟူသည် ရှေးက မိမိပြုခဲ့သော ကုသိုလ်-အကုသိုလ်တည်းဟူသော သခါရ၏အကျိုးပင် ဖြစ်ပါသည်။

အဝိဇ္ဇာ အနုသယခြုံရုံ၍ တဏှာအနုသယအရင်းခံ အမြဲရှိနေသရွေ့ ရဟန္တာ မဖြစ်သေးလျှင် ပဋိသန္ဓေ ဆက်ကာဆက်ကာဖြစ်ပြီး ရထားလှည်းဘီးစက်ကဲ့သို့ သံသရာစက်လည်နေဦးမည်။

နာမ်သံသရာစက်လည်ပုံနှင့် ပြတ်ပုံ

ပဋိသန္ဓေစိတ်ဖြစ်ပေါ်ပြီးနောက် စုတိစိတ်ဖြစ်ပေါ်သည့်တိုင်အောင်သော အချိန်ကာလအတွင်းဝယ် ဝီထိစိတ်များ မဖြစ်ပေါ်သေးသောအချိန်များ၌ အားလပ်ချိန် ရတိုင်း-ရတိုင်း ဘဝင်စိတ်များသာလျှင် ဆက်ကာ-ဆက်ကာ ဖြစ်ရသည်။

ထိုဘဝင်စိတ်များသည် ပဋိသန္ဓေစိတ်၏အာရုံကို အာရုံပြုလျက် ရရှိထားသော ဘဝကို မပျက်စီးစေရန် စောင့်ရှောက်ကြသည်။

ဘဝင်စိတ်များစောင့်ရှောက်ခြင်းမပြုနိုင်သောအခါ ဘဝကိုအဆုံးသတ်သော စုတိစိတ်ဖြစ်ပေါ်လာသည်။ ထိုစုတိစိတ်သည် ပဋိသန္ဓေ၊ ဘဝင်စိတ်တို့၏ အာရုံကိုပင် အာရုံပြုရသည်။

ပဋိသန္ဓေစိတ်နှင့် စုတိအကြားဝယ် ဖြစ်ပျက်နေသော ဘဝင်စိတ်များဟူသည် မြစ်ထဲရှိရေအလျဉ်ကဲ့သို့ သတ္တဝါတစ်ယောက်၏ကိုယ်ထဲတွင်လည်း ဘဝင်အလျဉ် အားဖြင့် မပြတ်မလပ်ဖြစ်ပေါ်နေသည်။

ဘဝတစ်ခုတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိပြီးဆုံးသည့်နောက် အခြားဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူ၍ ဖြစ်ရပြန်ပါသည်။

ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့ ဆက်ကာဆက်ကာဖြစ်နေခြင်းကို သံသရာလည်သည် ဟု ဆိုပါသည်။

ဤလောကတွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများကို ချစ်ခြင်း၊ မြတ်နိုးခြင်း နှောင်ဖွဲ့မှုများကို မဖြတ်နိုင်သေးသမျှ ကာလပတ်လုံး ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့ ဆက်ကာဆက်ကာ ဖြစ်နေပါမည်။

တိဟိတ်ပုဂ္ဂိုလ်တို့သည် ကြာမြင့်စွာပင်-

- သီလကိုဖြူစင်စေခြင်း၊
- ဓုတင်ဆောင်ခြင်း၊
- သမာဓိတည်ဆောက်ခြင်း၊
- ပညာဟူသော ဝိပဿနာကိုပွားများခြင်း

တို့ဖြင့် ကောင်းစွာကျင့်ကြံကြလျက် စိတ်၊ စေတသိက်တို့၏ အမြဲမရှိ၊ အနိစ္စပါတကားဟု ဝိပဿနာဉာဏ်ပညာဖြင့် ထင်လင်းစွာသိမြင်ကြသော် စုတေရွှေ့လျားခြင်းမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အမှန်သိပေမည်။

ထိုသို့သိခြင်းကြောင့် တဏှာတည်းဟူသော အစေးအဖွဲ့ကို ဖြတ်တောက်နိုင်ကြ၍ သခ်ါရတရားတို့၏ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ရောက်ကြပေမည်။

ဤသို့ မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရောက်ကြလျှင် သံသရာစက်ဝန်း လည်ပတ်မှုသည် ပြတ်ရပါတော့သည်။

* * * * *

၃။ ရုပ်ပိုင်း

ရုပ် = အချမ်းအပူအစရှိသော ဆန့်ကျင်ဘက်အကြောင်းတရားတို့ကြောင့် ရှေးရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်သို့ ပြောင်းလဲသောအားဖြင့် ဖောက်ပြန်တတ်သော သဘောလက္ခဏာကို ရုပ် ဟုခေါ်သည်။

- ဖောက်ပြန်တတ်သော သဘောအားဖြင့် ရုပ်သည် တစ်မျိုးတည်းဖြစ်သော်လည်း ခက်မာခြင်း၊ ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း၊ ပူခြင်း၊ အေးခြင်းစသည့် သီးခြားဂုဏ်သတ္တိများကြောင့် ရုပ် ၂၈-မျိုး ကွဲပြားနေရပါသည်။

၎င်း၏ သင်္ဂဟနည်းများ

ရုပ်ပိုင်းတွင် သင်္ဂီဟနည်း ၅-နည်း ရှိပါသည်-

၁။ ရူပသမုဒ္ဒေသ = ရုပ်တို့ကို အကျဉ်းပြခြင်း၊

၂။ ရူပဝိဘာဂ = ရုပ်တို့ကို ဝေဖန်ပြခြင်း၊

၃။ ရူပသမုဋ္ဌာန = ရုပ်တို့၏ဖြစ်ရာအကြောင်းကို ပြသခြင်း၊

၄။ ရူပကလာပ = ရုပ်တို့၏အပေါင်းအစည်းကိုပြခြင်း၊

၅။ ရူပပဝတ္တိက္ကမ = ဘဝ၊ ကာလ၊ သန္တာနအားဖြင့် သတ္တဝါတို့၏ ဘုံအားလျော်စွာ ရုပ်တို့၏ ဖြစ်ရာအစဉ်ကိုပြခြင်း။

ရူပသမုဒ္ဒေသ

ရူပသမုဒ္ဒေသတွင် ရုပ်တို့သည်-

၁။ မဟာဘူတရုပ်

၂။ ဥပါဒါရုပ် ဟူ၍ ၂-မျိုး

၁။ နိပ္ဖန္နရုပ်

၂။ အနိပ္ဖန္နရုပ် ဟူ၍ ၂-မျိုး ရှိပါသည်။

နိပ္ဖန္နရုပ် ၁၈-ပါး

မဟာဘူတရုပ် - အရာဝတ္ထု သက်ရှိသက်မဲ့တိုင်းတွင် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော (မြေ၊ ရေ၊ လေ၊ မီး)ဟူသော ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်ဖွဲ့စည်းထားပါသည်။

- ပထဝီ(မြေ)ဓာတ်သည် ခက်မာခြင်းသဘောရှိသည်။
- ဝါယာ(လေ)ဓာတ်သည် ထောက်ကန်လှုပ်ရှားခြင်းသဘောရှိသည်။
- အာပေါ(ရေ)ဓာတ်သည် ဖွဲ့စည်းခြင်းသဘောရှိသည်။
- တေဇော(မီး)ဓာတ်သည် ပူခြင်း၊ အေးခြင်း သဘောရှိသည်။

ယင်းဓာတ်လေးပါးတို့ကို မဟာဘုတ် ဟု ခေါ်ပါသည်။ ထိုမဟာဘုတ်လေးပါးတို့သည်-

- မိမိတို့၏ သဘောလက္ခဏာအားဖြင့်လည်းကောင်း၊
- မိမိတို့၏ အဆောက်အဦအားဖြင့်လည်းကောင်း၊

ကြီးကျယ်ကုန်သည်ဖြစ်၍ ထင်ရှားစွာဖြစ်သောကြောင့် မဟာဘုတ် ဟု ခေါ်ပါသည်။

ဤလောကတွင် သက်ရှိ တိမိရငါးကြီး၊ အသူရိန်းကြီး၊ ဗြဟ္မာကြီးစသည်တို့သည်လည်းကောင်း၊ သက်မဲ့ တောင်ကြီး၊ သမုဒ္ဒရာကြီး၊ မြင်းမိုရ်တောင်ကြီး၊ စကြဝဠာကြီး၊ ကမ္ဘာကြီး စသည်တို့သည်လည်းကောင်း ရှိကြပါသည်။

ထိုကြီးသောအရာအားလုံးများသည်-

မဟာဘုတ် ၄-ပါးတို့၏ အဆောက်အဦ ဖြစ်ကြပါသည်။

မျက်လှည့်ဆရာက မျက်လှည့်ပညာဖြင့် လှည့်ဖြားသလို၊ ဘီလူးမက လှည့်ပတ်ဖြားယောင်းသလို မဟာဘုတ်လေးပါးတို့က သတ္တဝါတို့ကို ဖြားယောင်းပါသည်။

ထို့ကြောင့် မဟာဘုတ်လေးပါးကို မျက်လှည့်ဆရာကြီး၊ ဘီလူးမကြီးဟု ဆိုကြပါသည်။

တစ်ဖန် ကြီးကျယ်သော အဲ့ဖွယ်တို့ကို ဖြစ်စေတတ်သောကြောင့် မဟာဘုတ် ဟုခေါ်ပါသည်။

ဂန္ဓမာဒနတောင်ကြီး၊ ဟိမဝန္တာတောင်ကြီး၊ အနောတတ္တရေဒုံင်ကြီးက မဋ္ဌသက နတ်ပန်းပင်ကြီး၊ မဏိဇောတပတ္တမြားကြီး၊ နေဗိမာန်၊ လဗိမာန်ကြီး၊ တာရာကြယ်၊ ဥက္ကာကြီးစသော အဲ့ဖွယ်သူရဲတို့ကို ဤမဟာဘုတ်လေးပါးကပင် ဖန်ဆင်းသဖြင့် ယင်းကို အဇ္ဈတ္တ ဟူ၍လည်း ခေါ်ပါသည်။

အကြီးအကျယ်ဖောက်ပြန်တတ်သောကြောင့် မဟာဘုတ် ဟုခေါ်ပါသည်။

- ကမ္ဘာကြီးမီးလောင်သဖြင့် ပထမစျာန်ဗြဟ္မာဘုံတိုင်အောင် အကုန်လောင်ကျွမ်းခံရသည်။
- ကမ္ဘာရေကြီး ဖောက်ပြန်ထကြွ တိုးတက်လာသဖြင့် ဒုတိယဗြဟ္မာစျာန်ဘုံအထိကြွေမွပျက်စီးရသည်။
- ကမ္ဘာလေကြီး ဖောက်ပြန်တိုက်ခတ်သဖြင့် တတိယဗြဟ္မာစျာန်ဘုံတိုင်အောင် အလုံးစုံမှုန်မှုန်ညက်ညက် ကြွေမွပျက်စီးရသည်။
- ပထဝီဓာတ် ထကြွဖောက်ပြန်သည်ရှိသော် တောင့်တင်းခက်ထန်သော ကိုယ်ရှိပြီးရောဂါအမျိုးမျိုးခံစားရသည်။
- အာပေါဓာတ် ထကြွဖောက်ပြန်သည်ရှိသော် ပုပ်ဆွေးသောကိုယ်၊ ယိုစီးသောကိုယ်ဖြစ်၍ ရောဂါအမျိုးမျိုး ခံစားရသည်။
- ဝါယောဓာတ်ထကြွဖောက်ပြန်သည်ရှိသော် လေဖြတ်သောကိုယ်၊ ကိုက်ခဲသောကိုယ်၊ မအီမသာမလုပ်မကိုင်ချင်သောကိုယ်ဖြစ်ကာ ရောဂါအမျိုးမျိုး ခံစားရသည်။

- တဇောဓာတ် ထင်ကြွဖောက်ပြန်သည်ရှိသော် အပူတက်၍ ဖျားနာသောကိုယ်၊ အအေးမိ၍ဖျားနာသောကိုယ် စသည်ဖြင့် ရောဂါအမျိုးမျိုးခံစားရသည်။

ထို့ကြောင့် မဟာဘုတ်ဟူသည် အကြီးအကျယ်ဖောက်ပြန်သောတရားတို့ ဖြစ်ကြပါသည်။

သတ္တဝါတို့သည် မဟာဘုတ်ကသတ်လျှင် ရုတ်တရက်သေရသည်။ သက်မဲ့မြင်းမိုရ်တောင်ကြီးသည်ပင် ပြိုကျပျက်စီးရသည်။

ဤမဟာဘုတ်လေးပါးတွင်-

- ပထဝီ(မြေ)ဓာတ်နှင့် အာပေါ(ရေ)ဓာတ်ကား လေးလံသောဓာတ်များဖြစ်ကြသည်။
- ဝါယော(လေ)ဓာတ်နှင့် တဇော(မီး)ဓာတ်တို့က ပေါ့ပါးသောဓာတ်များဖြစ်ကြပါသည်။

ဤမဟာဘုတ်ဓာတ်လေးပါးတွင်-

- မီးနှင့်လေကား ညီမျှသင့်တင့် တူသောသဘာဝဓာတ်၊
- မြေနှင့်ရေကား ညီမျှ သင့်တင့် တူသောသဘာဝဓာတ်များ ဖြစ်ကြပါသည်။

လူတစ်ယောက်၏ခြေတစ်လှမ်း၌ပင် မဟာဘုတ်လေးပါး၏သတ္တိကို တွေ့ရသည်-

- ခြေတစ်လှမ်း၌ ခြေကြွမှုသည် တဇောဓာတ်၏သတ္တိဖြစ်သည်။
- ခြေကို ရှေ့သို့တည့်တည့်လှမ်းမှု၊ နံဘေးသို့ကားမှုသည် ဝါယောဓာတ်သတ္တိဖြစ်သည်။
- ကြွလှမ်းသောခြေ အောက်သို့ချမှုသည် အာပေါဓာတ်သတ္တိဖြစ်သည်။
- ခြေကိုအောက်မြေ၌ထိထားမှု၊ ဖိနှိပ်မှုသည် ပထဝီဓာတ်၏သတ္တိဖြစ်သည်။

ဥပါဒါရုပ်- မဟာဘုတ်မှ တစ်ပါးသော ရုပ် ၂၄-ပါးသည် ဤမဟာဘုတ် ၄-ပါး ကို မှီ၍ဖြစ်ရသောကြောင့် ထိုရုပ်တို့ကို အမှီရုပ် (ဥပါဒါရုပ်)ဟု ခေါ်ပါသည်။

မဟာဘုတ် ၄-ပါး

၁။ ပထဝီ (မြေဓာတ်) = ခက်မာခြင်း၊ နူးညံ့ခြင်း၊ အစိုင်အခဲသဘော၊

- အခြားဓာတ်တို့တည်ရာ ရေမှုန်၊ အခိုးမှုန်၊ မြူမှုန် ဖြစ်ကြောင်းဖြစ်သောကြောင့် ခိုင်ခဲ့သောသဘော၊
- အတူဖြစ်ဖက် ရုပ်ကလာပ်များ၏ တည်ရာ-မှီရာဖြစ်သည်။

ပထဝီ (မြေဓာတ်)တွင် အနု-အရင့် ၂-မျိုးရှိသည်-

(က) **နူးညံ့သောပထဝီဓာတ်** - ရေ၊ သွေး၊ ချွေး၊ လေ၊ အနှံ့၊ အသံ၊ အရောင် စသည်တို့၌ရှိသော ပထဝီဓာတ်ဖြစ်၍ အလွန်နည်းပါးပြီး အဖတ်၊ အစိုင် အခဲသဘော မထင်ရှားသော ဓာတ်ဖြစ်သည်။

- ရေထဲ လေထဲ မီးထဲတို့၌ ပထဝီဓာတ်ရှိသည်။
- ရေ၌ အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏မှီရာ အမာခံသည် ပထဝီဓာတ်ဖြစ်သည်။
- ရေခဲပေါ်တွင် စမ်းကြည့်က အေး၏၊ အအေး၏မှီရာ ရေခဲရှိသောကြောင့် ဖြစ်သည်။
- မီး၌လည်း အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏မှီရာ အမာခံသည် ပထဝီဓာတ် ဖြစ်သည်။
- အပူမှီရာဖြစ်သော မီးရှိသောကြောင့် ဖြစ်ပါသည်။
- လေ၌လည်း အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏မှီရာအမာခံသည် ပထဝီဓာတ်ဖြစ်သည်။
- ထိုအအေး၊ အပူတို့မှီရာ အမာခံတည်ရှိနေသောကြောင့် ပူခြင်း-အေးခြင်း ရှိနေပါသည်။
- ရေခဲ၊ မီး၊ လေကို ဖယ်လိုက်ပါက အပူ၊ အအေးတို့ မရှိတော့ပါ။
- အသံထဲတွင်လည်း အသံ၏မှီရာအမာခံဓာတ် ပထဝီရှိ၏။ အရာဝတ္ထု ၂-ခုကိုရိုက်ခတ်သော် အသံကြည်ပါသည်။

  အရာဝတ္ထုတစ်ခု (ဥပမာ-ကြိမ်လုံး)နှင့် လေကို ရိုက်သော် "ရှီး" ဟူ၍ အသံမြည်သည်။ လေထဲတွင် အမာခံ ပထဝီရှိသည်။
- အသံ၏တည်နေရာ အမာခံပထဝီရှိသည်။ ဥပမာ-အိုးတစ်ခုထဲတွင်

ပြင်းထန်စွာ မြည်ဟည်းပါက အိုးကွဲသွား၏။ နားထဲသို့ ပြင်းထန်စွာ အသံမှုတ်သွင်းပါက နားနာသွား၏။ အကြောင်းမှာ အသံထဲတွင်ပါဝင်သော အသံ၏မှီရာ အမာခံဓာတ်ပထဝီ၏ တွန်းကန်မှုကြောင့်ဖြစ်သည်။

(ခ) ပထဝီအရင့် (ခက်မာပထဝီ) - ဆံပင်၊ မွေးညင်း၊ အသား၊ အရိုးတို့၌ရှိသော ပထဝီဓာတ် ဖြစ်သည်။ အလွန်များပြားပြီး အစိုင်အခဲ အဖတ် ထင်ရှားသောဓာတ်ဖြစ်သည်။

- ယင်းတို့ကို လက္ခဏပထဝီ၊ ပရမတ်စစ်စစ်ပထဝီဟုခေါ်ပါသည်။

ကမ္ဘာ့သိပ္ပံလောကတွင် အေ-ဒီ ၁၈-ရာစု၌ ဂျွန်ဒေါလကန်က အကျုံမြူကို အသေးဆုံးရုပ်ဝတ္ထုအဖြစ် ပြသခဲ့သည်။

၁၉-ရာစုနောက်ပိုင်းသို့ရောက်သောအခါ ဂျွန်သော်မဆင်ဆိုသော သိပ္ပံဆရာက အကျုံမြူ ၃-မျိုး ထပ်မံခွဲပြသည်-

၁။ နျူထရွန် - ဓာတ်ဖို-ဓာတ်မ ပေါင်းစပ်နေပြီး ကောင်းကင်တွင် တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၀၀၀၀(တစ်သိန်းရှစ်သောင်း) ခန့်ပြေးသည့် ဂမ္ဘာရောင်ခြည်ဟု ခေါ်သည်။

၂။ ပရိုတွန် - ဓာတ်ဖိုသာရှိပြီး အယ်လ်ဖာရောင်ခြည် ဟု ခေါ်သည်။ တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၇၀၀၀၀ ပြေးသည်။

၃။ အီလက်ထရွန် - ဓာတ်မသာရှိပြီး ဘီတာရောင်ခြည် ဟု ခေါ်သည်။ တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၆၀၀၀၀ ပြေးသည်။

သိပ္ပံပညာရှင်များက အကျုံမြူကို ခွဲစိတ်သောအခါ ဤ ၃-မျိုးသာ တွေ့ခဲ့သည်။

ဗုဒ္ဓက အကျုံမြူကို ၃၆-စိတ်ထိအောင် စိတ်နှိုင်ပါက ပရမာကျုံမြူကို ရသည်ဟု ဟောခဲ့ပါသည်။

ပရမတ္ထ၏သဘာဝကို ဒိဗ္ဗစက္ခုအာဘိညာဉ်ဖြင့် ကြည့်၍မရသော်လည်း ပရမတ္ထသဘာဝအထည်ဒြပ်ဖြစ်ပေါ်လာသော ပရမာကျုံမြူကို ဒိဗ္ဗစက္ခုဖြင့် ကြည့်မြင်နိုင်ပါသည်။

-မြို့ပြုမှုန်နှင့်ပတ်သက်၍ ဘုရားရှင်က ၄-မျိုး ခွဲခြားဟောခဲ့ပါသည်-

(က) ရထရေဏုမြို့ - လမ်းပေါ်တွင် ကား၊ လှည်း၊ ယာဉ်၊ နွားများ သွားသောအခါ ထသောမြို့ပြုမှုန်များ၊

(ခ) တန္တာရီဏုမြို့ - စားပွဲ၊ ကုလားထိုင်၊ အဝတ်များပေါ်တွင် တင်ကျန်သော ဖုန်မှုန့်များ၊

(ဂ) အဏုမြို့ - နေရောင်ခြည်ထွက်ပေါ်မှသာ နေရောင်ခြည် အလင်းရောင်ဖြင့် မြင်နိုင်သောမြို့ပြုမှုန်များ၊

(ဃ) ပရမာဏုမြို့ - အလွန်သေးငယ်သောမြို့ပြုမှုန်များ၊

ယင်းမြို့ပြုမှုန်တို့ကို နှိုင်းဆကြည့်ပါက-

(က) ရထရေဏုမြို့ပြုသည် တန္တာရီဏုမြို့ပြုထက် ၃၆-ဆ

(ခ) တန္တာရီဏုမြို့ပြုသည် အဏုမြို့ပြုထက် ၃၆-ဆ

(ဂ) အဏုမြို့ပြုသည် ပရမာဏုမြို့ပြုထက် ၃၆-ဆ ကြီးမားကြသည်။

-ပထဝီဓာတ်ကို ထပ်မံခွဲပါက-

(၁) ကိုယ်တွင်းပထဝီ = ကောဋ္ဌာသ ၂၀၊

(၂) ပြင်ပပထဝီ = မြေ၊ ရွှေ၊ သံ၊ ကြေး၊ ကျောက်ခဲ၊ သစ်သား စသည်များ၊

(ယင်းတို့ကို သသမ္ဘာရပထဝီ ဟူ၍လည်း ခေါ်သည်။)

ဗုဒ္ဓက အသေးဆုံးရုပ်ဝတ္ထုဖြစ်သော ပရမာဏုမြို့ပြုဋ္ဌ ရုပ်ဓာတ်သဘာဝ ၈-ခုဖြင့် ဖွဲ့စည်းထားသည်ဟု ဟောထားခဲ့ပါသည်။

ယင်းရုပ်ဓာတ် ၈-မျိုးမှာ-

၁။ အဆင်း (ဝဏ္ဏ) ၅။ မြေ (ပထဝီ)

၂။ အနံ့ (ဂန္ဓ) ၆။ ရေ (အာပေါ)

၃။ အရသာ (ရသ) ၇။ လေ(ဝါယော)

၄။ အဆီ၊ အစေး(သြဇာ) ၈။ မီး (တေဇော)

ဤရုပ် ၈-ခုသည် မကွဲမပြား အမြဲတွဲဖြစ်နေသောကြောင့် "အဝိနိဗ္ဘောဂ"

ရုပ်များဟု ခေါ်ပါသည်။ ဥပမာ- ဆံပင်တစ်ချောင်းကို ဓာတ်ခွဲကြည့်ပါက-

- ပျော့ပျောင်းခြင်း၊ မာကြောခြင်း - ပထဝီဓာတ်ရှိသည်။
- အချောင်းကလေး၊ အလုံးကလေးဖြစ်အောင် ဖွဲ့စည်းထားသော-အာပေါဓာတ် ရှိသည်။
- ကိုင်ကြည့်လျှင် ပူခြင်း၊ အေးခြင်းသဘော-တေဇောဓာတ်ရှိသည်။
- နှိပ်ကြည့်လျှင် ပြန်၍တွန်းကန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘော ဝါယောဓာတ်ရှိသည်။
- အနက်ရောင်၊ အဖြူရောင်၊ ရွှေရောင်ဟူသော-ဝဏ္ဏအဆင်းဓာတ်ရှိသည်။
- နမ်းကြည့်လျှင် အနံ့အသက်-ဂန္ဓဓာတ်ရှိသည်။
- လျှာဖြင့်လျက်ကြည့်လျှင် အရသာတစ်မျိုးမျိုးတွေ့ရသော-ရသဓာတ်ရှိသည်။
- အဆီအစေး သြဇာဓာတ်ရှိသည်။

ပထဝီဓာတ်ကို အာပေါဓာတ်ဟူသော ရေက စုရုံးပေးသောကြောင့် ပထဝီဓာတ် အစိုင်အခဲဖြစ်လာသည်။ ယူဇနာပေါင်း ၂၄၀၀၀ အထူရှိသော မဟာပထဝီမြေကြီးသစ် ဖြစ်ပေါ်လာခဲ့ရသည်။ (၁-ယူဇနာလျှင် ၁၂-မိုင်ခန့်ရှိသည်။)

လူ၏ခန္ဓာကိုယ်တွင် ၃၂-ကောဋ္ဌာသရှိရာ၌ ပထဝီဓာတ် ၂၀ ပါဝင်သည်ဟု ဆိုပါသည်။

၁။ ဆံပင် ၂။ မွေးညင်း ၃။ ခြေသည်းလက်သည်း
၄။ သွား ၅။ အရေ ၆။ အသား
၇။ အကြော ၈။ အရိုး ၉။ ရိုးတွင်းခြင်ဆီ
၁၀။ အညှို့ ၁၁။ နှလုံး ၁၂။ အသည်း
၁၃။ အမှေး ၁၄။ အချင်း ၁၅။ အဆုတ်
၁၆။ အူမ ၁၇။ အူသိမ် ၁၈။ အစာသစ်
၁၉။ အစာဟောင်း ၂၀။ ဦးနှောက်

၂။ အာပေါ (ရေဓာတ်) - ဖွဲ့စည်းခြင်း(စိုစွတ်စေးကပ်ခြင်း) ယိုစီးခြင်းသဘော၊
- အတူဖြစ်ဖက် ရုပ်ကလာပ်တို့ကို ပေါင်းဖွဲ့ပို့နှုံ့စေ၏။

- ရုပ်ဓာတ်အချင်းချင်းကို တစ်ပေါင်းတည်းဖြစ်အောင် ဖွဲ့စည်းသောဓာတ်ဖြစ်သည်။
အာပေါ ၂-မျိုးရှိသည်-

(က) ဖွဲ့စည်းအာပေါ

- သံ၊ ခဲ၊ သစ်သား စသည်များ (အာပေါနု)

(ခ) ယိုစီးအာပေါ

- ရေ၊ နှီး၊ ကြံရည် စသည်များ (အာပေါရင့်)
(ယင်းတို့ကို ပရမတ်စစ်လက္ခဏာအာပေါ ဟုခေါ်သည်။)

တစ်ဖန် ထပ်မံခွဲစိတ်ကြည့်ပါက-

(က) ကိုယ်တွင်းအာပေါ

- သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊
တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ဟူ၍ ၁၂-မျိုး

(ခ) ပြင်ပအာပေါ

- ရေ၊ နှီး၊ ကြံရည် စသည်များ
(ယင်းတို့ကို သသမ္ဘာရအာပေါ ဟုခေါ်သည်။)

၃။ **တေဇော (မီးဓာတ်)** - ပူခြင်း၊ အေးခြင်းသဘော၊
အတူတူဖြစ်ဖက်ရုပ်ကလာပ်များကို ရင့်ကျက်စေတတ်၏။ ထက်စေတတ်၊
ပူစေတတ်၊ နူးညံ့စေတတ်၏။

- တေဇောဓာတ်တွင် အပူ-အအေး ၂-မျိုးရှိသည်-

(က) သီတတေဇော - အအေး

(ခ) ဥဏှတေဇော - အပူ

- ထပ်မံခွဲသော် ကိုယ်တွင်းတေဇော ၅-မျိုးရှိသည်-

(၁) သန္တပ္ပနတေဇော

- သာမန်ဖျားသောအခါ ပူလာသောအပူ
(တေဇောဓာတ်ပျက်မှ ဖြစ်သောအပူ)

(၂) ပရိဒဟနတေဏော
- အလွန်အမင်းပူပြင်းသောအပူ
(မီးယပ်ပူ၊ ဒူလာပူ ဖြစ်စေသောအပူ)

(၃) ဇိရဏာတေဏော
- အိုမင်းရင့်ရော်ဆွေးမြေ့စေသောအပူ
(သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ ခါးကိုင်းခြင်း စသော သတ္တဝါတို့၏ အရွယ်ဖောက်ပြန်ခြင်း၊ သစ်ပင်တို့အရွက်ကြွေးခြင်း၊ မှည့်ခြင်း၊ ရင့်ခြင်း၊ အထည် အဝတ်အစားတို့ဆွေးမြေ့ခြင်း စသော သမ္မုတိဇရာကို ဖြစ်စေသောအပူ၊ ထိုအပူသည် နတ်ဗြဟ္မာတို့၌မရှိ။ ဆေးဝါးဖြင့် ကုသက ရနိုင်သည်။)

(၄) ပါစကတေဏော
- အစာအာဟာရကို ကြေညက်စေသောအပူ၊

(၅) ဥသ္မာတေဏော
- ခန္ဓာကိုယ်၌ မပြတ်ပကတိရှိသော ကိုယ်ငွေ့အပူ၊
- ဤအပူသည် ချမ်းသောကာလ၊ ပူသောကာလ၊ အေးသောကာလဟူသော အရပ်တို့၌လည်းကောင်း၊
- အသားတုံးကို ကျက်လောက်အောင်ပူသော မီးဓါတ်အနီး၌လည်းကောင်း၊
- ရေခဲအောင် အေးသောအရပ်၌လည်းကောင်း မတိုးမဆုတ်အညီအမျှ ဖြစ်သည်။
- လူတို့၏ကိုယ်၌ရှိသော ပကတိကိုယ်ငွေ့ပူသော အပူသည် အပူ-အအေး တိုင်းသော ပြဒါးတိုင်အမှတ်အား ဖြင့် ၉၈-ဒီဂရီ ရှိသည်။
- ငှက်တို့သည် လူတို့ထက်အပူသာသောကြောင့် ၁၀၈-ဒီဂရီ ရှိသည်။
- သူငယ်တို့၌ ၉၆-ဒီဂရီ ရှိသည်။
- အရွယ်ကြီးလျှင် အပူအနည်းငယ်လျော့၏။
- သက်မဲ့ဝတ္ထုကို နေ၊ မီးဖြင့် အပူပြုလုပ်က ခဏမျှသာပူသည်။ သက်ရှိသတ္တဝါတို့ကမူ အမြဲပူသည်။ သေသော် အပူမရှိတော့ပါ။

၄။ ဝါယောဓာတ် (လေဓာတ်) - ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်း သဘော၊

- အတူဖြစ်ဖက် ရုပ်ကလာပ်တို့ကို ရွှေ့လျားစေတတ်၊ တိုက်လွှင့်တတ်သည်။
- ဝါယောဓာတ် ၂-မျိုးရှိသည်-

(က) ထောက်ကန်ဝါယော

- ငြိမ်သက်နေသောအရာဝတ္ထုကို ထောက်ကန်နိုင်ပြီး မလှုပ်ရှားနိုင်သောကြောင့် အနုစားဝါယော၊

(ခ) လှုပ်ရှားဝါယော

- လှုပ်ရှားလွှင့်ပါးနေသော၊ အရာဝတ္ထုလှုပ်ရှားနိုင်သည်အထိ အရှိန်အဟုန် ဖြစ်ပေါ်လာသောကြောင့် အရင့်စားဝါယော၊ (ယင်းတို့ကို လက္ခဏာဝါယော ဟုခေါ်သည်။)

- ကိုယ်တွင်းဝါယော ၁၀-မျိုးရှိသည်-

(၁) ဥဒ္ဓင်္ဂမဝါယော

- အထက်သို့ဆန်တက်သောလေ၊ လေထိုးခြင်း၊ ကြို့ထိုးခြင်း၊ ပို့ခြင်း၊ အန်ခြင်း စသည်တို့ကို ဖြစ်စေသောလေ၊

(၂) အဓောဂမဝါယော

- အောက်သို့ စုန်ဆင်းသောလေ၊ ကျင်ကြီးကျင်ငယ်၊ လေသက်ခြင်းကို ပြုသည့်လေ၊

(၃) ကုစ္ဆိသယဝါယော

- အူဏ်အပြင် ဝမ်းခေါင်းအတွင်း၌ တည်ရှိသောလေ၊

(၄) ကောဋ္ဌာသယဝါယော

- အူတွင်း၌တည်သောလေ၊

(၅) အင်္ဂမင်္ဂါနုသာရိဝါယော

- ကိုယ်၊ လက်အင်္ဂါ ကြီးငယ်သို့ ပျံ့နှံ့၍ရွှေ့ခြင်း၊ ဆန့်ခြင်းကို ဖြစ်စေသောလေ၊

(၆) အဿဘသ ပဿဘသဝါယော
- ထွက်သက်လေ၊ ဝင်သက်လေ၊

(၇) သတ္ထကဝါယော
- အဆစ်၊ အမျက်၊ အဆက်၊ အကြောတို့ကို ကတ်ကြေးဖြင့် ဖြတ်သကဲ့သို့ ဖြစ်စေတတ်သောလေ၊

(၈) ခုရကဝါယော
- သင်တုန်းဓားကဲ့သို့ နှလုံးသားကို ခွဲတတ် ဖြတ်တတ်သောလေ၊

(၉) ဥပ္ပလကဝါယော
- နှလုံးသားအတွင်း၌ တည်သောလေ၊
- ဤလေကြောင့် နှလုံးသားသည် ပိန်ချည်-ဖောင်းချည် မပြတ် ဖြစ်နေရသည်။
- ဤနှလုံးသား ပိန်ခြင်း-ဖောင်းခြင်းကြောင့် သွေးကြောထဲရှိသော သွေးနှင့် နှလုံးသွေးတို့သည် အထွက်-အဝင် အသွားအလာ ပြုနေကြရသည်။
- ထို့ကြောင့် ဆေးသမားတို့က ခြေချင်းဝတ်၊ လက်ကောက်ဝတ် တို့၏သွေးကြော၌ရှိသော သွေး၏လှုပ်ရှားမှုကိုကြည့်၍ ရောဂါအနာကို စမ်းသပ်ကြည့်ကြလေ့ရှိသည်။

(၁၀) အဘိက္ကမာဒိနိဝတ္တကဝါယော
- ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသော သွားလာ လှုပ်ရှားမှုကို ဖြစ်စေသောလေ၊

ပသာဒရုပ် ၅-ပါး

ပသာဒ = မဟာဘုတ်လေးပါးကို ကြည်လင်စေတတ်သောကြောင့် ပသာဒ

၁။ စက္ခုပသာဒ - မျက်စိအကြည်ဓာတ်
မျက်ဝန်းအလယ်ပုံရိပ်ထင်ရာ မျက်လွှာ-၇-ထပ်အတွင်း၌
သန်းဦးခေါင်းပမာဏရှိ အကြည်ဓာတ်၊

၂။ သောတပသာဒ - နားအကြည်ဓာတ်
နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိ အမွေးနှီ၌ တည်သော
အကြည်ဓာတ်။

၃။ ဃာနပသာဒ - နှာခေါင်းအကြည်ဓာတ်
နှာခေါင်းအတွင်း၌ ဆိတ်ခွာပုံစံနှင့်တူသောအရပ်၌ ရှိသော
အကြည်ဓာတ်၊

၄။ ဇိဝှါပသာဒ - လျှာအကြည်ဓာတ်
လျှာ၏အလယ် အထက်ဖျား၌ ကြာရွက်ဖျားသဏ္ဌာန်တူသော
အကြည်ဓာတ်၊

၅။ ကာယပသာဒ - ကိုယ်အကြည်ဓာတ်
အသားမာအရေ၏ အရေပြားခြောက်၊ ခြေသည်း၊ လက်သည်းမျှား၊
ဆံပင် မွေးညင်းမှတစ်ပါး တစ်ကိုယ်လုံး၌ရှိသော အကြည်ဓာတ်၊

ပသာဒရုပ် ၅-ပါးသည် ဖမ်းယူနိုင်သော ကိရိယာ ၅-ခု ဖြစ်သည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို သက်ဆိုင်ရာ မျက်စိအကြည်ဓာတ်၊ နားအကြည်ဓာတ်၊ နှာအကြည်ဓာတ်၊ လျှာအကြည်ဓာတ်၊ ကိုယ်အကြည်ဓာတ်တို့က၊ ဖမ်းယူ၏။

ကာယပသာဒသည် မဟာဘုတ် ၄-ပါးတွင် ပထဝီ၊ တေဇော၊ ဝါယောကိုသာ ဖမ်းယူနိုင်သည်။ အာပေါကို မဖမ်းယူနိုင်ပေ။

ဂေါစရရုပ် – ၇ ပါး (ဝိသယရုပ်)

ဂေါစရ - ဂေါ + စရ

နွား + စားကျက် = စားကျက်ရုပ်

ဝိသယရုပ် - အာရုံရုပ်

- စိတ်၊ စေတသိက် တို့၏ ကျက်စားရာအာရုံများ ဖြစ်ကြသည်။

				တရားကိုယ်
၁။	ရူပါရုံ	=	အဆင်းဓာတ်	ဝဏ္ဏ
၂။	သဒ္ဒါရုံ	=	အသံဓာတ်	သဒ္ဒ
၃။	ဂန္ဓာရုံ	=	အနံ့ဓာတ်	ဂန္ဓ
၄။	ရသာရုံ	=	အရသာဓာတ်	ရသ
၅။	ဖောဋ္ဌဗ္ဗာရုံ	=	အတွေ့အထိဓာတ်	ပထဝီ
၆။				တေဇော
၇။				ဝါယော

- ဖောဋ္ဌဗ္ဗကို ပထဝီ၊ တေဇော၊ ဝါယော ဟု ရုပ် ၃-ပါးယူသောကြောင့် ဂေါစရရုပ် ၇-ပါး ဖြစ်ရသည်။
- 'အာပေါဓလေ့၊ လွန်သိမ်မွေ့၊ ထိတွေ့စမ်းသပ်၊ မရအပ်'ဟု ဆိုသည့်အတိုင်း အလွန်နူးညံ့သိမ်မွေ့ပြီး ထိတွေ့စမ်းသပ်၍မရသောကြောင့် အာပေါသည် ဖောဋ္ဌဗ္ဗမမည်ထိုက်ပါ။

ဘာဝရုပ် ၂-ပါး

ဘာဝ = ဖြစ်ပုံအထူးကိုဖော်ပြသောရုပ်

၁။ ဣတ္ထိဘာဝရုပ် - အမဖြစ်ပုံအထူးကို ဖော်ပြသောရုပ်၊ အမသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်လျက်ရှိပြီး အမဖြစ်ကြောင်းကို သိစေပါသည်။

၂။ ပုမ္ဘာဝရုပ် - အထီးဖြစ်ပုံအထူးကို ဖော်ပြသောရုပ်၊ အထီးသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံနှံ့တည်လျက်ရှိပြီး အထီးဖြစ်ကြောင်းကို သိစေပါသည်။

ထိုရုပ်နှစ်ခုသည် သက်ရှိတွင်သာရှိသည်။ သက်မဲ့တွင် မရှိပါ။ ထိုရုပ်နှစ်ခုကြောင့် အထီး-အမ မတူကြခြင်း ဖြစ်ပါသည်။

- ထိုဘာဝရုပ်နှစ်ခုသည် ကာမဘုံတွင်သာရှိပြီး ဇြဟ္မာဘုံတွင်မရှိပါ။
- ယောကျ်ားက မိန်းမအဖြစ်ပြောင်းခြင်း၊ မိန်းမက ယောကျ်ားအဖြစ် ပြောင်းခြင်းသည် ကံကြောင့်သာ အဓိကဖြစ်သည်။ ဆေးကုသခြင်း ဟူသည်မှာ အဖျားပိုင်းဖြစ်သည်။
- နွားစားကျက်နှင့်တူသော ကာမဂုဏ်လိုက်စားများသောသူသည် ဣတ္ထိဘာဝကို များစွာထူထောင်ပေးသည်။
- ကာမဂုဏ်လိုက်စားနည်းသူသည် ပုမ္ဘာဝကို များစွာထူထောင်ပေးသည်။

ဤဘာဝရုပ် ၂-ခုသည် ကမ္ဘာဦးဇြဟ္မာပြည်မှ ဇြဟ္မာသက်ကြွလာသူ ၅-ဦးတွင် မြေဆီကိုစားမိကြရာမှ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ် ဖြစ်လာခဲ့ကြသည်။

မူလကမ္ဘာဦးက ဘာဝပဋိသန္ဓေခွဲခြားမှုမရှိပေ။

နောက်မှ ဣတ္ထိဘာဝ၊ ပုမ္ဘာဝပဋိသန္ဓေဖြစ်သည်။ ပဋိသန္ဓေအခါ-ပဝတ္တိအခါတို့၌ ဖြစ်သော ဘာဝရုပ်သည် ဖောက်ပြန်တတ်ပါသည်။

ဥဘတောဗျည်း (ဘာဝရုပ် ၂-မျိုး)ရှိသူ

ယောကျ်ားစိတ်ပေါက်သူ၊ မိန်းမစိတ်ပေါက်သူကို ဝိနည်းတော်၌ ဥဘတောဗျည်း ဟု ဟောပါသည်။

- ဣတ္ထိယဥဘတောဗျည်း၌ ဣတ္ထိယဘာဝတစ်ခုသာရှိသည်။
- အကြင်အခါ၌ ဣတ္ထိယဥဘတောဗျည်းသည် မိန်းမ၌ ရာဂစိတ်ဖြစ်ငြားအံ့၊ ထိုအခါ ယောကျ်ားအင်္ဂါဖြစ်လာပြီး မိန်းမအင်္ဂါဇာတ်သည် ကွယ်သည်။
- ယောကျ်ား၌ ရာဂစိတ်ဖြစ်မူ မိန်းမအင်္ဂါဇာတ်အတိုင်းပင် ဖြစ်သည်။

- ဣတ္ထိယဉာဘတောဗျည်းသည် မိမိလည်း ကိုယ်ဝန်ယူနိုင်သည်။ သူတစ်ပါး ကိုလည်း ကိုယ်ဝန်ပေးနိုင်သည်။
- ပုရိသဉာဘတောဗျည်း၌ ပုရိသဘာဝရုပ်တစ်ခုသာရှိသည်။ ပုရိသဉာဘတောဗျည်း သည်လည်း ယောကျ်ားဘွဲရာဂစိတ်ဖြစ်မူ ယောကျ်ားအင်္ဂါဇာတ်ပျောက်၍ မိန်းမအင်္ဂါဇာတ်ပေါ်လာသည်။
- မိန်းမဘွဲ့ ရာဂစိတ်ဖြစ်မူ ယောကျ်ားအင်္ဂါဇာတ်အတိုင်းပင် တည်ရှိ၏။
- ပုရိသဉာဘတောဗျည်းသည် သူတစ်ပါးကိုသာ ပဋိသန္ဓေပေးနိုင်သည်။ မိမိမူကား ပဋိသန္ဓေမယူနိုင်။ ကိုယ်ဝန်မဆောင်နိုင်။

ဉာဘတောဗျည်း၌ အင်္ဂါဇာတ်ဖြစ်ပေါ်မှုသည် ကမ္မပစ္စယရာဂသမုဋ္ဌာန်ကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

ဟဒယဝတ္ထုရုပ် (နှလုံးသားရုပ်)

နှလုံးသားအတွင်း၌ ပုန်းညက်စေ့တစ်စေ့၏တည်ရာပမာဏရှိသော တွင်းငယ် တစ်ခုရှိသည်။ ထိုတွင်းငယ်၌ တစ်လက်ခုပ်၏ လေးပုံတစ်ပုံ၊ တစ်လက်ဖက်၏ ထက်ဝက်မျှလောက်သော သွေးပေါ်တွင် တည်ကိန်းသော စိတ်၊ စေတသိက်တို့၏ အမှီပြုရာဖြစ်သော၊ ဝတ္ထုဟုခေါ်သောရုပ်ကို ဟဒယရုပ်ဟုခေါ်သည်။

- မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ တည်ရာမှီရာ ရုပ်သည် ဟဒယဝတ္ထုရုပ် မည်ပါသည်။
- ဤဟဒယဝတ္ထုရုပ်ကို ဓာတ်လေးပါးတို့သည် ကျေးဇူးပြုလျက်ရှိသည်။
- ဥတု၊ စိတ်၊ အာဟာရတို့သည် ထောက်ပံ့လျက်ရှိသည်။

ဇီဝိတရုပ်

အတူတူဖြစ်ဖက်ရုပ်များ မပျက်စီးအောင်၊ မပုပ်သိုးအောင် စောင့်ရှောက်တတ်သော အသက်ဟုခေါ်သောရုပ်ကို "ဇီဝိတရုပ်" ဟုခေါ်သည်။

ထိုဇီဝိတရုပ်သည် တစ်ကိုယ်လုံးပျံ့နှံ့လျက် တည်ကိန်းနေသည်။

စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်ဖြစ်သော ရုပ်တို့ကို မိမိ၏သားကို မိမိထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ စိတ်၊ ဥတု၊ အာဟာရတို့က စောင့်ရှောက်သည်။

နောက်ဘဝကပြုသောကံကြောင့်ဖြစ်သော ရုပ်မူကား-ဖြစ်ကြောင်း ကံထင်ရှားမရှိသောကြောင့် အမိသေသောသားကို နို့ထိန်းက စောင့်ရှောက်သကဲ့သို့ ဤဇဝိတရုပ်သည် ကံကြောင့်ဖြစ်သောရုပ်တို့ကို မပျက်စီးရလေအောင် စောင့်ရှောက်သည်။

စောင့်ရှောက်ပုံမှာ သစ်သီး၊ သစ်ရွက်အတွင်း၌ရှိသော အရည်သည် ဤသစ်သီး၊ သစ်ရွက်တို့ကို မပိန်မခြောက်၊ မညှိုးမနွမ်းရလေအောင် စောင့်ရှောက်သကဲ့သို့ ကိုယ်အလုံး၌ပျံ့နှံ့တည်သော ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သောရုပ်တို့ကို မညှိုးမနွမ်းမပျက်စီးရလေအောင် စောင့်ရှောက်သည်။

ဇီဝိတရုပ်သည် မိမိနှင့်အတူဖြစ်သော ကမ္မဇရုပ်တို့ကို မိမိထင်ရှားရှိသမျှ ကာလပတ်လုံး စောင့်ရှောက်သည်။

နို့ထိန်းသည် မိမိနို့တိုက်သောသားကို စောင့်ရှောက်သကဲ့သို့၊ လှေသွားရာနောက်သို့ လှေလှော်သမားပါသကဲ့သို့ မိမိဖြစ်စေတတ်သော ကမ္မဇရုပ်တို့နှင့်စပ်၍သာ ဖြစ်သည်။

ကျေးဇူးပြုအပ်သော ပစ္စုပ္ပန်ဘဝ အတူဖြစ်ဖက် ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ရှောက်သည်။

အာဟာရရုပ်

အာဟာရဟူသည် ဆောင်ရွက်ခြင်းဖြစ်ဖြစ်သည်။

အာဟာရရုပ်သည် ရုပ်များကိုတိုးပွားအောင် အားရှိအောင်၊ ခိုင်ခံ့အောင် ဆောင်ရွက်သောရုပ်ဖြစ်သည်။

အာဟာရရုပ်သည် အပြင်မှ အစားအသောက်တွင်လည်းရှိသည်။ သတ္တဝါတို့၏ ကိုယ်တွင်း၌လည်းရှိသည်။

မွေးကတည်းက အတွင်းသြဇာမတ်သည် ပါရှိပြီးဖြစ်သည်။ အပြင်က အစားအစာကို စားသောက်ထည့်သွင်းခြင်းမပြုပါက အတွင်းအာဟာရသည် မကြီးပွား

နိုင်ပါ။ အပြင်က သြဇာဓာတ်အာဟာရဓာတ်ဝင်လာသော် အာဟာရဓာတ်များသည် နေရာအနှံ့အပြားသို့ ရောက်သွားသည်။

အပြင်မှ အာဟာရနှင့် အတွင်းမှ အာဟာရနှစ်မျိုးပေါင်းဆုံမိသောအခါတွင် အတွင်း အာဟာရက ရုပ်များကို တိုးပွားအောင် ဆောင်ရွက်နိုင်သည်။

မိုးရေကြောင့် နဂိုကရှိနေသောမျိုးစေ့များသည် အပင်ငယ်အဖြစ်သို့ ပေါက်ရောက်လာရသည်။

ထို့သို့ပင် အပြင်မှ အာဟာရဓာတ်နှင့် ကိုယ်တွင်းမှ အာဟာရဓာတ်ပေါင်းဆုံမိသော် ရုပ်များတိုးပွားလာရပါသည်။

မိုးရေသည် အပြင်အာဟာရဓာတ်နှင့်တူသည်။

မျိုးစေ့သည် အတွင်းအာဟာရဓာတ်နှင့်တူသည်။

အာဟာရရုပ်သည် နွားနို့ကို မီးဖြင့်ချက်၍ ထောပတ်ပြုလုပ်ရာ၌ ထောပတ်၊ ဒိန်ခဲ၊ ရက်တက်ရည် ၃-ခု ဖြစ်သကဲ့သို့ သတ္တဝါတို့စားသောက်သမျှသော အရည်အဖတ်တို့ကို အစာသစ်အိမ်၌ ဝမ်းမီးကချက်ရာ-အရည်-အဖတ်-အဆီအစေးဟူ၍ ၃-မျိုး ကွဲလာသည်။

- အဖတ်သည် ဆာလောင်ခြင်းကို ဖျောက်သည်။
- အရည်သည် မွတ်သိပ်ခြင်းကို ဖျောက်သည်။
- အဆီအစေးသည် အသွေးအသားကို တိုးပွားစေသည်။

စားသောက်သမျှသော အရည် အဖတ်တို့၏ ငါးပုံတစ်ပုံသည် အနှစ်သာရမည်သော ရသဓာတ်ဖြစ်သည်။

ဤရသဓာတ်၌ပါသော ရသဓာတ်၏အနှစ်သည် ရသကြောတစ်လျှောက် ကိုယ်လုံးအနှံ့ ပျံ့နှံ့တည်သည်။

တစ်ကိုယ်လုံးကို ထောက်ပံ့အားရှိစေသည်။ ယင်းအနှစ်သည်ပင် သြဇာဖြစ်ပြီး ယင်းသြဇာသည်ပင် ကဗဠိကာရအာဟာရရုပ် မည်ပါသည်။

ဥိကာဆရာအလိုအရမူ သြဇာဟူသည် အဆီပင်ဖြစ်ပါသည်။

နိပ္ပန္နရုပ် ၁၈-ပါး

နိပ္ပန္နရုပ် - ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်လာသောရုပ်ကို နိပ္ပန္နရုပ် ဟု ခေါ်ပါသည်။

၁။ ဘူတရုပ် (မဟာဘူတ်)	၄-ပါး
၂။ ပသာဒရုပ်	၅-ပါး
၃။ ဂေါစရရုပ် (ဝိသယရုပ်)	၄-ပါး
၄။ ဘာဝရုပ်	၂-ပါး
၅။ ဟဒယရုပ်	၁-ပါး
၆။ ဇီဝိတရုပ်	၁-ပါး
၇။ အာဟာရရုပ် (ဩဇာရုပ်)	၁-ပါး
စုစုပေါင်း	၁၈-ပါး

သဘာဝရုပ် - ဤနိပ္ပန္နရုပ်တို့သည် ခက်မာခြင်းစသော သဘာဝတရားကိုကိုယ်စီ ရှိကြ၍ သဘာဝရုပ်၊

သလက္ခဏရုပ် - ဥပါဒ်၊ ဇရာ၊ အနိစ္စတာ ဟူသော သဒ်္ဓတလက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့် သလက္ခဏရုပ်၊

ရူပရုပ် - ဖောက်ပြန်ခြင်းသဘောရှိသောကြောင့် ရူပရုပ်၊

သမ္မသနရုပ် - အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယာဉ်သုံးပါးသို့တင်ကာ သုံးသပ် ထိုက်သောကြောင့် သမ္မသနရုပ်၊

ဟူ၍ အမည်တွင်ကြပါသည်။

အနိပ္ပန္နရုပ် ၁၀-ပါး

အနိပ္ပန္နရုပ် - ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်းတရား ၄-ပါးတို့က မဖြစ်စေအပ်၊ မပြီးစေအပ်သောကြောင့် အနိပ္ပန္နရုပ် မည်ပါသည်။

ပရိစ္ဆေဒရုပ် (အာကာသရုပ်)

ပရိစ္ဆေဒရုပ် = အပိုင်းအခြားရုပ်
အာကာသရုပ် = ဟင်းလင်းပြင်ရုပ်
- လက်ချောင်းလေးများသည် နိပ္ဖန္နရုပ်ဖြစ်သည်။
- လက်ချောင်းများတွင် အကြားရှိသည်။ ထိုအကြားများကို အာကာသရုပ်၊ ပရိစ္ဆေဒရုပ်ဟု ခေါ်ပါသည်။
- အကြားများသည် လက်ချောင်းများ၏အခြင်းအရာမျှသာ ဖြစ်သည်။ ထို့ကြောင့် အနိပ္ဖန္နရုပ် မည်ပါသည်။

အာဘိဓမ္မာသဘောအရ အဏုမြူမှုန်တစ်ခုကို ၃၀-စိတ်ခွဲကြည့်လျှင် ပရမာဏုမြူခေါ် မြူမှုန်ကလေးများ ဖြစ်လာပါသည်။ ယင်းမြူမှုန်ကလေးများကို ရုပ်ကလာပ်မှုန့်များ ဟု ခေါ်ပါသည်။

ရုပ်ကလာပ်မှုန့်လေးများ၏ တစ်ခုနှင့်တစ်ခုအကြားကလေးများကို ပရိစ္ဆေဒရုပ် (အာကာသရုပ်)ဟု ခေါ်ပါသည်။

ကောင်းကင်သည် ကမ္ဘာကြီးတစ်ခုနှင့်တစ်ခုအကြားဖြစ်သည်။ အကြားကြီး ဖြစ်သောကြောင့် အာကာသ ဟုခေါ်ပါသည်။ အာကာသရုပ်-ပရိစ္ဆေဒရုပ်များ ဖြစ်ကြသည်။
အာကာသမှန်လျှင် အနိပ္ဖန္နရုပ်များသာ ဖြစ်သည်။

ဝိညတ်ရုပ် ၂-ပါး (သိစေနိုင်သောရုပ်)

၁။ ကာယဝိညတ်ရုပ် - ကိုယ်အမူအရာဖြင့် သိစေနိုင်သောရုပ်၊
၂။ ဝစီဝိညတ်ရုပ် - နှုတ်အမူအရာဖြင့် သိစေနိုင်သောရုပ်၊
ကာယဝိညတ်၊ ဝစီဝိညတ်သည် နိပ္ဖန္နရုပ်၏အမူအရာမျှသာ ဖြစ်သည်။
လက်သည် နိပ္ဖန္နရုပ်ဖြစ်၏။ လက်ယပ်ခေါ်ခြင်းသည် ကိုယ်အမူအရာအားဖြင့် သိစေနိုင်သောလှုပ်ရှားမှုဖြစ်သောကြောင့် ကာယဝိညတ်ရုပ်ဖြစ်၏။

အသံသည် နိပ္ဖန္နရုပ်ဖြစ်သည်။ အသံ၏အခြင်းအရာကိုပြသောအခါ လာပါ-သွားပါ စသည်ပြောဆိုခြင်းများသည် ဝစီဝိညတ်ရုပ် ဖြစ်၏။

ငြိမ်နေသောသူတွင် ဝိညတ်ရုပ်မပါပေ။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ တစ်ပါးသူသော်လည်းကောင်း မသိစေဘဲ ပြုလုပ်နေခြင်းတွင် ဝိညတ်ရုပ်မပါပေ။

မိမိကိုယ်တိုင်သိစေရန်၊ တစ်ပါးသူသိစေရန် လှုပ်ရှားခြင်းတွင် ဝိညတ်ရုပ်ပါသည်။ အိပ်ပျော်နေစဉ် ဝိညတ်ရုပ်မရှိပေ။

ဝိကာရရုပ်

ဝိကာရ = ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း၊ ထူးခြားသောအမူအရာ၊

စိတ်ချမ်းသာသောအခါ၊ အာဟာရမျှတသောအခါ၊ ဥတုသာယာသောအခါ စသည်တို့၌ ရုပ်တို့၏ ပေါ့ပါးနူးညံ့သွက်လက်ခြင်းသည် ထူးခြားသောအမူအရာဖြစ်၍ ဝိကာရမည်ပါသည်။

ရုပ်ဟူသမျှ မည်သည့်ရုပ်မဆို ဖောက်ပြန်ပြောင်းလဲ၏။ သို့သော် ရုပ်၂၈-ပါးတွင် ဝိကာရရုပ် ၃-ပါးဖောက်ပြန်ခြင်းမှာ ကျန် ၂၅-ပါးထက် ပိုမိုထင်ရှားလှပါသည်။

၁။ လဟုတာရုပ် - နိပ္ဖန္နရုပ်တို့၏ မလေးလံဘဲ သွက်လက်ပေါ့ပါးသော အမူအရာ အထူးရုပ်၊

- မှန်မှန်လမ်းလျှောက်သွားနေရာမှ မြောက်တက်သွားအောင် ခုန်လိုက်ခြင်းသည် ပေါ့ပါးသောကြောင့်ဖြစ်သည်။ လဟုတာရုပ်ဖြစ်သည်။

၂။ မုဒုတာရုပ် - နိပ္ဖန္နရုပ်တို့၏ မကြမ်းတမ်းဘဲ နူးညံ့နုနယ်ခြင်းသဘော၊ ယဉ်ကျေးသိမ်မွေ့ခြင်းသဘော၊

- ရိုသေအပ်သော မိဘ၊ ဆရာသမား၊ ရဟန်းသံဃာတို့ ရှေ့မှောက်တွင် နူးညံ့ပျော့ပျောင်းသောအမူအရာနှင့် လုပ်ကိုင်ပြောဆိုခြင်းသည် မုဒုတာရုပ် ဖြစ်သည်။
- မိန်းကလေးများ နူးညံ့ပျော့ပျောင်းစွာပြုမူပြောဆိုခြင်း၊ ဝိသာခါသည် လမ်းခရီးတွင် မိုးရွာချသော်လည်း ပြေးလွှားခြင်းမပြုဘဲ ဣန္ဒြေသိက္ခာနှင့် သွားလာခြင်းသည် မုဒုတာဖြစ်သည်။

၃။ ကမ္မညတာရုပ် - နိပ္ပန္နရုပ်တို့၏ ပေါ်ပါးနူးညံ့မှုကြောင့် ကိုယ်မှု၊ နှုတ်မှု အမျိုးမျိုး၌ ကောင်းမွန်ခဲ့ညားခြင်းသဘော။

- ပစ္စည်းအလေးများကို မ-ရာတွင် အကြောများသည် တောင့်တင်းခိုင်ခဲ့သွား၏။ စာရေးသော် လက်ကလေးများ တောင့်တင်းခိုင်မာနေ၏။ ဤသည်မှာ ကမ္မညတာရုပ်ဖြစ်သည်။ တစ်ကိုယ်လုံးတွင် ကမ္မညတာရုပ် ရှိသည်။

- ကမ္မညတာရုပ်သည် အလုပ်လုပ်နိုင်သောအားဖြစ်သည်။

လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်တို့၏ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်းမှာ ထင်ရှား၏။ အပြောင်းအလဲမြန်၊ ဖောက်ပြန်မြန်မှုကြောင့် ဝိကာရရုပ်ဟု ခေါ်သည်။ ဝိကာရရုပ်သုံးပါးသည် သူ့နေရာနှင့် သူ နေရာတကျ အသုံးများ၏။

မှတ်ချက် ။ ဤဝိကာရရုပ် ၃-ပါးကို ကာယဝိညတ်၊ ဝစီဝိညတ်တို့နှင့်ပေါင်း၍ ဝိကာရရုပ် ၅-ပါးဟု ရေတွက်ပါသည်။

လက္ခဏရုပ် ၄-ပါး

လက္ခဏရုပ် - နိပ္ပန္နရုပ်တို့၏ဖြစ်ခြင်း၊ ရုပ်ခြင်း၊ ပျက်ခြင်းအခိုက်အတန့်ကို မှတ်သား ပြသည့် အမှတ်လက္ခဏာကို လက္ခဏရုပ် ဟု ခေါ်သည်။

၁။ ဥပစယရုပ် = ပဋိသန္ဓေတည်စဉ် ပထမရုပ်တို့၏ဖြစ်ခြင်း၊ ထို့နောက် တစ်ဘဝတာအတွက် ရထိုက်သမျှ ရုပ်များပြည့်စုံသည် တိုင်အောင် တိုးတက်၍ ဖြစ်ခြင်း၊

- ဥပစယအခိုက်ကို ပဋိသန္ဓေတည်သည်မှ ဇီဝါဒသကဖြစ်သည်အထိ သတ်မှတ်ပါသည်။

၂။ သန္တတိ = တစ်ဘဝအတွက် ရထိုက်သမျှရုပ်များပြည့်စုံသည်ကစ၍ အဆက်အပြတ် ထပ်ကာထပ်ကာဖြစ်လာခြင်း၊

ဥပမာ - လျှပ်စစ်မီးလုံးလင်းရာတွင် ဖျတ်ဖျတ်နှင့်

လူပ်ရှားကာ အလွန်လျင်မြန်လွန်းသောကြောင့် တစ်ဆက်တည်းဖြစ်နေသည်ဟု ထင်ရ၏။

- ဇဝါဒသကမှ နောက်၌ဖြစ်သောရုပ်တို့၏ တည်ရှိမှု။

၃။ ဇရတာ = အိုမှု၊ ကျမှု၊ ရင့်ရော်မှည့်ရွမ်းမှု၊ ဟောင်းနွမ်းဆွေးပုပ်ဆုတ်ယုတ်လျော့ပါးမှုအခိုက်အတန့်၊

၄။ အနိစ္စတာ = ဖြစ်ပြီးနိုပ္ပန္နရုပ်တို့၏ ချုပ်ကွယ်ပြတ်စဲခြင်းအခိုက်အတန့်၊

- ဥပစယ၊ သန္တတိရုပ်တို့ကိုပေါင်း၍ ဇာတိရုပ် ဟူ၍ ခေါ်ပါသည်။

ဥပမာ-

- သစ်ပင်တစ်ပင်၌ ရှေးဦးစွာပေါ်ပေါက်လာခြင်းသည် ပထမ-ဥပစယ၊
- တစ်နေ့တခြားတိုးပွားခြင်းသည် ဒုတိယ-ဥပစယ၊
- အတိုးအပွားရပ်၍ ကာလမြင့်ရှည်နေခြင်းသည် သန္တတိ၊
- ဆုတ်ယုတ်လျော့ပါးသွားခြင်းသည် ဇရတာ၊
- သေကျေပျက်ပြားကုန်ဆုံးခြင်းသည် အနိစ္စတာ၊

အနိပ္ပန္နရုပ် ၁၀-ပါး

၁။	ပရိစ္ဆေဒရုပ်	၁-ပါး
၂။	ဝိညတ်ရုပ်	၂-ပါး
၃။	ဝိကာရရုပ်	၃-ပါး
၄။	လက္ခဏာရုပ်	၄-ပါး
	စုစုပေါင်း	၁၀-ပါး

ဤအနိပ္ပန္နရုပ်တို့သည်-

- ကိုယ်ပိုင်သဘောတရားမရှိသဖြင့် အသဘာဝရုပ်၊
- သခိတလက္ခဏာနှင့်တကွမဖြစ်သောကြောင့် အလက္ခဏာရုပ်၊
- ဖောက်ပြန်ခြင်းမရှိသောကြောင့် အရူပရုပ်၊

- လက္ခဏာယာဉ်သုံးပါးသို့တင်ကာ မသုံးသပ်ထိုက်သောကြောင့် အသမ္မသနရုပ်။

ရုပ် ၂၈-ပါး

၁။ နိပ္ပန္နရုပ် ၁၈-ပါး
၂။ အနိပ္ပန္နရုပ် ၁၀-ပါး
စုစုပေါင်း ၂၈-ပါး

ရုပ်အမျိုးအစား ၁၁-မျိုး

ရုပ်သည် ၂၈-ပါးရှိသော်လည်း ဓာတ်တူအားဖြင့် ပေါင်းလိုက်သည်ရှိသော်-

၁။ ဘူတရုပ် - ၁
၂။ ပသာဒရုပ် - ၁
၃။ ဂေါစရရုပ် - ၁
၄။ ဘာဝရုပ် - ၁
၅။ ဟဒယရုပ် - ၁
၆။ ဇီဝိတရုပ် - ၁
၇။ အာဟာရရုပ် - ၁
၈။ ပရိစ္ဆေဒရုပ် - ၁
၉။ ဝိညတ်ရုပ် - ၁
၁၀။ ဝိကာရရုပ် - ၁
၁၁။ လက္ခဏရုပ် - ၁

ရုပ်ပါဝင်မှုနှုန်းများ

(က) ခဲတံတစ်ချောင်း၌ရှိ နိပ္ပန္နရုပ်

ဘူတရုပ်	၄
ဝိသယရုပ်	၃
သြဇာရုပ်	၁
	၈

(ခဲတံ၌ သြဇာရုပ်ပါသည်မှာ လူတို့စားသောက်နိုင်သော သြဇာရုပ်မဟုတ်ပါ။ ပိုးကောင်ငယ်တို့စားသောက်နိုင်သော သြဇာရုပ်ဖြစ်သည်။)

(ခ) မိန်းကလေးတစ်ယောက်၌ပါသော နိပ္ပန္နရုပ်

ဘူတရုပ်	၄
ပသာဒရုပ်	၅
ဝိသယရုပ်	၄
ဘာဝရုပ်	၁ (ဣတ္ထိဘာဝ)
ဇီဝိတရုပ်	၁
ဩဇာရုပ်	၁
ဟဒယရုပ်	၁
	၁၇-ပါး

(ဂ) လူ၏လက်တစ်ပိုင်းထဲရှိ နိပ္ပန္နရုပ်

ဘူတရုပ်	၄
ကာယပသာဒရုပ်	၁
ဝိသယရုပ်	၄
ဘာဝရုပ်	၁ (သက်ဆိုင်ရာကျား/မ)
ဇီဝိတရုပ်	၁
ဩဇာရုပ်	၁
	၁၂

(ဃ) လူတစ်ယောက်၏ခေါင်းပိုင်းရှိ နိပ္ပန္နရုပ်

ဘူတရုပ်	၄
ပသာဒရုပ်	၅
ဝိသယရုပ်	၄
ဘာဝရုပ်	၁ (သက်ဆိုင်ရာကျား/မ)
ဇီဝိတရုပ်	၁
ဩဇာရုပ်	၁
	၁၆

(ဂ) လည်ပင်းမှခါးပိုင်းအထိရှိ နိပ္ပန္နရုပ်

ဘူတရုပ်	၄	
ကာယပသာဒရုပ်	၁	
ဝိသယရုပ်	၄	
ဘာဝရုပ်	၁	(သက်ဆိုင်ရာကျား/မ)
ဟဒယရုပ်	၁	
ဇီဝိတရုပ်	၁	
သြဇာရုပ်	၁	
	၁၃	

(ဃ) ခါးမှအောက်ပိုင်းရှိ နိပ္ပန္နရုပ်

ဘူတရုပ်	၄	
ကာယပသာဒရုပ်	၁	
ဝိသယရုပ်	၄	
ဘာဝရုပ်	၁	(သက်ဆိုင်ရာကျား/မ)
ဇီဝိတရုပ်	၁	
သြဇာရုပ်	၁	
	၁၂	

(ဆ) လက်ဖျောက်တီးခေါ်နေသော လှုပ်ရှားနေသောလက်ရှိ နိပ္ပန္နရုပ် နှင့် အနိပ္ပန္နရုပ်

နိပ္ပန္နရုပ် - ဘူတရုပ်	၄	
ကာယပသာဒရုပ်	၁	
ဝိသယရုပ်	၄	
ဘာဝရုပ်	၁	(သက်ဆိုင်ရာကျား/မ)
ဇီဝိတရုပ်	၁	
သြဇာရုပ်	၁	
	၁၁	

အနိပ္ပန္နရုပ် - အာကာသရုပ် ၁
ကာယဝိညတ် ၁
ဝိကာရရုပ် ၃
လက္ခဏရုပ် ၃ (ဥပစယမပါ)

၈

နိပ္ပန္နရုပ် - ၁၂
အနိပ္ပန္နရုပ် - ၈

ပေါင်း - ၂၀ ပါဝင်၏။

(ဆ) အသံမမြည်ငြိမ်သက်လျက်ရှိသော လက်တစ်ဘက်၌ရှိ နိပ္ပန္နရုပ် နှင့် အနိပ္ပန္နရုပ်

နိပ္ပန္နရုပ် - ဘူတရုပ် ၄
ပသာဒရုပ် ၁ (ကာယပသာဒ)
ဝိသယရုပ် ၃
ဘာဝရုပ် ၁ (သက်ဆိုင်ရာကျား/မ)
ဇီဝိတရုပ် ၁
ဩဇာရုပ် ၁

၁၁

အနိပ္ပန္နရုပ် - အာကာသရုပ် ၁
ဝိကာရရုပ် ၃
လက္ခဏရုပ် ၃ (ဥပစယမပါ)

၇

နိပ္ပန္နရုပ် - ၁၁
အနိပ္ပန္နရုပ် - ၇

ပေါင်း - ၁၈ ပါဝင်၏။

-ရုပ်ဝတ္ထုတိုင်းတွင် အမြဲအားဖြင့် နိပ္ပန္နရုပ်များဖြစ်သော

- မဟာဘုတ် ၄
- ဂေါစရရုပ် ၃
- ဩဇာရုပ် ၁

၈-ပါး ပါဝင်နေပါသည်။

- သက်ရှိသတ္တဝါတိုင်းတွင် သဒ္ဒရုပ်သည် အမြဲပါဝင်နေ၏။ ဝမ်းထဲတွင် နှလုံးခုန်သံ၊ လေမြွေသံ၊ သွေးတိုးသံ ရှိပါသည်။
- သစ်ပင်တွင် ဇီဝိတရုပ်မရှိပါ။ တဏှာဓာတ်ကြောင့် ရှင်သန်လှုပ်ရှားနေခြင်း ဖြစ်သည်။ တဏှာဓာတ်၏ ပေါက်ဖွားမှုကြောင့် ဖြစ်သည်။
- အရာဝတ္ထုများကိုလည်းကောင်း၊ သက်ရှိသတ္တဝါတို့ကိုလည်းကောင်း အနိပ္ပန္နရုပ် ရေတွက်ရာတွင် ဝိသယရုပ် ၄-ပါးသာ ထည့်သွင်းရေတွက်ရပါသည်။
- ဝိသယရုပ် ၇-ပါးရှိသော်လည်း ဖောဋ္ဌဗ္ဗရုပ်ဖြစ်သော ပထဝီ၊ တဏှာ၊ ဝါယောသည် မဟာဘုတ် ၄-ပါးတွင် ပါဝင်နေသောကြောင့် မျိုးတူသုံးမျိုး ဖယ်ရှားပြီး ဝိသယရုပ် ၄-ပါးဟူ၍သာ ထည့်သွင်းရေတွက်ခြင်းဖြစ်ပါသည်။

ရူပဝိဘာဂ

(ရုပ်တို့ကိုအကျယ်ဝေဖန်ပြခြင်း)

(ရုပ်တို့၏စွမ်းရည်)

၈ကဝိဓနည်း - (ရုပ်တို့ကို တစ်မျိုးတစ်ဖို့နည်းဖြင့် ဝေဖန်ခြင်း)

၁။ အဟေတုက - စွဲမြဲခိုင်ခဲ့နေသောအခြေအမြစ်မရှိ (၀၊) အလောဘစသော ယှဉ်ဖက်ဟိတ်မရှိသောကြောင့် အဟေတုက၊

- ရုပ်သည် အခြေအမြစ်မရှိ၊ စိတ်တွင် အခြေအမြစ်ရှိသည်။
- စက္ခုပသာဒရုပ်တွင် စွဲမြဲခိုင်ခဲ့နေသောအမြစ်မရှိပါ။ လိုချင်တပ်မက်စရာကောင်းသော အသုံးအဆောင်ပစ္စည်းတစ်ခုကို မျက်စိရှေ့(စက္ခုပသာဒရှေ့)တွင် ထင်မြင်

နိုင်သည်။ ကွယ်သွားသော်၊ ဖယ်ရှားလိုက်သော် ပျောက်ကွယ်သွားနိုင်သည်။။

- သို့ရာတွင် ထိုအရာဝတ္ထုများကို စွဲမက်နေသော လောဘစိတ်သည်ကား ပျောက်ကွယ်မသွားပေ။ စွဲမြဲနေ၏။
- အကုသိုလ်စိတ်၊ မဟာကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်၊ စျာန်စိတ်၊ လောကုတ္တရာစိတ်တို့သည် အခြေအမြစ်ရှိသည်။
- ရုပ်သည်ကား အခြေအမြစ်မရှိပါ။ ဥပမာ-ကုံကော်ပင်ထွက်ခါစ နို့ရိုနေ၏။ ကြာသော် စိမ်းစိုလာ၏။ ထိုထက်ကြာသော် ဝါလာ၏။ ထိုသို့ပြောင်းလဲသည်မှာ အခြေအမြစ်မရှိသောကြောင့် ဖြစ်ပါသည်။

၂။ **သပစ္စယရုပ်** - ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်းရှိမှဖြစ်ထသည်။ သူ့အလိုလိုမဖြစ်ကြပေ။

ဥပမာ - သဒ္ဒရုပ်ကိုကြည့်ပါက အသံဖြစ်ပေါ်လာအောင် ထူထောင်ပေးခြင်း, မရှိကာ အသံမဖြစ်နိုင်ပေ။ သက်ရှိများသည်လည်းကောင်း၊ သက်မဲ့များသည်လည်းကောင်း ငြိမ်သက်နေပါက အသံမဖြစ်ပါ။

- စက္ခုပသာဒသည် ကံကြောင့်ဖြစ်ပေါ်လာသည်။ လူကလုပ်၍ မရုပေ။ ပသာဒရုပ်များသည် စိတ်၊ ဥတု၊ အာဟာရ၊ ဉာဏ်တို့ဖြင့် ပြုလုပ်၍မရပါ၊ ကံကြောင့်သာဖြစ်ရသည်။
- သူဌေးသမီးတစ်ဦးသည် ရှင်မဟာကစ္စည်းနှင့် မထေရ် ၈-ပါးကို ဆံပင်ဖြတ်ရောင်းပြီး ဆွမ်းလှူခဲ့ရာ ရှင်မဟာကစ္စည်းရှေ့အရောက်တွင် ဖြက်ခဲ့သောဆံပင်သည် ပကတိအတိုင်းပြန်ဖြစ်သည်။ ကုသိုလ်ကံအစွမ်းမကြောင့် အသစ်တစ်ဖန် ပြန်ပေါ်ရခြင်းဖြစ်သည်။

၃။ **သာသဝ** - ရုပ် ၂၈-ပါးသည် အာသဝေါတရားလေးပါးတို့၏ ကျက်စားရာ ဖြစ်သည်။

- ပေါင်ဒါခွက်တွင် ပေါင်ဒါကြာရည်စွာထည့်ထားသော် ခွက်တွင် အမွှေးနံ့စွဲနေသည်။ မွှေးနေပါသည်။
- အာသဝတရားများသည် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ဖြစ်သည်။ ရုပ် ၂၈-ပါးသည်

ထိုအာသဝေါတရားတို့၏ ယိုထွက်ရာ စီးသွားရာဖြစ်နေ၍ သာသဝမည်ပါသည်။

- ဥပမာ - နားထဲတွင် အနာရှိက ပြည်ယိုထွက်သကဲ့သို့ လောဘ၊ ဒိဋ္ဌိ၊ မောဟသည် စိတ်ထဲက ယိုထွက်သည်။ အနာထဲက ပြည်ထွက်လျှင် အနာပတ်ဝန်းကျင်တွင် ပြည်စေးများကပ်နေပြီး ညစ်ပတ်နေသကဲ့သို့ စိတ်ထဲမှ လောဘ စသော အာသဝေါ တရားများ ယိုထွက်နေလျှင် ထိုစိတ်၏ပိုင်ရှင် တစ်ကိုယ်လုံး သည်လည်း ညစ်ပတ်လာသည်။ မသန့်ရှင်းတော့ပါ။ မကောင်းမှုအကုသိုလ်များ၊ အမှားလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ပါတော့သည်။

၄။ **သန်ိတ** - ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားတို့က ပြုပြင်စီရင်တတ်သောကြောင့် သန်ိတ။

- ရုပ် ၂၈-ပါးသည် အကြောင်းတရားတို့က ပြုလုပ်ထားသောကြောင့် ဖြစ်ပေါ်ရသည်။
- ဥပမာ-ဝါယောဓာတ်သည် လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဟူသော ဣရိယာပုထ်လေးပါးက ပြုလုပ်ထားသောကြောင့် မျှတစွာဖြစ်ပေါ်နေရသည်။
- ဣရိယာပုထ်လေးပါးမျှတစွာ မပြုလုပ်သော် ဝါယောဓာတ် ပျက်စီး၍ ရောဂါများ ရနိုင်သည်။
- ရုပ်ကိုဖြစ်စေတတ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ဣရိယာပုထ် လှုပ်ရှားသော ဝါယောဓာတ်ကို စိတ်ကဖြစ်စေပါသည်။ စိတ်ကြောင့် ရုပ်၏။ စိတ်ကြောင့် ထိုင်၏။ စိတ်ကြောင့် လျောင်း၏။ စိတ်ကြောင့်သွား၏။
- ရုပ် ၂၈-ပါးလုံးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးက ပြုလုပ်ထား၍ သန်ိတမည်ရပါသည်။

၅။ **လောကိယ** - ဥပါဒါန်အာရုံဖြစ်သော ဖြစ်ပျက်သန်ိရလောကဋ္ဌ အကျုံးဝင်၍ လောကိယ။

- ရုပ် ၂၈-ပါးသည် ဖြစ်ခြင်း၊ ပျက်ခြင်း မကင်းသောနယ်အတွင်းဋ္ဌသာ ဖြစ်ပါသည်။
- အဆင်းလွှခြင်း၊ အသံကောင်းခြင်း၊ ရနံ့မွှေးကြိုင်ခြင်း၊ အရသာချိုဆိမ့်ခြင်း၊

အတွေ့အထိနှုးညံ့ခြင်း စသည့် ကောင်းသောအချက်များကို လောကလူသားတို့သည် မြတ်နိုးကြသည်။

- သို့ရာတွင် ထိုအရာများသည် ဖြစ်ခြင်း၊ ပျက်ခြင်းမကင်းသော လောကီယတရားများ ဖြစ်နေကြသည်။ တစ်ချိန်ချိန်ပျက်စီးကြမည်သာဖြစ်ကြသည်။

၆။ **ကာမာဝစရ** - ကာမတဏှာ၏ ကျက်စားရာဖြစ်၍ ကာမာဝစရ။

- ရုပ် ၂၈-ပါးသည် ကာမတဏှာ၏ ကျက်စားရာနယ်ဖြစ်သည်။

၇။ **အနာရမ္မဏ** - အာရုံကိုမယူတတ်၍ အနာရမ္မဏ၊ ရုပ်တရားတို့သည် အာရုံကို မသိတတ်ပါ။

- ဥပမာ-မျက်စိသည် အဆင်းအာရုံကို မသိနိုင်ပါ။ စက္ခုပသာဒရုပ်သည် အရောင်အဆင်းကို သိနိုင်သော စွမ်းရည်မရှိပါ။ စက္ခုဝိညာဏ်စိတ်သည်သာ သိနိုင်သော၊ အဆင်းကို မြင်နိုင်သော စွမ်းရည်ရှိပါသည်။
- သို့သော် စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒရုပ်ကို မှီနေရသည်။

၈။ **အပွဟာတဗ္ဗ** - ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့်ပယ်၍မရ။ ပယ်ရန်မလို၍ အပွဟာတဗ္ဗ။

- ရုပ်သည် ပယ်ရသောအမျိုးမဟုတ်၊ ပယ်ရန်မလို။ ဥပမာ-မျက်စိရုပ်ကိုပယ်ကမည်သို့မျှ အကျိုးမထူးပါ။ အခြားရုပ်များက ကျန်နေဦးမည်သာ ဖြစ်သည်။
- အကုသိုလ်ကိလေသာတို့ကဲ့သို့ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်တို့၏အစွမ်းဖြင့် မပယ်အပ်သောကြောင့် အပွဟာတဗ္ဗ။

ဒုကနည်း (ရုပ်တို့ကို နှစ်မျိုးနှစ်ဖို့နည်းဖြင့် ဝေဖန်ခြင်း)

ရုပ်တို့ကို အဋ္ဌတ္တိက၊ ဗာဟိရစသောအစွမ်းဖြင့် နှစ်မျိုးနှစ်စားခွဲကာ ဝေဖန်ပြသောနည်းဖြစ်သည်။

၁။ **အဋ္ဌတ္တိကရုပ်** - ပသာဒရုပ် ၈-ပါး - ဤရုပ်တို့သည် ခန္ဓာကိုယ်အတွင်းဘောအား ကျေးဇူးအထူးများ၍ သတ္တဝါတို့အချစ်ဆုံး၊ အားအထားရဆုံးရုပ်များဖြစ်ကြသည်။

ဗာဟိရရုပ် - ကျန် ၂၃-ပါး

၂။ ဝတ္ထုရုပ်	- ပသာဒရုပ်	၅	- ဝိညာဏဓာတ် ၇-ပါးတို့၏ မှီရာရုပ်
	ဟဒယရုပ်	၁	တို့ဖြစ်သည်။
		၆-ပါး	
အဝတ္ထုရုပ်	- ကျန် ၂၂-ပါး		
၃။ ဒွါရရုပ်	- ပသာဒရုပ်	၅	- ပဉ္စဒွါရဝီထိ၊ စိတ်၊ စေတသိက်တို့
	ဝိညတ်ရုပ်	၂	ဖြစ်ရာနှင့် ကာယက်၊ ဝစီက်တို့ဖြစ်ရာ
		၇-ပါး	ဌာန။
အဒွါရရုပ်	- ကျန် ၂၁-ပါး		
၄။ ဇာတိရုပ်	- ပသာဒရုပ်	၅	ပဉ္စဝိညာဏ်စိတ်၊ လိင်၊ ကမ္မဇရုပ်
	ဘာဝရုပ်	၂	တို့ကို မိမိတို့ဆိုင်ရာဆိုင်ရာ၌ အစိုးရ
	ဇီဝိတရုပ်	၁	ကြသော ရုပ်များ။
	ပေါင်း	၈-ပါး	
အဇာတိရုပ်	- ကျန် ၂၀-ပါး		
၅။ ဇရတာရုပ်	- ပသာဒရုပ်	၅	ရုန့်ရင်းကြမ်းတမ်းသည်၏အဖြစ်
	ဂေါစရရုပ်	၇	ကြောင့် ဉာဏ်ဖြင့် ကြည့်လျှင်
		၁၂-ပါး	ထင်မြင်လွယ်သောရုပ်များ ဖြစ်ကြ
			သည်။
၆။ သန္တိကေရုပ်	-	——	ဤရုပ်တို့သည် ဉာဏ်နှင့်နီးကပ်သည်၊
			သိလွယ်သည်အဖြစ်သို့ ရောက်သဖြင့်
			သန္တိကေရုပ်လည်း မည်သည်။

၇။ **သပ္ပဋိဃရုပ်** - ——— အာရုံ အာရမ္မဏိကအားဖြင့် ထိပါး ခြင်း၊ မဟာဘုတ်အချင်းချင်းထိခိုက် သိလွယ်ခြင်းနှင့်တကွ ဖြစ်သောကြောင့် လည်း သပ္ပဋိဃရုပ်လည်းမည်သည်။

သုခုမရုပ် - ကျန် ၁၆-ပါး ——— နူးညံ့သောရုပ်၊

ဒွေရေရုပ် - ″ ——— ဝေးသောရုပ်၊

အပ္ပဋိဃရုပ် - ″ ——— မထိခိုက်လွယ်သောရုပ်၊

၈။ **ဥပါဒိန္နရုပ်** - ပသာဒရုပ် ၅ တဏှာ ဒိဋ္ဌိတို့ကပ်ရောက်သော ကံက

ဘာဝရုပ် ၂ ယင်း၏ အကျိုးဟုစွဲယူအပ်သောရုပ်တို့

ဟဒယရုပ် ၁ ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊

ဇီဝိတရုပ် ၁ ဆိုးသည်ဖြစ်စေ စွဲလမ်း၍လုပ်ပါက

အဝိနိဗ္ဘောဂရုပ် ၈ နောင်ဘဝတွင် သင့်တော်ရာ ဥပါဒိန္နရုပ်

အာကာသရုပ် ၁ တို့ ရပေမည်။

ကမ္မဇရုပ် ၁၈

ယခုဘဝတွင် ခွေး၊ လူ စသည်ဖြစ်ရခြင်းသည် ယခင်ဘဝ၏စွဲလမ်းမှုဖြင့် အဆိုး-အကောင်းကို ပြုခဲ့သောကြောင့်ဖြစ်သည်။

ဘုရားရဟန္တာတို့သည် လူပ်လူပ်ရှားရှားလုပ်သော်လည်း စွဲလမ်းမှုမရှိကြ၍ ဥပါဒိန္နရုပ်မရှိတော့ပေ။

သာမန်လူတို့က စွဲလမ်းမှုရှိနေကြ၍ ဥပါဒိန္နရုပ်တို့ ရှိနေကြသည်။

အနုပါဒိန္နရုပ် - ကျန် ၁၀ ပါး (စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်)

၉။ **သနိဒဿနရုပ်** - ဝဏ္ဏ ခေါ် ရူပါရုံ ၁ မျက်စိဖြင့်မြင်ကောင်းသောရုပ်၊

အနိဒဿနရုပ် - ကျန် - ၂၇ မျက်စိဖြင့်မမြင်အပ်သောရုပ်များ၊

၁၀။ **ဂေါစရဂ္ဂါဟကရုပ်** - ပသာဒရုပ် ၅ အာရုံကိုဖမ်းယူနိုင်သောရုပ်များ၊
စက္ခု၊ သောတ = အသမွတ္တ (အဝေးဖမ်း)
ဃာန၊ ဇိဝှါ၊ ကာယ = သမွတ္တ (အနီးဖမ်း)

အဂေါစရဂ္ဂါဟကရုပ် - ကျန် ၂၃ အာရုံကိုမဖမ်းယူနိုင်သောရုပ်များ၊

၁၁။ **အဝိနိဗ္ဘောဂရုပ်** - မဟာဘူတ် ၄ ဤရုပ်စ-ပါးတို့သည် တစ်ခုစီကွဲပြား
ဝဏ္ဏ ၁ အောင် ခွဲခြား၍ မရကောင်းသော
ဂန္ဓ ၁ ရုပ်များဖြစ်ကြသည်။ မြေကြီးတွင်
ရသ ၁ ပထဝီဓာတ်လွန်ကဲ၏။ သို့သော် ကျန်
ဩဇာ ၁ ၇-ပါးလည်း ပါရှိနေကြသည်သာ
--- ဖြစ်သည်။
ပေါင်း ၈-ပါး

ဝိနိဗ္ဘောဂရုပ် - ကျန် ၂၀ ခွဲခွာ၍ရသောရုပ်၊

ရူပသမုဋ္ဌာန

ရုပ်တို့ကိုဖြစ်စေသောအကြောင်းများနှင့် ရုပ်ဖြစ်ပုံကိုပြသောအခန်းကို ရူပသမုဋ္ဌာန ဟုခေါ်သည်။

ရူပသမုဋ္ဌာန ၄-ပါး

ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးရှိပါသည်။

၁။ **ကံ** - ရုပ်ကိုဖြစ်စေသောကံ ၂၅-ပါး။
- ကမ္မပထမြောက်သော အကုသိုလ်ကံ ၁၂၊ မဟာကုသိုလ်ကံ ၈ နှင့် ရူပါဝစရကုသိုလ်ကံ ၅၊ စုစုပေါင်း ၂၅-ပါးသော အတိတ်ကံတို့သည် အဋ္ဌကထာဆန်၌ ကမ္မဇရုပ် ၁၈-ပါးကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏတိုင်း-ခဏတိုင်း ဖြစ်စေကြပါသည်။

၂။ **စိတ်** - ရုပ်ကိုဖြစ်စေတတ်သော စိတ် ၇၅-ပါး။
- ဒွေးပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄၊ (ရဟန္တာစုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်)ကြဉ်သော ကျန်စိတ် ၇၅-ပါးတို့သည် အဋ္ဌကထာဆရာတို့ စိတ္တဇရုပ် ၁၅-ပါးကို ပထမဘဝင်၏ ဥပါဒ်မှ စ၍ စိတ်တို့၏ ဥပါဒ်တိုင်း-ဥပါဒ်တိုင်း ဖြစ်စေပါသည်။ (ဦဒ္ဓအခိုက်၊ ဘင်အခိုက်တို့မှာ စိတ္တဇရုပ်များမဖြစ်ပါ။)

စိတ်တို့ကစိတ္တဇရုပ်အမျိုးမျိုးကိုဖြစ်စေပုံ

	အကြောင်းစိတ်			ဆောင်ရွက်သည့်ကိစ္စ
၁။	တဒါရုံ	၁၁		
	မနောဓာတ်	၃	၁၉	စိတ္တဇရုပ်ရိုးရိုးဖြစ်စေသည်။
	ရူပဝိပါက်	၁		
၂။	အပ္ပနာဇော		၂၆	စိတ္တဇရုပ်ရိုးရိုးနှင့် ဣရိယာပုထ်ကို ခိုင်ခံ့အောင်ထောက်ပံ့၏။
၃။	မနောဒွါရာဝဇ္ဇန်း	၁		စိတ္တဇရုပ်ရိုးရိုးဖြစ်ခြင်း၊ ဣရိယာပုထ်ကို
	ကာမဇော	၂၉	၃၂	ခိုင်ခံ့ခြင်း၊ ဝိညတ်ရုပ် ၂ ပါးကို
	အဘိညာဉ်ဒွေး	၂		ဖြစ်စေခြင်း။
၄။	ကာမဇောမှ		၁၃	အထက်ပါ ၃ မျိုးအပြင် ပြုံးရယ်ခြင်းကို ဖြစ်စေ၏။
	သောမနဿ			
၅။	ကာမဇောမှ		၂	အထက်ပါ ၃ မျိုးနှင့်ငိုခြင်း၊ ညည်းတွားခြင်းကို ဖြစ်စေ၏။
	ဒေါသမူဒွေး			

* မနောဓာတ်စုံ၊ တဒါရုံနှင့်၊ ရူပဝိပါက်၊ ၁၉-ချက်၊ ရုပ်ထွက်သာမည၊
* အပ္ပနာဇော နှစ်ဆယ့်ခြောက်၊ စိတ္တဇနှင့် ဣရိယာကို ခိုင်အောင်ထောက်၊
* မနောဒွါရ၊ ဇောကာမ၊ ဘိညာသုံးဆယ့်နှစ်၊
* စိတ်၊ ဣရိယုထ်၊ ဝိညတ်ရုပ်၊ အဟုတ်ဖြစ်သည်ရုပ်၊
* ဆယ့်သုံးသောမနဿ၊ ပြုံးရယ်တတ်၊ ငိုတတ်ဒေါဇောနှစ်၊

ပြုံးရယ်မှု ၁၃-ပါးနှင့်ပုဂ္ဂိုလ်

ပုဂ္ဂိုလ်		စိတ်
(၁) ပုထုဇဉ်ပြုံးရယ်မှု	လောဘမူသောမနဿ	၄
	မဟာကုသိုလ်သောမနဿ	၄
		၈
(၂) သေက္ခပုဂ္ဂိုလ်ပြုံးရယ်မှု	လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ	၂
	မဟာကုသိုလ်သောမနဿ	၄
		၆
(၃) ရဟန္တာပြုံးရယ်မှု	ဟသိတုပ္ပါဒ်	၁
	မဟာကြိယာသောမနဿ	၄
		၅

ရုပ်ကိုမဖြစ်စေနိုင်သောစိတ်များ

(၁) ဩးပဉ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄၊ ရဟန္တာတို့၏စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ် တို့သည် ရုပ်ကိုမဖြစ်စေနိုင်ပါ။

(အဝိဇ္ဇာနှင့် တဏှာကင်းပြတ်ပြီးဖြစ်၍ အသစ်နောက်ထပ်ဆက်စပ်ရန် လမ်းမရှိတော့၍ ရဟန္တာတို့စုတိစိတ်သည် ရုပ်ကိုမဖြစ်နိုင်တော့ပါ။)

* ရဟန္တာထိုထို၊ စုတိဆို၊ ရုပ်ကိုမဖြစ်စေ။

(၂) အရူပဘုံ၌ဖြစ်သော စိတ် ၄၂-ပါးသည် အရူပဘုံ၌ဖြစ်ခိုက် ရုပ်ကိုမဖြစ်စေနိုင်ပါ။

ပဋိသေါကာရဘုံ၌ဖြစ်လျှင်ကား ရုပ်ကိုဖြစ်စေနိုင်၏။

၃။ ဥတု - ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏာဒ္ဒြဖြစ်သော ကမ္မဇရုပ်တွင်ပါသည့် တေဇောဓာတ် (သီတ၊ ဥဏှ)

- အဋ္ဌတ္တိကသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဦမှစ၍ လည်းကောင်း၊ ဗဟိဒ္ဓ သန္တာန်၌လည်းကောင်း၊ ဥတုဇရုပ် ၁၃-ပါးကို မိမိ၏ဦ သို့ရောက်တိုင်း ခဏမစဲ ဖြစ်စေပါသည်။

၄။ အာဟာရ - စားမျိုအပ်သောအာဟာရ၌ ပါသော ဩဇာရုပ်

- အဋ္ဌတ္တိကသန္တာန်၌ အာဟာရဇရုပ် ၁၂-ပါးကို စားမျိုသော ကာလ(ဗဟိဒ္ဓဩဇာပျံ့နှံ့သောအခါ)၌ အဋ္ဌတ္တိကဩဇာ၏ အထောက်အပံ့ကိုရသဖြင့် မိမိ၏ ဦသို့ရောက်တိုင်း ရောက်တိုင်း ခဏမစဲဖြစ်စေပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ခုတွင် ဩဇာဓာတ်ပါဝင်သဖြင့် ဩဇာသည် ရုပ်ကလာပ်တိုင်း၌ တည်ရှိသည်။

သို့သော် အဋ္ဌတ္တဩဇာသည် အစားအစာတွင် ပါဝင်သော ဗဟိဒ္ဓဩဇာနှင့် ပေါင်းဆုံပြီးမှ အာဟာရဇရုပ်ကို ဖြစ်စေနိုင်ပါသည်။

ဩဇပါတိကနှင့် သံသေဒဇသတ္တဝါတို့သည် ပဋိသန္ဓေနေပြီးနောက် တစ်စုံတစ်ခု သောစားဖွယ် (အယုတ်သဖြင့် မိမိတံတွေး)ကို စားမျိုသောအခါ ဝမ်းတွင်း၌ ပါစက တေဇောဓာတ်မီးဖြင့် ထိုအစာကို ပေါင်းစေ့းရသည်။

ထို့နောက် အစာတွင်ပါသော ဩဇာဓာတ်သည် သွေးနှင့်အတူ ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွား၏။

ထိုအခါ ခန္ဓာကိုယ်အနှံ့ရှိ အဋ္ဌတ္တဩဇာနှင့်ထိတွေ့၍ ရုပ်၏ဦသို့ရောက်သောအခါမှ စတင်ကာ ထိုအတွင်း-အပဩဇာတို့သည် ခဏမစဲ အာဟာရဇရုပ်တို့ကို ဖြစ်စေပါသည်။

ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေစတည်ပြီးနောက် တစ်သတ္တာဟ၊ နှစ်သတ္တာဟခန့်ကြာလျှင် မိခင်စားမျိုလိုက်သော အစားအစာတို့မှတစ်ဆင့် ဖြစ်ပေါ်လာသော ဩဇာဓာတ်သည် သွေးနှင့်အတူ လှည့်ပတ်လာရာမှ သန္ဓေသားလောင်း၏ ကိုယ်၌ ပျံ့နှံ့၏။

ထိုပုံနှံ့သောဗဟိဒ္ဓဩဇာနှင့် ပင်ကိုရှိရင်းဖြစ်သော အဏုတ္တဩဇာတို့ ပေါင်းဆုံမိသည်မှ ရုပ်၏ ဌီသို့ရောက်သောအခါ အာဟာရဇရုပ်တို့ဖြစ်ပေါ်ကြပါသည်။

ထိုသို့ဖြစ်ကြရာ၌ အတွင်း-အပဩဇာတစ်စုံလျှင် အာဟာရဇကလာပ် တစ်ခုကျစိတ်၏ဥပါဒ်-ဌီ-ဘင်အစီအစဉ်အတိုင်း ခဏမစဲ ဖြစ်ပေါ်ကြပါသည်။

(ရုပ်ကိုအဓိကဖြစ်စေသော ရုပ် ၂-ပါးမှာ တဇောနှင့် အာဟာရဩဇာတို့ ဖြစ်ကြပါသည်။)

ရုပ်အမျိုးအစားများ

- အကြောင်းတစ်ပါးကြောင့်ဖြစ်သောရုပ်ကို --- ဧကန်ရုပ်
- တစ်ပါးထက်ပိုသောအကြောင်းတို့ကြောင့်
  ဖြစ်သောရုပ်ကို --- အနေကန်ရုပ်

ကမ္မဇရုပ်	**ဧကန်**		**အနေကန်**	
၁၈-ပါး	ပသာဒရုပ်	၅	အဝိနိဗ္ဘောဂရုပ်	၈
	ဘာဝရုပ်	၂	ပရိစ္ဆေဒရုပ်	၁
	ဇီဝိတရုပ်	၁		
	ဟဒယဝတ္ထုရုပ်	၁		
		----		----
		၉		၉

စိတ္တဇရုပ်	**ဧကန်**		**အနေကန်**	
၁၅-ပါး	ဝိညတ်ရုပ်	၂	အဝိနိဗ္ဘောဂရုပ်	၈
			လဟုတာဒိရုပ်	၃
			သဒ္ဒရုပ်	၁
			ပရိစ္ဆေဒရုပ်	၁
		----		----
		၂		၁၃

ဥတုစရပ်	ကမ္မ	အနေကမ္မ	
၁၃-ပါး	မရှိ	အဝိနိဗ္ဘောဂရုပ်	၈
		လဟုတာဒိရုပ်	၃
		ပရိစ္ဆေဒရုပ်	၁
			၁၃

အာဟာရစရုပ်	ကမ္မ	အနေကမ္မ	
၁၂-ပါး	မရှိ	အဝိနိဗ္ဘောဂရုပ်	၈
		လဟုတာဒိရုပ်	၃
		ပရိစ္ဆေဒရုပ်	၁
			၁၂

၁။ အကြောင်းတစ်ပါးကြောင့်ဖြစ် (ဧကဇရုပ်) - ၁၁ ပါး

(က) ကမ္မဇဧကန်ရုပ် - ၉ ပါး

စိတ္တဇဧကန်ရုပ် - ၂ ပါး

၁၁ ပါး

၂။ အကြောင်းနှစ်ပါးကြောင့်ဖြစ် (ဒွိဇရုပ်) - ၁ ပါး

(စိတ်၊ ဥတု) သဒ္ဒရုပ် - ၁ ပါး

(စကားသံ၊ အသက်ရှူသံ စသည်တို့သည် စိတ္တဇသဒ္ဒရုပ်ဖြစ်သည်။ မိုးသံ၊ လေသံ၊ ကားသံ၊ ခေါင်းလောင်းသံ၊ ဝမ်းတွင်းရှိလေအော်သံတို့သည် ဥတုဇသဒ္ဒရုပ်များ ဖြစ်ကြသည်။)

၃။ အကြောင်းသုံးပါးကြောင့်ဖြစ် (တိဇရုပ်) - ၃ ပါး

(စိတ်၊ ဥတု၊ အာဟာရ) လဟုတာ

မုဒုတာ လဟုတာဒိရုပ် ၃-ပါး

ကမ္မညတာ

၄။ <u>အကြောင်းလေးပါးကြောင့်ဖြစ် (စတုဇရုပ်)</u> - <u>၉ ပါး</u>

(ကံ၊ စိတ်၊ ဥတု၊ အာဟာရ)

အဝိနိဗ္ဘောဂရုပ်	၈
ပရိစ္ဆေဒရုပ်	၁

	၉

၅။ <u>ဖြစ်ကြောင်းမရှိ (နကုတောစိသမုဋ္ဌာန်ရုပ်)</u> - <u>၄ ပါး</u>

(စတုသမုဋ္ဌာန်လွတ်)

လက္ခဏရုပ်	၄ ပါး

အချုပ်ဇယား

သမုဋ္ဌာန		ဖြစ်စေအပ်သောရုပ်	ကမ္မဇ	စိတ္တဇ	ဥတုဇ	အာဟာရဇ	
ကံ	ဧကဇ	ပသာဒ-၅ ဘာဝ-၂ ဟဒယ၊ ဇီဝိတ	၉				၁၁
စိတ်		ဝိညတ်ဒွေး		၂			
စိတ်၊ ဥတု	ဒွိဇ	သဒ္ဒ		၁	၁		၁
စိတ်၊ဥတု အာဟာရ	တိဇ	ရူပသဿလဟုတာ ရူပသမုဒုတာ ရူပသကမ္မညတာ		၃	၃	၃	၃
ကံ၊ စိတ် ဥ၊ ဟာ	စတုဇ	အဝိနိဗ္ဘောဂ ၈ အာကာသ ၁	၉	၉	၉	၉	၉
နကုတောစိ သမုဋ္ဌာန်	-	လက္ခဏရုပ် ၄					၄
		ဧကန်	၉	၂			
		အနေကန်	၉	၁၃	၁၃	၁၂	
		ပေါင်း	၁၈	၁၅	၁၃	၁၂	၂၈

နကုတောစိ = ဖြစ်ကြောင်းမရှိ

လက္ခဏာရပ် ၄-ပါးတို့သည် နိပ္ပန္နရုပ်တို့၏ ဖြစ်-တည်-ပျက် သဘောမျှသာ ဖြစ်သောကြောင့် အကြောင်းလေးပါးမှ လွတ်ပါသည်။

ရူပကလာပ

ရုပ်တို့၏ ပေါင်းစပ်ဖွဲ့စည်းပုံကိုပြခြင်းကို ရူပကလာပ ဟုခေါ်သည်။

ကလာပ = ကလာပ်= အပေါင်းအစည်း၊

- ဝတ္ထုပစ္စည်းများကို စုပေါင်း၍စည်းထားခြင်း၊
- ရုပ်များကို စုစည်းခြင်း၊
- ဆိုင်ရာရုပ်များ ပူးတွဲပေါင်းစပ်၍ ဖြစ်ပေါ်လာသော ရုပ် အဖွဲ့အစည်းတစ်ခုကို ရုပ်ကလာပ်-၁ ဟု ခေါ်ပါသည်။

ရုပ်ကလာပ်လက္ခဏာ ၄-ရပ်

၁။ ဇကူပ္ပါဒ - အတူတကွဖြစ်ခြင်း၊

၂။ ဇကနိရောဓ - အတူတကွချုပ်ပျက်ခြင်း၊

၃။ ဇကနိဿယ - တူသောမှီရာရှိခြင်း၊

၄။ သဟဝုတ္တိ - ခွဲခြားမရအောင် ပေါင်းရောနေခြင်း၊

လူ့ဘုံ၌ရှိသော ပရမတ္ထရုပ်ကလာပ်တစ်ခု၏ အရွယ်သည် ပရမာအဏုမြူတစ်ခု၏ အစိတ် တစ်သိန်းပုံတစ်ပုံသာ ရှိသည်။

ဒြပ်၏အခြေခံအမှုန်တစ်ခုဖြစ်သော ပရိတ္တန်အရွယ်အောက် ပိုငယ်ပါသည်။

ရုပ်မာတ်တို့သည် မည်သည့်ရုပ်မျှ တစ်ခုတည်းမနေ၊ အပေါင်းအစည်းနှင့် နေသည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော - ၄

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ - ၄

ဤ ၈-ပါးကို ခွဲခွာ၍မရသောကြောင့် အဝိနိဗ္ဘောဂရုပ်ဟုခေါ်သည်။

ယင်း ၈-ပါးကို ကလာပ်စည်းအားဖြင့် သုဒ္ဓဋ္ဌကကလာပ်ဟုခေါ်သည်။

သုဒ္ဓဋ္ဌက = သုဒ္ဓ + အဋ္ဌက
သန့်ရှင်းသော + ရုစ်ခုပေါင်း

- သန့်ရှင်းစွာဖြစ်ပေါ်နေသော ၈-ခုအပေါင်းအစည်းဟု ခေါ်ပါသည်။
- ဥပမာ-ရေကို အခြားမည်သည့်အရောင်အသွေးမှ မရောသေးမီကာလကို သုဒ္ဓဋ္ဌကကာလဟုခေါ်သည်။

ဤ ၈-ပါးအပြင် အခြားဘာမျှမပါသေး၍ သုဒ္ဓဋ္ဌက ဟု ခေါ်ပါသည်။

ရုပ်ကလာပ်စည်းပေါင်း ၂၁

၁။ ကမ္မဇကလာပ် = ကံကြောင့်ဖြစ်သော ရုပ်တို့၏အပေါင်းအစည်း - ၉
၂။ စိတ္တဇကလာပ် = စိတ်ကြောင့်ဖြစ်သောရုပ်တို့၏အပေါင်းအစည်း - ၆
၃။ ဥတုဇကလာပ် = ဥတုကြောင့်ဖြစ်သောရုပ်တို့၏အပေါင်းအစည်း - ၄
၄။ အာဟာရဇကလာပ်= အာဟာရကြောင့်ဖြစ်သော ရုပ်တို့၏အပေါင်းအစည်း - ၂

စုစုပေါင်း ၂၁

ရုပ်ကလာပ်စည်းများ

	ကမ္မဇကလာပ် ၉-မျိုး	ပါဝင်သောရုပ်များ	
၁။	စက္ခုဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+စက္ခုပသာဒ	၁၀
၂။	သောတဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+သောတပသာဒ	၁၀
၃။	ဃာနဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+ဃာနပသာဒ	၁၀
၄။	ဇိဝှာဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+ဇိဝှာပသာဒ	၁၀
၅။	ကာယဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+ကာယပသာဒ	၁၀
၆။	ဣတ္ထိဘာဝဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+ဣတ္ထိဘာဝ	၁၀
၇။	ပုမ္ဘာဝဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+ပုမ္ဘာဝ	၁၀
၈။	ဝတ္ထုဒသကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ+ဟဒယဝတ္ထု	၁၀
၉။	ဇီဝိတနဝကကလာပ်	အဝိနိဗ္ဘောဂ+ ဇီဝိတ	၉

	စိတ္တဇကလာပ် ၆-မျိုး	ပါဝင်သောရုပ်များ	
၁။	သုဒ္ဓဋ္ဌကကလာပ်	အဝိနိဗ္ဘောဂ-၈	၈
၂။	ကာယဝိညတ္တိနဝကကလာပ်	အဝိနိဗ္ဘောဂ-၈+ ကာယဝိညတ်	၉
၃။	ဝစီဝိညတ္တိဒသကကလာပ်	အဝိနိဗ္ဘောဂ-၈+ ဝစီဝိညတ်+သဒ္ဒ	၁၀
၄။	လဟုတာဒိဇကာဒသကကလာပ်	အဝိနိဗ္ဘောဂ-၈+ လဟုတာဒိ-၃	၁၁
၅။	ကာယဝိညတ္တိလဟုတာဒိဒွါဒသက	အဝိနိဗ္ဘောဂ-၈+ လဟုတာဒိ-၃+ ကာယဝိညတ်	၁၂
၆။	ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက	အဝိနိဗ္ဘောဂ-၈+ဝစီဝိညတ်+သဒ္ဒ	၁၃

* သဒ္ဒနဝကကလာပ်နှင့် သဒ္ဒလဟုတာဒိဒွါဒသကကလာပ်များရှိနိုင်၍ ယင်းတို့ကို ထည့်က စိတ္တဇကလာပ် ၈-စည်းရပါသည်။

	ဥတုဇကလာပ် ၄-မျိုး	ပါဝင်သောရုပ်များ	
၁။	သုဒ္ဓဋ္ဌကကလာပ်	အဝိနိဗ္ဘောဂ- ၈	၈
၂။	သဒ္ဒနဝက	အဝိနိဗ္ဘောဂ + သဒ္ဒ	၉
၃။	လဟုတာဒိဇကာဒသက	အဝိနိဗ္ဘောဂ၊ လဟုတာဒိ-၃	၁၁
၄။	သဒ္ဒလဟုတာဒိဒွါဒသက	အဝိနိဗ္ဘောဂ+ သဒ္ဒ+လဟုတာဒိ-၃	၁၂

	အာဟာရဇကလာပ် ၂-မျိုး	ပါဝင်သောရုပ်များ	
၁။	သုဒ္ဓဋ္ဌကကလာပ်	အဝိနိဗ္ဘောဂ -၈	၈
၂။	လဟုတာဒိဇကာဒသက	အဝိနိဗ္ဘောဂ၊ လဟုတာဒိ-၃	၁၁

အဏ္ဍဇ-ဇလာဗုဇခွဲပုံ

အဏ္ဍဇဘွဲ့ ရနိုင်သော ကလာပ်

- သတ္တဝါတို့၏ အဏ္ဍဇသန္တာန်၌ ရုပ်ကလာပ် ၂၁-စည်းလုံးကို ရပါသည်။

- အထီးသတ္တဝါ၌ ဣတ္ထိဘာဝဒသကကလာပ်မရထိုက်။
- အမသတ္တဝါ၌ ပုမ္ဘာဝဒသကကလာပ်မရထိုက်။
- မျက်စိကန်းသူ၊ နားပင်းသူတို့တွင် သက်ဆိုင်ရာဒသကကလာပ်မရထိုက်။

ဗဟိဒ္ဓ၌ရနိုင်သောကလာပ်

၁။ ဥတုဇသုဒ္ဓဋ္ဌကကလာပ် (သက်မဲ့ရုပ်ဝတ္ထုမှုန်သမျှ)

၂။ ဥတုဇသဒ္ဒနဝကကလာပ် (မိုးသံ-လေသံစသည်)

အဇ္ဈတ္တ၌သာရနိုင်သောကလာပ်

- ဥတုမူလ ၂-စည်းကြဉ် ၁၉ စည်း

အဇ္ဈတ္တ၌ရနိုင်သောကလာပ်စည်းပေါင်း

- ၂၁ စည်း

ကလာပ်ဝိမုတ် ၅-ပါး

၁။ အာကာသ ပရိစ္ဆေဒသည် - ရုပ်ကလာပ်တို့၏အပိုင်းအခြားသာဖြစ်၍ ၎င်းကောင်း၊

၂။ လက္ခဏရုပ် ၄-ပါးသည် - ရုပ်ကလာပ်တို့၏ ဖြစ်-တည်-ပျက် အမှတ်လက္ခဏာမျှသာဖြစ်၍လည်းကောင်း ကလာပ်ဖွဲ့ရာ၌ မပါဝင်ပေ။

ရူပပဝတ္တိက္ကမ
(ရုပ်တို့၏ဖြစ်စဉ်များကိုပြခြင်း)

ပဋိသန္ဓေအခါ - တစ်ဘဝ၌ ပဋိသန္ဓေစိတ်ဖြစ်ခိုက် (ဥပါဒ်ခိုက်)ကို ပဋိသန္ဓေအခါဟု ခေါ်သည်။

- ထိုအခါ ပဋိသန္ဓေစိတ်နှင့် ယင်း၏ ယှဉ်ဖက်စေတသိက်များ (ဝိပါက်နာမက္ခန္ဓာ)နှင့် ကမ္မဇရုပ်များဖြစ် (ဥပါဒ်)ကြ၏။

ပဝတ္တိအခါ - ပဋိသန္ဓေစိတ်၏ ဌီခဏာမှစ၍ စုတိစိတ်မကျမီအတွင်း ဆောက် ကာလကို ပဝတ္တိအခါ ဟုခေါ်သည်။
- ထိုအခါ၌ ဘဝင်စိတ်များ၊ ဝီထိစိတ်များနှင့် ယင်းတို့၏ယှဉ်ဖက် စေတသိက်များ၊ ကမ္မဇရုပ်များ၊ စိတ္တဇရုပ်များ၊ ဥတုဇရုပ်များ၊ အာဟာရဇရုပ်များ ဖြစ်ကြသည်။

ပဋိသန္ဓေ (ဓယာနိ) ၄-မျိုး

၁။ သံသေဒဇသတ္တဝါ = ပဒုမ္မာကြာတို့က်၊ သစ်ခေါင်း၊ သစ်သီး၊ ရွံ့ညွန့်၊ ရေ အညစ်အကြေးစသည် ငြိကပ်ရာအရပ်၌ဖြစ်သောသတ္တဝါ (ပဒုမဝတီမိဖုရား၊ စိဉ္စမာဏဝိက၊ ပေါက္ခရသာတိပုဏ္ဏား၊ မယ်လမုနှင့် ပိုးလောက်လန်းများ၊ ခြင်များ စသည် တို့ဖြစ်သည်။)

၂။ သြပပါတိကသတ္တဝါ = ဘဝဟောင်း ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ဘွားခနဲပေါ်လာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဖြစ် သောသတ္တဝါ၊
(ကမ္ဘာဦး လူ၊ နတ်၊ ဗြဟ္မာများ၊ အချို့သောပြိတ္တာများ၊ ငရဲသားများ စသည်တို့ဖြစ်သည်။)

၃။ ဇလာဇုဇသတ္တဝါ = သားအိမ်၌ ပဋိသန္ဓေနေသူ
(လူ၊ ကြောင်၊ ခွေး စသည်များ)

၄။ အဏ္ဍဇသတ္တဝါ = ဥခွံအတွင်း၌ ပဋိသန္ဓေနေသူ
(ကြက်၊ ငှက်၊ ဘဲ စသည်များ)

ယင်းဇလာဇုဇသတ္တဝါနှင့် အဏ္ဍဇသတ္တဝါတို့ကို-

ဂဗ္ဘသေယျက = အမိဝမ်းတိုက်၌ ကိန်းအောင်း၍ ပဋိသန္ဓေနေသောသတ္တဝါ ဟူ၍လည်းခေါ်ပါသည်။

ဘုမ္မစိုးနတ်ကြည့် ကြွင်းသော နတ်၊ ဗြဟ္မာများ၊ နိရယာမတဏှိကခေါ် မီးသရဲ

ပြိတ္တာမျိုးနှင့် ငရဲဘုံများ၌ ဥပပါတ်ပဋိသန္ဓေတစ်မျိုးသာ ရပါသည်။
ကြွင်းသောဂတိများ၌ လေးမျိုးစလုံးပင် ရနိုင်ပါသည်။
ဤပုဂ္ဂိုလ်လေးမျိုးကို ယောနိ (အမျိုးဇာတ်) လေးမျိုး ဟူ၍ ခေါ်ကြပါသည်။

သံသေဒဇပဋိသန္ဓေရှင် စ၍တည်ပုံ

သံသေဒဇမျိုးသည် အညီပေါ်၌မှီ၍ ပဋိသန္ဓေနေခြင်းဖြစ်သည်။ ပဋိသန္ဓေတည် ရာတွင် အပြည့်အဝအများဆုံးတည်နိုင်သော သန္ဓေရှင်သည်-

၁။ စက္ခုဒသကကလာပ်
၂။ သောတဒသကကလာပ်
၃။ ဃာနဒသကကလာပ်
၄။ ဇိဝှါဒသကကလာပ်
၅။ ကာယဒသကကလာပ်
၆။ ဘာဝဒသကကလာပ်
၇။ ဝတ္ထုဒသကကလာပ်

ဤကလာပ် ၇-ခုစလုံး တစ်ပြိုင်တည်းဖြစ်၍ အများဆုံးပါဝင်နိုင်ပါသည်။ လျော့သောသန္ဓေရှင်များလည်း ရှိနိုင်ပါသည်။ သတ္တဝါတစ်ဦး၊ တစ်ကောင် ကောင်တွင်-

- မျက်စိမပါက စက္ခုဒသကကလာပ် လျော့နေပါမည်။
- နားမပါက သောတဒသကကလာပ် လျော့နေပါမည်။
- နှာခေါင်းမပါက ဃာနဒသကကလာပ် လျော့နေပါမည်။
- မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်သူသည် ဘာဝဒသကကလာပ် လျော့နေပါမည်။

ဩပပါတိကပဋိသန္ဓေရှင် စ၍တည်ပုံ

ဩပပါတိကပဋိသန္ဓေရှင်သည် ပဋိသန္ဓေနေရာတွင်-

၁။ စက္ခုဒသကကလာပ်

၂။ သောတဒသကကလာပ်

၃။ ဃာနဒသကကလာပ်

၄။ ဇိဝှါဒသကကလာပ်

၅။ ကာယဒသကကလာပ်

၆။ ဘာဝဒသကကလာပ်

၇။ ဝတ္ထုဒသကကလာပ်

ဟူသော ကလာပ် ၇-စည်း အများဆုံး တစ်ပြိုင်တည်းဖြစ်၍ တည်နိုင်သည်။
လျော့လျှင် စက္ခု-သောတ-ဃာန-ဘာဝ ကလာပ်များ လျော့နိုင်ပါသည်။

ဂဗ္ဘသေယျကပဋိသန္ဓေရှင် စ၍တည်ပုံ

ဂဗ္ဘသေယျကပဋိသန္ဓေရှင်တွင် အမိဝမ်းတိုက်ရိုက်ယူပဋိသန္ဓေနှင့် ဥတွင် သန္ဓေယူပဋိသန္ဓေ ၂-မျိုး ပါဝင်ပါသည်။

ဤပဋိသန္ဓေ ၂-ခုတွင်-

၁။ ကာယဒသကကလာပ်

၂။ ဘာဝဒသကကလာပ်

၃။ ဝတ္ထုဒသကကလာပ်

ဟူသော ကလာပ်စည်း ၃-မျိုး အများဆုံး တစ်ပြိုင်တည်းဖြစ်၍ ၀၊ည်နိုင်သည်။
လျော့ပါက ဘာဝဒသက ကလာပ်စည်း လျော့နိုင်ပါသည်။

ကလလရေကြည်သန္ဓေတည်ပုံများ

ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်စည်း ၃-မျိုးဖြင့် သန္ဓေစတင်တည်ရာတွင် ထိုကလာပ်စည်း ၃-ခု၏ ပေါင်းစည်းထားမှုသည် ပမာဏအားဖြင့် အထူးပင်နူးညံ့သည်၊ သေးငယ်ပါသည်။

ပုံစံပြုရသော် မွေးခါစကလေးငယ်၏ ဆံပင်ကဲ့သို့ အလွန်နူးညံ့သော ဆံပင်တစ်ပင်ကိုယူပါ။ အကြိမ် ၁၀၀-ချက်ထားသောဆီထဲသို့ ဆံပင်၏အဖျားကို နှစ်ပါ။ ထို့နောက် ဆွဲထုတ်ယူ၍ ခါပစ်ပါ။ ထိုဆံပင်ဖျားတွင် ကျန်ရစ်ခဲ့သော ဆီပမာဏသည် ကလာပ်စည်းအားဖြင့် ၃-စည်း၊ ရုပ်အားဖြင့် ၃၀ ပေါင်းစုထားသော အဖိုင်အခဲဖြစ်ပါသည်။ ထိုအဖိုင်အခဲတွင် ပဋိသန္ဓေစိတ်ပါလာပါသည်။

ဤသည်မှာ စ၍တည်နေပုံ ဖြစ်ပါသည်။

မဟာဝိပါက်စိတ် ၈-ခုနှင့် ပဋိသန္ဓေနေခဲ့သူများတွင်-

- ပင်ကိုအားဖြင့် ရွှင်လန်းစွာနေလေ့ရှိသူများသည် သောမနဿစိတ်ဖြင့် နေခဲ့ကြသည်။
- တည်ကြည်စွာနေလေ့ရှိသူများသည် ဥပေက္ခာဖြင့် နေခဲ့ကြသည်။
- ရွှင်လန်းသူများထဲတွင် ပို၍ရွှင်လန်းသူက အသင်္ခါရိကဖြင့် နေခဲ့သည်။
- ရွှင်လန်းနည်းသူက သသင်္ခါရိကဖြင့် နေခဲ့သည်။
- ရွှင်လန်းသူထဲတွင် ပင်ကိုဉာဏ်ကောင်းသူက ဉာဏသမ္မယုတ်ဖြင့် နေခဲ့သည်။
- ပင်ကိုဉာဏ်မကောင်းသူက ဉာဏဝိပ္ပယုတ်ဖြင့် နေခဲ့သည်။

တည်ကြည်သူထဲတွင်လည်း-

- ပို၍ တည်ကြည်သူက သသင်္ခါရိကဥပေက္ခာစိတ်ဖြင့် နေခဲ့သည်။
- တည်ကြည်နည်းသူက အသင်္ခါရိကဥပေက္ခာစိတ်ဖြင့်နေခဲ့သည်။
- ဉာဏ်ကောင်းသူက ဉာဏသမ္မယုတ်ဖြင့်နေခဲ့သည်။
- ဉာဏ်နည်းသူက ဉာဏဝိပ္ပယုတ်ဖြင့် နေခဲ့သည်။

မြတ်စွာဘုရားရှင်၏ ပဋိသန္ဓေစိတ်သည် သောမနဿ ဉာဏသမ္မယုတ် အသင်္ခါရိကမဟာဝိပါက်စိတ် ဖြစ်သည်။

ပဋိသန္ဓေစိတ်သည် ဝတ္ထုဒသကကလာပ်ထဲမှ ဝတ္ထုရုပ်ပေါ်တွင် အမှီပြု၍ ပါလာသည်။

ယင်းကို အများအားဖြင့် ''အသက်''ဟု ခေါ်နေကြသည်။

အမှန်စင်စစ်မှာ ဘုရားရှင်က သတ္တဟူ၍မရှိ၊ အသက်မရှိ၊ (နိသတ္တ၊ နိဇ္ဇီဝ)ဟူ၍ ဟောထား၍ သတ္တမရှိ၊ အသက်မရှိပါ။

ဝတ္ထုရုပ်ထဲတွင် ကလာပ်စည်းနှင့် စိတ်၊ စေတသိက်သာ ပါရှိပါသည်။

ဥပမာ- နာရီတွင် အသက်ရှိသောကြောင့် တစ်ချက်ချက်ဖြင့် လှုပ်ရှားသွားလာနေသည်။ သို့သော် နာရီစက်ကို ဖွင့်ကြည့်ပါက အသက်ကို မတွေ့ရပါ။ ဆံခြည် တိုင်၊ လက်တံ၊ ခွေးသွားစိတ် စသည်ကိုသာ တွေ့ရသကဲ့သို့ပင် ဖြစ်ပါသည်။

ထိုကလာပ်စည်း ၃-ခုလုံးသည် ကမ္မဇရုပ်များသာ ဖြစ်ပါသည်။

ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ချင်းပြိုင်၍ ကာယ၊ ဘာဝ၊ ဝတ္ထုကလာပ် ၃-စည်း၊ ရုပ် ၃၀-တို့ ဖြစ်ကြပါသည်.

ထို့နောက် စိတ်တစ်ခဏငယ်နှင့်တိုင်းထွာသော် ခဏတိုင်း-ခဏတိုင်း အချိန်များတွင် ကမ္မဇရုပ်များသည် အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်နေကြသည်။

ရုပ်၏ ဖြစ်-တည်-ပျက်ပုံ

သတ္တဝါတို့သေဆုံးကွယ်လွန်ခြင်းဟူသော သမ္မုတိမရဏကိုသာ လူတို့သိနေကြသည်။

အမှန်မှာ ရုပ်နှင့်နာမ်တရားတို့သည် အမြဲမပြတ် တရစပ် သေဆုံးနေသည်ကို လူတိုင်းမသိပါ။

ကမ္မဇရုပ်များသည် အစဉ်မပြတ် ပျက်စီးသေကြေနေသည်။ ခဏတိုင်း သေနေသည်။ ယင်းကို ခဏိကမရဏဟု ခေါ်ပါသည်။

မီးသည် တဖျပ်ဖျပ်နှင့် ဖြစ်လိုက်-ပျက်လိုက် ဖြစ်နေသည်။ ထိုကဲ့သို့ပင် ကမ္မဇရုပ်များသည်လည်းကောင်း၊ အရာဝတ္ထုများသည်လည်းကောင်း အစဉ်တစိုက် တည်ငြိမ်မှုမရှိဘဲ တဖျပ်ဖျပ်နှင့် ဖြစ်လိုက်-ပျက်လိုက် ဖြစ်နေပါသည်။

မည်သည့်အရာဝတ္ထုမဆို ရုပ်ရှိသည်။ ရုပ်ရှိက ဖြစ်လိုက်-ပျက်လိုက် ဖြစ်နေပါသည်။

ရုပ်တစ်ခုဖြစ်၍ ပျက်သောအခါ စိတ်သည် ၁၇-ချက် ဖြစ်၍ ပျက်သွား၏။ ထို့ကြောင့် စိတ်သည် ရုပ်ထက် ၁၇-ဆ မြန်ပါသည်။

စိတ်တစ်ခုတွင် အခိုက်အတန့်ပေါင်း ဖြစ်-တည်-ပျက် (ဥပါဒ်-ဌီ-ဘင်)ဟူ၍ ၃-ခု ထားရှိပါသည်။

အခိုက်အတန့်တစ်ခုနှင့်ပြိုင်၍ ကလာပ်စည်း ၃ စည်း တစ်သုတ် ဖြစ်လာပါသည်။

စိတ်တစ်ခုတွင် အခိုက်အတန့် ဖြစ်-တည်-ပျက် ၃ ခု ဖြစ်သဖြင့် စိတ် ၁၇ ချက်တွင် အခိုက်အတန့်ပေါင်း (၁၇×၃=၅၁)ချက် ဖြစ်-တည်-ပျက်သည်။

စကားနှစ်လုံးကို တစ်ပြိုင်နက်တည်း ပြော၍ မဖြစ်နိုင်သကဲ့သို့ စိတ်သည်လည်း တစ်ပြိုင်နက်တည်း ၂-ခု မဖြစ်ပေ။ တစ်ခုပြီးမှ တစ်ခု ဖြစ်ပေါ်၏။ မည်သည့်အခါမျှ မထပ်ပေ။

ရုပ်သည်ကား ထပ်၍ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရုပ်သည် အကောင်အထည် ရှိသည်။ စိတ်ကား အကောင်အထည် မရှိပေ။

ပဋိသန္ဓေနေစဉ် ကလာပ် ၃-မျိုး ၃-စည်း ရှိ၍ ဌီအချိန်တွင် ကလာပ် ၃-မျိုး ၆-စည်းရှိသည်။ ဘင်အချိန်တွင် ကလာပ် ၃-မျိုး ၉-စည်း ရှိသည်။

ဘဝင်ဖြစ်စဉ်သည်လည်း ထိုကဲ့သို့ပင် ဖြစ်သည်။

ပဋိသန္ဓေ နေသည်မှ မွေးဖွားသည်အထိ

ပဋိသန္ဓေ စတင်တည်သည်မှာ-

၁။ ပထမ ၇-ရက် - ရေကြည်ပေါက်ငယ်အဖြစ် တည်သည်။
(ပထမသတ္တာဟ)

၂။ ဒုတိယ ၇-ရက် - အမြှုပ် ဖြစ်၍တည်သည်။
(ဒုတိယသတ္တာဟ)

၃။ တတိယ ၇-ရက် - သားတစ်၊ သွေးခဲအဖြစ်တည်သည်။
(တတိယသတ္တာဟ)

၄။ စတုတ္ထ ၇-ရက် - မာသော အသားခဲအဖြစ် တည်သည်။
(စတုတ္ထသတ္တာဟ) (ယင်းသည် ကြက်ဥပုံစံလုံးဝိုင်း၍ အနည်းငယ် ရှည်လျားသည်။)

၅။ ပဉ္စမ ၇-ရက် - ခက်မ ၅-ဖြာ ပေါ်ထွက်လာသည်။
(ပဉ္စမသတ္တာဟ)

- ကလာပ်စည်းရုပ် အတိုချုပ်ကြည့်သော်-

မတည် (ကာယ-ဘာဝ-ဝတ္ထု)	၃-စည်း	ရုပ် -၃၀
နောက်တိုး (စက္ခု၊သောတ၊ဃာန၊ဇိဝှာ)	၄-စည်း	ရုပ် -၄၀
စုစုပေါင်း	၇-စည်း	ရုပ် -၇၀

ထိုအချိန်တွင် ကလေးအတွက် အာဟာရသည် ချက်ကြိုးမှဝင်ပါသည်။ ကလေးသည် မိခင်၏ အစာအိမ်ကို မျှော့တွယ်သည့်ပမာ တွယ်ထားသည်။ မိခင်စားသောအစာသည် ချက်ကြိုးမှလျှောက်၍ သူငယ်၏ဝမ်းတွင်းသို့ ရောက်သောအခါ ထိုအစာကို ချက်ရန် ပါစကတေဇောဓာတ်မီး ဖြစ်လာသည်။

ယင်းတေဇောဓာတ်မီး၌ ဇီဝိတနဝက ကလာပ်ပါလာပါသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ တို့ ပေါ်ပြီးနောက် တစ်စတစ်စ ကြီးထွားရင့်ကျက်လာရာ ၇-လ၊ ၈-လ၊ ၉-လ၊ ၁၀-လ ရောက်သောအခါတွင် ဖွားမြင်ကြလေသည်။

အချို့သောသူမှာ ကံအားနည်းသောကြောင့် ၁၂-သတ္တာဟတွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ တို့မှ တစ်ခုခု လျော့တတ်သည်။ အချို့မှာ မျက်စိအကြည်ဓာတ်(စက္ခုဒသကကလာပ်)မပါဘဲ အချို့မှာ ဘာဝဒသကကလာပ် လျော့နိုင်ပါသည်။ (ဝမ်းတွင်းပါမျိုးဟု ဆိုစမှတ်ပြုကြသည်။)

အသိဉာဏ်အားဖြင့် အမိဝမ်းတွင်းသန္ဓေမှစ၍ တည်ကတည်းကပင် အသိဉာဏ်ရှိပါသည်။

သို့ရာတွင် များစွာ မပြတ်သားပေ။ ဝမ်းတွင်းတွင် နေရသည်မှာ ပင်ပန်းသည်။ ပင်ပန်းသဖြင့် စိတ်မခိုင်၍ သမာဓိ မရှိပေ။

ကမ္မဇရုပ်နှင့် ဥတုဇရုပ် စ၍ဖြစ်ပုံ

ကမ္မဇကလာပ်သည် ပဋိသန္ဓေ၏ ဖြစ်စ(ဥပါဒ်)အချိန်မှစ၍ ဖြစ်သည်။
ဥတုဇရုပ်သည် ပဋိသန္ဓေ၏ ဒု-အချိန်ကစ၍ ဖြစ်သည်။

မဟာဘုတ်လေးပါးတွင် တေဇောဓာတ် ပါဝင်သည်။ တေဇောကို တန်ခိုးစွမ်းရည် ထက်မြက်ခြင်းဟု အဓိပ္ပါယ် ယူဆနိုင်ပါသည်။

သူသည် ရုပ်ကလာပ်တစ်ခု ထပ်မံ၍ ပေါက်ဖွားပေးနိုင်လောက်အောင် စွမ်းရည်ထက်ပါသည်။

ထိုတေဇောဓာတ်သည် ပဋိသန္ဓေ၌ဖြစ်သော ကာယဒသကကလာပ်ထဲတွင် ပါဝင်နေပါသည်။

တေဇောသည် ပဋိသန္ဓေဥပါဒ်အချိန်၌ သူ၏အစွမ်းကို မထုတ်သေးပါ။ ဒု့အချိန်တွင်ကား တေဇောအားသည် ကြီးလာသည်။ ထက်လာသည်။

ထို့ကြောင့် တေဇောမှ ဥတုဇကလာပ်များ ဖြစ်သည်။ ဥတုကြောင့် ဖြစ်သည်။ ဥတုက မွေးဖွားခြင်း ဖြစ်သည်။

ဥတုဇရုပ်ကို ကမ္မဇရုပ်ထဲမှ တေဇောက မွေးဖွားခဲ့သည်။ ကမ္မဇရုပ်ထဲမှာပါသော တေဇောသည် ဖြစ်ပြီးနောက် မပျက်ခင် ကြား(ဒု့ကာလ)တွင် ဥတုဇရုပ်ကလာပ်များကို ၇-ကြိမ်၊ ၈-ကြိမ် ပေါက်ဖွားသည်။

ကံ၏အရှိန်အားကို လိုက်၍ဖြစ်သည်။ ကံအနည်းအများ ကန့်သတ်ချက် မရှိပေ။ ကံအရှိန်အင်အား မရှိပါက အလျှင်းမပေါက်ဖွားသည်လည်း ရှိပါသည်။

ဥတုဇရုပ်ဟူသည် ဥတုဟု ခေါ်သောတေဇောက ပေါက်ဖွားလာသောကြောင့် ဥတုဇရုပ်ဟု ခေါ်ပါသည်။

စီတွာဇရုပ် စ၍ပြစ်ပုံ

စီတွာဇရုပ်များသည် ပဋိသန္ဓေ၏နောက် ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း-ဥပါဒ်တိုင်း ဖြစ်ကြသည်။

- စိတ်သည် ဥပါဒ်မှာ အားရှိသည်။
- ရုပ်သည် ဌီမှာ အားရှိသည်။

အားရှိသောအချိန်မှာ ရုပ်များကို ပေါက်ဖွားကြသည်။

ပဋိသန္ဓေ၏ ဥပါဒ်ချိန်တွင် အားမရှိသေးသောကြောင့် စိတ္တဇရုပ်များ မဖြစ်သေးပါ။ ပဋိသန္ဓေ၏နောက် ဘဝင်များ၌ ဥပါဒ်ချိန်တွင်ကား အားရှိလာသောကြောင့် စိတ္တဇရုပ်များ ဖြစ်ကြပါသည်။

စိတ်တစ်ခုပေါ်လျှင် စိတ္တဇကလာပ် ပါလာပါသည်။ ထိုစိတ္တဇကလာပ်ထဲတွင် တေဇောဓာတ်ပါလာပါသည်။ ထိုတေဇောဓာတ်က ဥတုဇရုပ် ၇-ခု၊ ၈-ခုကို ဖြန့်သွား၏။ ထိုမှတစ်ဖန် ထပ်၍ ၇-ခု၊ ၈-ခု ဖြာထွက်သွားပြန်ပါသည်။

နောက်တိုးမှန်သမျှ ဥတုဇရုပ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် ဥတုဇရုပ်သည် ကမ္မဇရုပ်၏သားဖြစ်သည့်အပြင် စိတ္တဇရုပ်၏သားလည်း ဖြစ်သည်။

ပဋိသန္ဓေ၏ဥပါဒ်တွင် ကံကြောင့် ကမ္မဇရုပ်ဖြစ်သည်။

ထိုကမ္မဇရုပ်တွင် တေဇောခေါ်သော ဥတုပါ၏။ ထိုတေဇောက ဥတုဇရုပ်များကို ပေါက်ဖွားပြန်၏။

ကံ → ကမ္မဇ (တေဇော) → ဥတုဇရုပ်

ပဋိသန္ဓေနောက် ဘဝင်စိတ်၏ဥပါဒ်တွင် စိတ္တဇရုပ် ဖြစ်သည်။ စိတ်ကြောင့် ဖြစ်သည်။

ထိုစိတ္တဇရုပ်တွင် တေဇောပါ၏။ တေဇောခေါ် ဥတုက ဥတုဇရုပ်များကို ပေါက်ဖွားပေးပြန်သည်။

ထို့ကြောင့်-

စိတ် → စိတ္တဇ(တေဇော) →ဥတုဇရုပ်

ဥပမာနှိုင်းယှဉ်ပြရသော်-

အမေကြီး → အမေ → သား

ကံ → ကမ္မဇ(တေဇော) → ဥတုဇရုပ်

စိတ် →စိတ္တဇ(တေဇော) → ဥတုဇရုပ်

သတ္တဝါတို့သည် အိုမင်းကြသည်။ တာဝတိံသာအောက် နတ်တို့သည်လည်း အိုမင်းကြပါသည်။

အကြောင်းမှာ နေ့၏အပူရှိန်ကြောင့် ဥတုမမျှသဖြင့် အိုမင်းကြရသည်။

တာဝတိံသာနတ်ပြည်မှစ၍ အထက်နတ်ဘုံများတွင် နေမရှိသဖြင့် ဥတုမျှတသောကြောင့် ပုံစံအားဖြင့် အိုခြင်းမရှိကြပေ။

အာဟာရဇရုပ် စ၍ဖြစ်ပုံ

ပဋိသန္ဓေနောက် စိတ်တစ်ခုခုမှ စိတ္တဇရုပ်ဖြစ်ပေါ်ရာတွင် ထိုစိတ္တဇရုပ်ထဲမှ အဝိနိဗ္ဘောဂရုပ်-၈ ၌ တေဇောနှင့် သြဇာ ပါဝင်ပါသည်။

- တေဇောမှာ ဥတု ဖြစ်သည်။ ဥတုမှ ဥတုဇရုပ်များ ပေါက်ဖွားသည်။
- သြဇာမှာ အာဟာရ ဖြစ်သည် အာဟာရမှ အာဟာရဇရုပ်များ ပေါက်ဖွားသည်။

ဥတုဇရုပ်ထဲတွင်လည်းကောင်း၊ အာဟာရဇရုပ်ထဲတွင်လည်းကောင်း တေဇောနှင့် သြဇာ ပါဝင်ပါသည်။

ထိုတေဇောနှင့် သြဇာသည် ဥတုနှင့် အာဟာရ ဖြစ်၏။ ထိုဥတုနှင့် အာဟာရတို့မှ တစ်ဖန် ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ ပေါက်ဖွားပြန်သည်။

ရုပ်ကလာပ်တစ်ခုဖြစ်ပေါ်တိုင်း အဝိနိဗ္ဘောဂရုပ် ၈-ခု ပါ၏။ တေဇောနှင့် သြဇာသည် အမ ဖြစ်သည်။ ကျန်ရုပ်တို့ကား အဖိုဖြစ်သည်။

- စိတ်က ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် ဥပါဒ်အချိန်မှ ပေါက်၏။
- ကံက ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် အချိန်ပြည့်ခဏတိုင်း-ခဏတိုင်း ပေါက်ဖွားသည်။

- ဥတုနှင့် အာဟာရဇရုပ်များက ရုပ်ကလာပ်များကို ပေါက်ဖွားလျှင် ဌီအချိန်မှ ပေါက်ဖွားပါသည်။

လူ စသော သတ္တဝါများသည် ကံ၏ စီမံချက်ကြောင့် ဖြစ်ပေါ်လာရပါသည်။

- မိမိကိုယ်တိုင်က အလုပ်ကောင်း- ကုသိုလ်ကောင်း ပြုလုပ်ခဲ့လျှင် ကိုယ်ခန္ဓာ အချိုးအစား ရုပ်ရည်လှပမည်။
- အလုပ်ဆိုး မကောင်းမှုများ ပြုလုပ်လာမိခဲ့ပါက ကိုယ်ခန္ဓာအချိုးအစား မလှမပ၊ အရုပ်ဆိုးပါမည်။

ထိုကံကြောင့်ဖြစ်သော ရုပ်ကောင်း-ရုပ်ဆိုးကို ကံထဲတွင်ပါသော တစ်ဇောက ပြုလုပ်ဆောင်ရွက်ပေါက်ဖွားပေးပါသည်။

ကံက မူရင်းဖြစ်သည့်အတွက် အလုပ်ချင်းကွာသည်နှင့်အမျှ လူပုံစံ၊ စိတ်နေ စိတ်ထားတို့သည်လည်း မတူညီကြပါ။

ဩဇာရုပ်

ဩဇာ

အဋ္ဌဟတ္ထဩဇာ(သက်ရှိ) ဗဟိဒ္ဓဩဇာ (သက်မဲ့)

ရုပ်ကလာပ်မှုန့်ရှိတိုင်း ဩဇာရှိသည်။ ဩဇာသည် မည်သည့်နေရာတွင်မဆို ရှိနိုင်ပါသည်။ အဝိနိဗ္ဘောဂရုပ်ထဲတွင် ပါဝင်နေသည်။

လူ၏ခန္ဓာကိုယ်ထဲတွင် ဩဇာရှိသည်။

- သက်ရှိတွင်ရှိသောဩဇာသည် - အဋ္ဌဟတ္ထဩဇာ
- သက်မဲ့တွင်ရှိသောဩဇာသည် - ဗဟိဒ္ဓဩဇာ

အဋ္ဌဟတ္ထဩဇာကသာ ရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်သည်။ ဗဟိဒ္ဓဩဇာက ရုပ်ကလာပ်ကို မပေါက်ဖွားနိုင်ပါ။ သို့သော် အဋ္ဌဟတ္ထရုပ်ကလာပ်ပေါက်ဖွားမှုကို ဗဟိဒ္ဓဩဇာက အကူအညီပေးရသည်။

သတ္တဝါတို့သည် အာဟာရအလို့ငှာ အစာကို စားရသည်။ ထိုအစာသည် ဗဟိဒ္ဓ ဩဇာ ဖြစ်သည်။

ခန္ဓာကိုယ်တွင်ရှိသော အဋ္ဌဟ္တဩဇာရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်ရန်အတွက် "အစာ"ဟူသော ဗဟိဒ္ဓဩဇာက အကူအညီပေးနေရသည်။

ဗဟိဒ္ဓဩဇာ အကူအညီ မရပါက အဋ္ဌဟ္တဩဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားနိုင်တော့ပါ။

ထိုအခါ သတ္တဝါတို့သည် အားအင်ကုန်ခန်း ချည့်နဲ့လာရပါသည်။

ဥပမာ- မျိုးစေ့သည် အပင်ကို ပေါက်စေနိုင်၏။ မျိုးစေ့သည် အဋ္ဌဟ္တဩဇာနှင့် တူသည်။

သို့သော် ရေမရပါက မျိုးစေ့အပင်မပေါက်နိုင်ပါ။ ရေသည် ဗဟိဒ္ဓဩဇာနှင့် တူပါသည်။

ထိုရေမရပါက မျိုးစေ့အပင်မပေါက်နိုင်သလို ဗဟိဒ္ဓအစာဩဇာ မရပါက အဋ္ဌဟ္တ ဩဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားနိုင်ပါ။

ဗဟိဒ္ဓဩဇာ၏ အရင်းခံသည် ဥတု ဖြစ်သည်။

အဋ္ဌဟ္တဩဇာ၏ အရင်းခံကား ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဖြစ်သည်။

ဥပါဒါရုပ် ၂၄ပါးသည် မဟာဘုတ်ပေါ်တွင် တည်မှီနေပုံ

"ဘုတ်ကြီးလေးတန်၊ အမာခံ၊ အရုန်ရုပ်သေး၊ နှစ်ဆယ့်လေး"

(လယ်တီဆရာတော်)

ဥပါဒါရုပ် ၂၄-ပါးသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ် ၄-ပါးပေါ်တွင် မူတည်နေပါသည်။

အဝိနိဗ္ဘောဂရုပ် ၈-ပါးတွင် အမာခံသည် ပထဝီ ဖြစ်ပါသည်။ ကျန် ၇-ပါးသည် ပထဝီပေါ်တွင် မှီနေရပါသည်။

သတ္တဝါတစ်ဦး၏ ကိုယ်တွင်လည်းကောင်း၊ အရာဝတ္ထုများတွင်လည်းကောင်း နေရာတိုင်းတွင် ပထဝီသည် အမာခံ ဖြစ်သည်။

ဤတွင် ပထဝီဟူသည် နောက်ဆုံးပထဝီဖြစ်သော "ပရမာဏုမြူတစ်မှုန်"ကို သာလျှင် ဆိုလိုပါသည်။

ထိုပရမာဏုမြူသည် ရုပ်အားဖြင့် အား ၈-အား ပါဝင်နေပါသည်။

ထိုပရမာဏုမြူသည်-

- ပထဝီပေါ်တွင် မူတည်နေသည်။
- တေဇောခေါ် အပူ-အအေး ရှိသည်။
- အပူ-အအေးနှင့် အမာခံပထဝီကို ဖွဲ့စည်းသော အာပေါလည်း ရှိသည်။
- လူပ်ရှားမှု၊ ငြိမ်သက်မှု ဖြစ်သော ဝါယောလည်း ရှိသည်။
- ဝဏ္ဏခေါ် အဆင်းလည်း ရှိသည်။
- အစေးခေါ်သော သြဇာလည်း ရှိသည်။

ထို့အတူပင် ကျန်သောရုပ်များသည်လည်း မဟာဘုတ် ၄-ပါးပေါ်မှာသာ မှီတည်နေရပါသည်။

စိတ်၊ ရုပ်နှင့် သန္ဓတိပညတ်၊ သဏ္ဌာနပညတ်

သတ္တဝါတို့၏ ကိုယ်တွင်းရှိ စိတ်နှင့်ရုပ်တို့သည် အတည်တကျ မရှိပါ။ တဖွားဖွား ဖြစ်ပေါ်၍ တဖျပ်ဖျပ် ကူးပြောင်းနေပါသည်။

သို့သော် ထို ဖြစ်-ပျက်-နေမှုကို သန္ဓတိပညတ်က ဖုံးလွှမ်းထားသောကြောင့် အစဉ်တစိုက် တည်နေသည်ဟု ထင်နေကြပါသည်။ သန္ဓတိပညတ်က ဖုံးလွှမ်းထား၍ စိတ် ရုပ်တို့ ပြောင်းလဲပုံကို မသိကြပါ။

ဥပမာ- ဆီမီးတောက်မီးလျှံနှင့် တူသည်။

ဆီထဲတွင် ရေမှုန် ရေမွှားကလေးများ ရှိသည်။ ထိုရေမှုန် ရေမွှားကလေးများသည် အခိုးကဲ့သို့ ထွက်သွားစ၏။ အသစ်တစ်ဖန် ပေါ်လာပြန်သည်။ ရှေ့နောက် အစဉ်အဆက် ကူးပြောင်းနေသည်။ သန္ဓတိက ဖုံးလွှမ်းထား၍ အစဉ်တစိုက် ဖြစ်နေသည်ဟု ထင်မှတ်နေရပါသည်။

မီးတောက်သည် ပုံစံအားဖြင့် လုံးလုံးရှည်ရှည် ချွန်ချွန်ဖြစ်နေသည်။ သဏ္ဌာနပညတ်ဟု ခေါ်သည်။ မီးမှုန် မီးမွှားကလေးမှန်း မသိဘဲ မီးတောက်ဟု ထင်မှတ်နေပါသည်။

သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။

မီးမှုန်ကလေးများသည် တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေမှန်းမသိဘဲ (အစဉ်တစိုက် ဖြစ်- ပျက်နေမှန်းမသိဘဲ) တစ်ခုတည်း ဖြစ်နေသည်ဟု ထင်မြင်ခြင်းသည် သန္ဌတိပညတ်က ဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။

မြစ်ရေအလျဉ်နှင့် ဥပမာ ပေးနိုင်ပါသည်။

မြေရေပြင်ကြီးဟု ထင်မှတ်နေချိန်တွင် အကယ်စစ်စစ် ရေပြင်ကြီး မဟုတ်ပါ။ မမြင်နိုင်သော ရေမှုန် ရေမွှားကလေးများ စုဝေးနေခြင်းသာ ဖြစ်သည်။

မြစ်ရေသည် တစ်စက္ကန့်နှင့် တစ်စက္ကန့် မတူပေ။ ရွှေ့လျားနေသည်။ ရေမှုန် ရေမွှားကလေးများ တရွှေ့ရွှေ့ စီးဆင်းနေခြင်းသာ ဖြစ်သည်။ ထိုသည်ကို ရေမှုန် ရေမွှားကလေးများဟု မထင်၊ ရေပြင် ရေထုကြီးထင်စေရန် သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသည်။

ပြောင်းလဲမှုမရှိဘဲ အစဉ်ဖြစ်နေသည်ဟု ထင်စေရန် သန္ဌတိပညတ်က ဖုံးလွှမ်းထားသည်။ မီးတောက် မငြိမ်းစေရန် ဆီကို ထပ်ထည့်ပေးရသလို သတ္တဝါ ခန္ဓာကိုယ် မပျက်စီးစေရန် အသက်ရှည်စေရန် အာဟာရကို ထပ်ထည့်ပေးရသည်။

မီးမှုန်များကို ဆီက ရသည်။ ကိုယ်ထဲမှ အမှုန်များကို ကံ၊ စိတ်၊ ဥတု၊ အာဟာရက ရပါသည်။

ကမ္မဇကလာပ် စသည်တို့ ဖြစ်ရာအချုပ်

၁။ ကမ္မဇကလာပ်များ - ပဋိသန္ဓေစိတ်၏ ဥပါဒ်ကာလကို အစပြု၍ ခဏတိုင်း- ခဏတိုင်း ဖြစ်ကြသည်။

၂။ စိတ္တဇကလာပ်များ - ပဋိသန္ဓေနောင် ဒုတိယစိတ်ဟု ဆိုအပ်သော ပထမ ဘဝင်၏ ဥပါဒ်ကာလကို အစပြု၍ ဥပါဒ်တိုင်း ဥပါဒ် တိုင်း ဖြစ်ကြသည်။

၃။ ဥတုဇကလာပ်များ - ပဋိသန္ဓေစိတ်၏ ဋ္ဌီကာလမှအစပြု၍ ရုပ်၏ဋ္ဌီသို့ရောက် တိုင်း ခဏမစဲ ဖြစ်ကြရသည်။

၄။ အာဟာရဇကလာပ်များ- သြဇာ၏ ပုံ့နှံ့ရာ ဌီကာလမှအစပြု၍ ရုပ်၏ဌီသို့ ရောက်တိုင်း ခဏမစဲ ဖြစ်ကြသည်။

ဤသို့လျှင် ကမ္မဇ စသော ရုပ်ကလာပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်း ဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့် ဖြစ်သည့်အားလျော်စွာ ကာမဘုံ၌ ဆိမိုးအလျှံကဲ့သို့သော်လည်းကောင်း၊ ရေအလျှဉ်ကဲ့သို့သော်လည်းကောင်း အသက်ရှင် သမျှ ကာလပတ်လုံး မပြတ်ဖြစ်၍ တည်နေကြရကုန်သည်။

ကမ္မဇရုပ် စသည်တို့ ချုပ်ရာ

- ကမ္မဇရုပ်ကလာပ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက် သောစိတ်၏ ဌီကာလမှ အစပြု၍ မဖြစ်ကြကုန်။
- စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကြကုန်သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့်အမျှသော ကာလပတ်လုံး သာလျှင် ဖြစ်၍ချုပ်ပါသည်။
- ကမ္မဇရုပ်ချုပ်သည်မှ နောင်၌ စိတ္တဇ၊ အာဟာရဇရုပ်တို့သည်လည်း ပြတ်ကြသည်။
- ထိုစိတ္တဇ၊ အာဟာရဇရုပ်တို့ ပြတ်သည်နောက်တွင် ဥတုလျှင် ဖြစ်ကြောင်းရှိသော ရုပ်ကလာပ်အဆက်ဆက်သည် သေ၍ အကောင်ပုပ်အဖြစ် ကျန်ရစ်သည်။

တစ်ဘဝ၌ ရုပ် ၄-မျိုးတို့၏ဖြစ်စဉ်-ချုပ်စဉ်ဇယား

		ကမ္မဇရုပ်	စိတ္တဇရုပ်	ဥတုဇရုပ်	အာဟာရဇရုပ်
ပဋိသန္ဓေစိတ်	ဥပါဒ်၌ ဘင်	စ-ဖြစ်		စ-ဖြစ်	ဗဟိဒ္ဓဩဇာနှံ့သောကာလမှစဖြစ်
ပထမဘဝင်စိတ်	ဥပါဒ်		စ-ဖြစ်		
ပဝတ္တိကာလ၌ မီးလျှံ၊ ရေအလျဉ်တို့ကဲ့သို့ အဟောင်းကွယ်ပျောက်- အသစ်ရောက်လျက် မပြတ်မစဲ ဖြစ်၏။					
စုတိစိတ်မှအထက် ၁၇-ချက်မြောက်စိတ်	ဥပါဒ်၌	နောက်ဆုံးဖြစ်မဖြစ်တော့ပါ			
စုတိစိတ်	ဥပါဒ်၌ ဘင်	ဘင်နှင့်အပြိုင်ချုပ်	နောက်ဆုံးဖြစ်		နောက်ဆုံးဖြစ်
			စုတိပြီး ခဏငယ် ၄၈-၌ချုပ်	စုတိပြီး အလောင်းကောင်တိုင်အောင် ဖြစ်နေသေး၏။	စုတိပြီး ခဏငယ် ၅၀-၌ ချုပ်

- နတ်၊ ဗြဟ္မာတို့၌ကား စုတိပြီးနောက် အလောင်းကောင်ကျန်ရိုးထုံးစံ မရှိသဖြင့် ဥတုဇရုပ်တို့သည် စိတ္တဇရုပ်၊ အာဟာရဇရုပ်များနည်းတူ စုတိပြီး ခဏအနည်းငယ် တွင်ပင် အပြီးချုပ်ကြသည်။
- အသက်ကုန်ဆုံးသည်ဟု ဆိုရာ၌-
  - ကမ္မဇရုပ်ကလာပ်များတွင် အမြဲပါသော ဇီဝိတရုပ်သည် အတူတကွ ဖြစ်ဖက်၊ ကမ္မဇရုပ်များကို စောင့်ရှောက်သောကြောင့် "ရုပ်သက်"မည်ပါသည်။
  - စိတ်တိုင်း၌ယှဉ်သော (သဗ္ဗစိတ္တသာဓာရဏ) ဇီဝိတနှစေတသိက်သည်လည်း အတူတကွဖြစ်ဖက် နာမ်တရားတို့ကို စောင့်ရှောက်သောကြောင့် "နာမ်သက်" မည်ပါသည်။

- တစ်ဘဝ၌ ထိုရုပ်သက်နှင့် နာမ်သက်တို့ တစ်ပြိုင်နက်တည်း အပြီးသတ်ချုပ်ကြသည်ကိုပင် အသက်ကုန်သည် (စုတေသည်)ဟု ခေါ်ပါသည်။

  အာယု - အသက်
  ဥဿာ - ကိုယ်ငွေ့ (ကမ္မဇတေဇော)
  ဝိညာဏ် - စိတ်

- ဤ ၃-ခုချုပ်လျှင် သေဆုံးပြီဟု သိရပါသည်။

ရုပ်သံသရာလည်ပုံ

ဤသို့ ပစ္စုပ္ပန်ဘဝ၌ ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ကြသကဲ့သို့ သေလွန်ပြီးသော ဘဝတစ်ပါး၌လည်း အသစ်-အသစ်သော ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ဖြစ်ကြပြန်ပါသည်။

ဘုံပုဂ္ဂိုလ်အလိုက် ရုပ်ကလာပ်များ ရပုံ

ကာမဘုံ

ကမ္မဇရုပ်ကလာပ်များသည်-

ပဋိသန္ဓေအခါ၌ - ထိုက်သည့်အားလျော်စွာ ရသည်။

ပဝတ္တိအခါ၌ - ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ အာဟာရဇ ရုပ်ကလာပ်များ မယုတ်မလျော့ရကြသည်။

ပဋိသန္ဓေအခါ၌ - ကမ္မဇရုပ်ကလာပ်များ ယောက်ျား၊ မိန်းမတို့၌ ချို့ကောင်း၊ မချို့ကောင်းသည့်အားလျော်စွာ ရသည်။

ပဝတ္တိအခါ၌ -ဆိုင်ရာကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်ကလာပ်များ အပြည့်အစုံ ရကြပါသည်။

- ကာမဘုံသား သံသေဒဇ၊ ဩပပါတိက သတ္တဝါတို့အတွက် ပဋိသန္ဓေအခါ ဥက္ကဋ္ဌ (အလွန်ဆုံး အများဆုံး)ရနိုင်သော ရုပ်ကလာပ် များမှာ-၅၀ဝတနဝက

ကလာပ်နှင့် မိန်းမဖြစ်လျှင် ပုမ္ဘာဝဒသက၊ ယောကျ်ားဖြစ်လျှင် -ဣတ္ထိဘာဝဒသက (တစ်ခုခုကြဉ်) ကမ္မဇကလာပ် ၇-စည်း ရသည်။

- ယင်းဘုံပုဂ္ဂိုလ်များ ပဋိသန္ဓေအခါ ဩမက (အနည်းဆုံး- အယုတ်ဆုံး)ရနိုင်သော ရုပ်ကလာပ်များမှာ-

- သံသေဒဇသတ္တဝါတို့သည် - ရုံခါ စက္ခု၊ သောတ၊ ဃာန၊ ဘာဝတို့ ချို့သဖြင့် ဇိဝှာဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ် ဟူသော ကမ္မဇရုပ်ကလာပ် ၃-စည်းသာ ရနိုင်သည်။
- ဩပပါတိကသတ္တဝါတို့သည်-ရုံခါ စက္ခု၊ သောတ၊ ဃာန၊ ဘာဝတို့ ချို့သဖြင့် ဇိဝှာဒသကကလာပ်၊ ကာယဒသက ကလာပ်၊ ဝတ္ထုဒသကကလာပ်ဟူသော ကမ္မဇရုပ်ကလာပ် ၃-စည်းသာ ရနိုင်သည်။

- ကာမဘုံ၌ ဇလာဗုဇ- အဏ္ဍဇ (ဂမ္ဘသေယျက)သတ္တဝါတို့မှာ-
ပဋိသန္ဓေအခါ၌-

၁။ ကာယဒသကကလာပ်

၂။ မိန်းမဖြစ်က ဣတ္ထိဘာဝဒသကကလာပ်

ယောကျ်ားဖြစ်က ပုမ္ဘာဝဒသကကလာပ်

၃။ ဝတ္ထုဒသကကလာပ်

ဤကမ္မဇကလာပ် ၃-စည်း ဖြစ်ကုန်၏။

- နပုံးသတ္တဝါတို့မှာ
ပဋိသန္ဓေခဏ၌-

၁။ ကာယဒသကကလာပ်

၂။ ဝတ္ထုဒသကကလာပ်

ဤကမ္မဇကလာပ် ၂-စည်း သာရသည်။

ပဝတ္တိအခါဌ်ကား - စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှာဒသကကလာပ်တို့သည် အစဉ် အတိုင်း တစ်သတ္တာဟာစီ ခြားလျက် ဖြစ်ကြကုန်သည်။

ရူပဘုံ

- ပဋိသန္ဓေအခိုက်အတန့်တွင် -

၁။ စက္ခုဒသကကလာပ်

၂။ သောတဒသကကလာပ်

၃။ ဝတ္ထုဒသကကလာပ်

၄။ ဇီဝိတနဝကကလာပ်

ဟူသော ကမ္မဇကလာပ် ၄-စည်း ရကြသည်။

- ပဝတ္တိအခိုက်အတန့်တွင်-

ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာဝ ၂-(ကလာပ်စည်း ၅-စည်း)ကြဉ်၍-

၁။ ကမ္မဇကလာပ် ၄-စည်း

၂။ စိတ္တဇကလာပ် ၆-စည်း

၃။ ဥတုဇကလာပ် ၄-စည်း

- ရူပဗြဟ္မာသည် ကာမဝိရာဂဘာဝနာ (ကာမဂုဏ်အာရုံ၌ တပ်ခြင်း ကင်းသော ဘာဝနာ)ဖြင့် ပယ်ထားပြီးဖြစ်၍ ကာမဂုဏ်အာရုံခံစားမှုအတွက်သာ အသုံးကျသော ဃာန-ဇိဝှာ-ကာယ-ဘာဝတို့ မဖြစ်ကြပါ။

- ဗြဟ္မာတို့မှာ ဗဟိဒ္ဓအာဟာရကို မစားကြသဖြင့် အာဟာရရုပ်လည်း မဖြစ်ကြပါ။

- မည်သည့်အခါမျှ မရနိုင်သော ရုပ်ကလာပ်တို့မှာ-

၁။ ဃာနဒသကကလာပ်

၂။ ဇိဝှာဒသကကလာပ်

၃။ ကာယဒသကကလာပ်

၄။ ဣတ္ထိဘာဝဒသကကလာပ်

၅။ ပုမ္ဘာဝဒသကကလာပ်
၆။ အာဟာရဇကလာပ်

- ဤ ရူပဘုံ၌ ဃာန၊ ဇိဝှာ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ ဟူသော ငါးပါးသော ရုပ်တို့ကြဉ် ကျန်သောရုပ် ၂၃-ပါး ရနိုင်သည်။

အသညသတ်ဘုံ

- ပဋိသန္ဓေအခိုက်အတန့်တွင် - ဇီဝိတနဝကကလာပ်ရုပ်တစ်ပါးသာ ရသည်။
- ပဝတ္တိအခိုက်အတန့်တွင်-
  ၁။ ဇီဝိတနဝကကလာပ် ၁ - စည်း
  ၂။ သဒ္ဒမပါသော ဥတုဇကလာပ် ၂ - စည်း
  ဟူသော ကလာပ်စည်း ၃-စည်း ရပါသည်။
- မည်သည့်အခါမျှ မရနိုင်သော ရုပ်ကလာပ်တို့မှာ-
  - ဇီဝိတနဝကကြဉ်- ကမ္မဇကလာပ် ၈-စည်း
  - စိတ္တဇကလာပ် ၈-စည်း
  - သဒ္ဒနဝကကလာပ်နှင့် သဒ္ဒလဟုတာဒိ
    ဒွါဒသကကလာပ် ဟူသော ဥတုဇကလာပ် ၂-စည်း
- အသညသတ်ဗြဟ္မာများသည် ရုပ်သက်သက်ဗြဟ္မာ ဖြစ်သည်။ နာမ်၌ တပ်ခြင်း ကင်းသော (အရူပဝိရာဂဘာဝနာ)အစွမ်းကြောင့် စိတ်၊ စေတသိက်များ မရှိတော့၍ စိတ္တဇရုပ်လည်း မရှိ၊ စိတ္တဇသဒ္ဒများလည်းမရှိ။ ဗဟိဒ္ဓအာဟာရလည်း မစား၍ အာဟာရဇရုပ်မရပါ။ ရုပ်ပဋိသန္ဓေအတွက် ဇီဝိတနဝကကလာပ် ၁-စည်းသာ ရပါသည်။

ဘုံအားလျော်စွာရသောရုပ်များ

၁။ ကာမဘုံ၌ - ရုပ် ၂၈-ပါး (နိပ္ပန္နရုပ်-၁၈၊ အနိပ္ပန္နရုပ်-၁၀)ရသည်။

၂။ အသညသတ်ကြဉ်	၁။ ဘူတရုပ်		၄
ရူပ ၁၅-ဘုံ၌	၂။ စက္ခု၊ သောတ		
	ဟူသောပသာဒရုပ်		၂
	၃။ ဝိသယရုပ်		၄
	၄။ ဟဒယရုပ်		၁
	၅။ ဇီဝိတရုပ်		၁
	၆။ အာဟာရရုပ်		၁
	၇။ ပရိစ္ဆေဒရုပ်		၁
	၈။ ဝိညတ်ရုပ်		၂
	၉။ ဝိကာရရုပ်		၂
	၁၀။ လက္ခဏရုပ်		၄
		ပါး ရသည်။	၂၃

- ကာမဝိရာဂဘာဝနာအစွမ်းကြောင့် ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာဝရုပ် ၂-ပါး၊ စုစုပေါင်း ၅-ပါး မရုပါ။

၃။ အသညသတ်ဘုံ၌	၁။ ဇီဝိတရုပ်		၁
	၂။ အဝိနိဗ္ဘောဂ		၈
	၃။ ပရိစ္ဆေဒရုပ်		၁
	၄။ ဝိကာရရုပ်		၃
	၅။ လက္ခဏရုပ်		၄
		ပါးရသည်။	၁၇

- အရူပဝိရာဂဘာဝနာအစွမ်းဖြင့်-
  - ပဿာဒရုပ် ၅
  - သဒ္ဒရုပ် ၁
  - ဘာဝရုပ် ၂
  - ဟဒယရုပ် ၁
  - ဇီဝိတ်ရုပ် ၂

၁၁ ပါး တို့ မရပါ။

၄။ အရူပဘုံ၌ - ရူပဝိရာဂဘာဝနာအစွမ်းကြောင့် ရုပ်တစ်ပါးမျှ မရပါ။

အခါအားဖြင့်ရသောရုပ်များ

၁။ ပဋိသန္ဓေအခါ - ရုပ်-အပါး ၂၀ ရ၏။
- သဒ္ဒ၊ ဝိကာရ-၅၊ ဇရတာ၊ အနိစ္စတာ = ပေါင်း၈-ပါး သော ရုပ်တို့ မရကြပါ။

၂။ ပဝတ္တိအခါ - ရုပ် ၂၈-ပါးစလုံးပင် ရသည်။

၃။ စုတိအခါ - ရုပ် ၂၁-ပါး ရ၏။
- သဒ္ဒ၊ ဝိကာရ-၅၊ ဥပစယ=ပေါင်း၇-ပါးသောရုပ်တို့ မရကြပါ။

တစ်ကိုယ်လုံးဌဲ့ တည်နိုင်သောရုပ်

၁။ ဘာဝရုပ်

၂။ ကာယပဿာဒရုပ်

၃။ ဇီဝိတရုပ်

၄။ အာပေါဓာတ်လွန်ကဲသော သုက်၊ သွေး၊ သည်းခြေတို့သည် သတ္တဝါတို့၏ စိုစွတ်ရာတစ်ကိုယ်လုံးဌဲ့ ပျံ့နှံ့၍ တည်ရှိနေသည်။

ဆောင် --- ဘာဝ၊ ပသာဒ၊ ဇီဝိတ၊ သုက္က၊ သွေး၊ သည်းခြေ၊ အစိကာယ၊ ရှိသမျှ၊ မှုရှစ်မြဲနေ။

ဘုံ–ပုဂ္ဂိုလ်အလိုက် ရှုပ်ကလာပ်များရပုံ

ဘုံ-ပုဂ္ဂိုလ်	ရနိုင်သော ရုပ်ကလာပ်များ						
★ ကာမဘုံ၌	ပဋိသန္ဓေ	ပဝတ္တိ					
	ကမ္မဇ ၉	ကံ ၉	စိတ် ၆	ဥတု ၄	အာ ၂	ပေါင်း ၂၁	
သံသေဒဇ ညှစ်ခြင်း ဥတ္ထုန	၇	၇	၆	၄	၂	၁၉	ကမ္မဇမှ ဇီဝိတနဝကကလာပ် နှင့် ဘာဝကလာပ် ၁-ခုတို့ မရကြပါ။
အဏ္ဍဇ သံသေဒဇ ညှစ်မခြင်း	၃	၃	၆	၄	၂	၁၅	စက္ခု၊ သောတ၊ ဃာန ဘာဝတို့ ချို့နှိုင်သည်။
အဏ္ဍဇ သြပပါတိက ညှစ်မခြင်း	၄	၄	၆	၄	၂	၁၆	စက္ခု၊ သောတ၊ ဘာဝချို့ နှိုင်သည်။
ဂဗ္ဘသေယျက ဥတ္ထုန	၃	၇	၆	၄	၂	၁၉	ပဋိသန္ဓေအခါ ကာယ၊ ဘာဝ၊ ဟဒယကလာပ် ၃-မျိုးသာ ရသည်။
ဂဗ္ဘသေယျက ညှစ်မခြင်း	၂	၃	၆	၄	၂	၁၅	ပဋိသန္ဓေအခါ ဘာဝချို့ နှိုင်၏။ ပဝတ္တိအခါ စက်၊ သော၊ ဃာ၊ ဘာ ချို့နှိုင်၏။
★အဃနသတ်ကြဉ် ရူပဘုံ၌ သြပပါတိက	၄	၄	၆	၄	-	၁၄	ကမ္မဇမှ စက္ခု၊ သောတ၊ ဟဒယ၊ ဇီဝိတနဝကသာရ၏။ ပဝတ္တိအခါ အာဟာရဇမရ။
★အဃနသတ်ဘုံ၌	၁	၁	-	၂	-	၃	ကမ္မဇ ဇီဝိတနဝကနှင့် သဒ္ဒကြဉ် ဥတုဇကလာပ် ၂-စည်း ရ၏။
ကမ္ဘာဦးလူ သြပပါတိက	၆	၆	၆	၄	၂	၁၈	ဗြဟ္မာပြည်မှစုတေခဲ့သော ကြောင့် မည်သည့်ဘာဝမျှ မရ။

နိဗ္ဗာန်

နိဗ္ဗာန = နိ + ဝါန
မရှိ + တဏှာ

- တဏှာမရှိရာ၊ တဏှာကုန်ရာတရား၊
- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ မျက်မှောက်ပြုရာတရား၊
- မဂ်၊ ဖိုလ်တို့၏ အာရုံဖြစ်သောတရား၊
- လောကကို လွန်မြောက်သော လောကုတ္တရာတရား၊
- သတ္တဝါတို့ကို သံသရာဝဋ်မှ ချုပ်တတ် မြွေးတတ်သော ဝါနမည်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ခေါ်ဆိုပါသည်။
- နိဗ္ဗာန်သည် ငြိမ်းအေးခြင်း လက္ခဏာအားဖြင့် တစ်မျိုးသာ ရှိပါသည်။

သန္တိလက္ခဏာ - ငြိမ်းအေးခြင်းလက္ခဏာ ရှိ၏။

အစ္ဆုတရသ - ပင်ကိုသဘောမှ မရွေ့လျောခြင်းကိစ္စ (သမ္ပတ္တိရသ) ရှိ၏။

အနိမိတ္တပစ္စုပဋ္ဌာန် - အထည်ပုံဟန်၊ သဏ္ဌာန်နိမိတ်မရှိဟု တရားအားထုတ်သူအား ဉာဏ်ထင်လာစေ၏။

- နိဗ္ဗာန်၌ နီးကပ်သော (ပဒဋ္ဌာန်) အကြောင်းမရအပ်၊ နိဗ္ဗာန်ကြောင့်သာ ကိလေသာ၊ ရုပ် နာမ်တို့ ငြိမ်းအေးရသည်။
- နိဗ္ဗာန်သို့ရောက်ရန် ဝေးသောအကြောင်းကား ပါရမီကုသိုလ်၊ ဝိပဿနာကုသိုလ်၊ မဂ်ဖိုလ်အားဖြင့် အများပင် ရှိပါသည်။

အကြောင်း(ကာရဏ) ပရိယာယ်အားဖြင့် နိဗ္ဗာန် ၂-မျိုး

၁။ သဥပါဒိသေသနိဗ္ဗာန် = ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့မချုပ်သေးခင်(ပရိနိဗ္ဗာန်မစ်ခင်)
၂။ အနုပါဒိသေသနိဗ္ဗာန် = ရဟန္တာတို့၏ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်၊

နိဗ္ဗာန်- ပရိနိဗ္ဗာန် ကွာခြားမှု

နိဗ္ဗာန် = ငြိမ်းအေးခြင်း (သန္တိလက္ခဏာ)တစ်မျိုးသာရှိသော ပရမတ်တရားကြီး ဖြစ်သည်။

ပရိနိဗ္ဗာန် = ထိုနိဗ္ဗာန်ကို မဂ်လေးပါးဖြင့် ၄-ကြိမ်တိုင်တိုင် အာရုံပြုပြီးသော ရဟန္တာတို့၏ စုတိနောင်၌ ဘုံသုံးပါးဝယ် ခန္ဓာအသစ်မဖြစ်မှု အငြိမ်းဓာတ် ဖြစ်သည်။

အခြင်းအရာ(အာကာရ)အားဖြင့် နိဗ္ဗာန် ၃-မျိုး

၁။ သုညတနိဗ္ဗာန် = ရာဂ၊ ဒေါသ၊ မောဟ တို့နှင့်တကွ ရုပ်-နာမ်အားလုံး ဆိတ်သုဉ်းကင်းဆိတ်သော အခြင်းအရာကို အစွဲပြု၍ သုညတနိဗ္ဗာန်ဟု ခေါ်သည်။

၂။ အနိမိတ္တနိဗ္ဗာန် = ရာဂ စသော အကြောင်းနိမိတ်မရှိ၊ ရုပ်တရားတို့ကဲ့သို့ ပုံသဏ္ဌာန် မရှိ၊ ဤသို့ အကြောင်းနိမိတ်၊ ပုံသဏ္ဌာန် တစုံတစ်ရာ မရအပ်၊ မရနိုင်သော အခြင်းအရာကို အစွဲပြု၍ အနိမိတ္တနိဗ္ဗာန်ဟု ခေါ်သည်။

၃။ အပ္ပဏိဟိတနိဗ္ဗာန် = တောင့်တပူပန်တတ်သော တဏှာကိလေသာတို့မှ ကင်းသော အခြင်းအရာကို အစွဲပြု၍ အပ္ပဏိဟိတ နိဗ္ဗာန်ဟု ခေါ်သည်။

နိဗ္ဗာန်၏ ဂုဏ်ရည်များ

၁။ အစ္စုတံ - စုတေရွေ့လျောသေရခြင်းသဘောမရှိ၊
၂။ အစ္စန္တံ - စုတေခြင်းအာရုံအပိုင်းအခြားကို လွန်သည်။
၃။ အသခ်ံတံ - ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးသည် မပြုပြင်အပ်။
၄။ အနုတ္တရံ - မိမိထက် လွန်မြတ်သောတရားမရှိ။
၅။ ပဒံ - ရောက်သင့်ရောက်အပ်သော အရာ(၀၀) မင်္ဂ၊ ဖိုလ် တို့ဖြင့် အာရုံပြုအပ်သောတရား။

နိဗ္ဗာန်ချမ်းသာ

နိဗ္ဗာန်တရားသည် သိမ်မွေ့သည်၊ ပုထုဇဉ်တို့သည် မှန်းဆ၍သာ သိနိုင်သည်။ မျက်မှောက်ပြုသောအားဖြင့် မသိနိုင်သဖြင့် အမျိုးမျိုးပြောဆို၍ အမျိုးမျိုး ထင်မြင်ကြကုန်၏။

နိဗ္ဗာန်ကို တကယ်သိမြင်နိုင်သည်မှာ မင်္ဂ၊ ဖိုလ်တရားတို့၏ရှေ့ ဂေါတြဘူတံခါးဝသို့ရောက်မှသာ နိဗ္ဗာန်ကို တကယ်လှမ်းမြင်နိုင်မည်ဖြစ်၍ မင်္ဂ၊ ဖိုလ်တရားတို့ရအောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်မှသာ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်ပါသည်။

နိဗ္ဗာန်သည် အာရုံပြုခြင်းကြောင့် ရအပ်သော ချမ်းသာ ဖြစ်သည်။ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် အဆက်ဆက်အားဖြင့် ရအပ်သော ဝဋ်ဆင်းရဲဟူသမျှတို့၏ ချုပ်ငြိမ်းကုန်ခြင်းဟူသော ဥပသမချမ်းသာသည်သာ နိဗ္ဗာန်ချမ်းသာအစစ် ဖြစ်ပါသည်။

နိဗ္ဗာန်သို့ ရောက်ခြင်းနှင့် ရောက်ရာကာလ

နိဗ္ဗာန်သည် -

- ယာဉ်၊ ရထား၊ ခြေ တို့ဖြင့် သွားလာရာမဟုတ်။
- ပဋိသန္ဓေအားဖြင့်လည်း သွားရောက်ရာမဟုတ်။
- သွားအပ်သော (ဂန္တွဗ္ဗ)တရားမဟုတ်။
- မျက်မှောက်အာရုံပြုသောအားဖြင့် ရောက်အပ်၊ သိအပ်သောတရားသာ ဖြစ်ပါသည်။
- ရောက်အပ်၊ သိအပ်သော အချိန်သည်ကား-
  - ဂေါတြဘူဉာဏ်
  - မဂ်ဉာဏ်
  - နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်
  - နိဗ္ဗာန်ကို အောက်မေ့သော ပုဗ္ဗေနိဝါသာနုဿတိအာဘိညာဉ်ဝင်စားအပ်သော ဖိုလ်စိတ်များဖြစ်ရာ အချိန်ကာလသည်သာ အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ရပါသည်။

အဘိဓမ္မာ သင်စရာ

သဒ္ဒါရှိမှု၊ စိတ်ကြည်ဖြူ၊ ကောင်းသူခေါ်ရပါ။

ပညာရှိသူ၊ စွမ်းအားယူ၊ တော်သူခေါ်ရပါ။

တော်လည်းတော်စေ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ။

ကောင်းကျိုးသုခ၊ အစုံရ၊ မုချမြဲသေချာ။

တော်လည်းတော်စို့၊ ကောင်းလာဖို့၊ သင်စို့ ဘိဓမ္မာ။

တိဝိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အရှင်သိရိန္ဒာဘိဝံသ(ဓယော)